www.burmeseclassic.com



www.burmeseclassic.com








# အခန်း(၁)

"အမလေး"

လိုအပ်သော ပစ္စည်းပစ္စယကလေးများ ဝယ်ယူပြီး. . နောက်ဆုံးပိတ်ဝယ်လာသော စက္ကူဖြတ်ဓားကလေးကိုကိုင်ကာ ဘိသာဟိန်း ရွှေလျားစက်လှေကားမှ ပြန်ဆင်းရန် ဟန်ပြင်လိုက်သဲ့ တစ်ဖက်အတက်စက်လှေကားဘက်မှ မိန်းကလေးတစ်ဦး၏ အလန့်တကြား အော်ဟစ်သံကြောင့် လျှပ်တစ်ပြက် လှည့်အကြည့်တွင် တွေ့လိုက်ရသည့် မဖွယ်မရာမြင်ကွင်းကြောင့် စက္ကူဖြတ် ဓားသွားကို တွန်းထုတ်လိုက်ပြီး ရုတ်တရက် ဝမ်းလျားထိုး

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



-နှုတ်ဆက်သည်။ အသွက်လက်ဆုံးသော လှုပ်ရှားမှုကိုပေးလိုက်သည်။

"ဟိတ်"

"ရှိ . . ဖြန်း . . "

အိတ်တွဲနေသော ယဘီစကပ်ဝတ်ထားသည့် မိန်းကလေးသည် ကြောက်လန့်ဟန် မပျောက်သေးသော အမူအရာနှင့်ရပ်ကာ သူ့အား ကြောင်ကြည့်နေသည်။

ထို့ကြောင့် ဟံသာဟိန်းက. . .

"ဘာကြောင်နေတာလဲ အကောင်းဆုံးက မင်းနောက်ထပ် စကပ်တစ်ထည်သာ အမြန်ဆုံးဝယ်ဝတ်လိုက်ပါ၊ သိပ်တော့ မရှည်စေနဲ့ပေါ့. . ."

အကြံပေးစကားပြောရင်း လှည့်ထွက်ဟန်ပြင်လိုက်စဉ်

"ဟေ့. . ဟေ့. . ဘာဖြစ်တာလဲ"

ကြောင်ပြီးရပ်နေသော မိန်းကလေးက ဘာမှမဖြေသဖြင့် အပြေးအလွှားရောက်လာသော ဈေးလုံခြုံရေးများနှင့် မိန်းကလေး၏ သူငယ်ချင်းများက အနီးကပ်ဆုံးနှင့် လက်တွင် စက္ကူဖြတ်စားကိုင်ထားသော သူ့အား ပြဿနာရှာလာသည်။

"ရှင် ကျွန်မတို့သူငယ်ချင်းကို ဘာလုပ်လိုက်တာလဲ"

"ဟုတ်တယ်. . ဟုတ်တယ်၊ သူ့စကပ်ထဘီလည်း ပြဲနေတယ်၊ ရှင့်လက်မှာလည်း ဓားနဲ့"

မိန်းကလေးတစ်သိုက်၏ ကျီးအာသလို ဝိုင်းအာကာ ပြောဆိုစွပ်စွဲမှုကြောင့် ဈေးလုံခြုံရေးနှစ်ယောက်က ဟံသာဟိန်း၏ ဘေးတစ်ဘက်တစ်ချက်သို့ဝင်ကာ လက်မောင်းကို ဆုပ်ကိုင်





လိုက်သဖြင့်. . .

"ခင်ဗျားတို့ မမေးမစမ်းနဲ့ ဘာလုပ်မလို့လဲ၊ ဟော့. . မိန်းကလေး ရှင်းပြလိုက်လေ"

ချုပ်ကိုင်ထားသော လက်နှစ်ဖက်ကို ရုန်းထွက်လိုက်ရင်း မိန်းကလေးကို စစ်ကူလှမ်းတောင်းလိုက်သည်။ ထိုအခါကျမှ မိန်းကလေးမှာ အတန်ငယ် လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

သို့သော်. . .

"ကျွန်မ. . . ရှင်း. . ရှင်းမပြတတ်ဘူး"

ကြောက်ရွံ့မှု ပြေပျောက်သွားပုံ မရသေးဘဲ အသံတုန်တုန်ကလေးနှင့် ဖြေရှာသည်။

"ပြဿနာပဲ"

ဟံသာဟိန်း စိတ်ရှုပ်သွားသည်။ ထုတ်ထားသော စက္ကူဖြတ်ဓားသွားကို ပြန်ဆွဲသွင်းရင်း. . .

"ဒီလိုဗျ၊ ကျုပ်ဈေးဝယ်ပြီး လှေကားကပြန်ဆင်းမလို့ပဲ၊ အဲဒီမှာ ဒီကမချောက အလန့်တကြားအော်လို့ လှည့်ကြည့်မိတာ အဲဒီမှာ. ."

"ဘာ. . ဘာဖြစ်လဲ"

သူတို့အုပ်စုထဲမှ အနည်းငယ်ပိုစွာဟန်ရှိသော မိန်းကလေးတစ်ဦးကဝင်၍ ခပ်မာမာ မေးခွန်းထုတ်လိုက်လေသည်။

"ဟုတ်. . ဟုတ်ပါတယ်၊ ကျွန်မထဘီစကပ် စက်လှေကားနဲ့ ညပ်ပါသွားတာ၊ ဒီအစ်ကိုက ဓားနဲ့ဖြတ်ထုပ်လိုက်တာ"

အနကြောက်ပြေသွားဟန်တူသော မိန်းကလေးက ဟံသာဟိန်းအစား ဖြည့်စွက်ကာ အဖြေပေးလိုက်သဖြင့် လုံခြုံရေး



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



...ဘမ်းနှစ်ဦးလည်း ပြုံးရယ်ကာ ပြန်လည်ထွက်သွားကြလေသည်။ သူလည်း ဤနေရာမှ ထွက်ခွာရန်အတွက် အမြန်ဆုံး ငါးလှေကားပေါ် တက်လိုက်သည်။

"ဟေ့လူကြီး . . နေဦးလေ"

"ဟိတ် . . ဒီမှာ ခဏနေပါဦး"

မချော(၃)ယောက်က ကမန်းကတန်း ပျာယီးပျာယာဖြင့် အတင်းတားရင်း နောက်မှစက်လှေကားအတိုင်း ဆင်းလာသဖြင့် လှေကားဝတွင် ရပ်စောင့်နေလိုက်သည်။

"ဘာတွေများ ဝိုင်းအားကြဦးမလို့လဲ"

ဟံသာဟိန်းက ခပ်တည်တည်ဖြင့် ကလိလိုက်သည်။ ဒီတော့မှ သူတို့အုပ်စုက မျက်နှာသေလေးများဖြင့် တောင်းပန်ကြသည်။

"ဆောရီးနော် ရှင်က ကျွန်မတို့ဘော်ဒါရဲ့ အရှက်ကို အသားကုန် ကာကွယ်ပေးတဲ့ ဟီးရိုးမှန်းမသိလို့ စွတ်ဟောက်မိတာပါ၊ စိတ်မဆိုးပါနဲ့ . . ."

"ဟုတ်ပါတယ်ရှင်၊ ကျေးဇူးလည်း အရမ်းတင်ပါတယ်"

မချောလေးများ၏ ကျေးဇူးတင်မှုကို ကြာကြာမခံယူရဲသဖြင့် မြန်မြန်စကားစဖြတ်လိုက်သည်။

"နေပါစေဗျာ၊ အမြင်မတော်လို့ လုပ်ပေးလိုက်တာပါ၊ အခုလောလောဆယ် ဆက်လုပ်ရမှာက ကျွန်တော့်ကို ကျေးဇူးတင် စကားပြောဖို့ထက် ခင်ဗျားလေးရဲ့ စကပ်ကို အသစ်ဝယ်ပြီး အဝတ်လဲခန်းမှာ ဝင်လဲလိုက်ပါဦး၊ ကိုင်း . . . သွားမယ်"

ဟံသာဟိန်းက စကပ်ထဘီ စက်လှေကားနှင့် ညပ်သွား





သော မိန်းမချောလေးအား လက်ညှိုးထိုးပြပြီး လှည့်ထွက်ခဲ့လေသည်။ မချောလေးတွေ လိုက်မလာတော့ . . .။

သူလည်း လှည့်မကြည့်ဘဲ ထွက်လာခဲ့သည်။ ပလာဇာရှေ့တွင် ရပ်ထားသော သူ့ကားကလေးအပေါ် အသာအယာ ဝင်ထိုင်လိုက်သည်။ ဖြစ်ခဲ့သော အဖြစ်အပျက်က လူရှုပ်ထွေးသော နေရာတွင်သာဆိုပါက ဘုမသိဘမသိ ဝိုင်းချီးမြှောက်ခံရမည်ဖြစ်ပြီး အဖူးအယောင်အကျိုးအပဲ့နှင့် ဆေးရုံရောက်ရမည့် ကိန်းမျိုး ဆိုက်မည်မှာ သေချာသည်။

"အင်း . . . မချောင်ပါလား"

စိတ်ထဲညည်းညူလိုက်ရင်း ကားစက်ကိုနှိုးရင်း နောက်ကြည့်မှန်ကို အမှတ်မထင် ကြည့်လိုက်သည်။

ပလာဇာရှေ့ ဆင်ဝင်အောက်မှ မိန်းမပျိုလေး တစ်ယောက်က သူ့ကို တာ့တာလုပ်ပြနေသည်ကို တွေ့လိုက်ရသည်။ ဟံသာဟိန်း ရုတ်တရက်ကြောင်သွားသည်။ ဘယ်က အသိပါလိမ့်ဟု အတွေးဝင်လာပြီး နောက်လှည့်ကြည့်မိသည်။

မိန်းကလေးက လျှာတစ်လစ်ထုတ်ပြပြီး ဈေးရုံထဲပြန်ဝင်သွားသဖြင့် သူမှတ်မိသွားသည်။ ရွှန်းလဲ့ဟု အမည်ရသည့် စကပ်ပြဲသွားသည့် မိန်းမပျိုအုပ်စုမှ တစ်ယောက်ဖြစ်သည်။ သူ နောက်က ဘာလိုက်လုပ်သည်ကိုတော့ သူ မစဉ်းစားချင်တော့

ဪ ကျေးဇူးတင်ရှာလို့ဖြစ်မှာပါဟုသာ ခပ်ဖော့ဖော့လေးမှတ်ယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

မျှော်လင့်မထားသော အဖြစ်အပျက်ကြောင့် ရွှန်းလဲ့ သက်ပိုင် ရင်တွင်းဝယ် ရှက်စိတ်ကြောင့် မွန်ထူကာ ကြောက်လန့်သွားခဲ့သည်။ စက်လှေကား၏ ဆွဲအားကြောင့် လူပုံအလယ် အရှက်ကွဲလုလုတွင် အချိန်မီအဖတ်ဆယ်နိုင်ခဲ့သည်။

သူ လျှင်မြန်သွက်လက်လွန်းလှသည်။ သူ့ကြောင့် မိမိ သိက္ခာတွေ စုပြုံမကျခဲ့ရုံတင်မက တင်ပါးစောင်းပေါ် ရှိသော ကျွတ်သွားသည့် စကပ်ထဘီကို အသာအယာ ပြန်ဆွဲတင်ရင်း ကျေးဇူး





ဘင်စကားကို မည်ကဲ့သို့ ဖွဲ့နွဲ့ပြောဆိုရမှန်း မသိအောင် ဖြစ်သွားခဲ့သည်။

ခံစားမှုကင်းမဲ့သည့် မျက်နှာထားနှင့် ဘာမှမဖြစ်သလို လုပ်ကာ မိမိအား ကျောခိုင်းထွက်ခွာသွားသည်ကို လစ်လျူမရှုနိုင်ဘဲ အုပ်စုလိုက် သူ့နောက်ပြေးလိုက်ခဲ့ကြသည်ကို သူ့အား နှာနှာနှင့် စက်လှေကားအောက်တွင် ရပ်စောင့်ရင်း. . . မိမိ၏ အရှက်ကိစ္စကို အင်ရေးတယူလုပ်ကာ ပြန်ထွက်သွားသဖြင့် မိမိသည်း ပလာဇာ၏ ဒုတိယထပ်သို့ ပြန်တက်ကာ စကပ်အသစ်ဝယ်နေစဉ် မိမိတို့အုပ်စုမှ တစ်ယောက်ပျောက်နေသည်ကို သတိထားမိလိုက်သည်။

"ရွှန်းလဲ့. . ဟိုကောင်ကော"

"ဘယ်သူလဲ"

"ဘယ်သူရှိရမှာလဲ ဟိုစပ်စလူး မကြည်ပြာပေါ့"

"အေးဟဲ့ ငါလည်း သတိမထားမိလိုက်ဘူး"

"နေပါစေ အပြန်ကြမှ ကားပါကင်နားမှာ စောင့်ကြတာပေါ့"

"အေး. . အဲဒါပဲ ကောင်းတယ်"

တစ်ယောက်တစ်ပေါက် ဝေဖန်ကြရင်းက ရွှန်းလဲ့သက်ပိုင်အတွက် စကပ်ထဘီအသစ်တစ်ထည်ဝယ်ပြီး အဝတ်လဲခန်းတစ်ခုဝင်၍ လဲဝတ်လိုက်သည်။

"ဟဲ. . ဒီအပေါင်းကြီးကို ဒီအခန်းထဲပဲထားခဲ့ဟာ ပြန်သယ်မနေစမ်းပါနဲ့"

"အို. . နေပါစေ ငါ့ဘာသာ ငါသယ်တာပဲ ရှင်တို့ လက်



www.burmeseclassic.com

www.burmeseclassic.com



မညောင်းပါဘူး"

"ပြနေတဲ့ဟာကို ဘာလုပ်မလို့လဲ"

မိန်းမတွေက မိမိအား အလိုက်ကန်းဆိုးမသိ ဝိုင်းအာကြပြန်သည်။

"သူနဲ့ဆုံခဲ့သည့် ပစ္စည်းမို့လို့ အမှတ်တရသိမ်းထားချင်တာပေါ့ ရှင်းပြီလား"

ဟု ထုတ်ဖော်ပြောဆိုလိုက်ချင်သော်လည်း မဝံ့ရဲသဖြင့် ရွှန်းလဲ့သက်ပိုင် ငြိမ်နေလိုက်ပြီးမှ. . .

"ဒီအဆင်လေး ငါကြိုက်လို့ပါ"

ဟူသော ဆင်ခြေတစ်ခုပေးလိုက်ရင်း ပလပ်စတစ်အိတ်ပါးနှင့် စကပ်ဟောင်းကိုထည့်ကာ အဝတ်လဲခန်းထဲမှ ထွက်လိုက်သည်။

"ဟိုမှာ မိကြည်ပြာ ကျုပ်တို့ကို လိုက်ရှာနေတယ် ခေါ်လိုက်ဦး"

"ဟုတ်ပ ကျီးကန်းတောင်းမှောက်မျက်လုံးနဲ့ မိန်းမကိုက"

"ဟိတ်. . မိကြည်ပြာ ကောင်စုတ် ကျုပ်တို့ဒီမှာ"

လှမ်းအသံပြုလိုက်ပြီးမှ မြင်သွားပြီး ကြည်ပြာဖြိုးက သူတို့ဘက်သို့ စပ်ဖြီးဖြီး မျက်နှာထားနှင့် လျှောက်လာသည်။

"ပြောစမ်း မိန်းမဘယ်က ခြေပုန်းခုတ်လာတာလဲ"

ရီမေချိုက ဝင်မေးလိုက်သည်။

"ရွှန်းလဲ့ရဲ့ ကယ်တင်ရှင်ကြီးကို လိုက်ရှာတာလေ"

"ဘုရားရေ ကျုပ်က မရှိုးရဘဲ ရှင်က"





ရွှန်းလဲ့သက်ပိုင်ရင်၌ မနာလိုစိတ်ကလေးက အညှော်မြူထလာသည်။

"ရှင်ဘာလုပ်မလို့ လိုက်ရှိုးရတာလဲ"

"ဟဲ့. . အခြေအနေသိရအောင်လို့ပေါ့ဟဲ့"

"ဘာအခြေအနေလဲ"

"ရှင်ဘာသိခဲ့သလဲ"

တစ်ယောက်တစ်ပေါက်အမေးကို ကြည်ပြာဖြိုးက. . .

"အင်း. . အခြေအနေက မဆိုးဘူး၊ ကားကဇီးရောင် အမျိုးအစားက တိုရိုတာခရောင်း နံပါတ်က 9I"

"ဘာလဲ မိကြည်ပြာ ရှင်ယာဉ်ထိန်းရဲပြောင်းလုပ်တော့မလို့လား၊ လုပ်မနေနဲ့ ညည်းအရပ်က ပေမမှီဘူး"

ရီမေချိုက ဖြတ်ပြောလိုက်သဖြင့် ကြည်ပြာဖြိုးက. . .

"ဒါဆိုရင်လည်းပြီးရော၊ ဟွန်း ငါမေးလာတဲ့ သူ့နာမည် မပြောတော့ဘူး"

"အယ်. . ရှင်က သူ့နာမည်သွားမေးတယ်"

"ဟုတ်တာပေါ့"

"ဒါဆိုရင်ပြော"

ရွှန်းလဲ့သက်ပိုင်းက အားတက်သရောဝင်၍ မေးလိုက်သည်။

"အပနား"

"အယ်. . . ကောင်မစုတ် အကောင်းမှတ်လို့"

ကြည်ပြာဖြိုးက အောင်နိုင်သူမျက်နှာပေးနှင့်. . .

"အဟင်း စိတ်မဝင်စားဘူးနဲ့ ကောင်မတွေကိုက ခုတော့



www.burmeseclassic.com

www.burmeseclassic.com



ဦးမေးကြတယ်၊ သိချင်ရင် ကိုယ့်ဘာသာကိုယ် လိုက်မေးကြ နော် ကျုပ်က အရှက်မရှိ မမေးရဲပေါင်တော်"

ရွှန်းလဲ့သက်ပိုင် သက်ပြင်းတိတ်တနိုးချလိုက်မိလေသည်။ တစ်ယောက်တစ်ပေါက် ဆူညံစွာပြောဆိုကြရင်းက ဈေးဘစ်နှုလုံး စိတ်ညစ်သွားလောက်အောင် ရယ်မောကြပြီး သူတို့အုပ်စု ပလာဇာအတွင်းမှ ထွက်ခွာခဲ့ကြသည်။

ယော်ရှုယ်သူတို့၏ ရင်ထဲအပျော်ကလေးများ၊ ဖိဝင်သွားကြသော်လည်း ရွှန်းလဲ့သက်ပိုင်၏စိတ်ထဲတွင် နိုးလိုးခုလုဖြင့် တစ်ခုခုကျန်ရစ်ခဲ့သလို ဟာတာတာကြီး ခံစားလိုက်ရသည်။

ဆံပင်ကို မတိုမရှည်နှင့် ရိုက်သိမ်းပြီးခါစ စိမ်းညို့နေကြသော်လည်း မှတ်ဆိတ်ရာနှင့် ကြည့်၍ကောင်းလှသည်၊ မတိုမရှည်နှာယောင်က ဖြောင့်စင်းနေသည်။ ယောက်ျားပီသမှုနှင့် ထက်မြက်သော အရည်အသွေးကို ဖော်ပြနေသယောင်ယောင်ရှိသည်။ ဤမြေရှရစကားပြောပုံကိုက သူ့ကိုယ်သူ ဝါတော်ရှုစ်ဆယ်ရ မထေရ်ကြီး တစ်ပါးလိုလို ဘာလိုလို သန်မာကျစ်လစ်၍ တောင့်တင်းနိုင်မာပုံရသော ကိုယ်လုံးကိုယ်ပေါက်က လေ့ကျင့်ခန်းလုပ်ကြောင်း သက်သေခံချက် ပေးနေသည်။

ဘာကြောင့်မှား သူ့ရုပ်အဆင်းသဏ္ဍာန်နှင့် အမူအရာ အပြောအဆိုတို့သည် မိမိနှလုံးသားသို့ မှတ်မှတ်ထင်ထင် ရှိသွားရသည်ကို ရွှန်းလဲ့သက်ပိုင် မတွေးတတ်အောင် ဖြစ်ရလေပြီ။







# အခန်း(၃)

ဟဲသာဟိန်း ပလာဇာမှ ကားကို မောင်းထွက်လာရင်းက ကြောက်ရွံ့တုန်လှုပ်ဟန်ဖြင့် ရပ်နေသော ရွှန်းလဲ့ခေါ် ချစ်စရာယ်မိန်းကလေး၏ ရုပ်ပုံကို ပြန်လည်မြင်ယောင်လာမိသည်။

ကျေးဇူးတင်မှုကို မခံယူလိုသဖြင့် ရှုတ်အတင်းထွက်လာမိသည်ကို မှားများမှားသွားပြီလားဟု စဉ်းစားရင်း နှောင်တရနေမိသည်။ သို့ရာတွင် ဒီလိုမိန်းမချောလေးများကို အခုလို ရှောင်ထွက်ခဲ့မိခြင်းတို့ကပဲ ခပ်ကောင်းကောင်းဟု ထင်မိပြန်သည်၊

www.burmeseclassic.com



ဒီလို အမှတ်မထင်ဆုံတွေ့မှုတစ်ခုက လွန်ခဲ့သောနှစ်အနည်းငယ်က မမစံနှင့်ဆုံဆည်းမှုပင် သူ့အာရုံထဲ ပြန်လည်ထင်ဟပ်လာသည်။

ထိုစဉ်က တက္ကသိုလ်ကျောင်းသားတစ်ယောက် ဖြစ်သော သူ့အနေဖြင့် တက္ကသိုလ်စာကြည့်တိုက်တွင် စာအုပ်ငှားရင်းဖြင့် သူငယ်ချင်းတစ်ဦးနှင့် ရပ်စကားပြောနေစဉ် ကတ္တီပါဖိနပ်စီးထားသော သူ၏ ခြေချောင်းများဆီက ရုတ်တရက် နာကျင်ကြောင်း ဦးနှောက်သို့ သတင်းပို့လာသဖြင့်. . .

"အား"

နှုတ်မှယောင်၍ အားခနဲ ထုတ်ဖော်ပြီး ညည်းညူလိုက်မိရင်း စိတ်ထဲမှာလည်း ထောင်းခနဲဒေါသစေတသိတ် ဖြစ်ပေါ်လာခဲ့သည်။ နောက်ဆုတ်လာသော ဆံတိုကျောင်းသူတို့ကို ဒေါသဖြင့် ရန်ပြုစကားထွက်ရန် စက္ကန့်ပိုင်းမျှအလိုတွင်. . .

"ဆောရီးနော်င့်မောင် မမ အမှတ်မဲ့ နောက်ဆုတ်လိုက်ရင်းက နင်းမိသွားတာ သိပ်နာသွားသလားဟင်"

ကိုယ်ကလေးကို ရှိရင်းအမှန်တကယ် အားနာနေသော အမူအရာနှင့် ဆံပင်တိုတို မမဆိုသည့်ကျောင်းသူအား ကြည့်မိရင်း တဒင်္ဂမှင်သက်သွားသည်။ ရန်ပြုလိုစိတ်တို့ ဘယ်ချောင်သို့ လွင့်ထွက်သွားသည် မသိလိုက်။

"ဟဲ. . ဟဲ. . ရပါတယ်ဗျာ သိပ်မနာပါဘူး"

ဒေါက်မြင့်ခွာဖြင့် အနင်းခံလိုက်ရသော ခြေသူကြွယ်နှင့် ခြေသန်းတို့ကို သနားဟန်မရှိသော ပါးစပ်က မုသားဆိုလိုက်မိသည်။





"ဒါဆိုရင် မမ သွားတော့မယ်နော်"

"ဟုတ်"

အာစေးထည့်ထားသလိုငေးရင်း ဟုတ်ဟု တစ်လုံးသည်းဖြေကာ ဟံသာဟိန်းသည် ထွက်ခွာသွားသော ကျောင်းသူ၏ ရှုပါရုံနောက် လိုက်ပါခံစားသွားလေသည်။

ဟံသာဟိန်း နှလုံးသားသည် စီးချက်ညီညီ ကခုန်နေလေပြီ။

"လှလိုက်တာကွာ"

"ဘာလဲ ဒေါက်ဖိနပ်လား"

"ဟာကွာ လူကိုပြောတာကွ"

"အနင်းခံရတဲ့ မင်းခြေထောက်လေးတွေကို သနားတယ်ကွာ. . ကျွတ်. . ကျွတ်"

"ဒါ. . မင်း အပူမဟုတ်ပါဘူး"

မျက်စိအောက်က ထိုးမမပျောက်သွားမှ အာမေဋိတ်သံနှင့် ငန်းဖမ်းသလို ငြီးလိုက်တာ ဟံသာဟိန်းကို သူငယ်ချင်းသီဟာ ထော့လုံးငေါ့လုံးနှင့် အားပေးလိုက်သည်။

"အေးပေါ့ကွာ ဒေါက်ဖိနပ်နေရာမှာ ရှူးဖိနပ်ဆိုရင်ရောကွာ မင်း ဒီလိုခွင့်လွှတ်မှာလား"

"ပယ်ပယ်နယ်နယ် ရန်တွေ့ပြီး ညာဝိုက်လက်သီးပါ အဆစ်ပေးလိုက်မယ်"

"ဘူးငနဲ"

သီဟာက မှတ်ချက်ချလိုက်သည်။

"ခေါ်ချင်သလိုခေါ်ကွာ၊ ငါတော့. . အနင်းခံရတဲ့ ခြေ



www.burmeseclassic.com

www.burmeseclassic.com



ဘတ်ကလေးကို ရွေးချယ်ထားချင်လောက်အောင် စွဲသွားပြီကွာ"

"အင်း. . မင်းရောဂါက မသေးဘူးကွ၊ အိပ်ချ်အိုင်ဗွီ ပိုင်းရပ်စ် နောက်မှပေါ်တဲ့ ဘူးစ်ဗိုင်းရပ်စ် ဝင်တာဖြစ်မယ်"

"ပြောချင်တာပြောသီဟ ပြီးရင် မမအတန်းနဲ့မေဂျာကို ငါ့ကိုစုံစမ်းပေးပါကွာ"

"ဟိုး ဆရာ. . ပြဿနာမရှာနဲ့ ကိုယ့်အလုပ်ကိုယ်လုပ်"

"ဟာ. . ဒီလိုတော့ မစိမ်းပါနဲ့ကွာ သူငယ်ချင်းအရင်း ခေါက်ခေါက်ကြီးတွေဟာကို"

"ဂလိုလုပ်ကွာ မင်းလည်း သိချင်တာသိခွင့်ရအောင် ငါ့အတွက်လည်း အဖိုးတန်အချိန်တွေ အလဟဿမဖြစ်အောင်"

သီဟက စာကြည့်စားပွဲကို လက်ဖြင့်ခေါက်ရင်း မေးစေ့ကိုပွတ်ကာ အိုက်တင်ခံနေလေသည်။

"ဘယ်လိုလုပ်မလဲ ပြောကွာ"

ဟံသာဟိန်း စိတ်မရှည်တော့. . .

"လက်ဖက်ရည်ဆိုင်သွားရင်း မင်းကိစ္စ ဆွေးနွေး အောင်"

"မင်းကတော့ကွာ အခြေအနေနဲ့ အချိန်အခါပေါ် မူ တည်ပြီး အမြတ်ထုတ်တယ်၊ မြန်မာစာမယူဘဲ အီကိုယူဖို့ကောင်း တယ်"

"ခေတ်ကိုက ဈေးကွက်စီးပွားရေး ခေတ်လေကွာ"

"ထားပါတော့၊ လာ. . သွားရအောင်"

ဟံသာဟိန်း အောင့်သက်သက်နှင့် သီဟကို လက်ဖက် ရည်တိုက်လိုက်ရသည်။ မတိုက်၍မဖြစ် သီဟက ထိုကိစ္စမျိုးကို





အကျွမ်းတဝင် ရှိသည်။ မိန်းမချောလေးများ၏ ဘိုင်အိုပရပ်ဖီ စုံစမ်းရာတွင် စပါယ်ရှယ်လစ် ဖြစ်သည်။

လက်ဖက်ရည်တိုက်ရကျိုးနပ်လေပြီ။ နောက်နှစ်ရက် ခန့်အကြာတွင် ဒေါက်မြင့်ဖိနပ်ပိုင်ရှင် ဆံတိုမမ၏အကြောင်းကို အပြည့်အစုံ သယ်လာသည်။

"ကိုင်း သူငယ်ချင်း ကိုယ့်ကိုပြုစုဖို့ အသပြာလုံလောက် ရဲ့လား"

"မင်းဘက်က ငါသိချင်တာ အစုံအစိဆိုရင်ကော မင်း အတွက် ငါ့မှာပါလာသမျှ အသပြာတွေကို ပလုံစွဲလုပ်ပြီး ကျွေး ရှံ့ အဆင်သင့်ပါကွာ"

"ဒီလိုကွ မင်းရဲ့ဒေါက်ဖိနပ်ကို"

"မမလို့ ပြောစမ်းပါကွာ"

မမနှင့်ပတ်သက်လာလျှင် သူ့နှလုံးသားက သိပ်တန်ဖိုး ထားနေပြီ။

"အဲလေ. . အဲဒီ ဒေါက်ဖိနပ်မမကို မနည်းစုံစမ်းရတယ် ကွ၊ ကျောင်းထဲမှာရှိတဲ့ ဘာညာကွိကွနေရာတွေသာ အကုန်စုံ သွားတယ်၊ အနံ့အသက်တောင် မရဘူး မောင်"

သီဟလေကြောရှည်ကာ စကားချိုးနှိဒါန်းကို ဟံသာ ဟိန်း မနည်းသည်းခံနားထောင်နေရသည်။

"သောကြာသား စကားများလိုက်တာ လိုရင်းပြောတာ ဟုတ်ဘူး"

"မင်းကကော ဘာနေ့သားမို့လို့လဲ"

ဟံသာဟိန်း အမြီးကုတ်သွားရသည်။ ဟုတ်ပေသား.



www.burmeseclassic.com

www.burmeseclassic.com



မိမိလည်း သောကြာသားပေပဲ။

"သူက ဒီကမဟုတ်ဘူးကွ"

ဟံသာဟိန်း ရင်ခုန်လာသည်။

"ပဲခူးကလို့ ပြောသံကြားတယ်"

"သေချာရဲ့လား သူက ဒီဝန်းထဲက စာကြည့်တိုက်ကို ဘာလာလုပ်တာလဲ"

"အဝေးသင်နဲ့ ကျောင်းပြီးထားတာ အခုဘွဲ့ယူဖို့ တို့ကျောင်းဝင်းထဲမှာ လာလေ့လာနေတာကွ"


"အားပါး. . ဘွဲ့ပေးမယ့်ရက်တွေ နီးပြီလား"

"နီးတော့နီးနေပြီ မင်းထပ်တွေနိုင်အောင် ကြိုးစားပေါ့"

ဟံသာဟိန်းအတွက် မျှော်လင့်ချက်ရောင်ခြည် သန်းခွင့်ရရှိခြင်းအတွက် သီဟာ၏ ဟိုစပ်စပ် ဒီစပ်စပ်ဝါသနာကို ကျေးဇူးတင်သွားရလေသည်။







# အခန်း(၄)

ဟံသာဟိန်း မယောင်မလည်နှင့် ဘွဲ့နှင်းသဘင်နားသို့ ကြာခဏ ရောက်ရှိသွားတတ်သည်။

တစ်နေ့. . တွေ့ပြီ။ Rehearsal နေ့တစ်နေ့ မမကို လှမ်းတွေ့လိုက်ရသည်။ သို့သော် မိသားစုများက ဝန်းရံနေသဖြင့် ချင်ရောဖို့မဖြစ်သေး။ ထို့ကြောင့် အခြေအနေကိုသာ စောင့်ကြည့်နေလိုက်သည်။ ရင်ထဲမှာတော့ ကလိကလိဖြစ်ခဲ့ရသည်။

" လုပ်စမ်းပါဦး အခါတော်ပေးရယ် "

www.burmeseclassic.com



" ဘာလဲကွ အရင်းမရှိ အဖျားမရှိ "

သီဟထံ အကြံဉာဏ်တောင်းရန် ချဉ်းကပ်ရပြန်သည်။

"မမနားကို ဘယ်လိုဝင်ရောရမလဲလို့ အကြံထုတ်နေတာ မရနိုင်လို့ မင်းဆီကထပ်ပြီး အကြံဉာဏ်ယူချင်လို့ပါကွာ"

"ဒီလိုလုပ်ကွာ ဒီနေ့ Rehearsal ဆို မနက်ဖြန် ဘွဲ့ယူတဲ့နေ့ပဲ မင်းအိမ်က ကင်မရာယူခဲ့ကွာ"

"ဘာလုပ်မလို့လဲ"

"ဟ. . ဘွဲ့နှင်းသဘင်နားမှာ ယောင်လည်လည် လုပ်နေပြီး မမတို့ အဖွဲ့လာရင် ဓာတ်ပုံရိုက်မလား ဘာညာနဲ့ ဝင်ရောပေါ့ကွာ"

"ဟာ. . မဟုတ်သေးပါဘူး"

"ဘာလို့မဟုတ်ရမှာလဲ ၊ လုပ်ကြည့်စမ်းပါကွာ"

"မင်းမသိပါဘူး၊ မနက်က ငါလိုက်ရှိုးတော့ သူ့အုပ်စုထဲက အရပ်ရှည်ရှည်နဲ့ နေမထွက်ခင် နေကာမျက်မှန်တပ်ထားတဲ့ လူကြီးက ကင်မရာကိုင်ပြီး တဖျပ်ဖျပ်ရိုက်နေတာ တွေ့တယ်ကွ"

သီဟ ခေါင်းကုတ်ရင်း အကြံထုတ်ရသည်။

"နေဦး သူတို့ဘွဲ့နှင်းသဘင်ကို ဘာနဲ့လာသလဲ"

"ကားနဲ့ဖြစ်မှာပေါ့"

"ဟ. . ကားနဲ့လာမှန်းတော့ သိတာပေါ့၊ ဘတ်စ်နဲ့လား အငှားကားနဲ့လား၊ ကိုယ်ပိုင်ကားနဲ့လား၊ အဲဒါသိအောင်စုံစမ်း"

"ဟ. . ဘတ်စ်နဲ့ဖြစ်မလား ဝတ်စုံကြီး တကားကားနဲ့"

"ရှိတာပေါ့ ဝတ်စုံကို အိတ်ထဲထည့်ဆွဲလာပြီး ဘတ်စ်နဲ့





လာ ဒီရောက်မှဝတ်ပြီး ဘွဲ့ယူကြတဲ့ လူတန်းစားတွေလည်း ရှိတာပဲ"

"ကဲပါကွာ ရှည်လိုက်တာ ကိုယ်ပိုင်ကားနဲ့ကွ အာရာဓတ်နဲ့တော့ တွေလိုက်တယ်"

"ဟ ဒါဆိုရင် ပွဲသိမ်းပြီမောင် သူတို့ကားထွက်အလာကို စောင့်ပြီး ရှဲဒိုးလုပ်လိုက်ရင် ပြီးပြီပေါ့"

"အိုကေ ဒီလိုဆို မနက်ဖြန် မင်းပါလိုက်ခဲ့ကွာ"

"လုပ်လိုက်လေ ကြာသလားလို့ သီဟတို့က ဒီကိစ္စမျိုးဆို ၂ခါ မခေါ်ရဘူး"

ဟံသာဟိန်း ကျေနပ်သွားသည်။ နောက်နေ့. . သီဟအကြံအတိုင်း မမတို့ ဘွဲ့နှင်းသဘင် အခမ်းအနားအပြီး မမ၏ကားကလေးနောက်သို့ မသိမသာ လိုက်ခဲ့သည်။

ကားကလေး မရမ်းကုန်းမီးပွိုင့်ကို ကျော်ကာ မင်္ဂလာဒုံဘက် ထွက်သွားနေသည်။

"ဟောကောင် မြို့ပြင်ထွက်သွားပြီကွ၊ ပဲခူးကနေ တိုက်ရိုက်လာပြီး တိုက်ရိုက်ပြန်တာလား မသိဘူး"

"ဖြစ်နိုင်တယ် သီဟ"

"အေးကွာ ဒီလိုဆို မြို့နယ်နိမိတ်မကျော်ခင် မင်းအိမ်ကို ဖုန်းနဲ့ဆက်ထားလိုက်ဦး"

စိုးရိမ်တတ်သော သူ့မိခင်ကြီး၏အကြောင်းကို သိထားသော သီဟက ကြိုတင်အကြံပြုလိုက်သည်။

"အေးကွာ. . ဘယ်ကိုဂိုးနေတယ်လို့ အကြောင်းပြရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာဒုံဆိုရင်ကော"

"မနိုပ်သေးပါဘူး၊ ထောက်ကြံ့ကွာ . . ထောက်ကြံ့က ဝင်းဇော်ဆီလို့ပြောပြီး ဒီကောင်ဆီကိုလည်း အပြန်ဝင်ပြီး နှုတ်ပိတ်လိုက်ရင် ပြီးပြီ"

"အေး. . ကောင်းတယ်"

ဟံသာဟိန်းက ပြောပြောဆိုဆို ဆယ်လူလာနှင့် မိခင်ကြီးထံ ခွင့်ပန်ရသည်။ ကျောင်းသားဆိုတော့ မိခင်လောင်းရိပ်အောက်က မလွတ်သေးတော့ ကလေးသာသာပါပဲ။ သို့သော် နှလုံးသားကတော့ စကားပြောတတ်သောအရွယ်ပေပဲ့။ ဟံသာဟိန်း နှလုံးသား၏ စေစားရာနောက်သို့ ကောက်ကောက်ပါလေပြီ။

မိခင်က အတန်ကြာမှာတမ်းချွေနေ၍ ရှေ့ကားကို မျက်ခြေပြတ်သွားသည်။ ဟံသာဟိန်းက ကားလေးကို လီဗာမြှင့်တင်ပေးလိုက်သဖြင့် အရှိန်နှင့် ထိုးထွက်သွားသည်။

မင်္ဂလာဒုံရောက်သည်အထိ မတွေ့ရသေးသဖြင့် စိတ်ပူသွားသည်။ ကားရှိန်ကို ထပ်မြှင့်လိုက်သည် ။

"ဟော့ကောင်. . ကြည့်လုပ်ဦး မင်းကားက ကီလိုမီတာ ၁၀၀ ကျော်သွားပြီ"

သီဟသတိပေးသဖြင့် ဟံသာဟိန်းကားရှိန် လျှော့လိုက်သည်။

"မျက်ခြေပြတ်သွားမှာ စိုးရိမ်တယ်ကွာ"

"မှီပါတယ် ပဲခူးကဆိုတာ သေချာနေတဲ့ဟာကွာ၊ မင်း ငါ့သတင်းကို မယုံလို့လား"





"အေး မဟုတ်လို့ကတော့ကွာ ပဲခူးကအပြန် ငါကျွေးထားတာတွေအားလုံး အလျှော်အဖြစ် ပြန်ကျွေးရမယ်"

"စိတ်ချ မင်းကိုချစ်တီးထမင်းဆိုင်မှာ အဝကျွေးမယ်"

"ရမလား အကုန်အကျက သိပ်များနေမယ်၊ အနည်းဆုံးတော့ ကိုကာဆူကီမှာ ကျွေးရမယ်"

"စိန်လိုက်လေ ၊ ပဲခူးမှာသေချာလို့ကတော့ မင်းဒကာပြန်ခံရမယ်"

"ဟဲ. . ဟဲ. . ရပါတယ်ကွာ၊ ပဲခူးက ဆိုင်တစ်ဆိုင်မှာပဲ ကျွေးတာပေါ့၊ ခုတောင် (၃)နာရီကျော်နေပြီ၊ ဟိုမှာပဲ စားရတော့မှာပဲ"

"အေး. . ကောင်းတယ်"

ထောက်ကြံ့အထွက် Toll Gate မရောက်မီတွင် မမတို့ကားကလေးကို ပြန်မှီလာသဖြင့် ဟံသာဟိန်း ရင်ထဲလှိုက်ဖိုလာသည်။

နောက်ယောင်ခံလိုက်သည်ကို မသိစေရန်အတွက် သူ့ကားကလေးကို အာရာဖတ်နောက် ကိုက်-၂၀၀ ခန့် ခွာလိုက်ပေးလိုက်သည်။ တစ်ခါတစ်ရံ ကားသိပ်ရှင်းလျှင် ကိုက်-၅၀၀ ခန့်အထိ ခွာပေးလိုက်သည်။ ကားကောင်းများမို့ ပဲခူးမြို့အတွင်း မကြာခင်အတွင်း ချင်းနင်းဝင်ရောက်လာခဲ့သည်။ ရှေ့ကားက မြို့ခံမို့ လမ်းကျွမ်းပုံရသည်။

ရန်ကုန်သား ကားသမားလေး ဟံသာဟိန်းက နယ်မကျွမ်းသဖြင့် ရှေ့ကားကို ပဲခူးဈေးနားတွင် မျက်ခြေပြန်ပြတ်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



စက်ဘီး၊ လှူ၊ ကား ဆိုက်ကားများ ရှုပ်ထွေးနေသောကြောင့် ဟံသာဟိန်းမမှိုနိုင်တော့ လက်မှိုင်ချကာ စည်းကမ်းမဲ့ ဥဒဟိုဖြတ်ကူးနေသော လှူ၊ စက်ဘီး၊ ဆိုက်ကားများကို ဟွန်း တတီတီ တီးကာ ဖြတ်နေရသည်။

"တောက်"

ဟံသာဟိန်း စိတ်မရှည်တော့. . . ။

"စိတ်ရှည်ရှည်ထားပါ ဆရာရယ် ဘာပဲဖြစ်ဖြစ် လူနဲ့ကား၊ စက်ဘီးနဲ့ကား၊ ဆိုက်ကားနဲ့ကား ကားပဲအများဖြစ်မှာ. . အရင်လို အနေ့းဖြစ်နေဦးမယ်"

"အေးကွာ"

ပဲခူးနာရီစင်အရောက်တွင် လမ်းခွဲများနှင့် ကြုံသည်။

"ဘယ်ဘက်လမ်းသွားရင် ကောင်းမလားကွ"

"အင်း. . သနပ်ပင်လမ်းဘက်က ပတ်ဝင်ပြီး ဘုရားလမ်းက ပြန်ထွက်တာပေါ့"

"ငါတော့ လမ်းကြိုလမ်းကြားပါမကျန် လိုက်ကြည့်ချင်တယ်ကွာ"

"စိတ်လျှော့လိုက် သူငယ်ချင်း မိန်းလမ်းတွေပဲ လိုက်ကြည့်ပါကွာ၊ သိပ်တော့မပူပါနဲ့၊ ပဲခူးမြစ်ရဲ့ ဒီဘက်ကမ်းမှာပဲ ရှာကြည့်ပါ။ ဟိုဘက်ကမ်းမှာတော့ မယုတ်တာ သေချာသွားပြီ"

"ကိုင်း ဘာပဲဖြစ်ဖြစ် ငါတော့ မိန်းလမ်းတွေလိုက်ရှာကြည့်မယ်"

ဟံသာဟိန်း နှလုံးသား စေစားရာနောက် ကောက်ကောက်ပါသွားလေပြီ။ သို့သော် ညနေစောင်းသည်အထိ မမ





ဘား၏ အရိပ်အယောင်ကို မတွေ့ရ။

"ဗိုက်ဆာပြီကွာ. . အာဟာရဖြည့်တင်းရင်း ဝင်နားရအောင်"

"အေးပါကွာ၊ ရှေ့နားက ထမင်းဆိုင်ထင်တယ် ရပ်လိုက်မယ်"

ပဲခူးရွှေမော်ဓော ဘုရားလမ်းမှအထွက် ရန်ကုန်ဘက်ပြန်အကွေ့တွင် တွေ့ရသော ထမင်းဆိုင်တစ်ဆိုင်ရှေ့ ကားထိုးရပ်လိုက်သည်။ ဆိုင်နာမည်ကို လှမ်းကြည့်လိုက်တော့. . .

"ချိုပြုံး ထမင်းဆိုင်ဆိုပါလားကွ"

သီဟက ပြောလိုက်သည်။ နောက် သဘောကျစွာ ပြုံးလိုက်သည်။

"ဟ. . ကံကြီး မင်းအတွက် အတိတ်နိမိတ်ကောင်းပဲ"

ထမင်းဆိုင်ထဲဝင်ကြပြီး နေရာယူအပြီး၌ သီဟက စကားဆက်လေသည်။

"ဘာနိမိတ်လဲ"

"ချိုပြုံးလေကွာ"

"ဘာဆိုင်လို့လဲ"

"ဟာဆိုင်တာပေါ့၊ ချိုဆိုတာ (ဆွိ)ပဲ၊ ဆွိဆိုတာ အချစ်ပေါ့ကွ၊ အဲဒီတော့ အချစ်ကြောင့် သောကရောက်ပြီး မရှုနိုင်မကယ်နိုင်ဖြစ်နေတဲ့ မင်းရဲ့လဒရုပ်ကြီးဟာ ဒီဆိုင်က ထမင်းစားပြီးရင် ပြုံးသွားစေရမယ်၊ ဒီတော့. . ထမင်းစားပြီးရင် မြို့ထဲတစ်ခေါက်လောက် ပတ်ရှာလိုက်ကြတာပေါ့"

"ကောင်းသားပဲ"



www.burmeseclassic.com

"ကောင်းရင် ရေခဲစိမ်ဘီယာမှာကွာ၊ မင်းနဲ့လိုက်ရတာ ရင်ပူတယ်"

"ဟာကွာ မူးနေဦးမယ်"

"နိုးနိုး မူးစရာမရှိဘူး၊ ဘီယာမှာ အယ်လ်ကိုဟော ရာခိုင်နှုန်း ပါဝင်မှုနည်းတယ်၊ မင်းက ကားမောင်းမှာမို့ မသောက်နဲ့ ငါပဲသောက်မယ်"

"သဘောပါဗျာ"

ထမင်းကို အေးအေးဆေးဆေး စားသောက်ပြီး သူတို့ ရွှေမော်ဓောဘုရားလမ်းဘက်သို့ ထမ်မံထွက်ခဲ့ပြန်သည်။

"ကြုံတုန်း ဘုရားဖူးလိုက်ရအောင်ကွာ သီဟ"

"ကောင်းသားပဲ ဘုရားဖူးရင်း လိပ်ဥတူးမဟုတ်ဘဲ၊ လိပ်ဥတူးရင်း ဘုရားဖူးရတဲ့ အဖြစ်မျိုး ကြုံနေရတယ်. . အဟတ်. . ဟား"

သီဟကတော့ ရယ်မောနိုင်စွမ်းရှိလေသည်။ ဟံသာဟိန်း ရင်ထဲ၌တော့ မမကို မတွေ့ရမချင်း ငြိမ်းချမ်းနိုင်မည် မဟုတ်ပေ။ ဘုရားပေါ်တက်ပြီး ဟံသာဟိန်းကော သီဟပါ မွေ့နံထောင့်ဖြစ်သော သောကြာထောင့် တန်ဆောင်းတွင် ထိုင်ကာ ဘုရားရှိခိုးပြီးနောက် ဘီလူးမပန်းဆိုင်းရှိရာထောင့်ကို မော့ကြည့်ကာ ဟံသာဟိန်းနှုတ်မှ တီးတိုးရေရွတ်လိုက်သည်။

"ချစ်သူနဲ့တွေ့ဆုံဖို့ ကူညီပါ မယ်တော်ဘီလူးမရယ်"







# အခန်း(၅)

နဒီစံ. . ။

ဘွဲ့တစ်ခါယူဖို့အရေး ဝတ်စုံသွားထုတ်ပြီး ဘွဲ့နှင်းသဘင်ခန်းမ ပတ်ဝန်းကျင်သွားလေ့လာ။ ပြီးတော့ ရိဟာဇယ်တစ်ရက်၊ နောက်ဘွဲ့ယူပြန်ရောက်တော့ ရှုပ်ထွေးလှသော ရန်ကုန်ဇရိယာမှ ပြန်ထွက်ခဲ့ရသဖြင့် ငြီးစီစီဖြစ်နေရာ တအောင့်နားရေမိုးချိုးပြီး အိမ်နှင့်မနီးမဝေး၌ရှိသော ရွှေမော်ဓောစေတီတော်ဘက်သို့ လမ်းလျှောက်ထွက်ခဲ့သည်။

ဒီနေ့ စနေနေ့ဖြစ်သည်။ ဘာရယ်မဟုတ်။ ရန်ကုန်မှ



www.burmeseclassic.com

www.burmeseclassic.com



နေစဉ် နာမည်ကြီးဗေဒင်ဆရာတစ်ယောက်က ဘွဲ့ရပြီး အလုပ်အကိုင်အဆင်ပြေစေရန် စနေနေ့၌ စနေထောင့်၌ ဒေါနပန်းနှင့် ကုံကော်ညွန့်သက်စေ့ လှူပြီးတော့ စနေဂြိုလ်နတ်မင်းအား ရေသက်စေလောင်း ဟူသော ယတြာပေးလိုက်သဖြင့် တစ်ယောက်တည်း ထွက်လာခဲ့ခြင်း ဖြစ်သည်။

ဆယ်တန်းအောင်ပြီးကတည်းက အိမ်၏စီးပွားရေးလုပ်ငန်းတွင်ကူရင်း Distance ကို ဖြေလိုက်၊ မဖြေလိုက်လုပ်ရာ (၇)နှစ်အကြာတွင်တော့ ဘွဲ့တစ်ခုတော့ ပိုင်ဆိုင်လိုက်ပြီ။

မိန်မသားပီပီ ဗေဒင်လက္ခဏာလေးကတော့ အယုံအကြည် အားကိုးမှုလေးရှိသေးသည်။ ယတြာကောင်း မင်းလောင်း ဖြစ်သေးတာပဲဟူသော စကားကရှိနေသည်ပဲ။

စနေထောင့်၌ စိမ်ပြေနပြေလုပ်ဆောင်စရာရှိသည်တို့ကို အေးဆေးစွာလုပ်ပြီးနောက် ရင်ပြင်တော်ပေါ် လက်ယာရစ် လျှောက်ခဲ့လေသည်။

ဘုရားရိပ်၊ တရားရိပ်က စိတ်အေးချမ်းမှုကို ပေးလေသည်။ လေပြည်လေညှင်းနှင့် ဆွဲလွဲသံလေးတချွင်ချွင်က စိတ်ကို ကြည်နူးစေသည်။

"မမ. . မမ. . မမ"

ခေါ်သံလိုလို ကြားမိသည်။ မိမိကိုခေါ်တာမဟုတ်ဟု ထင်ပြီး နုဒီစံဆက်လျှောက်ခဲ့လေသည်။ မမ. . ။

အသံက နီးကပ်စွာရောက်ရှိလာပြီး လူတစ်ဦးက ဖျတ်ခနဲကျော်ကာ မိမိရှေ့တွင် ကာဆီးရပ်လိုက်သည်။

"ဟင်. ."





နုဒီစံ ရုတ်တရက် အံ့အားသင့်သွားသည်။ နောက် ချက်ချင်းပင် မှတ်မိလိုက်သည်။ တလောက ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်အတွင်း သူပညာပေးခဲ့သည့် ပုဂ္ဂိုလ်လေးဖြစ်နေသည်။

"မင်း ဘယ်သူ့ကိုခေါ်တာလဲ"

"မမကိုပါ"

"ဆောရီး၊ တို့နာမည် မမ မဟုတ်ဘူး"

"နာမည်က မမ မဟုတ်မှန်းသိပါတယ်"

အူကြောင်ကြောင်နိုင်သော ပုဂ္ဂိုလ်လေးကို တမင်ကျီစယ်လိုသဖြင့်. . .

"ဟင်း. . ဟင်း. . ၊ မင်းကလည်း မမ မဟုတ်မှန်းသိရက်နဲ့ ဘာလို့ မမလို့ အသည်းအသန်လိုက်ခေါ်နေရတာလဲ"

"မမ မဟုတ်ဘူးဆိုတာ နာမည်ကိုပြောတာ၊ ဒီကမမက ကျွန်တော်နဲ့ ဆုံဖူးတဲ့မမပဲ"

"အိုး. . သနားစရာပဲ၊ မမတော့ မင်းနဲ့မဆုံဖူးဘူးထင်တယ် စိတ်မရှိပါနဲ့နော်"

နုဒီစံက တမင်ကလိလိုက်သည်။ ပုဂ္ဂိုလ်လေး မျက်နှာ ငိုရှက်သာသာလောက် ဖြစ်သွားသည်။

"ဟင်. . မမ ဘာကယ် ကျွန်တော့်ကို မမှတ်မိဘူးလား"

"တို့နဲ့ရင်းနှီးတဲ့ မိတ်ဆွေထဲမှာရော၊ သာမန်မိတ်ဆွေထဲမှာပါ မင်းမျက်နှာမျိုးမရှိတာတော့ သေချာတယ်၊ ကိုင်း လိုက်ကြောင်တာဆိုရင်လည်း ကျေနပ်တော့ကွာ၊ တို့ကိုခွင့်ပြုဦး. ."

ဇွတ်အတင်း မိတ်ဆက်လာသည့် ပုဂ္ဂိုလ်လေးကို ရှေ



www.burmeseclassic.com

www.burmeseclassic.com



ချင်ဟန်ဆောင်သော ပညာပြလိုက်ပြီး လှည့်အထွက်. . .

"နေ. . နေပါဦး မမရယ်၊ ကျွန်တော် မမကို ဆုံချင်လို့ စောင့်နေတာကြာပြီ၊ စောစောက မမ စနေထောင့်မှာ ပန်းလှူ ရေသပ္ပါယ်ကတည်းက ကျွန်တော်ထိုင်စောင့်နေတာ"

နဒီစံရယ်ချင်စိတ်ကို မျိုသိပ်လိုက်ပြီး. . .

"အို. . ဒါဆို မင်း တို့အသက်ကို သိသွားပြီပေါ့"

"ဟုတ်ကဲ့. . မမ ရေသက်စေ့လောင်းတာဆိုရင် ၂၆ ခွက် ရှိတယ်"

"ဟင်း. . ဟင်း၊ မင်းက ဘယ်ဆိုးလို့လဲ၊ ကဲ ဒါဆိုပြော မင်းဘယ်တုန်းက တို့နဲ့ဆုံဖူးတာလဲ "

မသိချင်ဟန်ဆောင်ကာ ပြုံးစစအမူအရာနှင့် မေးခွန်း ထုတ်လိုက်သည်။ ပုဂ္ဂိုလ်လေးက အားတက်သရော. . .

"ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှာပါ မမမှတ်မိ မယ်ဆိုရင် ရက်သိပ်မကြာသေးဘူး"

နဒီစံ ဆက်ပြီး ငြိမ်နေလိုက်သည်။

"မမ ကျွန်တော့်ခြေထောက်ကို တက်နင်းသွားတာလေ"

"သြော်. . သြော် မှတ်မိပြီ"

ပုဂ္ဂိုလ်လေးမျက်နှာ ပြုံးရွှင်သွားသည်။

"ဒီတော့. . မင်းက ခြေထောက်ပြန်နင်းချင်လို့ လိုက် ခေါ်တာပေါ့လေ၊ ရော့. . ပြန်နင်း"

"ဟာ မဟုတ်ရပါဘူး မမရယ် "

နဒီစံက သူ၏သွေးကြောစိမ်းကလေးများပေါ်၌ ဖြူဖွေး အိစက်နေသော ခြေဖမိုးလေးကို ထိုးပေးလိုက်သည်။ ပုဂ္ဂိုလ်





လေး ဟျာဟျာသလဲ ငြင်းရှာသည်။ နောက်. . .

"ဒီကြားထဲ ဘွဲ့နှင်းသဘင် ခန်းမနားရောက်သေးတယ်၊ မမတို့ Rehearsal လုပ်တဲ့နေ့က မမကို နှုတ်ဆက်မလို့ပဲ၊ မရဲ တာနဲ့ မနှုတ်ဆက်ဖြစ်ဘူး"

"အဲ. . ခုတော့ ပဲခူးအထိ လိုက်နှုတ်ဆက်တာ မရဲလို့ ပေါ့နော်"

နဒီစံက ပြုံးစစနှင့် ကလိလိုက်သည်။ ပုဂ္ဂိုလ်လေး၏ အူကြောင်ကြောင်နိုင်မှုက ရယ်ချင်စရာ၊ ကလိချင်စရာလေး။

"မဟုတ်ပါဘူး မမရယ်၊ ကျွန်တော်. . "

"ဟော့ကောင်. . ဟံကြီး မိုးချုပ်တော့မယ်ကွ၊ မမလည်း အနှောင့်အယှက် ဖြစ်နေဦးမယ်"

ပုဂ္ဂိုလ်လေးနှင့်ပါလာသော သူငယ်ချင်းဖြစ်ဟန်တူသူ က ဝင်၍သတိပေးလိုက်သဖြင့် နဒီစံ သတိပြုမိသွားသည်။

"မင်း သူငယ်ချင်းလား"

"ဟုတ်ကဲ့ မမ"

"ဟုတ်သားပဲ မိုးချုပ်တော့မယ်၊ မင်းတို့ဘယ်မှာ နေကြ သဲ၊ ပြန်တော့လေ"

"ရန်ကုန်မှာပါ မမ၊ ကျွန်တော်တို့ ပြန်မှာပါ၊ မမရော ပြန်သေးဘူးလား၊ နောက်တစ်ကြိမ်ပြန်တွေ့ရင် မမကို ဘယ်လို ခေါ်ရမလဲ"

ပုဂ္ဂိုလ်လူလည်လေးက တရစပ်မေးခွန်းများနှင့် မိမိ နာမည်ကို စူးစမ်းလာသည်။

"မမလို့ခေါ်တာ ကောင်းပါတယ်၊ နာမည်ကိုတော့ နဒီစံ



www.burmeseclassic.com

www.burmeseclassic.com



လို့ မှတ်ထားပေါ့ မောင်ဟံ. . ဟံ"

"ဟံသာဟိန်းပါမမ"

"ကျွန်တော့်နာမည်လည်း သီဟလို့ ခေါ်ပါတယ်"

ပုဂ္ဂိုလ်လေးက သူ့နာမည်ကို ပျာပျာသလဲ ဖြေသည်၊ နောက်တစ်ယောက်က ရွှတ်နောက်နောက်နှင့် ဝင်ဖြေသည်၊ ခင်မင်စရာကောင်းသော လူငယ်များမို့ နဒီစံရင်ထဲ ပျော်သလိုလို ခံစားလိုက်ရသည်။ မိမိကိုယ်တိုင်ကလည်း ရန်ကုန်ကိစ္စ မကြာခဏရှိတတ်သဖြင့် ပိုမိုရင်းနှီးသွားစေရန် စီစဉ်လိုက်သည်၊

"မင်းတို့ ရန်ကုန်ကို ဘာနဲ့ပြန်မလဲ၊ ညဘက်မှာ အဝေးပြေးကားတွေ ပေါ့ပါတယ်"

"ယံကြီးကားနဲ့ပါ မမ"

သီဟက ဝင်ဖြေလိုက်သည်။

"ဒါဆိုရင် တို့ကအိမ်ရှင်ပဲ၊ အိမ်လိုက်လည်ဦးမလား ရှင်စောပုလမ်းမှာ ရှိတယ်လေ"

မိမိက ပွင့်ပွင့်လင်းလင်း ရဲရဲတင်းတင်းပင် အိမ်အလည်ခေါ်လိုက်တော့ ချာတိတ်နှစ်ယောက် လှန့်သွားပုံရသည်။

"မလိုက်တော့ပါဘူး မမ၊ အိမ်ဘယ်မှာရှိတယ်ဆိုတာ သိရရင် တော်ပါပြီ"

"ဟင်း. . မင်းတို့ မလိုက်ရဲဘူးမှန်း သိလို့ တမင်ခေါ်တာပေါ့"

ဟု နဒီစံစိတ်ထဲမှ ပြောရင်း ပြုံးလိုက်သည်။

"ဖုန်းနံပါတ် ယူထားမလား"

"ဟုတ်ကဲ့ မမ"





ပုဂ္ဂိုလ်လေးက အသင့်ပါလာသော ဘောလ်ပင်ကိုထုတ်ကာ သူပြောသော နံပါတ်ကို လက်ဝါးမှာရေးလိုက်သည်။

"ဟိုကိုင် ဒီကိုင်နဲ့ ပျက်သွားဦးမယ်"

"ကားပေါ်ရောက်ရောက်ချင်း မှတ်ထားလိုက်ပါ့မယ်"

"အေးကွယ် ၊ မင်းတို့ဖုန်းတော့ တို့မတောင်းတော့ပါဘူး"

"မဟုတ်တာ မမရယ်၊ ကျွန်တော်ပေးပါ့မယ်"

စာရွက်အပိုမပါလာသဖြင့် အခက်တွေ့နေဟန်ရှိသော ဟံသာဟိန်းဆိုသည့် ပုဂ္ဂိုလ်လေးကို နဒီစံ အကူအညီပေးလိုက်သည်။

"ရပါတယ်ကွယ်၊ ဘောလ်ပင်သာ ခဏငှားပါ၊ တို့လည်း ဒီလိုပဲ အမေပေးတဲ့ စာရွက်မှာပဲ မှတ်လိုက်ပါ့မယ် "

ဟံသာဟိန်းပေးသော ဂဏန်း(၆)လုံးကို လက်ဝဲဘက်လက်ဖနှောင့်တွင် ရေးလိုက်သည်။

"ကဲ. . သွားတော့မယ်၊ မောင်ပဲခူးဟိန်း"

"ဟံသာဟိန်းပါ"

"အတူတူပေါ့၊ ပဲခူးနဲ့ဟံသာဝတီ"

"ဟဲ. . ဟဲ. . ဟုတ်သားပဲ"

ချာတိတ်နှစ်ယောက်ရယ်ကာ ကျန်ရစ်ခဲ့လေသည်။ မှိုရသာမျက်နှာများနှင့် အတော်ပျော်ရွှင်သွားကြဟန်တူသည်။ နဒီစံ လှည့်မကြည့်ဘဲ ထွက်ခဲ့သည်။ မလှမ်းမကမ်း အကွာအဝေးရောက်မှ အသာလေးလှည့်ကြည့်ရာ ချာတိတ်နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com




မြောက်ဘက်စောင်းတန်းအတိုင်း ဆင်းသွားသည်ကို တွေ့လိုက်ရသည်။ နောက်မှ အသာလေး လိုက်သွားမိသည်။

ထင်ထားသည့်အတိုင်း Toyota Crown ဇီးရောင်လေး ဖြစ်နေသည်။ ရန်ကုန်အထွက်ကတည်းက မိမိတို့ကားနောက် ခပ်ခွာခွာလိုက်ခဲ့သည့် ချာတိတ်တွေ ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ၊ နဒီစံ ကျေနပ်သွားသည်။ မိမိအပေါ် အလေးအနက်ထား၍' ဖြစ်သည်။







## အခန်း(၆)

ဘွဲ့ဝတ်စုံတွေပြန်အပ်ရင်း ဓာတ်ပုံတွေရွေးရင်း ရန်ကုန် ဦးလေးအိမ်၌ တစ်ညအိပ်နေရန် ဆုံးဖြတ်တည်းခိုစဉ် နဒီစံ ဟံသာဟိန်းကို ဖုန်းဆက်ခေါ်လိုက်သည်။

အကြောင်းပြချက်က ရန်ကုန်မြို့ထဲကားမောင်းရမှာ မ်းကြောမကျွမ်း၍ ဖြစ်သည်။ ဦးလေးသားတစ်ယောက်တည်း ခြားမှာ ကျောင်းသွားနေသည်။

ဟံသာဟိန်းက တစ်ယောက်တည်းရောက်ချလာသည်။



www.burmeseclassic.com

www.burmeseclassic.com



မိဘနှင့်ဦးလေးကို ဟံသာဟိန်းနှင့် မိတ်ဆက်ပေးပြီးနောက် အ
ဝတ်အစားလဲဦးမည့် အကြောင်းပြကာ အိပ်ခန်းထဲဝင်ခဲ့သည်။

"သားတစ်ယောက်တည်းလား"

"သူငယ်ချင်း သီဟကို ဝင်ခေါ်မှာပါ အန်တီ၊ သူ
လှည်းတန်းမှာ နေတယ်"

မေမေ၏ စပ်စုမှုနှင့် စူးစမ်းမှုကို ဟံသာဟိန်းက အ
လိုက်သင့် ယဉ်ကျေးစွာအဆင်ပြေပြေ ပြောဆိုနိုင်သည်ကို နဒီ
အိပ်ခန်းထဲမှ အမှတ်မထင် ကြားနေရသည်။ နဒီစံထွက်လာ
တော့. . .

"ကိုင်း. . သွားမယ် ဟံသာ၊ မောင်အရင်းက အားမကိုး
ရတော့ ဒီကောက်ရတဲ့ မောင်လေးတွေကိုပဲ အားကိုးရတာပေါ့
မေမေ၊ အစ်မလာမယ်မှန်းသိရက်နဲ့ အမေ့သားက ရှောင်နေ
တယ်"

"သမီးမောင်အကြောင်း သိရက်သားနဲ့ကွယ်"

"ဖေဖေကော"

"ထုံးစံအတိုင်း ဂေါ့ဖ်ကွင်းပေါ့ကွယ်၊ ခုနကပဲ ပါတနာ
တွေ ကားလာခေါ်လို့ ထွက်သွားတယ်"

"ဖေဖေလည်း ဒီအတိုင်းပဲ၊ ကိုယ့်သမီးလေး တစ်ခါ
လေလာလို့ ဟိုဟိုဒီဒီ လိုက်ပို့ဖော်မရဘူး၊ ဒီမောင်လေးတစ်
ယောက် ခကောက်ရပေလို့ပေါ့"

နဒီစံ ဟံသာဟိန်းကို ဇွတ်တင်ပေးလိုက်သည်။

"အေးပါကွယ်၊ သွား. . သွားကြ မိုးမချုပ်စေနဲ့၊ ဘယ်
လိုက်ပို့ပို့ သမီးသွားချင်တဲ့ဆီ သွားရပြီပဲ မဟုတ်လား"





ပူစီပူစီလုပ်နေသော နဒီစံကို နှစ်သိမ့်စကားပြောပြီး
ဆော်ဩလိုက်သည်။ ထိုအခါကျမှ ဟံသာဟိန်းမှာ အိမ်သားများ
ကို နှုတ်ဆက်ပြီး နဒီစံနောက်ပါးမှ ကိုယ်ရံတော်ပုံစံနှင့် လိုက်ပါ
သွားလေသည်။ ကားပေါ်ရောက်ပြီး အတန်ကြာမှ နဒီစံက
စကားစလိုက်သည်။

"မင်း သီဟကို ဝင်ခေါ်ဦးမှာလား"

"မခေါ်တော့ပါဘူး၊ ရှုပ်ပါတယ်"

"စောစောက ခေါ်မယ်ဆို၊ မေမေနဲ့ပြောသံကြားလိုက်
ရသလားလို့"

"အန်တီစိတ်မပူအောင် စကားလှအောင် တမင်ပြော
လိုက်တာပါ မမရာ၊ ဒါပေမယ့် မမအမေက မမအပေါ် ယုံကြည်
စိတ်ချပုံရတယ်"

"ဒါပေါ့၊ တို့က သမီးအလိမ္မာပဲဟာ"

နဒီစံပြုံးလိုက်မိသည်။ အမှန်တော့ ငယ်စဉ်ကတည်းက
သူဘာလုပ်လုပ် အမေက ကျေနပ်ခဲ့သည်။ ယခုအသက် (၂၆)
နှစ်ရှိပြီ။ ဘွဲ့ယူပြီးချိန်၌ ကိုယ်ပိုင်စီးပွားရေးလုပ်ကာ အသားကျ
နေပြီဖြစ်သော သမီးအပေါ် ယုံကြည်စိတ်အပြည့်ရှိနေသည်။

"မမတို့မေမေက သဘောကောင်းပုံရတယ်၊ ပြီးတော့
မမကိုလည်း အတော်စိတ်ချယုံကြည်ပုံရတယ်"

"တို့ကလဲ ဒီနေ့အထိ အမေစိတ်ဆင်းရဲစရာအလုပ်
ဘာတစ်ခုမှ မလုပ်ခဲ့ဖူးဘူးလေ"

"တကယ်လား"

ပြုံးရင်းထေ့သလိုမေးလိုက်သော ဟံသာဟိန်းကို နဒီစံ



www.burmeseclassic.com

www.burmeseclassic.com



ငဲ့စောင်းကြည့်ရင်း. . .

"ဘာလဲ မင်းက မယုံလို့လား"

"ယုံပါတယ်ဗျာ၊ ဒါပေမယ့် မမငယ်ငယ်က အဲ. . ဆယ်ကျော်သက်ဘဝက ရည်းစားလေး ဘာလေးမထားခဲ့ဖူးဘူးလား ထားခဲ့ရင်တော့ အန်တီစိတ်ဆင်းရဲမှာပေါ့"

ချစ်သူရည်းစားရှိမရှိကို သွယ်ဝိုက်စုံစမ်းနေသည့် ဟံသာဟိန်းကို သူကလိချင်သွားသည်။

"မင်း ဘယ်လိုထင်သလဲ"

"မထင်ရဲပါဘူးဗျာ၊ အန်တီကို တစ်ခါမှ စိတ်ဆင်းရဲအောင်မလုပ်ဘူးဆိုတော့ မရှိဘူးလို့ဘဲ တွက်ရမှာပေါ့"

သူ့စကားနှင့် သူ့ကိုပြန်အဖြေပေးနေသည်။

"လူလည်လေး၊ ပေါ်တင်မေးလည်းရပါတယ်ကွာ၊ တို့ဒီနေ့အထိ ချစ်သူမတွေ့သေးဘူး၊ Boy Friend လေး ဘာလေးတော့ ရှိတာပေါ့၊ အလုပ်လုပ်နေတော့လည်း လုပ်ဖော်ကိုင်ဖက် စီးပွားရေးသမားတွေနဲ့ တွဲသွားတွဲလာကတော့ ရှိတာပေါ့လေ"

သူ့စကားကြောင့် ဟံသာဟိန်း တိတ်သွားလေသည်။ ဘာမှထပ်မမေးတော့ဘဲ အတန်ကြာငြိမ်သက်သွားပြီးမှ. . .

"မမကို ဘယ်အရင်ပို့ပေးရမလဲ"

"Let's go to Junction Square"

ဟံသာဟိန်း ကားဦးကို ဦးဝိစာရလမ်းဘက်ဦးတည်လိုက်သည်။ ထိုနေ့က ဟံသာဟိန်း၏ ကားကလေးသည် နဒီ၏ စိတ်အလိုကို ဖြည့်ဆည်းပေးရင်း အတော်မောဟိုက်သွားဟန်ရှိလေသည်။ ထို့အပြင်. . .





နောက်ပိုင်းရက်များတွင်လည်း မိုင် ၅၀ ကွာဝေးသော ပဲခူး-ရန်ကုန်အဝေးပြေးလမ်းမကြီးသည် ကီလိုမီတာ ၁၀၀ နှုန်းမောင်းသော ဟံသာဟိန်း၏ ကားဘီးအောက်တွင် မြေကြောရှုံ့ခဲ့ရရှာလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၇)

ဆန့်ကျင်ဘက်တို့၏ သဘာဝကို နားလည်သော နဒီစံတစ်ယောက် ဟံသာဟိန်းအား မြတ်နိုးစရာ အရုပ်ကလေးတစ်ရုပ်အသွင် ယုယုယယကိုင်တွယ်တာ ကစားရင်းနေခဲ့သော အချိန်ကာလ အနည်းငယ်အတွင်းတွင်. . .

"ဟံသာလေး"

"မမကလဲကွာ၊ ကျွန်တော့်ကို အဲဒီလိုမခေါ်နဲ့"

"မင်းမကြိုက်ဘူးလား"





"ဟား. . မမကလဲ ဒီပုံက ကလေးလား၊ ကျွန်တော့်ကို သိုးကလေးတစ်ကောင်လိုထင်ပြီး ဟံသာလေးလို့ ခေါ်နေသလို ဖြစ်နေတာပေါ့"

"မမောင်က သိုးကလေးမဖြစ်ချင်ဘူးလား"

အရိပ်အကဲနားလည်သော နဒီစံက ချက်ချင်းပင် အခေါ်အဝေါ်ကို ပြောင်းလိုက်လေသည်။

"ဘယ်လို"

"ဘာလဲ"

"မမ ကျွန်တော့်ကို ဘယ်လိုခေါ်လိုက်တယ်"

". . . . . . . . . . ."

နဒီစံ ပြုံးလိုက်မိသည်။ ဒါမျိုးကျတော့ ဖိုးကျိုင်းတုတ် ဖြစ်နေပြီပေါ့။

"ပြောလေဗျာ"

"မမောင်လို့"

"ကောင်းတယ်ဗျာ၊ ကောင်းလိုက်တဲ့ အခေါ်လေး၊ ကျွန်တော်သဘောကျသွားပြီ. . ရဟူး"

ဟံသာဟိန်းက ကလေးအသွင် မြူးတူးလိုက်သည်။

နဒီစံ မြတ်နိုးစွာ ကြည့်ရင်း. . .

"ကြည့်. . သူ့ကိုယ်သူ ကလေးမဟုတ်ဘူးတဲ့၊ ခုတော့ ကလေးလို ထအော်နေပြန်ပြီ"

"ကျေနပ်လို့ပါဗျာ"

မတ်တတ်ရပ်နေသော ဟံသာဟိန်း၏ ကိုယ်လုံးကိုယ်ပေါက်ကို နဒီစံ အကဲခတ်လိုက်သည်။ ထွားကျိုင်းသော အရုပ်



www.burmeseclassic.com

www.burmeseclassic.com



အမောင်းဟု မဆိုသာသော်လည်း သူ့ထက် ခေါင်းတစ်လုံး ပိုမြင့်သည်။ သူ့အရပ်က ၅-ပေ ၅-လက်မကျော်ရှိ၍ မြန်မာအမျိုးသမီးထဲတွင် အတန်မြင့်သော အရပ်ဖြစ်သည်။

ဖွံ့ထားသော ရင်အုံကျယ်ကြီးနှင့် ကျစ်လျစ်သန်မာဟန်ရှိသော ကိုယ်လုံးကိုယ်ပေါက်က ဒီနေ့ခေတ်မော်ဒယ်ဘိုင်းများထက်ပို၍ ကြည့်ကောင်းနေသည်။ ဘာပဲဖြစ်ဖြစ် ရုပ်ကလည်း ခတ်ဖြောင့်ဖြောင့်ဆိုတော့ ဟံသာဟိန်း၏ ပုံသဏ္ဍာန်သည် ဣတ္ထိယများအတွက် ရင်ခုန်ချင်စရာပင်။

"ကိုင်း. . ကျေနပ်တယ်ဆိုရင်လဲပြီးရော၊ ဒါပေမယ့် မင်းဟာ ကလေးပဲဆိုတာကိုတော့ မမ အစွဲထဲက ဖျောက်ဖျက်ပစ်လို့ မရဘူး"

"လုပ်ပြန်ပြီ ဘာဖြစ်လို့လဲ"

"မင်းပဲစဉ်းစားကြည့်လေ၊ မင်းက ခုမှ တက္ကသိုလ်ကျောင်းသားပဲရှိသေးတာ၊ လောလောဆယ် မိဘအရိပ်အောက်မှာပဲ မိဘကို မှီခိုနေရတုန်း၊ ဒါဟာ ကလေးပေါ့"

"အင်း. . ထားပါတော့ ဒါဆို မမကကော"

"မမက ကျောင်းပြီးသွားပြီ၊ မပြီးခင်ကတည်းက ဆယ်တန်းအောင်ပြီး Distance ယူရင်း အပြင်စီးပွားရေးလုပ်နေလို့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်တဲ့အတွက် လူကြီးတစ်ယောက်ဖြစ်နေပြီ"

နဒီစံက တမင်ကလိလိုက်သည်။

"တော်ပါတော့ဗျာ၊ အဲဒီလို အလုပ်တစ်ဖက်လုပ်ရင်းကျောင်းတက်လို့မှမဖြစ်တာ၊ မေမေတို့က မထားဘူး"





"မမောင်ကို အလုပ်လုပ်ဖို့ပြောတာမဟုတ်ဘူး၊ မမောင်မိဘချမ်းသာမှန်း သိပါတယ်၊ ဒါပေမယ့် မမောင်အရွယ်က မိဘအရိပ်ကို လုံးလုံးမှီနေဖို့ မသင့်တော့ဘူး၊ စာသင်ရင်း ပတ်ဝန်းကျင်ကို မပြတ်လေ့လာထား ကိုယ်နဲ့ဘယ်လိုလုပ်မျိုး သင့်တော်နိုင်သလဲ၊ ဘာလုပ်ရင် အောင်မြင်နိုင်သလဲဆိုတာမျိုးတော့ ဇီလေ့လာထားဖို့ ကောင်းတယ်"

ဟံသာဟိန်းက ဘာမှပြန်မပြောတော့ဘဲ ပျော်ဝင်လုဆဲဆဲ ဖြစ်နေသော ရေခဲတုံးကလေးများကို ပိုက်တံနှင့် လှုပ်ကစားနေလိုက်သည်။ ဒီအပြုအမူကလေးကိုကပဲ ကလေးဆန်ကြောင်းပြနေသည်ဟု နဒီစံချစ်စနိုးတွေးလိုက်မိလေသည်။

"ဒါကြောင့် မမက ကျွန်တော့်ကို ပြန်မချစ်နိုင်တာပေါ့"

"မချစ်နိုင်တာမဟုတ်ဘူး၊ ချစ်ဖို့မသင့်သေးတာပါ၊ မမအရွယ်နဲ့"

"ဒီအရွယ်နဲ့ ဒီအရွယ် သွားစမ်းပါဗျာ"

"ဟုတ်တယ်လေ၊ မင်းနဲ့တို့ လေးနှစ်လောက်ကွာတယ်၊ မိန်းမက ငယ်ရင်အကြောင်းမဟုတ်ဘူး၊ ယောကျ်ားကငယ်တော့ ရှေ့လျှောက်မှာ"

နဒီစံ စကားကို ဆက်မပြောဘဲ ရပ်လိုက်သည်။ ပြီးမှ

"အင်းလေ. . ၊ ဒါတွေ မမောင် ဒီအချိန်မှာ စဉ်းစားမိဦးမှာမဟုတ်ဘူး"

"မစဉ်းစားဘူးဗျာ၊ မမလဲ မစဉ်းစားနဲ့တော့၊ လောလောဆယ် စဉ်းစားရမှာက ကျွန်တော့်ကို ပြန်ချစ်ဖို့ပဲ"

"တိုးတိုး ဘေးလူတွေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟံသာဟိန်း အသံအနည်းငယ်ကျယ်သွားသဖြင့် နဒီစံ သတိပေးလိုက်သည်။ ဘေးဘီကို အကဲခတ်ရင်း ဟံသာဟိန်းက လေသံအနည်းငယ်လျှော့ကာ. . .

"တော်ပြီဗျာ၊ မပြောတော့ဘူး"

ကလေးဆိုးကြီးလိုဖြစ်နေသော ဟံသာဟိန်းကိုကြည့်ပြီး နဒီစံပြုံးလိုက်မိသည်။

"ဟင်း. . ဟင်း. . ပြောပါ၊ အဲဒီလိုစိတ်ကောက်တာလဲ ကလေးလေးနဲ့တူတာပဲ"

ခင်မင်ရင်းနှီးမှုကြာလာသည့်အခါ ဟံသာဟိန်း သူ့အပေါ် Propose လုပ်ထားသည်။ ခင်မင်ရင်းနှီးမှုကြာလာသည်နှင့်အမျှ ဟံသာဟိန်းသည် သူ့အပေါ်တိုး၍ ပို၍ပို၍ ငြိတွယ်လာပုံရလေသည်။

သို့သော် နဒီစံအတွက်က ဟံသာဟိန်းကို သူ့ဘဝခရီးဖော်အဖြစ် မစဉ်းစားနိုင်သေး။ သို့အတွက် တစ်ရက်ထက်တစ်ရက် တိုးကာ ချည်နှောင်လာသော သံယောဇဉ်ကြိုးကို မတင်းမိစေရန်အတွက် နည်းလမ်းရှာကာ နဒီစံရှန်းထွက်ရပေတော့မည်။

"ဟုတ်တယ်လေ၊ တစ်ခါလာလဲ ငယ်သေးတယ်လေး ဘာလေး၊ ကိုယ့်ခြေထောက်ပေါ် မရပ်နိုင်သေးဘူး ဘာလေးနဲ့ ဒါပဲ မမဆင်ခြေပေးနေတယ်"

"မဟုတ်လို့လား"

"မဟုတ်ဘူး မမ၊ ကျွန်တော်တို့က အနာဂါတ်မှာ ဘဝတစ်ခုအတွက် လိုအပ်တဲ့အရည်အချင်းတွေကို စုနေတာ၊ စာ





သင်တယ်၊ အတတ်ပညာတွေကို လေ့လာနေတယ်၊ လောလောဆယ် အလုပ်မလုပ်နိုင်သေးဘူး၊ ဒါပေမယ့် လာမည့် အနာဂတ်မီးရှူးတိုင် အစဉ်တောက်ပစေဖို့လောက် စာတွေစုနေတာ၊ လောင်စာမလုံလောက်ရင် ခဏလေးနဲ့ ဟုတ်ခနဲငြိမ်း သွားမှာပဲ၊ အဲဒီလို မီးရှူးတိုင်မျိုး အဖြစ်မခံနိုင်ဘူး"

ဟံသာဟိန်း၏ တိုးတက်သော ဒဿနကို ချေပရန်အတွက် နဒီစံအချက်ရပြီး ပြန်ထောက်လိုက်သည်။

"ဒါဖြင့်လဲ လုံလောက်အောင်စုပေါ့ကွာ ဘာလို့မကို Propose လုပ်ပြီး ချစ်သူနဲ့လျှောက်လည် အချိန်ဖြုန်းရတာလဲ"

"မဟုတ်ဘူး မမ. . ချစ်သူထားတာကလဲ အဓိပ္ပာယ် [illegible]တာပဲ"

နဒီစံက စကားတတ်သော သောကြာသားလေးကို ကြည့်ကာ. . .

"ရှင်းစမ်းပါဦး"

"အဲခုလိုအချိန်မှာ ချစ်သူထားတော့ အနာဂတ်ဘဝမှာ ကိုယ့်ချစ်သူအတွက်ဆိုပြီး ပိုကြိုးစားလာမယ်၊ အသိပညာရှာမယ်၊ အတတ်ပညာပိုစုဆောင်းမယ်၊ ဒါမှ ချစ်သူနဲ့လျှောက်မယ့် အနာဂတ် ခရီးလမ်း ပိုမိုလှပနိုင်မယ်လေ၊ ဒါကြောင့် မမကို ကျွန်တော်က အနာဂတ်ခရီးအတွက် ကူညီအားဖြည့်ပေးပါလို့ တောင်းဆိုနေတာ"

ဘဝစကားဆိုသော သူ့ကို ဘဝစကားဖြင့် ချေပကာ သူ့အလိုကို ရောက်အောင်ဆွဲပြောနေသော ဟံသာဟိန်းကို နဒီစံ အဖြေပေးရမလို ဖြစ်နေသည်။ အဖြေပေး၍မဖြစ်။ ထို့ကြောင့်. . .



www.burmeseclassic.com

www.burmeseclassic.com



“ထားပါတော့လေ၊ ဒါက မင်းဘဝအတွက်ပဲလေ၊ ဒါပေမယ့်. . ”

“ဒါပေမယ့် ဘာဖြစ်လဲ မမ”

“မမောင်၊ မင်းကို မမခံစားလို့မရဘူးကွယ်”

“ဗျာ”

“. . . .”

“ဘယ်လိုမမ၊ ပြန်ပြောပါဦး”

“မင်း မကြားဘူးလား”

“ခံစားလို့ မရဘူး၊ ဟုတ်လား. . မမ၊ အဲဒီလိုများ ပြောလိုက်သလား”

“ဟုတ်တယ်”

ဟံသာဟိန်း မျက်စိမျက်နှာပျက်ကာ သက်ပြင်းရှည်ကြီး တစ်ချက်မှုတ်ထုတ်လိုက်သည်။ အတန်ကြာအောင် ငြိမ်သက်နေပြီးမှ. . .

“နားလည်ပါပြီဗျာ၊ မမမှာ ခံစားတတ်တဲ့ အသည်းနှလုံး မရှိဘူးဆိုတာ”

ကြေကြေကွဲကွဲပြောလိုက်သော ဟံသာဟိန်းကို နုဒီစံ ကြည့်လိုက်ပြီး. . .

“မမတို့နှစ်ယောက် ရာသက်ပန် မိတ်ဆွေတွေလိုပဲ ဆက်ဆံသွားကြရအောင်လေ”

“ဟင့်အင်းဗျာ. . ၊ အိမ်ထောင်ဖက် မိတ်ဆွေအဖြစ်ပဲ ဗျာ”

“သူငယ်ချင်း မိတ်ဆွေပဲ ကောင်းပါတယ်”

☺ ထောင်မြင့်စာပေ ☺



“မမနဲ့ အမြဲတွေ့နေရရင် ကျွန်တော်မချစ်မိဘဲ နေနိုင်တာမဟုတ်ဘူး”

“ဒါဆို ရံဖန်ရံခါတွေ့ပေါ့ကွာ”

“ရံဖန်ရံခါချစ်နေမိမှာပဲ၊ မမနဲ့တွေ့ရင် ချစ်စကားကလွဲပြီး ဘာမှမပြောချင်ဘူး”

ဟံသာဟိန်း ဇွတ်ခေါင်းမာနေသည်။

“အင်း. . ရောဂါကလဲ မသေးပါလား”

နုဒီစံက ညည်းတွားသလိုပြောလိုက်ပြီး ထိုင်ရာမှထလိုက်သည်။

“ဒါဆိုရင် ပြီးတာပဲ၊ နောင်မင်း မမဆီကို မလာနဲ့တော့ ...ိုင်း မမပြန်မယ်”

နုဒီစံ အုန်းတောစားသောက်ဆိုင်မှထွက်ကာ အသင့်ရပ်ထားသော သူ၏ Dream 200 ရွှေအိုရောင် ဆိုင်ကယ်လေးအား စက်နှိုးပြီး ထွက်ခွာလာခဲ့လေသည်။

ဟံသာဟိန်းထွက်လိုက်မလာ။ သူ့မှာလည်း ယောက်ျား အနေတော့ ရှိပေမည်ပေါ့ ။ ဘာပဲဖြစ်ဖြစ် နုဒီစံ မိမိထက်ငယ်ရွယ်သော ပညာရှာနေဆဲဖြစ်သော ယောကျ်ားကလေးများအား အိမ်ထောင်ဘက်အဖြစ် စိတ်ကူးမယဉ်လို။ မိမိအားကိုးနိုင်သော ...လေးစားရမည့် ယောကျ်ားမျိုးကိုသာ ရွေးချယ်လိုက်သည်။

အရေးအကြီးဆုံးက မနက်ဖြန် နယ်ဆင်းရမည်။ အခြေခိုင်သော စီးပွားရေးလုပ်ငန်းတစ်ခုကို ထူထောင်ရန် ကြိုးစားရမည်။ စိတ်ကူးယဉ် အချစ်လောကတွင် နုဒီစံသာယာနေ၍ မဖြစ်နိုင်. . .။

☺ ထောင်မြင့်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com




စိတ်ကူးယဉ်ထက် လက်တွေ့ဘဝကို နဒီစံပို၍ နှစ်သက်သည်။ သို့သော် ဟံသာဟိန်းကိုတော့ သူမမေ့နိုင်လိမ့်မည်မထင်၊ အမြဲ အမှတ်တရ ရှိနေမည်မှာ သေချာသည်။





www.burmeseclassic.com





# အခန်း(၈)

"အချစ်ဆိုတာကို ငါ ဘယ်လိုနားလည်ရမလဲ သီဟ ဘီယာခွက်လက်ကျန်လေးမော့လိုက်ရင်း ရီတီတီအမူး ကလေးနှင့် ဟံသာဟိန်း ရင်ဖွင့်နေသည်။

"ငါလဲ ဘယ်သိမလဲ၊ မင်းလိုမှ မချစ်ဖူးတာ"

"ဘာကွ၊ ရည်းစားပေါင်းသောင်းခြောက်ထောင်နဲ့ ငါ ကမျှားကွာ"

"အဲဒါ ချစ်သူတွေမှမဟုတ်တာ၊ အတွဲတွေပါကွာ"

"အတွဲတွေ ဟုတ်လား"

☺ အောင်မြင်စာပေ ☺



"ဟုတ်တယ် . . အတွဲ"

"ဆိုစမ်းပါဦးကွ မင်းဒဿနကို . . ဒီစကားမျိုးဆန်ဆန် မမဆီက ကြားဖူးသလားလို့"

ဟံသာဟိန်း သီဟကို မေးခွန်းထုတ်လိုက်သည်။

"ဟုတ်တယ်လေ၊ ကောင်မလေးတွေက တစ်ခါတစ်ရံ ငါ့ကို သဘောတွေ့တဲ့အခါတွဲတယ်၊ ကြာလာတော့ သဘော မတွေ့တော့ဘူး၊ ဒါလဲဖြစ်တတ်ပါတယ် လူတစ်ယောက်နဲ့တစ် ယောက် စရိုက်မှမတူတာ၊ တစ်ခါတစ်ရံတော့ ကတောက်ကဆ ဖြစ်မှာပဲ၊ ဒီလိုသဘောမတွေ့တဲ့အခါ အတွဲကို ဖြုတ်လိုက်တယ်၊ အဲဒါအတွဲပဲပေါ့"

"သမီးရည်းစား မဟုတ်ဘူးလား"

"အဲဒီလို နာမည်ပြောင်းတတ်ချင်ရင်လဲ တတ်ပေါ့ကွာ"

"ချစ်သူလို့ ပြောရင်ကော"

"မရဘူးမောင်"

"ဘာဖြစ်လို့လဲ"

"ချစ်သူဆိုတာ ကိုယ်က ချစ်ရတဲ့သူ ဘာပဲဖြစ်ဖြစ်၊ သူက လဲ ကိုယ့်ကိုချစ်မှာပဲ၊ ဒီတော့ တော်ရုံတန်ရုံပြဿနာနဲ့ အတွဲ မဖြုတ်ဘူး၊ ဖြုတ်စရာလဲ ရမယ်မရှာဘူး၊ နောက်ဆုံးတော့ အခက်အခဲတွေ လက်တွဲပြီး ဘဝတစ်ခုကို ထူထောင်သွားကြမှာ ဒါပေမယ့် တချို့တလေတော့လဲ ညှိနှိုင်းလို့မရကြတဲ့ ပြဿနာ ချိုးရှိလာတဲ့အခါတော့လဲ လက်တွဲဖြုတ်ကြတယ်၊ ဒါ ရှားပါတယ်၊ အိမ်ထောင်သည်တွေတောင် . . ."

"ဟိုး . . တော်ပြီ၊ ငါသဘောပေါက်ပြီ၊ မမက ငါ့ရဲ့ချစ်

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



သူပဲ၊ မမရဲ့ချစ်သူက ငါမဟုတ်ဘူး၊ ဒါကြောင့် မမငါ့ကို ဆက် မတွဲနိုင်တော့ဘူး ဒီလိုမဟုတ်လား"

"မင်းယူဆချက် မှန်တယ်လို့ မင်းဆုံးဖြတ်ရင် ဒီအတိုင်း ပေါ့"

သေရည်နည်းနည်းဝင်လာသဖြင့် သီဟဒဿနတွေ ဝါကျဖွဲ့ရင်း ရှင်းပြနေသည်။ သီဟအကျင့်က ဒီအတိုင်းပင်၊ မကြာမီ ပေရှည်တော့မည်။ ရှည်မည့်ပေကို ထိန်းသိမ်းဖြတ် တောက်ရန် နည်းလမ်းတော့ ရှိသည်။

"လာကွာ သီဟ၊ ရင်ထဲက ခံစားချက်ကလေးတွေ သက် သာအောင် အသံလုံခန်းဝင်ပြီး ကာရာအိုကေ ဟဲရအောင်"

"ကောင်းသားပဲ ပိုသက်သာချင်ရင် ပိုအော်ကွာ"

"ဘာလဲ တွံတေးသိန်းတန်သီချင်းလား"

"မလုပ်ပါနဲ့ကွာ၊ ဆိုကြမယ် ပျော်ကြမယ်နဲ့ မှားနေပ ဦးမယ်"

"ဒါဖြင့်ရင် ဘာဆိုမလဲ"

"လာကွာ၊ အခန်းထဲကျမှ ခေါင်းစဉ်ကြည့်ပြီး မရတာ လေးတွေ ဆိုတာပေါ့ကွာ"

သူတို့နှစ်ဦးစားပွဲမှထကာ ကာရာအိုကေအခန်းဘက် လျှောက်လာခဲ့သည်။ အခန်းထဲတွင် (၇)ရက်သားသမီးများ သူ တော်ကောင်းတရားပွားများပြီး မေတ္တာပို့သစေရန် တွန်းအားပေး သူတစ်ဦး အားရပါးရ သီဆိုနေသည်။ သူ့အသံကိုကြားလျှင် ရင်းအဆိုရှင်သည် သေရွာမှ သံဝေဂရနေလောက်ပြီဟု ဟံသာ ဟိန်း ထင်လိုက်မိသည်။





"ဒီပုဂ္ဂိုလ်က ဘယ်လောက်ဟစ်ဖို့ ကျန်သေးသလဲ"

သီဟက ဆိုင်ရှင်ကို မေးလိုက်သည်။

"ခင်ဗျားတို့ ကံကောင်းပါတယ်၊ ငါးမိနစ်ပဲ ကျန်တော့ တယ်"

"ဒါဆိုရင် သူပြီးရင် ကျွန်တော်တို့နှစ်ယောက် ဝင်မယ်"

စာအုပ်လှန်ကာ ဆိုလွယ်တေးကလေးများကို ရှာဖွေ လိုက်သည်။ ထိုလုပ်ငန်းအတွက် ကျွမ်းကျင်သော သီဟက သီချင်းအယ်လ်ဘမ်ဖွင့်၍ ရှာပေးနေသည်။

"ဒီသီချင်း ဆိုမလားကွ၊ မင်းရမှာပါ"

"ဘာလဲကွ"

"ခင်မောင်တိုး ဥပေက္ခာခြေရာ"

"ကောင်းသားပဲ ဆိုကြည့်ရအောင်"

ထိုစဉ် အထဲမှ ပုဂ္ဂိုလ်ထွက်လာသည်။ အာအတော် ခြာက်သွားပုံရသည်။ ဘီယာနှစ်လုံးနှင့် ဝက်အူချောင်းတစ်ပွဲ ကာ စားပွဲလွတ်တစ်ခုတွင်ထိုင်ရင်း နောက်တစ်ကြိမ်အာ ချောင်းပြေလျှင် ထပ်ဆိုရန်အတွက် သီချင်းအယ်လ်ဘမ် စ်ခု တောင်းကြည့်နေသည်ကို တွေ့ရသည်။

သူနှင့်သီဟ ကာရာအိုကေ အခန်းထဲဝင်ခဲ့သည်။ ငြိမ့် ငြောင်းသော တီးလုံးနှင့်လိုက်ဖက်ညီညာစွာ ဟံသာဟိန်း ဥပေ ္ခာခြေရာသီချင်းကို ဖီးလ်အပြည့်နှင့် စျာန်ဝင်စားရင်း ဆိုလိုက် သည်။ ထိုအပုဒ်ကိုပင် နှစ်ခေါက်ဆိုပြီး အခန်းထဲမှ ထွက်လိုက် သည်။ ကျွန်ဆိုမယ့်လူမရှိ၊ စောစောကထွက်လာသော ပုဂ္ဂိုလ် င် ပြန်ဝင်သွားသည်။ တော်တော်အာကောင်းသည့်လူ။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲကရှိတာတွေ ဟစ်အော်မောင်းထုတ်လိုက်ရ
ဖြင့် ဟံသာဟိန်းရင်ထဲမှာ နည်းနည်းပေါ့သွားသည်။

"ဘယ်လိုလဲကွ၊ နည်းနည်းပေါ့သွားပြီလား"

"အေး ကောင်းသားပဲ၊ ရင်ထဲရှိတာတွေ သီချင်းလုပ်ပြီ
ဖွင့်ချလိုက်တော့ နည်းနည်းလန်းသွားတယ်"

"သီဟ မင်းကော မဆိုဘူးလား"

"မဆိုသေးဘူးကွာ၊ ဘီယာနည်းနည်းထပ်သောက်ဦး
မယ်"

သွားပါပြီ။ သီဟဒဿနတွေ နားငြီးမည်ဆို၍ ကား
အိုကေဝင်ဟစ်ကာမှ သူကမဆိုဘဲ ဘီယာထပ်သောက်ဖို့ လု
နေသည်။ ဘီယာနှစ်လုံးမှာကာ ထပ်သောက်ကြရင်း. . .

"လူဆိုတာ အရူးတွေကွ၊ ပုထုဇနိကောဥမ္မောတကေ
တဲ့ကွ၊ လူတွေစိတ်ထဲမှာ စိတ်ညစ်စရာတွေးမိရင် ထအော်ချ
တယ်၊ ခုန်ပေါက်ချင်တယ်၊ ဒါပေမယ့် မလုပ်ကောင်းလို့ မလု
ကြဘူး၊ ခုလိုကာရာအိုကေတွေ ပေါ်လာတဲ့အခါကျတော့ လွ
လွတ်လပ်လပ် စိတ်လွတ်ကိုယ်လွတ် အော်ချင်ရာအော်ချင
အာသီသလေးတွေ ပြေလည်သွားကြရော၊ မကောင်းဘူးလာ
ဟံကြီး"

"ကောင်းတယ်. . ကောင်းတယ်"

သီဟ၏ ဒဿနကို နားထောင်ရင်း ခင်မောင်တိုး
ဥပေက္ခာခြေရာကို စိတ်လွတ်ကိုယ်လွတ် အော်ဟစ်သီဆိုခဲ့သ
သူ့အဖြစ်ကို ပြန်တွေးမိပြီး နှုတ်မှလည်း တိုးတိုးပြန်သီဆိုနေ
လေသည်။





*ပန်းခင်းလေးတွေ အိပ်နေကြ ငါတို့ရဲ့ အသံတိုးတိုးက
လေးဖြတ်သန်းဝင်ကာ ✗✗✗ ပန်းခင်းလေးတွေ နှင်းခြေမှ ✗✗✗
ကြမ္မာဆိုး ✗✗✗ ဒီဇာတ်လမ်းကလေး ရေးမပြတော့ဘူး ✗✗✗*

ပြောင်မြောက်သော စာသားကလေးများ၏ အောက်
တွင် သူ့ဘဝကို ထင်ဟပ်ကာ ခံစားမိသည်။ ဟုတ်ပါသည်။ မမ
နှင့် ခဏတွေ့ခဲ့သော ဇာတ်လမ်းကလေး ရေးမပြချင်တော့ပါ။

"ဒီတော့ ဟံကြီးရေ၊ လူတွေရဲ့ချဉ်ခြင်း အာသီသတွေ
ကို တစ်ခုပြီးတစ်ခုလိုက်ဖြည့်ဆည်းဖို့ အကောင်းမြင်ဝါဒသမား
တွေက ကြံစည်တွေးတောကြတယ်ကွ"

"အဲဒီထဲမှာ နားပိတ်ကိရိယာရော မပါဘူးလား"

"ဟာကွာ မင်းကလဲ"

နားငြီးလာသဖြင့် ဟံသာဟိန်းငေါ့လိုက်သည်။

"မမက ငါ့ကိုငြင်းလိုက်လို့ ရင်ဖွင့်မလို့ မင်းကိုခေါ်ပြီး
ဘီယာတိုက်တာငါပါကွ၊ အဲဒီတော့ မင်းနားထောင်ချင်ချင် နား
မထောင်ချင်ချင် ငါ့ရဲ့ ရင်ဖွင့်သံကိုပဲ နားထောင်ရမယ်၊ ဒီတော့
ငါဥပေက္ခာခြေရာနဲ့ပဲ မင်းကို နှိပ်စက်မယ်၊ မမက ငါ့ကိုဥပေက္ခာ
ပြုလိုက်ပြီကွ"

ထိုနေ့က ဟံသာဟိန်းတိုက်သော ဘီယာ(၆)လုံးကို နှစ်
ယောက်သား အဝအပြဲသောက်၍ ဥပေက္ခာခြေရာသီချင်းအား
(၆)ခေါက်တိတိဆိုကာ ကားမမောင်းနိုင်သဖြင့် ကားကို ဆိုင်၌
အပ်ပြီး တက္ကစီနှင့် နှစ်ယောက်သား အိမ်ပြန်ယွန်းရလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၉)

ထိုစဥ်က မမကို ဖွတ်အတင်းမေ့ကာ မိမိ၏ ပစ္စုပ္ပန်ဘဝတည့်တည့်ကိုကြည့်ရင်း ပညာရေးတွင် ဖွတ်နှစ်ကာ နိုင်ငံတော်မှပေးသည့် ဘွဲ့တစ်လုံးကိုယူ၍ ပညာတတ်ဘဝ ခံယူခဲ့သည်။

သို့ရာတွင် သူရထားသော B.A (Eco)ဘွဲ့နှင့် ဝါသနာက တခြားစီဖြစ်နေသည်။ သူငယ်ချင်းများနှင့်စုကာ ကားပွဲစားယောင်ယောင် ကားဝယ်ရောင်းယောင်ယောင်နှင့် ဟိုစပ်စပ်ဒီစပ်စပ် လိုက်လုပ်သည်။ ကံမလိုက်သဖြင့် အရင်းပြုတ်လုဖြစ်ခဲ့





ရသည်။

နောက်ဆုံးတော့ ထိုင်ဝမ်ပြန်သူငယ်ချင်းတစ်ဦးကောင်းမှုဖြင့် "ဝါးပါကေးလုပ်ငန်း"ကို အစုအစပ် ဝင်ရောက်လုပ်ကိုင်မိသည်။ တီထွင်ဆန်းသစ်လိုသော သူ့ဝါသနာအတွက် အကောင်အထည် ဖော်နိုင်ခွင့်ရသွားသည်။

နယ်ဆင်းရမည်ဖြစ်၍ လိုအပ်သော ပစ္စည်းများကိုဗလာဇာအတွင်း လိုက်လံဝယ်ယူရင်းက ရှန်းလွဲဟူသော မိန်းမချောကလေး အပါအဝင် မချောတစ်သိုက်နှင့် အမှတ်တမဲ့ ဆုံတွေ့ပြီးနောက် နှလုံးသား၌ မှတ်မှတ်ထင်ထင်ရှိနေသော မမနှဒီစံကို သတိပြန်ရနေမိသည်။

ဟံသာဟိန်းကားကို လှည်းတန်းဘက် ပတ်မောင်းလိုက်ရင်း သီဟာကိုဝင်တွေ့ရန် စိတ်ကူးလိုက်သည်။ ထင်သည့်အတိုင်းပင် သူတို့အိမ်အဝင်လမ်းထောင့် လက်ဖက်ရည်ဆိုင်တွင်ထိုင်ရင်း လေဖောင်ဖွဲ့နေသည့် သီဟာကို လှမ်းတွေ့လိုက်သဖြင့် ကားကို ဆိုင်ရှေ့တွင် ထိုးရပ်လိုက်သည်။

သူ့ကိုမြင်တော့ ထုံးစံအတိုင်း လှမ်းကလိသည်။

"ဟော့ကောင် ဥသျှ၊ ပွဲခူး၊ ဟံသာဝတီ ငါ ဒီမှာဟေ့"

"လုပ်ပြီ"

"ထိုင်ကွာ၊ မတွေ့ရတာ နာရီအတော်ကြာညောင်းသွားပြီ"

"မင်းကတော့ လုပ်မယ်၊ ခုနှစ်ဆယ့်နှစ်နာရီတျကျဆိုစမ်းပါ"

လွန်ခဲ့သော သုံးရက်က အလုပ်ကိစ္စဇ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦး (၃၆)လမ်းရှိ ကုမ္ပဏီရုံးခန်းတွင် ဆုံဖြစ်ကြသေးသည်၊ နယ်ဆင်းရမည့်အလုပ်မို့ သီဟ အကြောက်အကန် ငြင်းသဖြင့် ဟဲသာဟိန်း မနည်းစည်းရုံးရသည်။

"ဘယ်လိုလဲ လိုက်ဖို့အတည်ပြုပြီးပြီလား"

"ဆိုပါတော့ကွာ၊ ဖခမည်းတော်ကလဲ ငါ့ကို လပ်ယား လပ်ယားငနဲဆိုပြီး မျက်စိစပါးမွေး အတော်စူးနေပုံရတယ်၊ ဝမ်းမြောက်ဝမ်းသာခွင့်ပြုပြီး သူ့အိုစာမင်းစာထဲက မြန်မာငွေသိန်းတစ်ရာကို မောင်ရင်တို့ ကုမ္ပဏီမှာ ကိုယ့်အတွက် ရှယ်ယာဝင်ခိုင်းလိုက်တယ်၊ ရှုံးတော့မရှုံးပါဘူးနော်"

"ကောင်းတာပေါ့၊ မင်းရှယ်ယာကို စာရင်းသွင်းလက်ခံပြီးတာနဲ့၊ ဒေဝါလီခံလိုက်မယ်"

"ဟာ မလုပ်လိုက်ပါနဲ့ အာစရိရယ်၊ ကိုယ့်မွေးသဖခင် ကျေးဇူးရှင်ရဲ့ အိုစာမင်းစာလေးမို့ပါ"

"ဟားဟားဟား. . မင်းကလဲကွာ စီးပွားရေးလုပ်တာ သတ္တိမကြောင်ရဘူးကွ၊ ခုဆိုရင် ဟိုကောင်ကြီး အဆက်အသွယ်နဲ့ မကြာခင်မှာ China က စက်အသစ်တွေ ရောက်တော့မယ် ရောက်ရင် Base ယူပြီး ထုတ်ရုံပဲ ဈေးကွက်ကလဲ တရုတ်၊ ကိုရီးယားအကုန်ရှိတယ်၊ Quality ကောင်းရင် ကောင်းသလို ခေါက်ချိုးမြတ်မယ့် ကိစ္စပါကွာ၊ သွေးမကြောင်စမ်းပါနဲ့"

"စက်ရုံက ဘယ်မှာတည်မလဲ"

"လှိုင်သာယာ စက်မှုဇုန်မှာပဲပေါ့၊ မြေနေရာရထားပြီးပြီကွ"

"ငါ့ကို အဲဒီမှာထားရင်လဲ ရသားနဲ့ကွာ၊ ငါက နယ်ဆင်းချင်ဘူး"

"သိပ်မဝေးပါဘူးကွာ"

"ဘယ်အထိလဲ"

"ကမ္ဘာ့အမြင့်ဘက်"

". . . . . . . ."

သီဟက မကျေမနပ် ဖရုသဝါစာပြောလိုက်သည်။

"ဟားဟား. . ဒီမှာသီဟတို့ လူငယ်တွေ ကမ္ဘာနဲ့ ရင်ပေါင်တန်းဖို့လိုလာပြီကွာ၊ မင်းရန်ကုန်မြို့ ကျဉ်းကျဉ်းလေးမှာ ငုတ်တုတ်ထိုင်ပြီး လေဖောမနေနဲ့၊ နယ်ဆင်းမယ် လုပ်ငန်းခွင်တွေ လေ့လာမယ်၊ တို့နိုင်ငံရဲ့ Power Resource သယံဇာတ အရင်းအမြစ်တွေ၊ လုပ်အားတွေကို တိုင်းပြည်အကျိုးအတွက် ဘယ်လို အသုံးချရမယ်ဆိုတာ အမြဲစဉ်းစားပြီး တက်တက်ကြွကြွနေစမ်းပါကွာ"

"မင်းက ပထဝီသမားကိုး"

"ပထဝီဝင်ပါကွာ၊ အဲဒါနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ တစ်နေ့တစ်နေ့ မြေကြီးကြည့်ပြီး စိတ်ကူးနဲ့ ကမ္ဘာပတ်နေတဲ့ကောင်၊ မင်းတို့စိတ်ကူးထဲမှာ ကမ္ဘာကို မျဉ်းတံတွေနဲ့ စိတ်လိုစိပ်ခြမ်းလိုခြမ်း၊ တံတားတွေ ဆောက်လိုဆောက်၊ လမ်းတွေဖောက်လိုဖောက်၊ မြေအောက်လမ်း၊ ရေအောက်လမ်းတွေနဲ့ တဖြည်းဖြည်း ကမ္ဘာကကျဉ်းလာပြီ"

"ကောင်းတာပေါ့"

"မကောင်းဘူးမောင် "

"ဘာဖြစ်လို့"







www.burmeseclassic.com

www.burmeseclassic.com



"ကမ္ဘာကြီးကျဉ်းလာတော့. . ရည်းစားဟောင်းတွေနဲ့ ခဏခဏပြန်တွေ့လို့ မျက်နှာပူနေရမယ်"

"အေး. . ဒါတော့ ဘယ်သူမပြု ဘူးအပြစ်ကိုး"

ဒီတစ်ခါတော့ ဖရုဿဝါစာကို သူသုံးလိုက်သည်။

"ဟားဟားဟား. . ထားပါတော့ကွာ၊ ငါနယ်ဆင်းဖို့ စိတ်ဝင်စားပါတယ်၊ ဘယ်တော့ချီတက်မလဲ မင်းနဲ့ငါပဲလား"

"ဟုတ်တယ် မင်းနဲ့ငါပဲသွားမယ်၊ အသင့်ပြင်ထား. . မနက်ဖြန်သွားမယ်"

"ဘယ်နေရာဆိုတာ ငါ့ကိုမပြောရသေးဘူးလား. . .၊ ဖခမည်းတော်ကို သံတော်ဦးတင်ရဦးမယ်လေကွာ"

"ဪ. . ဟုတ်သားပဲ၊ မေ့လို့ကွာ. . ဆောရီး၊ ခရီးက စစ်တောင်းမြစ်အရှေ့ဘက်ကမ်းကို. . နေရာကတော့ ကွမ်းဆိပ်ရွာအထိပဲ"







# အခန်း(၁၀)

ကွမ်းဆိပ်ရွာ။

စစ်တောင်းမြစ်ကမ်းနဖူးတွင် တည်ထားသော ရွာကြီး တစ်ရွာဖြစ်သည်။ လူနေများပြီး စည်ကားလှသည်။ အနောက် ဘက်ကမ်းတွင် သူရဲသူမိန်ရွာကြီး ရှိသည်။ လှေဦးက ကမ်းနား ကို ထိုးဆိုက်လိုက်သည်။

ခရီးသည်များတန်းစီကာ အဆောတလျှင် ဆင်းသွားကြ သည်။ ရွာခံမဟုတ်သဖြင့် ဟံသာဟိန်းတို့နှစ်ဦးနောက်မှ အေး အေးဆေးဆေး ဆင်းကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကမ်းနားအလုပ်သမားအချို့ကို မေးပြီး ဝါးကုန်ကြမ်းထုတ်လုပ်သည့် လီမိတက်အခြေချရာနေရာကို မေးမြန်းရင်းလျှောက်လာခဲ့သည်။

"ခု သွားမယ့်နေရာက"

"ဝါးတွေကို တောထဲကခုတ်ပြီး ထုတ်တဲ့လုပ်ငန်းလုပ်တဲ့ နေရာကို သွားမှာလေ"

"တောထဲအထိလား"

"မင်းကလဲ တုံးပါ့"

"ဘာတုံးတာလဲ"

"တုံးတာပေါ့။ လုပ်ငန်းတစ်ခုကို ကွပ်ကဲတဲ့နေရာဟာ အမီကကျတဲ့နေရာမှာရှိတယ်၊ ဒါကြောင့် ရွာထဲမှာပဲ ရှိတာပေါ့"

"ဒါဆို မင်းပဲ ဝါးထုတ်တဲ့နေရာဆို"

"ဒါကတော့ ယေဘုယျ ဒီလိုပဲပြောတာပေါ့"

"ဟုတ်ကဲ့ ခင်ဗျား၊ ကျွန်တော်တုံးပါတယ်၊ တုံးတာမှ တဝမ်းပူနဲ့ မဟုတ်ပါဘူး၊ ငှနဲ့ငှန်းတာပါ ခင်ဗျား"

"အေး. . သိရင်ပြီးတာပဲ စွတ်အော်မနေနဲ့ ရွာသားတွေ မင်းကို အရူးထင်နေဦးမယ်"

၁၅-မိနစ်ခန့်လျှောက်ပြီးနောက် ရွာကအစွန်ကမ်းပါးစောင်းကွက်လပ် ချောင်းနံဘေးတွင် ဆောက်ထားသော ခြံဝင်းကျယ်ကျယ်နှင့် ခြေတံရှည်အိမ်ကြီးတစ်လုံးဆီသို့ ရောက်လာခဲ့သည်။

ခြံဝင်းနှင့် ချောင်းကမ်းပါးတစ်လျှောက်တွင် ဝါးများတစ်ပုံစီ စနစ်တကျသေသပ်စွာ ပုံထားသည်ကို တွေ့ရသည်။ ဝါးပုံ





ညှိဝင်းကိုက ၃-ဧကခန့် ကျယ်ဝန်းမည်ဖြစ်သည်။

"ဒီနေရာကို သဘောကျတယ်ကွ"

"ဘာသဘောကျတာလဲ"

"သြော်. . တောထဲက ဝါးကိုခုတ်ပြီးတော့ အစိမ်းရောင်ပျောက်မီ ပေါင်းတင်ပြီး အချိုရည်စုပ်ထုတ်ရမယ်မဟုတ်လား"

"ဟုတ်တယ်လေ"

"ဒီတော့ ဒီနေရာကနေ တောင်ပေါ်မှာ တို့လိုချင်တဲ့ ကြသောင်းဝါးရှိတဲ့နေရာနဲ့ဆို ၅ မိုင် ၁၀ မိုင်လောက်ပဲ အနည်းငဲ့ဝေးမယ်"

"ဒီတော့"

"ဒီတော့ နေ့ချင်းရောက်နိုင်တာပေါ့"

"ဘာနဲ့သယ်မလဲ"

"ဘာနဲ့သယ်သယ် ရောက်တယ်၊ လောလောဆယ်တော့ ဒီဒေသကလူတွေ လှည်းနဲ့ပဲသယ်ကြတယ်၊ မိုးတွင်းဆိုရင်တော့ ဒီမြင်နေရတဲ့ သံပြာချောင်းကနေတစ်ဆင့် သယ်ကြတယ်လေ"

"ဝါးဖောင်ဖွဲ့ပြီး သယ်ကြတယ်ထင်တယ်"

"အေး. . ဟုတ်တယ်၊ ငါလဲ ကုန်ကြမ်းဒေသရဲ့ အချက်အလက်တွေအားလုံး စုဆောင်းပြီးရင် တို့ကုမ္ပဏီရဲ့ Member Meeting မှာတင်ပြရမယ်၊ လမ်းပန်းဆက်သွယ်မှုအခြေအနေ၊ ကုန်ကျစရိတ် အသက်သာဆုံးကတော့ ဒီနေရာပဲ၊ ဒေသခံရွာသားတွေပြောတာအရတော့ ဒီနေရာမှာ ကြသောင်းဝါးတွေ လိုသလောက်ရမယ်လို့ သတင်းရထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာသည်အထိ ခြံဝတွင်ရပ်ပြီး လုပ်ငန်းအခြေ အနေ ပြောဆိုနေကြသော သူတို့မျက်နှာစိမ်းနှစ်ဦးအား ခြံဝင်း ထဲမှ အသက်ကြီးကြီး အဒေါ်ကြီးတစ်ဦးထွက်လာပြီး စပ်စုလိုက် သည်။

"မောင်တို့က ဘာကိစ္စများရှိကြသလဲကွယ့်"

"ဩော်. . ဒီလိုပါအန်တီ၊ ကျွန်တော်တို့နှစ်ယောက် စကားကောင်းနေတာနဲ့ အသံမပြုလိုက်မိဘူး"

"ဟုတ်ကဲ့"

သီဟက ဟုတ်ကဲ့တစ်လုံးနှင့် သံယောင်လိုက်ကာ ပြုံး နေသည်။

"ကျွန်တော်တို့ Best of Bamboo Products Company ကပါ။ အဲဒါ ဒီမှာရှိနေတဲ့ မဒေမဝါးထုတ်လုပ်ရေး လီ တက်က အမှုဆောင် ဦးဝဏ္ဏနဲ့ တွေ့ချင်လို့ပါ"

ဟံသာဟိန်းက ပြေပြေလည်လည် ရှင်းပြလိုက်သဖြင့် အဒေါ်ကြီး ဘဝင်ကျသွားပုံရသည်။

"ဩော်. . အေးအေး မောင်ဝဏ္ဏမှာထားတယ်ကွယ့် သူ့မိတ်ဆွေတွေ ရောက်လာမယ်ဆိုလား၊ ခု သူမရှိဘူး ဟိုဘက် ကမ်းသွားတယ်"

"ဗျာ ဟိုဘက်ကမ်းဆိုတာ"

"သူ့ရဲ့သူ့မိန်းရွာကို သွားတာပါ။ မကြာပါဘူး ခုပဲ ရောက် လာလိမ့်မယ်၊ မောင်တို့အိမ်ပေါ်တက်ရင်း စောင့်ကြပါကွယ်"

"ရပါတယ်အန်တီ၊ ရုံးခန်းထဲမှာပဲ ထိုင်စောင့်နေပါ့မယ်"

သီဟက အောက်ထပ်ဆိုင်းဘုတ်အောက်ရှိ အခန်း





ငြင်း ရုံးခန်းရှိမည်အထင်နှင့် ပြောလိုက်သည်။

"ရုံးခန်းကတော့ သီးခြားမရှိပါဘူး၊ အဒေါ်တို့အိမ်ကိုပဲ အဖြစ်အသုံးပြုထားတယ်၊ လုပ်စရာရှိတဲ့ကိစ္စ အိမ်မှာပဲ ထိုင် ပ်ကြတာပဲပေါ့"

"ဩော်. . ဟုတ်ကဲ့"

သဘောပေါက်သွားဟန်ဖြင့် သူတို့ စောဒကမတက် ဘဲ အိမ်ပေါ်သို့ လိုက်တက်သွားကြသည်။

"မောင်ဝဏ္ဏက အဒေါ့်တူဝမ်းကွဲတော်တယ်၊ သူ့ အဖေ အဒေါ်ငယ်ငယ်ကတည်းက ပဲခူးမှာတက်ပြီး စီးပွားသွား တာ ပဲခူးသူနဲ့ပဲ အိမ်ထောင်ကျပြီး ရွာဘက်ပြန်မလှည့်ကြ ဘူး"

အဒေါ်ကြီးက အမျိုးစပ်ပြရင်း အိမ်ပေါ်သို့ ဦးဆောင် သွားသည်။ အိမ်မကြီးနှင့်ကပ်လျက် ဘေးလှေကားအတိုင်း တက်သွားရသည်။ အိမ်ပေါ်သို့ရောက်တော့ အတန်အသင့် ယ်ဝန်းသော ဧည့်ခန်းတစ်ခုတွင် ရေးဆန်းသော ပရိဘောဂ ခင်းကျင်းထားသည်။ စာအုပ်စင်နှင့်တင်ထားသော စီစီရီရီ အုပ်များ၊ ၄၁-လက်မတီဗွီတစ်လုံး၊ ဗီစီဒီအောက်စက်နှင့် ာင်းဘောက်များ တွဲထားသောကြောင့် ခေတ်မီအိမ်တစ်လုံး ဖြစ် မှတ်ချက်ချလိုက်မိသည်။

ခရီးဆောင်သားရေအိတ်ကို ဆက်တီကုလားထိုင်ဘေး အသာချထားပြီး အိမ်ကို အကဲခတ်လိုက်သည်။

"ပစ္စည်းတွေချထားကွယ့်၊ အဒေါ်အအေးသွားဖျော်ဦး မယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ အဒေါ်၊ ကျွန်တော်တို့ ကမ်းနားဘက် လမ်းလျှောက်ပြီး ထမင်းသွားစားလိုက်ဦးမယ်"

ဗိုက်ဆာနေသော သီဟ ထမင်းဆာကြောင်း စကားဦးသန်းလိုက်သည်။ ဟုတ်ပေသား။ အချိန်က ၁၂-နာရီကော် ကျော်နေပြီ။ သီဟပြောမှ သူဗိုက်ထဲမှ ပိုးမျိုးရှစ်ဆယ်က ထကြွ သောင်းကျန်းလာသည်။

"ဟော. . ထမင်းမစားကြရသေးဘူးလား၊ ကမ်းနားသွား ဝယ်မစားနဲ့ အိမ်မှာပဲစားကြ၊ အဒေါ်တို့တောမှာ စည့်သည်က် ထမင်းဝယ်မစားခိုင်းပါဘူးကွယ်"

"အားနာစရာကြီး အဒေါ်ရယ်. . နေပါစေ"

"အားမနာနဲ့ အထူးအထွေချက်ရတာမဟုတ်ဘူး၊ ဝ ခုတ်သားတွေလာရင် ကျွေးဖို့ ပိုပိုလိုလိုအမြဲချက်ထားတာ၊ ဒီနေ့ မနက် တစ်ယောက်မှမလာသေးဘူး၊ ဒီနေ့ညနေမှစားမယ့် သူ မရှိရင် နောက်ဖေးအိမ်က မသန်းတင်တို့အိမ်က ဝက်စာကျွေးဖို့ ပေးပစ်ရတာ"

"အွန်း"

သီဟ အန္တိုက်ထိသွားသည်။ အနည်းငယ်ဝသော သူ Nick name (အမည်ပြောင်)မှာ သီဝက်ဖြစ်သည်။ အဒေါ်ကြီးက ရိုးသားပွင့်လင်းစွာပြောပြီး အိမ်နောက်ဖေးဝင်သွားသည်။

"ဟားဟား. . ကောင်းတယ်ထိပြီ မဟုတ်လား ဝက်ကြီး ကျတဲ့ကောင်"

"အေးကွာ ဒီတစ်ချီ ခံလိုက်ရတယ်"

"အဒေါ်ကြီးက မင်းပုံကြည့်ပြီး ဝက်ကျွေးဖို့ သတိရသွား





ဘာ ထင်တယ်"

သီဟက ဘာမှပြန်မပြောတော့ဘဲ ကုလားထိုင်ပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ဟံသာဟိန်းကတော့ မထိုင် ဘဲ ဆက်တီစားပွဲအောက်ဆင့်တွင် တင်ထားသော အယ်လ်ဘမ် များကို ဖွင့်ကြည့်နေမိသည်။

အတန်ကြာလှန်လှောကြည့်နေရင်းက အောက်ဒိုးရိုက် ထားသော ကျိုက်ထီးရိုးဘုရားနောက်ခံ Group photo ပုံတစ်ပုံ ကို စိတ်ဝင်စားသွားသည်။

ကိုဝဏ္ဏစံဘေးမှ အဒေါ်ကြီးတစ်ဦးက ယခုအိမ်ရှင်အ ဒေါ်ကြီးနှင့်တူသည်။ နောက်ဘေးမှတစ်ဦးက အမျိုးသမီးပုံ။

ဟံသာဟိန်း ရင်တွေလှုပ်ခတ်လာပြီး စူးစူးစိုက်စိုက် ကြည့်မိလေသည်။

"ဟော့. . သီဟ"

"ဟုတ်ပါတယ်၊ ဦးဟံသာဟိန်း အဲဒီထဲက ပုံက နဒီစံ ဆိုတဲ့ မမပုံပါပဲ"

အသံနှင့်အတူ အခန်းထဲမှထွက်လာသော မမကို ဟံ သာဟိန်းမှင်တက်စွာကြည့်မိရင်း အံ့အားသင့်သွားသည်။

"မမ"

မမက သူ့အနီးသို့ လျှောက်လာရင်း. . .

"အံ့ဩနေလား"

"မထင်ခဲ့ပဲ မမရယ်"

"မမကတော့ ကြိုသိနေတယ်လေ၊ မောင်လေးဆီက ကုန်ကနေ ဘီဘီကုမ္ပဏီက အမှုဆောင် ဦးဟံသာဟိန်း ဝါ



www.burmeseclassic.com

www.burmeseclassic.com



ပါကေးထုတ်ဖို့ ဒီဒေသကုန်ကြမ်း အခြေအနေကို ကွင်းဆင်းကြည့်မယ်ဆိုကတည်းက မမောင်မှန်း မမသိသွားတာ"

"နာမည်တူလို့ မထင်ဘူးလား"

"မထင်ဘူး၊ နာမည်က ရှားပေမယ့် တူနိုင်ပါတယ် ဒါပေမယ့် မမောင်လို့ အလိုလိုသိလာတဲ့ မမရဲ့ မသိစိတ်ကို မမက ပိုယုံတယ်"

"ဆဌမအာရုံလား မမ"

သီဟက ဝင်ပြောလိုက်သည်။ ထိုအခါမှ မမက သီဟကို သတိပြုမိသွားပြီ။

"သီဟလဲပါတာကိုး၊ မမချက်ချင်း မနှုတ်ဆက်တာ ခွင့်လွှတ်ပါနော်"

"ကျွန်တော် သဘောပေါက်ပြီးသားပါ"

စပ်ဖြီးဖြီးလုပ်နေသော သီဟကို ဟံသာဟိန်းက မျက်နှာအမူအယာနှင့် တားမြစ်လိုက်သည်။

"ဦးဟံသာဟိန်းနှင့် တစ်ဦးဆိုတော့ သီဟမှန်း မမ မသိလိုက်ဘူး၊ ဒီနေ့လာမယ်ဆိုတာတော့ သိတယ်၊ ဘယ်အချိန်မှန်းမသိလို့ မမတို့ လေဆိပ်ကို လာမကြိုနိုင်တာ ခွင့်လွှတ်ပါ"

"ဒီ မဒမဝါး ထုတ်လုပ်ရေးက မမရဲ့"

"ဟုတ်တယ်၊ မမဦးဆောင်ပြီး ထူထောင်ထားတဲ့ လီမိတက်ပါပဲ၊ အရင်းအနှီးနည်းပါတယ်၊ မင်းတို့ ကုမ္ပဏီနဲ့စာရင်ဆင်နဲ့ဆိတ်ပါပဲလို့ နှိုင်းရင်တောင်လိုနေဦးမယ်၊ ဈေးစေ့နဲ့မြင့်မိုရ်တောင်ပေါ့ကွယ်"

"ဟာ. . မဟုတ်ပါဘူး မမရယ်၊ ကျွန်တော်တို့က အစ





အစပ်နဲ့မို့ပါ တစ်ဦးချင်းပိုင်ဆိုင်မှုဆိုရင် မမတို့လောက်ပါပဲ"

"ဘာပဲဖြစ်ဖြစ်လေ၊ မမတို့ လီမိတက်အတွက် မမောင်တို့ ကုမ္ပဏီကြောင့် ပိုမိုပြီး အဆင်ပြေတိုးတက်နိုင်တဲ့အတွက် အလားအလာ ကောင်းပါတယ်"

အတန်ကြာ ငြိမ်သက်ပြီးမှ မမနဒီစံက. . .

"ကိုင်း. . ထမင်းအရင်စားလိုက်ပါလား မမ မင်းတို့နဲ့သက်ဆိုင်တဲ့လူတွေ ရွာထဲမှာလိုက်ခေါ်နေလိုက်ဦးမယ်၊ မမရဲ့မောင် ဝဏ္ဏစံကိုရောပေါ့"

"ဟုတ်ကဲ့ မမ"

ဟံသာဟိန်းရင်တွေ လှုပ်ခတ်နေသည်။ ရီဝေစွာကြည့်လိုက်သောမမအကြည့်က အိပ်ပျော်နေသော သူ့နှလုံးသား ဗဟိုတည့်တည့်သို့ စူးနစ်ဝင်သွားလေသည်။

ရက်ပေါင်းများစွာ လအချို့နှင့် နှစ်အနည်းငယ်တို့အား တည်ငြိမ်စွာဖြတ်ကျော်နိုင်ခဲ့သဖြင့် မိမိကိုယ်မိမိ ဟုတ်လှပြီ ထင်နေသော်လည်း စက္ကန့်ပိုင်းအတွင်း ဖြတ်သန်းသွားသည့် အကြည့်က နှလုံးသားရေးရာ၌ မရင့်ကျက်သေးကြောင်း အဖြေရလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၁)

"ဟို မောင်ရင်. . ဟင်းထည့်စားလေ၊ သက်ပြင်းတွေ ပြီး ဘာငေးနေတာလဲ၊ စားကွယ့်. . အဒေါ်တို့က ကျွေးရင် အား ရပါးရစားမှ ကြိုက်တာ၊ အိမ်သူကို သတိရနေပြီ ထင်တယ်"

ဟင်းခနဲ သက်ပြင်းချလိုက်စဉ် လူမိသွားပြီ။ အိမ်ရှင် အဒေါ်ကြီးကဝင်၍ မှတ်ချက်ပေးလိုက်သဖြင့် တွန့်သွားပြီး ဟင်း ချိုရွှန်းခပ်သောက်လိုက်သည်။

"ဖရုံး. . ဖရုံး. . ဖွီး. . အားပါးပူလိုက်တာ"





"ဟားဟားဟား. . ဒီကောင် အိမ်သူကို သတိရတာနဲ့ ဟင်းရည်အပူကြီး မမှုတ်ဘဲ ဖွတ်သောက်လိုက်တာ ထင်တယ်"

သီဟက ရယ်မောရင်း ဝင်ထောက်လိုက်သည်။ အဒေါ်ကြီးက ခေါင်းတညိတ်ညိတ်လုပ်ကာ ရယ်ပြုံးရင်း မီးဖိုချောင်ထဲ ပြန်ဝင်သွားသဖြင့် ဟံသာဟိန်းက အသက်ရှုချောင်သွားလေသည်။

"ဟင်းဟင်းဟင်း. . ဟုတ်မယ်၊ ဒီမောင်ရင်လေးကြည့်ရတာ ငေးတိငေးငိုင်နဲ့ ညားကာစဖြစ်ပုံရတယ်"

"ဟူး"

ဒီတော့မှ သက်ပြင်းမှုတ်ထုတ်ရင်း ထမင်းဆက်စားလိုက်သည်။ မနက်က ပဲခူးအဝင် မုန့်ဟင်းခါးတစ်ပွဲနှင့် ကော်ဖီတစ်ခွက်သာ သောက်ခဲ့ရသဖြင့် ယခုအချိန်ဆိုလျှင် အားရပါးရစားသင့်ပြီ။ သို့သော် ဟံသာဟိန်းမစားချင်တော့။ မမနှင့်ဆုံတွေ့လိုက်ရသည့်နောက်ပိုင်း ရင်ပြည့်ကာ မအီမလည်ကြီး ဖြစ်သွားသည်။ မိမိနှင့် မဆုံတွေ့ခဲ့တော့သည့် ၅-နှစ်တာနီးပါးကာလအတွင်း ဘာအပြောင်းအလဲများ ရှိနေပြီလဲဟု သိချင်နေသည်။

မမတမင်ရှောင်ထွက်သွားတာပဲ ဖြစ်မည်ဆိုတော့ မမဘက်က ပြောင်းလွှဲနေလောက်ပြီ။ လူခေါ်ဖို့ကိစ္စက လုပ်ငန်းရှင်တစ်ဦးက ကိုယ်တိုင်လုပ်ဖို့မလို။ ခြံဝင်းထဲတွင် ခိုင်းစရာအလုပ်သမား ၃-ဦး ၄-ဦးကို တွေ့နေရသည်။ မသကာ အိမ်ရှင်အဒေါ်ကြီးကို အကူအညီတောင်းပြီး ခေါ်ခိုင်းဖို့သင့်သည်။

ထမင်းစားရင်း မကျေမလည်ဖြစ်နေစဉ် ဟင်းလိုက်ပွဲကိုင်ရင်း ပြန်ဝင်လာသော အဒေါ်ကြီးကို ဖားရင်းမျက်နှာချိုသွေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"လက်ရာအတော်ကောင်းတယ် အန်တီ၊ ကျွန်တော်က သိပ်မစားနိုင်လို့ ဒီရွာဆိပ်ကမ်းမှာ လက်ဖက်ရည်ဝင်သောက်ခဲ့သေးတယ်"

"ဟုတ်လား. . အဒေါ်က မောင်ရင်လေးကို စတာပါကွယ်၊ တကယ်ပဲ အိမ်သူကိုလွမ်းနေပြီလား"

"ကျွန်တော် အိမ်ထောင်မရှိပါဘူး အန်တီ"

"ဩော်. . ဟုတ်လား၊ အေး. . အေး"

"ဒါနဲ့အဒေါ်၊ မမနဒီစံနဲ့ ကျွန်တော်တို့နဲ့က တက္ကသိုလ်မှာ ရင်းနှီးခဲ့ဖူးတယ်လေ"

"ဟုတ်လား"

"ခုမှပြန်ဆုံတာ. . မဆုံတာ ၅-နှစ်နီးပါးရှိပြီ အဒေါ်"

ဟံသာဟိန်းက အန်တီခေါ်ရာမှ အဒေါ်ကြီးက သူ့ကိုယ်သူ အဒေါ်ဟုသုံးသဖြင့် သူပါအဒေါ်ဟု ပြောင်းလဲသုံးလိုက်ပြီး သိချင်တာကို သွယ်ဝိုက်၍ မေးခွန်းထုတ်ရန် ကြံစည်ရင်း စကားခင်းနေသည်။ ပြီးမှ. . .

"မမနဒီစံ ခုအိမ်ထောင်တွေဘာတွေကျနေပြီလား"

"ဟော. . အိမ်ထောင်တော့ မကျသေးပါဘူးကွယ်၊ ဒါပေမယ့်. . ."

"ဒါပေမယ့် ဘာဖြစ်လဲ ဒေါ်ဒေါ်"

ဟံသာဟိန်း အလောတကြီး မေးလိုက်သည်။

"သူ့မိဘများက သဘောတူထားတာ ရှိပုံရတယ်၊ ဟိုတလောက လာလည်သေးတယ်၊ အင်း. . ၂-လလောက်တော့ရှိ





ပြီ ထင်တယ်"

ဟံသာဟိန်း ငိုင်သွားသည်။

"ကောင်မလေးကတော့ သိပ်သဘောကျပုံမရပါဘူး. . ဟက်ဟက်ပက်ပက် သိပ်မရှိဘူး"

နောက်ဆက်တွဲ စကားကြောင့် ဟံသာဟိန်း ရွှင်ရွှင်ပျပျ ပြန်ဖြစ်သွားသည်။ ပြီးနောက် ထမင်းကို အားရပါးရ ဆက်စားလိုက်သည်။ မျှော်လင့်ချက်မကင်းမဲ့သေးသဖြင့် သူ့စိတ်တို့ ပြန်လည်တက်ကြွသွားဟန် ရှိသည်။

သူ့စိတ်သည် အပြောင်းအလဲ မြန်လှချေသည်။ စိတ်ချမ်းသာသွားသည်နှင့် ဝမ်းမီးကောင်းကာ စားဝင်သွားလေပြီ။ ထမင်းစားသောက်ပြီး နှစ်ယောက်သား အိမ်ရှေ့ထွက်ကာ ကုလားထိုင်တွင် ဇိမ်ကျကျထိုင်၍ အအေးသောက်ရင်း ထမင်းလုံးစီနေလေသည်။

တစ်နာရီခန့်အကြာတွင် မမနဒီစံသည် ဝဏ္ဏစံနှင့်အတူ ခြံဝင်းအတွင်းသို့ ဝင်လာလေသည်။ သူတို့နောက်မှ စွက်ကျယ်အကျီနှင့် နေလောင်ထားသဖြင့် ညိုသောအသားက မှောင်သယောင်ဖြစ်နေသည့် ခေါင်းတုံးဆံတောက်နှင့် လူတစ်ဦး ပါလာသည်။

ထိုပုဂ္ဂိုလ်က လွယ်အိတ်တစ်လုံး လွယ်ထားသည်။ အခြားတစ်ဖက်တွင် ဓားတစ်ချောင်းကို ပလိုင်းနှင့်ထည့်ကာ လွယ်ထားသည်။

နဒီစံခြံဝင်းတံခါးကို တွန်းဖွင့်ရင်း အိမ်ပေါ်ထပ်ဆီသို့မော့ကြည့်ကာ အကဲခတ်လိုက်သည်။ ဟံသာဟိန်းကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်ကို သူမမြင်၊ မမြင်ရသည်မှာ မဆန်း၊ အိမ်တွင်းတံခါးပေါက်မှတစ်ဆင့် ဝရံတာကြားခံကာ လှမ်းကြည့်နေသဖြင့် အိမ်ရိပ်အမှောင်ထဲမှ လူကို အပြင်မှလူက မမြင်နိုင်။

ဟံသာဟိန်း သီဟကို လှမ်းကြည့်လိုက်သောအခါ ဘသားချောက ဆက်တီနောက်မှီသို့ ခေါင်းတင်ကာ အိပ်မောကျနေလေပြီ။ ဟံသာဟိန်းသည် ဧည့်မခံဘဲထွက်သွားသော မမကို ကလဲ့စားချေလိုသဖြင့် သီဟနည်းတူ ခေါင်းတင်ကာ အိပ်ချင်ဟန်ဆောင်နေလိုက်သည်။

လှေကားအတိုင်း တက်လာသော ခြေသံကိုကြားနေရသည်။ မကြာမီ ဧည့်ခန်းသို့ ဝင်လာကြသည်။

"ဟောတော့ အိပ်ပျော်နေကြပြီ"

မမ၏ အသံကလေးနားထဲသို့ ချိုအီစွာ စိမ့်ဝင်လာသည်။

"ကိုင်း. . . ဒါဖြင့်လဲ ဝဏ္ဏနဲ့ ဦးလေးက သူတို့နားဖို့အောက်ထပ်မှာ အခန်းပြင်ပေးထားလိုက်၊ မမ သူတို့အနိုးကို စောင့်လိုက်ဦးမယ်"

ခြေသံနှစ်စုံက အောက်သို့ပြန်ဆင်းသွားသည်။ ဟံသာဟိန်း အသာအယာ မျက်လုံးဖွင့်ကြည့်လိုက်သည်။ ပြုံးပြီးစိုက်ကြည့်နေသော သူနှစ်သက်မြတ်နိုးခဲ့သည့် မျက်လုံးနှစ်စုံကို တွေ့လိုက်ရသည်။

"အိပ်ချင်ယောင်ဆောင်နေတာလား"

"မဟုတ်ပါဘူး၊ ထမင်းစားပြီး အစာအဆိပ်တက်လို့ နည်းနည်းမှိန်းရင်း အိပ်ပျော်သွားတာ၊ မမတို့ အသံကြားလို့ နိုး





လာတာ"

လူမိသွားသဖြင့် ဟံသာဟိန်းလက်လျှော့လိုက်သည်။

"ထားပါတော့. . သီဟကတော့ တကယ်အိပ်နေပုံရတယ်"

အသံထွက်ကာ ဟောက်သလိုအိပ်နေသော သီဟကို အမြင်မတော်သဖြင့် ခြေထောက်ဖြင့် သူ့ခြေသလုံးကို လှမ်းထိုးကာ နှိုးလိုက်သည်။

"ဟေ့ကောင်. . ထတော့"

"နေပါစေကွယ် သူအိပ်နေတဲ့ဟာကို"

နဒီစံ တားမြစ်လိုက်သည်။ ဘသားချောက လှုပ်ရှဲသာ လှုပ်ပြီး ပြန်အိပ်ပျော်သွားသည်။ သူ့ရှေ့ကုလားထိုင်တွင် နဒီစံ နေရာယူလိုက်သည်။ ပြီးမှ. . .

"မမောင်"

ပြန်မထူးဘဲ သူငြိမ်နေလိုက်သည်။

"ဟင်းဟင်း. . ဒီ ၅-နှစ်အတွင်းမှာ မမောင် နားလေးသွားတယ် ထင်တာပဲ"

"ဟုတ်တယ် နဒီစံဆိုတဲ့ အလှနတ်ဖုရားမဖမ်းစားသွားလို့ နှလုံးသား ဒွါရတွေ အကုန်ပိတ်သွားလို့ ဘာမှမကြားရတော့ဘူး"

"အလဲ့ တယ်ဆိုတဲ့ စာပါလား"

မကျေနပ်မှုကို တစ်စွန်းတစ်စတဲ့ပြန်လိုက်ရသဖြင့် ဟံသာဟိန်း ကျေနပ်သွားသည်။ ဆက်ပြီး ဆန့်ကျင်နေလို့မဖြစ်၊ သူ့အလုပ်ကိစ္စ အောင်မြင်မှုက ဒီအချိန်ကာလအတွင်းနှင့် သက်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေရာတွင် မမ၏လက်ထဲ၌ ရှိနေသည်။

"ကိုင်း. . စကားနာနောက်မှထိုးတော့ ဟံသာ မမတို့ အလုပ်ကိစ္စကို ပြောကြရအောင် "

"ကိုဝဏ္ဏစံပါ လိုမယ်ထင်တယ်၊ သူက ရန်ကုန်ရုံးချုပ်မှာ ကျွန်တော်တို့ Managing Driector နဲ့ဆုံထားပြီး နယ်မြေ အခြေအနေကို ရှင်းပြထားတာ"

"ကိစ္စမရှိပါဘူး သူ့ထက်မမက ပိုသိပါတယ်"

"ဟုတ်ကဲ့ ဒါဆိုရင် မမသဘောပါ"

"မမသဘောဆိုပေမယ့် မင်းတို့ရဲ့ လိုလားချက်ကို အရင်ပြောဦးလေ"

"ရှင်းပါတယ် မမ ကျွန်တော်တို့ လိုချင်တာက သက်တမ်း ၃-နှစ်အထက် ကြသောင်းဝါးအရင့်ကို တစ်လအလုံးရေ (၁)သိန်းခွဲနဲ့ (၂)သိန်းကြားလိုချင်တယ် ဝါးကို အရင်းပိုင်းပဲလိုချင်တယ်၊ အထူက အနဲဆုံး ၁. ၂ စင်တီမီတာ ရှိရမယ်၊ ဝါးလုံးရဲ့ ထိပ်ဝအချင်းက ၄-လက်မထက် မငယ်ရဘူး"

နဒီစံ စိတ်ဝင်စားစွာ လိုက်မှတ်နေသည်။ သူ့ကို ချစ်ရေးဆိုခဲ့ဖူးသော ချာတိတ်အနေနှင့် မလေးမခန့်ပုံမျိုးမပေါက်တော့၊ လုပ်ငန်းအပ်သည့် လုပ်ငန်းရှင်သဖွယ် လေးလေးစားစား နာယူနေသည့်ပုံ ပေါက်နေသည်။

ဩော်. . တကယ်ပီဘိ စီးပွားရေးသမားကြီးပါလား မမရယ်၊ ဟံသာဟိန်းစိတ်မှ မှတ်ချက်ပြုလိုက်သည်။

"ဆက်ပြောလေ"

စကားစပြတ်သွားသဖြင့် နဒီစံတောင်းဆိုလိုက်သည်။





"အင်း. . အရှည်ကတော့ ၂-မီတာ ၆-ပေကျော်ကျော်ပေါ့၊ ဒီထက်မတိုစေနဲ့ ရှည်ရင်ရတယ်၊ နောက်ပြီးရင် ဝါးခုတ်ပြီး ၄၈-နာရီအတွင်း ပေါင်းခံအချိုရည်ထုတ် စက်ရုံကို ရောက်ဖို့လိုအပ်တယ်"

"စက်ရုံကို ဘယ်မှာတည်မှာလဲ"

မေးသင့်သော မေးခွန်းဖြစ်သည်။

"ဒီကွင်းဆိပ်မှာပဲ တည်မယ်"

"ဒါဆိုရင် ဖြစ်ပါတယ်"

"၄၈ နာရီဆိုတာ ကန့်သတ်ချက် မဟုတ်ဘူးနော်၊ ဝါးလုံးက အစိမ်းရောင်မပျောက်မခြင်း အချိန်ရတယ် နွေရာသီဆိုရင် ၁-ရက်လောက်ဆိုရင် ဝါးက အဝါရောင်သန်းတတ်လို့ မိုးတွင်းဆိုရင် ပြဿနာသိပ်မရှိဘူး "

"မိုးတွင်း သံပြာချောင်းအတိုင်း သယ်တဲ့ဝါးတွေအဘွက်ဆိုရင်တော့ ရက်အလုံအလောက် ပေးနိုင်မယ်ထင်တယ်"

"ပေးနိုင်တယ်၊ ချောင်းထဲရေစိမ်ထားတဲ့ဝါးက အနည်းဆုံး ၁၄-ရက်တော့ အစိမ်းရောင်ကို ထိမ်းထားနိုင်ပါတယ်"

"ဈေးနှုန်းကို ဘယ်လိုသတ်မှတ်မလဲ"

"ဒါကတော့ ကုန်ကြမ်းထုတ်တဲ့ သူဘက်က တွက်ချက်ပြီးတင်ပါ ဖြစ်နိုင်ရင် ပေးပါ့မယ်"

နဒီစံ စဉ်းစားလိုက်သည်။ ပြီးမှ. . .

"ကောင်းပြီလေ ဝါးခုတ်သား ခေါင်းဆောင်တွေနဲ့ တိုင်ပင်ပြီး အကြောင်းပြန်မယ်၊ ဝါးက အရင်းပိုင်းခုတ်ရခက်တယ်၊ နောက်ပြီး ၃-နှစ်ဝါးဆိုတော့ အတော်လက်ဝင်မယ်၊ မမောင်



www.burmeseclassic.com

www.burmeseclassic.com



ဘောဆင်းပြီးကြည့်ရင် သဘောပေါက်သွားမှာပါ"

"တောထဲ ဘယ်နေ့ဆင်းဖို့ မမစီစဉ်ထားသလဲ"

"ဒီနေ့ဆင်းရင် ဒီနေ့ရတယ်"

"ဟာဒီလိုတော့ မရက်စက်ပါနဲ့ မမရယ် နားပါရစေဦး နှင်ချင်ပြီလား"

"အလုပ်သဘောပြောတာပါ . . မနက်ဖြန်သွားဖို့ စီစဉ်လိုက်မယ်၊ တောထဲတစ်ညအိပ်ပေါ့"

"ကောင်းပါပြီဗျာ"

"တောထဲက ပြန်လာတဲ့ရက် ဈေးနှုန်းကို အကြောင်းပြန်ပေးမယ်"

"ဟုတ်ကဲ့ပါ ခင်ဗျား"

ဟံသာဟင်နီးက ပြောင်စပ်စပ်လုပ်ရင်း ခေါင်းညိတ်လိုက်သည်။ ဘာပဲဖြစ်ဖြစ် ဒီလုပ်ငန်းကို ဒီမှာလုပ်ဖြစ်အောင်လုပ်ဖို့ ဟံသာဟင်နီး ဆုံးဖြတ်လိုက်သည်။

ဘာပဲဖြစ်ဖြစ် လူဆိုသည်မှာ ပျော်ရာတွင်နေချင်ကြသည် မဟုတ်ပါလား။







www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၂)

ဆုတ်၍ပြနေသော စကပ်ထဘီလေးကိုကြည့်၍ ရွှန်းလဲ့သက်ပိုင် သူ့ကို သတိရမိသည်။ ခန့်ညား၍ ယောက်ျားပီသဲသော စတိုင်ကျသည့် သူ့ကို မှတ်မှတ်ထင်ထင် ရှိနေခဲ့သည်မှာ ကာလတစ်ခုကြာမြင့်သွားပြီ။ ၁-ပတ်ကျော် ၂-ပတ်ခန့်တော့ ကျန်ခဲ့လေပြီ။ မေ့လို့မရနိုင်သော မိမိစိတ်ကို မအံ့ဩတော့ ခုလည်း စေ့သွားကြရအောင်ဟု သူငယ်ချင်းတွေက ဖုန်းဆက်ချိန်းကတည်းက သူ့ကိုသတိရစိတ်က ပိုလေပြီ။





ဟိုနှစ်ကောင်က Shoppingထွက်ဖို့ ချိန်းကတည်း . . .

"ဟော့. . ပလာဇာဆို ကျုပ်မလိုက်ဖူးနော်"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ဖြစ် ဗိုလ်ချုပ်ဈေးပဲသွားမယ်" ဟု ပြတ်ပြတ်ပြောလိုက်ပြီးသားဖြစ်သည်။ ပလာဇာ၏ စက်လှေကားတစ်သျှောက်တွင် သူ့အရိပ်ကလေးတွေ ထင်ဟပ်နေဆဲဖြစ်မှာ။ ဝယ်ချမ်းလို့ စိတ်ဖြောင့်မှာ မဟုတ်ဘူး။

ထိုစဉ် ဟွန်းသံနှင့်အတူ မရှေးမနှောင်းမှာပင် ကြည်ပြာနှင့် ရီမေချိုတို့ အသံစာစာကို အိမ်အောက်တွင် ကြားလိုက်သည်။

"အန်တီ ရွှန်းလဲ့ကော အိပ်ယာက မထသေးဘူးလား"

"ထနေပါပြီရှင် ဒီနေ့ ဝိရိယကောင်းစွာ အမေမန္တီးရဲပဲ နာရီမတိုင်ခင် နိုးနေတယ်၊ ဈေးဝယ်ဖို့ချိန်းထားတယ်ဆိုပြီး အန်တီဆီကလည်း လိုသမျှ တောင်းပြီးပြီလေ"

"ဟုတ်လား အန်တီ သမီးတို့ သူ့အခန်းတက်သွားမယ်"

လှေကားတက်ရန် ပြင်ဆင်လိုက်သော မိန်းမများကို ချမ်းဟန့်ရင်း . . .

"ဟော့. . . တက်မနေနဲ့ ကျုပ်ဆင်းလာပြီ၊ အချိန်ပုတ်ယ် သွားရအောင်"

ပြောပြောဆိုဆို လှေကားမှ ပြေးဆင်းလိုက်ပြီး ရပ်နေသာ ကြည်ပြာဖြိုးကို စလင်းဘက်နှင့် ပုတ်လိုက်သည်ကို မေကြီး မျက်မှန်ပေါ်မှ ကျော်ကြည့်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ မောင်ကျော်ဇင်ဖြိုးကော မပါဘူးလား"

ကြည်ပြာဖြိုး၏ အစ်ကိုကိုရည်စူး၍ မေးလိုက်ခြင်းဖြစ်သည်။

"ပါပါတယ် အန်တီ ကားထဲမှာ ထိုင်စောင့်နေတယ်"

ရွှန်းလဲ့သက်ပိုင် မကျေမချမ်း ဖြစ်သွားသည်။

"ဟယ်. . နင်ကဘာဖြစ်လို့ ခေါ်ခဲ့တာလဲ၊ ကိုယ်တိုင်မောင်းခဲ့ပြီးရော"

မလိုတမာသံနှင့်ပြောလိုက်သည်။ သူငယ်ချင်းအစ်ကိုမို့လို့ မပြောချင်ပေမယ့် အဲဒီလူကြီး မိမိကိုရှိုးနေတာ စိတ်ထဲမှာ ကသိကအောက်နှင့် မကြည်မလင်ဖြစ်မိသည်။

"သမီးကလည်း ယောကျ်ားလေးအဖော်ပါတော့ အားကိုးရတာပေါ့"

"မလွတ်လပ်ဘူး မေကြီးရဲ့ ပြောချင်တာ ပြောလို့မရဘူး"

ရေကြောင်းအရာရှိပေါက်စ ကျော်ဇင်ဖြိုးကို သမီးရှင်မေကြီးက သဘောကျနေပုံရသည်။ မျက်နှာသာပေးလွန်းသည်။ ဟိုကလည်း အိုက်တင်ခံကာ သမာဓိပိုးပိုးသည် နှုတ်နည်းသဖြင့် စကားစနှင့်သော်လည်းကောင်း မျက်လုံးနှစ်လုံးက ပို့-၁၀၀၀၀ အားလောက်ရှိမည်။

"မိကြည်ပြာ"

"ဘာတုန်း"

ကားနားရောက်ခါနီး ရွှန်းလဲ့ပိုင်က ကြည်ပြာဖြိုးအား တိုးတိုးခေါ်လိုက်သည်။





"နင့်အစ်ကိုမျက်စိကို ပတ်တီးပတ်ပေးထားလိုက်"

"အယ် ကားမောင်းလို့ ဘယ်ရမလဲ"

"မရရင်နေ ငါမောင်းမယ်"

"အတူယှဉ်ထိုင်ချင်လို့လား ယောင်းမရဲ့"

"ဟုတ်ပါလိမ့်မယ် အားကြီးကြီး နင့်အစ်ကိုခေါ်တော"

"ဟယ်. . ပြောရက်လိုက်တာ "

"ဟင်းဟင်း. . ဟိဟိ. . ခွိခွိ"

သုံးဦးသား တွတ်ထိုးကာ တခွိခွိလုပ်ရင်း ကားတံခါးဖွင့်ကာ ဝင်ထိုင်လိုက်သည်။

"ကြည်ပြာရှေ့လာထိုင်လေ ငါက ဒရိုင်ဘာဖြစ်နေပြီ"

"အို. . ထိုင်ချင်ပေါင် ကိုလေးပဲ အတင်းလိုက်ပို့ပြီး အိမ်မှာ ဒရိုင်ဘာရှိရဲ့သားနဲ့"

ကြည်ပြာက ခွန်းတုံ့မခံ ပြန်ပြောလိုက်သည်။ ခေါ်ချင်သည်က ရွှန်းလဲ့ဖြစ်သော်လည်း မကောင်းတတ်၍ ညီမကို ခေါ်လိုက်ပုံရသည်။

"အောင်မယ် ငါက စိတ်မချလို့ ဒရိုင်ဘာဦးလေးကြီးက သူကြီးမပါရင် အရက်ခိုးသောက်ပြီး မောင်းတတ်တာ နင်သိသား

ခိုင်လှုံသော ဆင်ခြေကို ကျော်ဇင်ဖြိုးပေးလိုက်သည်။

"ပို့ချင်ပို့ချင်တယ်ပေါ့"

"ဟုတ်သားပဲ"

ကြည်ပြာဖြိုးနှင့် ရိမေချိုတို့ တိုးတိုးတိုးတိုးလုပ်ရင်း ရယ်ချလိုက်သဖြင့် ကျော်ဇင်ဖြိုးပါးစပ်ပိတ်ပြီး ကားမောင်းထွက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကားကို အဘန်ကြာအောင် မောင်းပြီးမှ. . .

“ဘယ်ကို ပို့ရမလဲပြော”

“ခုမှမေးတယ် ဗိုလ်ချုပ်ဈေးကို”

“အေးလေ”

မိန်းမငယ်သုံးဦး၏ ကလိကလိလုပ်မှုများကို သည်းခံ ရင်း ကျော်ဇင်ဖြိုးစိတ်ထိန်းကာ နောက်ကြည့်မှန်မှတစ်ဆင့် အ လယ်တွင်ထိုင်နေသော ရွှန်းလဲ့သက်ပိုင် မျက်နှာနုနုကလေးကို ကြည့်နေဟန်တူသည်။ မသိစိတ်က မသဘာဝအရ မိမိကို တစ်ချက် တစ်ချီး ကြည့်နေမှန်း သူ့အလိုလိုသိလာသဖြင့် ချစ်စဖွယ် ရယ် နေသောမျက်နှာကို သုန်မှုန်ထားလိုက်ပြီး မသိချင်ယောင်ဆောင် ကာ ကားပြင်ပကို ငေးနေလိုက်သည်။ ပြီးမှ. . .

“ရွှန်းလဲ့ ကောင်မစုတ် ဘာမကျေမနပ်ဖြစ်နေတာလဲ”

ရွှန်းလဲ့သက်ပိုင် ဘာမှပြန်မဖြေပဲ ဆက်ပြီး မှုန်တေတေ နေလိုက်သည်။ အကြောင်းသိ ကြည်ပြာဖြိုးက ရွှန်းလဲ့ကျောပေါ် မှကျော်ကာ လက်တို့ပြီး သူ့အစ်ကိုကို မေးငေါ့ပြကာ မျက်နှာရှုံ့ပြ လိုက်သည်။

“သြော်”

ဒီတော့မှ ရီမေချို့ သဘောပေါက်ကာ တခိုးခိုးတခစ်ခစ် ရယ်ရင်း အသံတိတ်စလိုက်သည်။

“ကောင်မတွေ ငြိမ်ငြိမ်နေဟာ ကျုပ်မှာ ပလာစတာ ပါလာရင် ရှင်တို့ပါးစပ်ပေါက်တွေ ပိတ်ထားလိုက်ချင်တယ်”

“အံမယ် ပါးစပ်က မပြောပါဘူး ဒင်းကလေး အိုးမဲ အုံပွင့်နေပြန်ပါပြီ”





“ဟုတ်သားပဲ”

“ဒါဆိုရင်တော့ ကျုပ်မျက်လုံးပဲ ပိတ်ထားလိုက်တော့ မယ်”

ပြောပြောဆိုဆို ရွှန်းလဲ့သက်ပိုင် စလင်းဘတ်အိတ်ထဲမှ သက်ကိုင်ပုဝါကိုထုတ်၍ မျက်လုံးမှာ စီးလိုက်သည်။

“ဟိုး. . ဟိုး မလုပ်ပါနဲ့ တော်ကြာ ပြန်ပေးဆွဲလာတယ် ဆင်ပြီး ယာဥ်ထိန်းရဲက Jail ထဲကို တို့မောင်နှမခေါ်သွားဦးမယ် တောင်းပန်ပါတယ်နော်”

အပျော်ကလေးများနှင့် စနောက်နေသော သူတို့တစ် သိုက်၏ အသံများကို ရှေ့မှာ ဒရိုင်ဘာကိုယ်တော်ကြိတ်ပြီး ကျေ နပ်နေဟန်ရှိသည်။ မည်သို့ပင်ဆိုစေကာမူ ကြည်ပြာဖြိုးကတော့ တစ်ဦးတည်းသောသမီး ရွှန်းလဲ့သက်ပိုင်ကို သူ့အစ်ကိုနှင့် သ ဘောတူနေပုံရသည်။ မသိမသာ တွန်းပို့တာလောက် လုပ်နေ သည်။ ဒီကြားထဲ မေရီချိုက ဘုမသိဘမသိ ဝင်ထောင်နေသေး သည်။

ထိုနေ့က ရွှန်းလဲသက်ပိုင် စိတ်ညစ်ညစ်ဖြင့် ဈေးသိပ် မဝယ်တော့။ မကောင်းတတ်၍ ကြည်ပြာဖြိုးတို့နောက် လိုက် နေရသည်။ စိတ်သိပ်မပါချေ။

ယခင်က ကိုကျော်ဇင်ဖြိုးနှင့် ယခုလိုစသည်ကိုခံရစမြဲ ဖြစ်သော်လည်း ယခုကဲ့သို့ စိတ်မညစ်ခဲ့။ ခုတော့ ဘာကြောင့် မှန်းမသိ အစမခံချင် ဖြစ်နေသည်။ ဘာကြောင့်လည်းဆိုတော့ ပြောစား၍မရ။

ဟိုလွန်ခဲ့သည့် စနေနေ့ညနေချမ်းက ဆုံခဲ့ရသော အို



www.burmeseclassic.com

www.burmeseclassic.com



လူညီချောကြောင့်ပင် ဖြစ်လိမ့်မည်ထင်သည်။ တစ်စုံတစ်ဦးကို ပိုင်ဆိုင်ခွင့်ပေးရန် ရည်ရွယ်ထားသော မိမိနှလုံးသည်းပွတ်အ တွင်းတွင် အခြားမည်သူကိုမှ နေရာမပေးချင်တော့ ။ အသဲအိမ် တံခါးဝတွင် သော့ခလောက်ပြန်သံပေး ခြေအေးဝမ်းရောင်ပင် လက် ခံချင်တော့ပေ။

ဈေးဝယ် လည်ပတ်ခြင်းအလုပ်ကို ရှန်းလဲ့သက်ပိုင် စိတ် မပါသဖြင့် မြန်မြန်အဆုံးသတ်ရန် သူငယ်ချင်းနှစ်ယောက်အား လောလိုက်သည်။

“မြန်မြန်ဝယ်ကြပါ ရှင်တို့ တဈေးလုံးလိုက်ကြည့်ပြီး ပစ္စည်းတစ်ခုကို ဆိုင်သက်စေ့ဈေးလိုက်မေး မနေနဲ့ ကျုပ် ဗိုက် ဆာလှပြီ”

“ဘယ်လိုဖြစ်တာလဲ ရှင်လည်း အရင်က ကျုပ်တို့လို ဝယ်ပဲ ဈေးမေးနေကျ မဟုတ်ဘူးလား”

“အေးဟယ် ဒီကောင်မ ဒီနေ့ ဘာဖြစ်နေလည်း မသိ ဘူး၊ ကေန္တ ညည်းအစ်ကို ကားထဲမှာ တစ်ယောက်ထဲ ထားခဲ့ တာ သနားနေတာ ဖြစ်မယ်”

“အေး ဟုတ်မယ်”

“လဲသေလိုက်.. ရှင့်အစ်ကို ရွှေပြည်နန်း 4 in 1ကို million one ဝယ်လူးပေးတာတောင် ရုပ်ါက ပွိုင့်ဇီရိုးဇီးရိုးဝမ်း (.၀၀၁)တောင် တက်လာမှာမဟုတ်ဘူး၊ အလကား ရေခဲ က ဆားပေါက်တွေပွင့်ပြီး မျက်နှာက ငန်တူးတူးနဲ့”

“ဟော.. ပေါ်ပြီ ရှင်ဘယ်တုန်းကများ ကျုပ်အစ်ကို့ မျက်နှာကို လျှာနဲ့ရက်ကြည့်ဖူးလည်း မသိဘူး”





“မိကြည်ပြာစုတ် ညစ်ပတ်တယ်”

“ဟိဟိ.. ကောင်မ ကိုယ့်စကားနဲ့ကိုယ်ပဲ ကျုပ်အစ်ကို များ ပြောလိုက်တာ မှိုချိုးမျှစ်ချိုး”

“ထားပါဟယ် ကျုပ်ဗိုက်ဆာလာလို့ပါဟယ် ဘာမှမဝယ် လည်း သွားကြရအောင်”

“အေးလေ သွားတာပေါ့ ရီမေ ရှင်ကော ဘာဝယ်ဦး မှာလဲ”

“နိုး”

ဒီလိုနှင့် သူတို့တစ်သိုက် အုတ်ခဲကျိုးရောင် နှုတ်ခမ်းနီ တစ်ဗူးကို ဗိုလ်ချုပ်ဈေးထဲ လေးနာရီကြာဝယ်ပြီး ပြန်ထွက်လာ ကြသည်။

ကားနားရောက်တော့ Aircon ဖွင့်ကာ ကျော်ဇင်ဖြိုး ဘက်စက်သံနှင့်နှပ်နေသည်။ တံခါးကို သုံးယောက်သား တဘုန်း ဘုန်းထုမှ ထတော်မူပြီး ကားတံခါးများဖွင့်ပေးလိုက်ကာ အိပ်မှုန် စုတ်ဖွားနှင့် မှတ်ချက်ချလေသည်။

“နင်တို့ မြန်သားပဲ”



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၃)

အိမ်ပြန်ရောက်တော့ မေကြီက ဝတ္ထုဖတ်ရင်းက သူ့ကို ထုံးစံအတိုင်း ပါဝါမျက်မှန်ပေါ်မှလှမ်း၍ စူးစမ်းသောအကြည့်နှင့် ကြည့်လိုက်ကာ. . .

"ဒီနေ့ ငါ့သမီးချောလေး ထူးဆန်းစွာ အထုပ်အပိုးတွေ ပါမလာပါလား"

"ဈေးဝယ်ချင်စိတ် သိပ်မရှိပါဘူး မေကြီးကလည်း မီးက မလိုအပ်ဘဲ မိဘလုပ်စာ ဖြုန်းသလိုဖြစ်မှာစိုးလို့ နှုတ်ခမ်းနီ





တစ်တောင့်ပဲ ဝယ်လာခဲ့တယ်"

"အလို့. . သမီးအလိမ္မာပါလား ကွေ့"

"ဘာမှ ကွေ့မနေပါနဲ့ မေကြီးရယ် မီးက တကယ်ပြောတာပါ"

ချွဲရင်း မေကြီးရင်ခွင်ထဲ ပြေးဝင်လိုက်သည်။ မေကြီးသဘောကျစွာရယ်ရင်း ချစ်စနိုးနဖူးကလေးကို နမ်းလိုက်ပြီး. .

"ယုံပါတယ်ကွယ် မေ့သမီးလေးက တစ်ခါတစ်ရံ ဒီလိုပဲ စိတ်ကောင်းဝင်တယ်ဆိုတာ"

"မေကလည်း တစ်ခါတစ်ရံ မဟုတ်ဘူးဆို နောက်ကို အမြဲအလိုက်သိမှာ"

မိဘရင်ခွင်မှ လူးလဲထပြီး အိမ်အပေါ်ထပ်သို့တက်ရန် လှေကားဆီသို့ ဦးတည်လိုက်သော ရွှန်းလဲ့သက်ပိုင်ကို မိခင်က

"ဟင်း. . အမေကို ဘာလုညှ့်မလို့ အချိုသတ်နေလည်း မသိဘူး"

မိခင်၏ မှတ်ချက်ကို မကြားသယောင်ပြုကာ အပေါ်ထပ်တက်ခဲ့ပြီး အိပ်ခန်းထဲဝင်ကာ စလင်းဘက်ကို ကုတင်ပေါ် ပြစ်တင်လိုက်ပြီး လူပါလှဲချလိုက်သည်။ ၄-နာရီလောက် ဈေးထဲ လမ်းသလားခဲ့ရသဖြင့် အတော်ကလေးညောင်းနေရာ လှဲရသည်မှာ အရသာရှိလှသည်။

ရွှန်းလဲ့သက်ပိုင်လဲလျောင်းရင်း ယုဇနပလာဇာတွင် ဆုံခဲ့သော စက္ကူဖြတ်စားပိုင်ရှင်၏ ရုပ်သွင်ကို ပြန်မြင်ယောင်နေမိသည်။ စိတ်ကူးထဲမှ မောင်းထုတ်ရန် အနီးရှိ Remote Control ကိုယူပြီး ကက်ဆက်ခလုတ်ကို ဖွင့်လိုက်သည်။ မြိမ့်



www.burmeseclassic.com

www.burmeseclassic.com



ညောင်းသော တီးလုံးနောက်ပေါ် ထွက်လာသော တေးသွားလေးက. . .

ထွန်းအိန္ဒြေဗိုလ်၏. . . 'ပြန်ဆုံနိုင်ပါ့မလား'. . .

ရင်မှာမျှော်လင့်ထား × × ×

တူညီဆန္ဒများ × × ×

အမြဲသတိရ × × ×

ဪ အမြဲပဲ သတိရနိုင်သူရယ်. . .

ဘယ်ကိုသွားသွား လာလာ၊ စားစားနေနေ၊ အမြဲတမ်း မိမိကို စိုးမိုးနိုင်သူကို ပြန်လည်ဆုံတွေ့ချင်စမ်းပါဘိ။ သို့သော် အမည်လေးမျှ သိခွင့်မရ။

ဘာပဲဖြစ်ဖြစ် မိမိ၏ အင်အားကြီးမားသော အချစ်၏ စွမ်းအားကို ယုံကြည်သည်။ ထိုစွမ်းအားကြောင့် တစ်နေ့တွင် သူနှင့်ပြန်ဆုံနိုင်ခွင့် ရလိမ့်မည်ဟု ယုံကြည်မျှော်လင့်ရင်း ရွှန်းလဲ့သက်ပိုင်၏ ကော့ရွှန်းမျက်တောင်လေးမှာ မှေးစင်းသွားလေတော့သည်။







# အခန်း(၁၄)

ဦးသက်စံ။

ယခင်က စစ်တောင်းမြစ်ကမ်းတလျှောက်တွင် လယ်ယာကိုင်းကျွန်းများကို မိဘရိုးရာ လုပ်ကိုင်ဆောင်ရွက်ရင်း တစ်စတစ်စ ကြီးပွားတိုးတက်လာသည်။

သူ့အသက် ၃၅-နှစ်တွင် သမီးကြီး နဒီစံနှင့် သားငယ် ဝဏ္ဏစံကို မွေးဖွားပြီး ပဲခူးတွင် အခြေချခဲ့သည်။ သူ့ဇနီး ဒေါ်အေးအေးမြတ်မှာ ကျောင်းဆရာမတစ်ဦး ဖြစ်ခဲ့သော်လည်း စီးပွားရေးတိုးတက်လာသည်နှင့်အမျှ အိမ်ထောင်တာဝန်ကို ဖိဖိ



www.burmeseclassic.com

www.burmeseclassic.com



စီးစီး ဆောင်ရွက်ရင်း စီးတဲ့ရေဆည်သည့်ကန်သင်း ဖြစ်စေရန် ကွမ်းထိပ်တွဲဖက် အထကမှ အလုပ်ထွက်ကာ ပဲခူးသို့လိုက်ပါခဲ့ပြီး ရှင်စောပုလမ်းတွင် အိမ်တစ်လုံးဝယ်၍ အခြေချဖြစ်ခဲ့လေသည်။

သမီးကြီး နဒီစံကို ပညာတတ်ဖြစ်စေချင်ခဲ့သည်။ နိုင်ငံခြားတွင် ပညာရပ်ဆိုင်ရာ ပါရဂူဘွဲ့များယူကာ ဆရာမကြီးတစ်ဆူဖြစ်စေချင်သည်။

သားငယ်ဝဏ္ဏစံကို မိမိလို စီးပွားရေးလုပ်ငန်း အောင်မြင်စေချင်သည်။ မြန်မာပြည်တွင်သာမက ပြည်ပကိုပါ ခြေဆန့်ပြီး စီးပွားရှာစေချင်သည်အထိ ဦးသက်စံ ရည်မှန်းချက်ထားခဲ့သည်။

သို့ရာတွင် သူသည် သားနှင့်သမီးကို ရည်မှန်းချက်အတိုင်း အနီးကပ်ပြုစု မြေတောင်မမြှောက်ပေးနိုင်ခဲ့။ အကြောင်းမှာ စီးပွားရေးနယ်ပယ်သစ်ရှာဖွေရင်း. . .

ဦးသက်စံ အချစ်နယ်မြေသစ်ပါ ရှာဖွေတွေ့ရှိသွားခဲ့သည်။ ရန်ကုန်မြို့တော်ရှိ ဂေါက်ကလပ်တစ်ခုတွင် လွန်ခဲ့သောအနှစ်-၂၀ က ဦးသက်စံ အချစ်နယ်သစ်တစ်ခု ရှာဖွေတွေ့ရှိသွားခဲ့ပါသည်။

ရိုးသားသော ဆယ်ကျော်သက်အရွယ် မိန်းမပျိုလေးတစ်ဦးကို ထီးမိုးခေါ်ရင်း Golf တစ်ညနေတွင် ရင်းနှီးသွားခဲ့သည်။

"မိန်းကလေး"

"ရှင်. . ဘာလဲဦး"

"ဒီလိုကွဲ့ ဦးတို့ကစားရင်း ဂေါက်ရိုက်တဲ့အခါမှာ ရှေ့က





မရပ်ရဘူးကွဲ့ ကစားသမား အာရုံပျက်တတ်တယ်"

"ဟုတ်"

ကစားသမားအထာကို ဦးသက်စံက ရှင်းပြလိုက်သည်။ နောက်ပိုင်း ရိုက်ချက်များတွင်မူ မိန်းကလေးသူ့ရှေ့မှ မရပ်တော့ နောက်မှသွားရပ်သည်။

ဘက်ဆွမ်း(Swam)အတွက် ဦးသက်စံ အခက်တွေ့ပြန်သည်။

"ကောင်မလေး နောက်ကလည်း ရပ်မနေနဲ့ ခပ်ဝေးဝေးနေစမ်း"

ဦးသက်စံ အသံမာမာနှင့် ဟောက်လိုက်မိသည်။

"ဟုတ်ကဲ့ရှင့်"

ကလေးမက လန့်သွားပြီး ခပ်ဝေးဝေးသွားရပ်နေသည်။

နံပါတ်(၃)ကျင်းမြောင်းကျင်းစိမ်ဂရင်းပေါ်တွင် ဦးသက်စံ Putter ကိုင်ကာ ကျင်းစိမ်ဖို့ပြင်သည်။ အရိပ်တစ်ရိပ် လှုပ်ရှားမှုကြောင့် အာရုံပျက်သွားခဲ့သည်။

ဂေါက်သီးလေးက လိမ့်ပြီး ကျင်းနှုတ်ခမ်းနားပတ်ကာ ပေါ်တစ်ထွာလောက်တွင် တင်သွားသည်။ ထိုကျင်းကပိုင် ကျင်း ဦးသက်စံ ဘာလီမရတော့။

"တောက်"

တောက်တစ်ချက်ခေါက်ကာ အရိပ်ပိုင်ရှင်ကို ကြည့်လိုက်သည်။ သူ့ ခေါက်ထီးကြီးကို ကိုင်ထားသည့် သူ့ ထီးမိုး ကောင်မလေး. . .

"ဟော့. . မင်း ကယ်ရီစည်းကမ်း နားမလည်ဘူးလား



www.burmeseclassic.com

www.burmeseclassic.com



မင်းထီးမမိုးနဲ့တော့ ငါ့ထီး ငါ့ဖာသာငါဆောင်းတော့မယ်"

ကစားဖော်များကစားအပြီးတွင် ကောင်မလေးကို မဲကာ ဆုရင်း ထီးပြန်တောင်းလိုက်သည်။ ကောင်မလေးက ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ထီးကလေးပိတ်ပြီး သူ့ကိုပြန်ပေးရှာ သည်။ ထိုစဉ်ဘေးမှ ခပ်လည်လည် ထီးမိုးကောင်ကလေးက. .

"ဆရာ သူက လိုက်တာမကြာသေးဘူး ဒီနေ့မှ(၂)ရက် ထဲရှိသေးတယ် လူသစ်ပါ"

ဘေးမှထောက်ခံစကားနှင့် အသိပေးလာသဖြင့် အ တင်းဖိဟောက်နေ၍ မဖြစ်တော့. . ယူထားပြီးသောထီးကို ပြန် ပေးလိုက်ပြီး

"ရော့ပြန်မိုးပေး နောက်ကို တခြားလူတွေ ဘာလုပ်သ လဲကြည့်ပြီး လိုက်လုပ်ကြားလား"

"ဟုတ်"

မျက်လွှာလေးချကာ ထီးကိုပြန်ယူပြီး သူနှင့်ခပ်ခွာခွာ နေကာ ထီးမိုးပေးရင်း လိုက်လျှောက်လာသည်။ ထိုစဉ်အချိန် ကြာမှ မိန်းကလေးကို သတိထားမိလိုက်သည်။

အသက် ဆယ့်ရှစ်နှစ်ခန့်သာ ရှိသေးသည်။ သနပ်ခါး ကို ထူပိန်းပိန်းလိမ်းကာ မရှည်လွန်းသည့် ဆံပင်ကို စုစည်းထား သည်။ အသားမှာ နဂိုဖြူဟန်ရှိသော်လည်း နေလောင်သဖြင့် အနည်းငယ် ညိုနေသည်။

"ညည်းနာမည် ဘယ်လိုခေါ်သလဲ"

"မေလှဲ့ဝင်းပါ"

"အသက် ဘယ်လောက်ရှိပြီလဲ"





"နှစ်ဆယ်"

မှန်းထားသည့်ထက် နှစ်နှစ်ပိုကြီးသည်။

ဦးသက်စုံ လ-ဝ-က ဦးစီးမှူးလုပ်ကာ မေသက်ဝင်း၏ Biography ကိုစုံနေအောင် မေးလိုက်သည်။ အချက်အလက် အစုံအလင်ရသောအခါ၌ မိန်းကလေးအပေါ်တွင် ဂရုဏာသက် သွားလေသည်။

ဆယ်တန်းအောင်ပြီး ကျောင်းဆက်မတတ်နိုင် အဖေ က ပြည်တွင်းသောင်းကျန်းမှုကာလက မိုင်းထိအသက်ဆုံးခဲ့ သည်။ မိခင်က သူ့ကို မီးဖွားပြီးနောက် ဘဝသစ်ကို ဝိညာဉ်နှင့် ကူးပြောင်းသွားခဲ့သည်။

ယခု အဘွားနှင့်နေသည်။ အဘွား၏အသက်က (၇၀) ကျော်သွား၍ စီးပွားမရှာနိုင်တော့ ဘိုးဘွားပိုင်အိမ်ကလေးတွင် အိမ်ဆိုင်ဖွင့်ကာ အသက်မွေးရရှာသည်။

"ညည်းအဝေးသင်တက်ပါလား"

"တက်ဖို့တော့ စိတ်ကူးထားပါတယ်ဦး ဒီအလုပ်ကရတဲ့ ငွေကလေးတွေကို စုဆောင်းပြီး မြေးအဘွားနှစ်ယောက်အရင်း အနှီးလေးရသွားရင် ကျောင်းဆက်တက်မှာပါ"

"သြော်"

သနားတတ်သော ဦးသက်စုံ စိတ်မကောင်းဖြစ်သွား သည်။ ထိုနေ့က ဦးသက်စုံကားကလေးဖြင့် ဂေါက်ကွင်းနှင့် ၂ မိုင် ခန့်ဝေးသော မေလှဲ့ဝင်းတို့ ရပ်ကွက်ကလေးကို ရောက်သွား လေသည်။ အသက်(၇၀)အရွယ် မေလှဲ့ဝင်း၏ အဘွားနှင့် လည်း ရင်းနှီးမှုရခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . အမေက အသက်သိပ်မကြီးသေးပါဘူး"

"ဟုတ်လား"

"ဟုတ်တယ်လေ ကျွန်တော့်အသက်ကို ၂ နဲ့မြှောက်လိုက်ရုံပဲဟာ"

"ဟင်း. . ဟင်း မောင်ရင်က ရယ်စရာပြောတတ်သား"

ပုတီးတချောက်ချောက်စိပ်ရင်းက ပြုံးရယ်ရှာသည်။ သူ့ရာတွင် နုနယ်သော မြေးမလေးအတွက် စိတ်မချနိုင်ရှာသည့် အမူအယာက မျက်နှာတွင် အထင်းသားပေါ်လွင်နေသည်။

ဦးသက်စံရင်ထဲ ဂရုဏာနှင့် စတင်သော သံယောဇဉ်ကြိုးနွယ်လေးရစ်ပတ်လာလေပြီ။







# အခန်း(၁၅)

နောက်ပိုင်းရက်များ. . .

ဂရုဏာသံယောဇဉ်ကြိုး၏ ရစ်ပတ်နှောင်ဖွဲ့မှုကြောင့် ...ါက်ကွင်းရှိ ကယ်ရီမာစတာအား မေလွဲဝင်းကို အခြားဂေါက် ...ားများနှင့် ထည့်မပေးရန် ကြိုမှာထားရသည်။

ပဲခူးရှိအိမ်သူအားလည်း ရန်ကုန်တွင် အလုပ်ကိစ္စပြကာ ...ပတ်ခန့်နေပြစ်လိုက်သည့်အတွက် မေလွဲဝင်းနှင့် ရင်နှီးမှုက ...ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုရက်အတွင်း ဦးသက်စံက မေလှဲ့ဝင်းကို ဂေါက်ကွင်းသို့ အချိန်မီလာနိုင်စေရန် မိကျောင်းစက်ဘီးအသစ်တစ်စီး ဝယ်ပေးခဲ့သည်။ ရပ်ကွက်နေ လူထုအထင်မလွဲစေရန်အတွက် ဦးသက်စံ ဒုတိယ မေလှဲ့ဝင်းတို့ အိမ်ဂေဟာတဲနန်းသို့ ခြေစကြာမဖြန့်တော့. . ၊ သူ့အနေဖြင့် အရာရာကို ထိမ်းသိမ်းရန်လိုအပ်သည်။

"ညည်း ဘာမေဂျာယူမှာလဲ"

မကြာသေးမီက Distance (အဝေးသင်တက္ကသိုလ်) တက်ရန်အတွက် လျှောက်ထားပြီးသည့် မေလှဲ့ဝင်းကို ဦးသက်စံ မေးလိုက်သည်။

"မြန်မာစာပဲ ယူထားတယ် ဦးသက်"

"ဘာဖြစ်လို့လဲ"

"မြန်မာစာက ကျွန်မတို့ မိန်းကလေးတွေအတွက် ယူသင့်တဲ့စာပေမို့လို့ပါ၊ ဦးလည်း သိမှာပေါ့ မြန်မာ့သမိုင်းမှာ အမျိုးသမီး စာဆိုအတော်များများ ပေါ်ထွက်ခဲ့ဘူးတယ် မဟုတ်လား"

"အားကျတယ်ပေါ့"

"အားကျတယ်မဟုတ်ပါဘူး ဦးသက်ရယ် မိန်းကလေးတစ်ယောက်အနေနဲ့ တစ်စုံတစ်ခုကို ခံစားရတဲ့အခါ ဦးတို့ယောကျ်ားတွေလို ပေါက်ကွဲပြလို့ မရဘူးမဟုတ်လား"

"ဒီတော့"

"ကျွန်မတို့က ခံစားချက်တွေကို စာကဗျာနဲ့ရေးဖွဲ့ပြီးပြချင်တယ် ဒါကြောင့် အများနားလည်ဖို့ မြန်မာစာကို အထူးပြုသင်ချင်တာပါ"





"ဒါပဲလား"

Altus ဂေါက်သီးကို ruff ထဲမှ ကောက်ယူ၍ Free Drop ချရင်း မေးလိုက်သည်။

"ဦး Free Drop ချရင် ကစားဖော်ကို အသိပေး ရတယ်မဟုတ်လား"

သူ သင်ပေးထားသည့် ပညာနှင့် မေလှဲ့ဝင်းက ဆရာပြန်လုပ်နေသည်။

"ဟုတ်သားပဲ . . ဆောရီး မေလှဲ့၊ ကိုဌေး ကျွန်တော်ယူလိုက်ပြီးနော်"

လူကြီးလူကောင်းပီသစွာ ပြိုင်ဖက်ကို အသိပေးလိုက်သည်။

"ယူပါဗျာ ထုံးစံအတိုင်း (+1) မှတ်ထားလိုက်မယ်"

တစ်ဖက်မှ ဦးသက်စံ၏ ရိုက်ချက်တွင် တစ်ချက်ထပ်ပေါင်းပြီး မှတ်ထားကြောင်း အသိပေးလိုက်သည်။

ဦးသက်စံ Iron 5 ဖြင့် ဂရင်းပေါ်သို့ Full swam ဆွဲကာရိုက်တင်လိုက်သည်။ ဂေါက်သီးကလေး လိုရာရောက်သွားလေသည်။ ဦးသက်စံ မေလှဲ့ဝင်းကို ပြုံးပြလိုက်ပြီး. . .

"ဆက်ပြောလေ"

"ဩော် . . ကျွန်မခံစားချက်တွေကို ရေးပြချင်တယ်လို့"

အလံတိုင်အနီး ၁၀ ပေအကွာတွင် ရပ်သွားသည်။

"Very Good Chipping ပဲဗျာ"

ဦးခိုင်ဌေးက ဦးသစ်စံ၏ အနီးကပ်ရိုက်ချက်ကို ချီးကျူးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲဟဲဟဲ. . ရိုက်ချက်ကို ပြောတာလား"

ဦးသစ်စံ အိုးမလုံစွာဖြင့် ရယ်ရင်း အံ့ပွင့်နေသည်။

"ရိုက်ချက်ပါပဲဗျာ. . ရိုက်ချင်. . ဟားဟား"

ကြာမြင့်သည်ဟု မဆိုသာသော ကာလတစ်ခုအတွင်းတွင် ဦးသက်စံနှင့် မေလှဲ့ဝင်းတို့ နှလုံးသားတို့စကားများဖြင့် အပြန်အလှန်ဖလှယ်ရင်း ချစ်ခွန်းတုံ့လှယ် သာယာနာပျော်ဖွယ် စကားများ သီကုံးကာ ချစ်ပင်တစ်ပင် စိုက်ထူမိခဲ့ကြလေသည်။

ချစ်ပင်ထူမိကြပြီဆိုတော့လည်း ချစ်မိုးတွေစွကာ ချ ပင်မှသီးပွင့်လာသော အပွင့်အသီးတို့ကို ဆွတ်ယူစားသုံးမိကြ ရင်း အချစ်နယ်ကျွံမိကြသည်။

ချစ်အိပ်မက်မှ နိုးထလာချိန်တွင် မေလှဲ့ဝင်းအတွက် ဦးသက်စံက ယောကျ်ားကောင်းပီသစွာ တာဝန်ယူခဲ့လေသည်။

"ဘယ်တတ်နိုင်မလဲ မေလှဲ့ရယ် ကိုယ်တို့မှားခဲ့ကြပြီ ဒါပေမယ့် ဒီအမှားအတွက် ကိုယ်ကျေကျေနပ်နပ်ကြီးကို တာဝန် ယူမှာပါ"

"ဦးသက် မိန်းမက ဘယ်လိုလုပ်"

"အိုး. . . ဒီအချိန်မှာ ဒါတွေမပြောနဲ့ ညည်းအဘွားကြီးကို ပြောထားနှင့် ကိုယ်လာတောင်းရင် ခွင့်ပြုပါ့မလား"

"အဘွားကတော့ လက်ခံမှာပါ ကျွန်မကို အိမ်ထောင်ပြုစေချင်နေပြီ ကျွန်မတာဝန်လွတ်တာနဲ့ တရားရိပ်သာတစ်ခု ယောဂီဝတ်နဲ့ အေးအေးဆေးဆေး တရားသွားအားထုတ်ပြီး နေချင်တယ်လို့ အမြဲပြောနေတာ"

"ကောင်းပြီ ဒါဆို ကိုယ်လူကြီးလူကောင်းတွေ ခေါ်လာ





ပြီး လာတောင်းမယ်"

"ဘယ်နေ့လဲဟင်"

"မနက်ဖြန်ပဲ"

"အို"

လျှင်လျှင်မြန်မြန်ပင် အိမ်ထောင်တစ်ခုကို ထပ်မံတည်ဆောက်ခဲ့လေသည်။ သို့သော် ပဲခူးရှိ အိမ်သူကိုတော့ ထိုကိစ္စနှင့်ပတ်သက်၍ အသိမခံပဲ လုံးဝဖုံးဖိထားခဲ့လေသည်။

အသက်(၇၀)ရှိပြီဖြစ်သော မေလှဲ့ဝင်း၏ အဘွားကသည်း ဦးသက်စံ၏နောက်ကြောင်းကို စုံစမ်းမနေ။ ယုံကြည်စွာဖြင့် ဦးသက်စံလက်ထဲသို့ ထိုးအပ်ပေးခဲ့သည်။

"ကိုင်း. . မြေးလေးအတွက်ကြောင့် အဘွားလည်း ဤလောကီဘုံမှာ ကြွင်လည်နေရတာ ငြီးငွေ့လှပြီ၊ ဒီတော့ ကာမ ..က် ပကာသနတွေ ဘာတွေမလိုပါဘူး အဲ့ရှေ့ခုနှစ်အိမ် အ ..ောက် ခုနှစ်အိမ်နဲ့ လူကြီးစုံရာရှေ့ တရားဝင် အဘွား လက်ထပ် ..းလိုက်ပြီ၊ ဒီနေ့ပဲ ခေါ်သွားတော့"

အဘွားက သူတို့နှစ်ဦး၏ လက်တစ်ဘက်ဆီကိုဆွဲကာ ..ပ်ပေးအပ်နှင်းပေးလိုက်သည်။

"မောင်သက်စံလက်ကို အဘွားမြေးလေးကို အပ်ခဲ့ပြီ ..သက်ပန်စောင့်ရှောက်လိုက်ပါ အဘွားအဖော်ကောင်းရှိတုန်း ..က်ဖြန်ပဲ သထုံဘက်သွားပြီး သီလရှင်ကျောင်းသွားပြီး ယောဂီ ..တ်နဲ့ တရားအားထုတ်တော့မယ်"

အဘွားက ပြွတ်သားစွာပင် မြေးသံယောဇဉ်ကြိုးကို ..ြတ်တောက်ပြီး သူ့လက်သို့ ဝကွက်အပ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကြောင့် တောင်းရမ်းသည့်ပွဲမှာပင် တစ်ခါတည်း လူကြီးစုံရာဖြင့် အမြန်စီစဉ်ပြီး လက်ထပ်စာချုပ်၌ လက်မှတ် ရေးထိုးကာ လက်ထပ်ယူလိုက်သည်။ မိမိအပေါ် ယုံကြည်အား ထားသော မြေးအဘွားနှစ်ယောက်၏ ယုံကြည်မှု အားထားမှု ကို သူ အလွဲသုံးစားမလုပ်ရက်။ အမှန်တကယ်လည်း မေလွဲ့ဝင်း အပေါ်၌ သူနှစ်နှစ်ကာကာ မြတ်နိုးခဲ့သည်။

ထိုရက်ပိုင်း ဦးသက်စံအတော်ကို ဗျာများကာ အလုပ် ရှုပ်သွားခဲ့လေသည်။ မေလွဲ့ဝင်းအဘွားအတွက် လိုအပ်သည့် ကိစ္စများကို ဆောင်ရွက်ပေးပြီး ထိုညက ထိုအိမ်ကလေးနှင့်ပင် ညအိပ်လိုက်သည်။ နောက်နေ့ အဘွားကို ဘူတာသို့ လိုက်ပို့ပေး လိုက်သည်။

"အစ်ကိုကြီး သိပ်ပင်ပန်းသွားပြီလားဟင်"

"မပင်ပန်းပါဘူး မေရယ်၊ ကိုင်း ဒီအိမ်ကိုရောင်းဖို့ ရပ် ကွက် လူကြီးဆီအပ်ခဲ့ပြီး မေ့အတွက် နေ့ရေးထိုင်ရေးအတွက် ကိုကြီး စိတ်ချရတဲ့နေရာတစ်ခုမှာ စီစဉ်ပေးမယ်၊ မကြိုက်တဲ့ နေရာလည်း ပြောလေ ခုတော့ ဟန်းနီးမွန်းထွက်မယ်ကွာ. . ."

ဦးသက်စံထံမှ ဂရုစိုက်မှုမည်သို့ပင် ရပါစေ မေလွဲ့ဝင်း အားငယ်မိလေသည်။ ဩော် သူ့ဘဝက ဒုတိယပါလားဟု. . .







# အခန်း(၁၆)

မရမ်းကုန်း ၈-မိုင်ရှိ လမ်းတစ်လမ်းထဲမောင်းခဲ့ပြီး ခြံ ဝန်းတစ်ခုထဲသို့ ဦးသက်စံ သူ့ကားကလေးကို ကွေ့ဝင်လိုက် သည်။ ဒီနေ့ သမီးရွှန်းလဲ့သက်ပိုင်၏ ၁၈-နှစ်မြောက်မွေးနေ့ဖြစ် သည်။

ဖခင်တစ်ယောက်အနေဖြင့် ဒီသမီးကို သူအချစ်ဆုံး ဖြစ်သည်။ မိမိရင်သွေးသုံးယောက်အနက် ဤသမီးလေးအပေါ် အကြင်နာပိုသည်။ သနားသည်။ သမီးလေးမျက်နှာမငယ်ရ



www.burmeseclassic.com

www.burmeseclassic.com



အောင် သူတို့၏ အကြောင်းရင်းခံကို ဖုံးဖိထားပြီး ပဲခူး-ရန်ကုန် ဥဒဟိုသွားလာရင်း သမီးလေးကို စောင့်ရှောက်မှု အပြည့်ပေးခဲ့သည်။

ဟိုဖက်အိမ်ထောင်နှင့် ဒီဖက်အိမ်ထောင် နှစ်ခုကြားတွင် သတင်းအစွန်းအစမထွက်အောင် ဆယ့်ရှစ်နှစ်ကျော်ကာလအတွင်း ဖုံးဖိနေရသဖြင့် ဦးသက်စံရှိရင်းစွဲ အသက် ၅၃ နှစ်ထက် ပိုမို၍ရင့်ရော်နေသည်။

အလိမ္မာရှိသော မေလှဲဝင်းက အနေအထိုင်အေးဆေးကာ မိမိပေးသမျှယူပြီး ထားသလိုနေသောကြောင့်သာ ဦးသက်စံ၏ ရန်ကုန်မိသားစုအကြောင်း ပဲခူးမှမရိပ်မိခြင်းပင် ဖြစ်သည်။

သို့ရာတွင် သမီးငယ်ရွှန်းလဲ့သက်ပိုင်ကို လျှော့တွက်၍မရပါ ရံဖန်ရံခါ သူ့အပေါ် ဘဝင်မကျသဖြင့် မေးမြန်းတတ်သည်။

"ဖေကြီးက ဘာဖြစ်လို့ တစ်ခါတစ်ခါ တစ်လ ၁-လလောက် အိမ်ပြန်မလာတာလဲ၊ ဒီမှာနေရင်လည်း တစ်လပဲ"

"မဟုတ်ဘူးလေ၊ ဖေကြီးက အလုပ်ကို ရန်ကုန်နဲ့ နယ်ခွဲထားတာ နယ်မှာတစ်လနေပေးရတယ်"

"ဖေကြီးနယ်က အလုပ်တွေဆို သမီးလိုက်ချင်တယ်"

"မလိုက်ပါနဲ့ သမီးရယ် သမီးနဲ့မအပ်စပ်ပါဘူး"

"ဘာမအပ်စပ်တာလဲဟင်"

"ဟိုကွယ် သမီးရယ်"

ဦးသက်စံ အဖြေရကြပ်နေသည်။

"ကောင်မလေး ဘာတွေလျှောက်မေးနေတာလဲ အဖေ





က မခေါ်သင့်လို့မခေါ်တာပေါ့ မရှည်နဲ့"

အမေဟောက်လိုက်မှ သမီးငယ် ဇက်ပုကာ သူ့အပါးမှ ပွစိပွစိလုပ်ကာ ထွက်ခွာသွားလေသည်။

"သူ့ကို ဖုံးထားရတာမလွယ်ပါလား မေရယ်"

"ဟုတ်တယ် ကိုကြီး မေလည်း စိတ်ပင်ပန်းလှတယ် ဒါပေမယ့် မေ့အတွက်စိတ်ချပါ ကိုကြီးပဲခူးအိမ်မှာရော ဖုံးဖိထားရတာ ကိုကြီး စိတ်ပင်ပန်းမှာပဲနော်"

သူ့အပေါ် ကိုယ်ချင်းစာ နားလည်ခံစားတတ်မှု မေလှဲဝင်း ပူပန်ပေးသည်။ ထို့ကြောင့်လည်း ဦးသက်စံစိတ်ဆင်းရဲမှုမှ ပြေပျောက်ရသည်။

တစ်ခါတစ်လေတော့လည်း သူ့ဘဝဖြစ်စဉ်ကို အသိုင်းအဝိုင်းအားလုံးကို ဖွင့်ချကာပြလိုက်ချင်သည်။ ဒါမှ စိတ်ဖိစီးမှုများ ပြေပျောက်သွားနိုင်သည်။ ဒီကြားထဲ စိတ်ဖိစီးမှုဒါဏ်များလျော့ပါးသွားစေရန်ဟုဆိုကာ ရန်ကုန်ရောက်တုံးရောက်ခိုက် တစ်ခါတစ်ရံ ဂေါက်ရိုက်ထွက်တက်သည်။ ထိုအခါ မေလှဲဝင်းက စိတ်ပူပန်ရလေသည်။

"ကိုကြီး ဒုတိယမေလှဲဝင်းဇာလေးများ တွေ့ခဲ့ရင်တော့ ချမ်းသာပေးလိုက်ပါနော် ကျွန်မလည်း ဒီထက်စိတ်ပင်ပန်း မခံနိုင်တော့ဘူး၊ ကိုကြီးလည်း တတိယမြောက် မိသားစုတာဝန်တစ်ခုကို ထပ်ယူရရင် ဒီထက်အိုစာသွားလိမ့်မယ်"

ရုပ်ရည်နုပျိုမှုကို တန်ဖိုးထားဂုဏ်ယူတတ်သော ဦးသက်စံ အရွယ်ထပ်ကျမည့်အလုပ်ကို မလုပ်ရဲတော့။ ဒီတစ်ခါတော့ မိန်းမစကားကို နားထောင်မှ ဖြစ်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ ကိုယ်လည်း စိတ်ဖိစီးမှုများပြီး ပင်ပန်းတဲ့အခါ စိတ်ဖြေရာရှာတာပါကွာ၊ ဒီအားကစားက တကယ်တော့ စိတ်တည်ငြိမ်မှုကို အထောက်အကူပြုတယ်ကွ ရိုက်ချက်များလေ ပိုပြီးသည်းခံနိုင်လေပဲကွ"

"အင်း. . . မိန်းကလေးတွေနဲ့ မပတ်သက်ရင်တော့ ကောင်းတာပေါ့"

"အင်း. . အဲဒီချို့ယွင်းချက်က ပြီးခဲ့ပါပြီကွာ ဒါတွေပြောမနေပါနဲ့တော့"

ဦးသက်စံ အတွေးဆဖြတ်တောက်ပြီး ကားကို ပေါ်တီကို အောက်ထိုးရပ်လိုက်သည်။ မေလှဲ့ဝင်းက ထွက်ကြိုသည်၊ သမီးငယ်ငယ် ဆယ့်ရှစ်နှစ်မြောက်မွေးနေ့ပွဲတွင် သမီးက သူငယ်ချင်း ဆယ့်သုံးလေးဦးခန့်ဖိတ်ပြီး ခြံဝန်းထဲတွင် Karaoke ဖြင့် ဆိုချင်ကြသည်ဆိုသဖြင့် ဦးသက်စံခြံဝန်းထဲတွင် အလုပ်သမား ငါးဦးခန့်ခေါ်ကာ ကိုယ်တိုင် စိတ်ရှည်လက်ရှည် ပြင်ဆင်ပေးနေသည်။

တီဗွီထားရန်နေရာ ဗွီစီဒီထားရန်နေရာတွင် ကွပ်ပျစ်နှစ်လုံးရှာကာ ခင်းပေးလိုက်သည်။ အပေါ်က ဂုန်နီကော်ဇော်အုပ်ပေးထားကာ State Show အသေးစား ဖန်တီးပေးလိုက်သည်။ ပြီးတော့ သူငယ်ချင်းတွေနှင့် ဝိုင်းဖွဲ့စားသောက်ဖို့ ထမင်းစား စားပွဲကုလားထိုင် ၂-စုံခန့် ချပေးထားလိုက်သည်။

မွေးနေ့ပွဲတွင် သမီးကို အလှဆုံးဖြစ်စေရန် မေလှဲ့ဝင်းက ဝတ်စုံတစ်စုံ လက်ဆောင်ကြိုပေးထားသည်။ သူကတော့ မွေးနေ့လက်ဆောင်အဖြစ် သမီးငယ်ကို Saloon ကားအသစ်





တစ်စီးလက်ဆောင်ပေးရန်ဖြစ်၍ ကားအသစ်အား ည ၇-နာရီတိတိတွင် အပေါ်၌ အုပ်ထားသော တာပေါ်လင်စအားခွာပေးပြီး လက်ဆောင်ပေးရန် စီစဉ်ထားလိုက်လေသည်။

သူငယ်ချင်းများအလယ်တွင် သမီးငယ်ဂုဏ်တင့်စေရန် သူရည်ရွယ်၍ ပြင်ဆင်နေခြင်း ဖြစ်သည်။

"အစ်ကိုကြီး နားပါဦး"

"အေးကွာ ဒီကောင်တွေလုပ်တာ စိတ်တိုင်းမကျလို့ ကိုယ်တိုင်ဝင်လုပ်တာ ချွေးပြန်နေပြီ သမီးရော ပြန်မရောက်သေးဘူးလား"

"မရောက်သေးဘူး သူငယ်ချင်းနှစ်ယောက်က နည်းနည်းဝေးပြီး ကားမရှိလို့တဲ့ သူကိုယ်တိုင်သွားခေါ်နေတယ်"

"သမီးကို ကားမမောင်းခိုင်းနဲ့ဦးနော်"

"ဒရိုင်ဘာဦးစောပါ ပါတယ် တကတည်းမှ ကားတော့ သက်ဆောင်ပေးဖို့ လုပ်ထားပြီး အဖြစ်သဲနေလိုက်တာ သမီးက ကျင်ကျင်လည်လည် မောင်းတတ်နေပါပြီ"

"အေး. . အေး. . ပြီးတာပဲ နောက်ဆိုရင် မပူမိအောင် စိတ်ကို ထိမ်းရမှာပဲ"

"ဟုတ်တယ် အဲဒါကောင်းတယ် ပူပန်တာတွေများလို့ ကိုကြီးခေါင်းက ၅၀%ဖြူနေပြီ"

"ဟုတ်လား. . . ဆံပင်မဖြူအောင် ငါးချေးခါးစားဦးမှပဲ"

"ဘယ်သူပြောလို့လဲ"

"မိတ်ဆွေတစ်ယောက်ပြောတာပါကွယ် ကျောက်ငါးကြင်းချေးခါးဆိုရင် ပိုစွမ်းတယ်ပြောတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ထားလိုက်ပါ ကိုကြီးရယ် အသက်ပဲ ၅၀ ကျော်နေပြီ ဉစ္စာ မှန်ကြည့်တိုင်း ဇရာကို မြင်ရမှ သံဝေဂရမှာ မဟုတ်လား"

"တော်ပါကွာ ဇရာကို ကိုယ်ခံစားလို့ မရသေးဘူး စိတ်ပိန်တယ်"

"ဆေးတွေလဲ သိပ်မဆိုးနဲ့ဦး ကြာတော့ ဆံပင်ဆေးဆွေးပြီး ခေါင်းတစ်ခုလုံး ပြောင်သွားလိမ့်မယ်"

ဇရာကို ကြောက်ပါသည်ဆိုမှ မေလှဲ့ဝင်းက ခြောက်လိုက်သည်။ ဦးသက်စံက ခေါင်းကိုကိုင်ကာ. . .

"အင်းကွာ ဘယ်လိုကာကွယ်ရမှန်းတောင် မသိတော့ဘူး"

ပြောပြောဆိုဆို ထသွားပြီး ခြံဝန်းမြက်ခင်းပြင်တွင် ခင်းထားသော ဆက်တီစားပွဲပေါ်မှ ဝီစကီပုလင်းအားယူ၍ ခွက်ထဲသို့ လေးပုံနှစ်ပုံခန့်ထည့်၍ ဆိုဒါရောလိုက်သည်။ ပြီးမှ ရေခဲတုံးနှစ်တုံးခန့် ညှပ်ထည့်ကာ ခွက်ကိုလှုပ်ကာ ကစားရင်း တစ်ကျိုက် မော့သောက်လိုက်သည်။

"အရက်ကလည်း ဆံပင်ဖြူတာကို အားပေးတယ်နော်"

နောက်မှ လိုက်လာသော မေလှဲ့ဝင်းက ဆက်ပြီး တိုက်ခိုက်လိုက်သည်။

"တော်ပါတော့ကွာ မင်းပြောသမျှရှောင်ရရင် ကိုယ့်အတွက် အပန်းဖြေစရာတစ်ခုမှ ရှိတော့မှာမဟုတ်တော့ဘူး"

"မိသားစု ၂ စုတောင်ရှိတာပဲ"

"မိသားစု"

ဦးသက်စံ သံယောင်လိုက်ရင်း တွေဝေသွားသည်။





ဟုတ်ပါသည်။ Family Life သည် အရွယ်ရလာသော လူကြီးများအတွက် အခိုက်အတန့်သာယာမှုကို ပေးစွမ်းနိုင်သည်ပင်။ သို့ရာတွင် ပုံမှန်ထက်လွန်ကဲသော Family Life နှစ်ခုအားပိုင်ဆိုင်ထားသော သူ့အတွက်မူကား ပို၍ အရွယ်ကျစေသော ဇီရဏမီးက ပိုမိုလောင်ကျွမ်းစေသည် မဟုတ်ပါလား။

ဦးသက်စံ သက်ပြင်းတစ်ချက်ချလိုက်ပြီး ဝီစကီတစ်ကျိုက် မော့လိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၇)

မွေးနေ့ပွဲအပြီးတွင် ရွှန်းလဲ့သက်ပိုင်က ဦးသက်စံကို အခွင့်အရေးတစ်ခု တောင်းဆိုလာသည်။

"မရဘူး ဖေကြီးကိုယ်တိုင်လိုက်ပို့ပေးရမှာပဲ"

ဗွတ်အတင်းမရမက တောင်းဆိုလိုက်သည်။

"မိသားစု တစ်ခါမှ အပျော်ခရီးမထွက်ဖူးဘူး၊ သွားရင်လည်း မေကြီးနဲ့ပဲ သွားနေရတာ ဒီတစ်ခါတော့ ဖေကြီးပို့ဖြစ်အောင်ပို့ရမယ်"





ရွှန်းလဲ့သက်ပိုင် မေကြီးကို စစ်ကူတောင်းသည့်အနေနှင့် လှမ်းကြည့်လိုက်သည်။ ရယ်နေသော မေကြီးက ဘာမှမပြောဘဲ ပြုံးပြီးကြည့်နေသည်။

"မေကြီးကလဲ ကူပြောလေ၊ မီးက ဖေကြီးလက်မောင်းကိုခိုပြီး ကျိုက်ထီးရိုးတောင်ကို တက်ချင်တာ မေကြီးက ညာဘက်၊ မီးက ဘယ်ဘက်ခိုမယ်လေ"

"သမီးရယ်"

မေကြီးက သူ့ကိုကြည့်ကာ မျက်ရည်လေးဝဲ့ပြီး သမီးရယ်ဟုဆိုပြန်သည်။ မေကြီးက ဒါပဲ မေကြီးကို သူတစ်ခုခု attack လုပ်ပြီး ပူဆာလျှင် အမြဲကာဆီးတတ်သည်။

သူမကျေနပ်လျှင် ခရီးစဉ်ကို ရအောင်ပူဆာမည်။ မရဘာဖြစ်လဲ။ ဖေကြီးကို ဆန္ဒပြကာ အိမ်မှဆင်းသွားမည်။ ပြီးလျှင် သူငယ်ချင်းအိမ် ၁-ရက်၊ ၂-ရက်နေလိုက်လျှင် ဖေကြီးသနားပြီး လိုက်ပို့မှာပဲဟု ယူဆလိုက်သည်။

သို့သော် ဖေကြီးက အိမ်တွင် တစ်ခါတစ်ရံမှနေသူ၊ သူစိတ်ကောက်လျှင် မေကြီးပဲ စိတ်ညစ်ရမှာ ဒါကိုတော့ သူမသိလား။

"ဟူး . . သမီးကလည်းကွာ ဖေကြီးလည်း လိုက်ပို့ချင်တာပေါ့"

"ဟေး . . ဒါမှ တို့ဖေကြီးကွ"

"ဒါပေမယ့်"

"အို . . မရဘူး မရဘူး ဒါပေမယ့်တွေ ဘာတွေမလုပ်နဲ့ လိုက်ပို့ချင်တယ်ဆို လိုက်ပို့ရမယ် မဟုတ်ဘူးလား မေကြီး"



www.burmeseclassic.com

www.burmeseclassic.com



မေကြီးကို စစ်ကူထပ်တောင်းလိုက်သည်။ မေကြီးက ပြုံးရုံသာပြုံးနေသည်။ သည်တစ်ခါတွင်တော့ ကာဆီးကာဆီး လုပ်လုပ်ကာ ဖေကြီးဘက်ကနေ မကူတော့သဖြင့် တော်သေး သည်။

ကူမပြောလျှင်နေ သူ့အား တစ်ချက်လှတ် အမိန့်နှင့် အဖေကို မပူဆာရဟု မတားလျှင်တော်ပြီ။

"ကောင်းပြီလေ ဖေကြီးတို့ တစ်ညအိပ်သွားတာပေ့ သမီးက ဘယ်နေ့သွားချင်သလဲ"

"မနက်ဖြန်"

" အင်း ကောင်းသားဘဲ မနက်စောစောထပြီး သွားကြ ရအောင် အချိန်မရရင်တော့ ရင်ပြင်တော်မှာဘဲ အိပ်လိုက်ကြ အောင် ဖေကြီးကျိုက်ထီးရိုးဟိုတယ်ကို လှမ်းဘွတ်ကင်လုပ်ထား လိုက်မယ်"

ဖေကြီးထံမှ ကတိကိုရလျှင်ရခြင်း ရွှန်းလဲ့သက်ပိုင် ပျော် သွားပြီး အိမ်ထဲတွင် လှည့်ပတ်မြူးတူးနေသည်။

"မီးရဲ့ ကားအသစ်လေးနဲ့ပဲ သွားကြမယ်နော်"

"မီးလည်း မောင်းမယ်"

"မေကြီးပျော်လားဟင်"

"အင်း. . . မီးမောင်းရင် ရန်ကုန်နယ်နမိတ်ထဲမှာဘဲ မောင်း အဝေးပြေးလမ်းပေါ်ကြရင် မမောင်းရဘူး အန္တရာယ်များ တယ်"

"ဟုတ်ကဲ့ ဖေဖေ"

သူထပ်ပြီး စောဒကမတက်တော့ ရတဲ့အခွင့်အရေးကို





င်ယူကာ အိပ်ခန်းဘက်ပြေးတက်ရင်း မနက်ဖြန်အတွက် ပြင် ဆင်နေလိုက်သည်။

ဖေကြီးနှင့်ခုလိုသွားလာခွင့် ရရှိခြင်းကိုကား လက် ဆောင်ရခြင်းထက်ပင် သူပို၍ ပျော်ရွှင်လေသည်။ ဖေကြီးက ခရီးသွားလာနေ၍ ခရီးသွားဖို့ဆို အကြောက်အကန် ငြင်းဆန် ဘာပဲဖြစ်မည်။

အလုပ်အကိုင်နဲ့ ခရီးသွားတာနှင့် မိသားစုနဲ့ ခရီးသွား တာဘာတူတာမှုတ်လို့. . .။

ဘာပဲဖြစ်ဖြစ် သူကတော့ အရမ်းပျော်ရွှင်ပြီး ပစ္စည်းတွေ ည့်အပြီး၌. . တယ်လီဖုန်းတစ်လုံးနှင့် သူငယ်ချင်းတွေကို ျောက်ကြွားပစ်လိုက်သည်။

"မိကြည်ပြာ ကျုပ်ဖေကြီးက ကျုပ်ကိုလေ ကျိုက်ထီးရိုး က်ပို့ပေးဦးမှာ သိလား"



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၈)

ကျိုက်ထီးရိုးဘုရားဖူး ခရီးစဉ်တစ်လျှောက်လုံး ရွှန်း
သက်ပိုင်အဖော်တွေနှင့် မွေ့လျော်ခဲ့သည်။ မိသားစု(၃)ဦး
ရှင်ခရီးထွက်ရခြင်းကို သူတောင့်တနေသည်မှာ ကြာလှပြီ
သော်လည်း (၁၈)နှစ်မြောက်မွေးနေ့တွင်မှ ရရှိခဲ့သည်။

သို့ရာတွင် ဖေကြီးကိုကြည့်ရသည်မှာ တစ်စုံတစ်
စိုးရိမ်ကြောင့်ကြနေပုံရသည်။ အထူးသဖြင့် ပဲခူးမြို့အဖြတ်
စိုးရိမ်ပူပန်စွာဖြင့် မြို့တွင်း၌ကားကို အမြန်မောင်းကာဖြတ်





သည်။ ကျိုက်ထီးရိုးကို ကားဖြင့်တက်ပြီး ပြန်အဆင်းတွင်
ခြေလျှင်ဆင်းရန် ပူဆာသော်လည်း ခွင့်မပြုခဲ့။

သထုံဘက်သို့ ဆက်သွားကာ အသက်-၉၀ နားနီးနေ
ဖြစ်သော မေကြီးအဘွားအား သွားကန်တော့ကြသည်။ အ
ဘွားသည် သီလရှင်ဝတ်နှင့် ဖြစ်နေပြီးဖြစ်သည်။

အသက်ကြီးရင့်နေပြီဖြစ်သော်လည်း သတိချွတ်ချော်
မရှိသော အဖွားက သူတို့မိသားစုအား တရားစကားများမှအပ
အပိုစကား မမြွက်ကြားတော့။

"ဒကာလေး မောင်သက်စံ အသက်အရွယ် ရလာပြီ
နော်"

"ဟုတ်ကဲ့ပါ အဘွား"

"အေး . . သေခြင်းတရားဟာ စက္ကန့်မလပ်ကိုယ်နဲ့ နီး
ကပ်နေပြီလို့ နှလုံးသွင်းထား အပျော်အပါးလျှော့"

"ဟုတ်ကဲ့ ကျွန်တော်ဆင်ခြင်ပါ့မယ်"

သီလရှင်များအတွက် လိုအပ်သည်များကို လှူဒါန်းကာ
နေ့က သထုံ မြသပိတ်တောင်ကို ညနေပိုင်းဖူးပြီး ညတွင်းချင်း
ရန် စီစဉ်သော်လည်း ညဘက်ကို စိတ်မချသော မေကြီးက
တွက်မှုကြောင့် သထုံရှိ အအေးခန်းဇည့်ရိပ်သာတစ်ခုတွင်
ည်းခိုဖြစ်သည်။

နောက်နေ့မနက်တွင် သထုံမြို့မှ ဝေလီဝေလင်းထ၍
ဆင်းနှင်လာခဲ့ရာ ဘီလင်း၊ ကျိုက်ထိုမြို့များကို အစဉ်အတိုင်း
ကျော်၍ သိမ်ဇရပ်အရောက်တွင် ရွှန်းလဲ့သက်ပိုင် အရှေ့
ဘယ်ပိုင်း ပြဿနာတစ်ရပ် ပေါ်ပေါက်လာခဲ့သဖြင့် ကား



www.burmeseclassic.com

www.burmeseclassic.com



ကလေးကို နီးစပ်ရာ ထမင်းဆိုင်တစ်ခု၌ ရပ်တန့်စေကာ မေကြီးကို အဖော်ပြု၍ ဆိုင်နောက်ဝင်ကာ အပိုပစ္စည်းများ ရှင်းလင်းဖြစ်ရသည်။

၁၅-မိနစ်ခန့် ကိုယ်လက်သုတ်သင်ပြီး ပြန်အထွက်တွင် ကားပေါ်မှမဆင်းဘဲ ထိုင်နေသော ဖေကြီးအား. . .

"ဖေကြီးဆင်းလေ အပေ့ါအပါးမသွားချင်ရင်လည်း အညောင်းအညာပြေ အညာပြေထွက်လျှောက်တာ မဟုတ်ဘူး"

"နေပါစေ သမီးရယ် ဖေကြီးမဆင်းချင်လို့၊ ကဲသမီးတို့ကိစ္စပြီးရင် သွားကြမယ်. . တက်"

ရွှန်းလဲ့ သူနှင့်မေကြီးကားထဲသို့ ဝင်အထိုင်တွင် စက်လှေဆိပ်မှ တက်လာသော ခပ်ချောချော အမျိုးသမီးတစ်ဦးက ဖေကြီးကို စူးစူးစိုက်စိုက်ကြည့်ရင်း ကားဘက်သို့ လျှောက်လာသည်ကို ရွှန်းလဲ့သက်ပိုင် သတိပြုမိလိုက်သည်။

ထိုအမျိုးသမီးကို ဖေကြီး ရုတ်တရက်မြင်သွားပုံရသည် ချက်ချင်း မျက်နှာပျက်သွားပြီး. . .

"ကိုစော ကားမြန်မြန်မောင်းစမ်း"

"ဟုတ်. . ဟုတ်ကဲ့ ဆရာကြီး"

ဖေကြီး ယခုကဲ့သို့ အမူအရာ ဆိုးဆိုးဝါးဝါး ပျက်သွားခြင်းကို သူတစ်ခါမှ မမြင်ဘူးချေ။

စိတ်ရှုပ်နေပုံရသော ဖေကြီးကို သူဘာမှမမေးဖြစ်ဘဲ ငြိမ်နေလိုက်ရသည်။ မေကြီးကတော့ ဘာမှမသိသလို ဘာမှ မဖြစ်သလိုပင် ဆိုင်မှဝယ်လာသော လိမ္မော်သီးများကို အခွံခွာကာ လိမ္မော်သီးတစ်စိတ်စီကို သူနှင့် ဖေကြီးအား တလှည့်စီ ခွံ





ကျွေးနေသည်။

လိမ္မော်သီးစားရင်း ရွှန်းလဲ့သက်ပိုင် စောစောက သိမ်ချပ်စက်လှေဆိပ်ဘက်မှ တက်လာသော အမျိုးသမီး၏ ရုပ်သွင်ကို ပြန်မြင်ယောင်နေသည်။ အသက်-၃၀ခန့်တော့ ရှိမည်။

ကိုယ်လုံးကိုယ်ပေါက် တောင့်တင်းကာ အရပ်မြင့်သည်။ ညည်လျားသော ဆံပင်နှင့် အနက်ရောင်ပိုးပျော့ထမီက လိုက်ဘက်လှသည်။ အတော်ကြည့်၍ကောင်းသော ထိုအမျိုးသမီးက ဖေကြီးကို သိပုံရသည်။ အံ့ဩသော မျက်လုံးများဖြင့် ကြည့်နေသည်။

စဉ်းစားရင်း ရွှန်းလဲ့သက်ပိုင် မွန်းကြပ်လာသည်။ တစ်စုံတစ်ခုသော အမှားအယွင်းတော့ ရှိနေပြီဟု စိတ်ထဲက အလိုလိုသိရှိခံစားနေရသယောင်ပင်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၉)

ဆီးလူးတောင်နှင့် မဒမချောင်းတစ်လျှောက် ကြ သောင်းဝါးထွက်ရှိရာဒေသများကို ဟံသာဟိန်းနှင့် သီဟနယ်မြေ ခံ လမ်းပြနှင့်အတူ ကွင်းဆင်းကြည့်ရှုခဲ့ရာ ကျေနပ်ဖွယ်ရာများ တွေ့ရှိခဲ့ကြသည်။ ဒေသခံလူထုအား ဝါးကို စံနစ်တကျအကျိုးရှိရှိ ထုတ်ယူ သုံးစွဲနိုင်ရေးပညာပေးနိုင်ပါက တွေ့ရှိခဲ့ရသော ဝါး တောကြီးများကို ထိန်းသိမ်းနိုင်မည် ဖြစ်သည်။

မမနှင့်တွေက သူ့အကြံပြုချက်များကို ရှင်းလင်းပြောပြ





ရမည်ဖြစ်သည်။ မမနဒီစံသည် ဤဒေသတဝိုက်၏ ဝါးဇကရီမ တစ်ဦး ဖြစ်နေသည်။

သို့အတွက်ကြောင့် တောတွင်းဝင်ရောက် ဝါးခုတ်ကြ မည့် လုပ်သားတို့သည် မမသြဇာကို လွန်ဆန်ပုံကြမည် မဟုတ် ပါ။ ညက သူတို့မဒမချောင်းဘေးရှိ စခန်းတစ်ခုတွင် အိပ်ကြ သည်။ ချောင်းထဲဆင်း၍ ရေငုတ်ကာ ရွှေကျင်ကြသူများနှင့် ဝါးခုတ်သူအချို့ကို တွေ့ရှိရသည်။

ချောင်းကမ်းပါးတစ်လျှောက် ရှောက်ခြံကြီးများတောက် လျှောက်ရှိနေသည်။ ကျွဲကောသီးပင်များကိုလည်း တွေ့ရသည်။ ဒေသအခေါ်အရ ဘိတ်ရှောက်သီးဟု ခေါ်ကြသည်။

ညအိပ်ခဲ့သည့် စခန်းမှ စာစောထ၍ ချောင်းရိုးတစ် လျှောက် မနက်ပိုင်းလျှောက်ကြည့်ပြီး သူတို့ အနောက်ဘက်စူးစူး သမ်းအတိုင်း စစ်တောင်းမြစ်ဘက် ပြန်ထွက်ခဲ့ကြသည်။

ကျောက်ပေါင်းချောင်းဟု ခေါ်သည့် အရပ်ဒေသတွင် ကြသောင်းဝါးအများအပြား ထပ်မံတွေ့ရှိရသည်။ ပေါက်ရောက် သည့် ခန့်မှန်းဝါးပင် အရေအတွက်နှင့် ဧရိယာတို့ မြေပုံအညွှန်း နှင့် အသေးစိတ်မှတ်သားကာ ပုံကြမ်းဆွဲယူခဲ့သည်။

ပထဝီဝင် အထူးပြုဖြင့် ဘွဲ့ရခဲ့သော သူ့ကို ဤနေရာသို့ စေလွှတ်သော Managing Director ၏ အမျှော်အမြင် ကြီး ားပုံကို ချီးကျူးမိသည်။

"လာတုန်းကလမ်းလည်း မဟုတ်ဘူးနဲ့တူတယ်"

"မဟုတ်ဘူးဆရာ ဒီလမ်းကနေ ဒုံဇရစ်ရွာကို ရောက် ယ်၊ အလွန်ဆုံး ၂ နာရီလောက်ပဲ လျှောက်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကွမ်းဆိပ်ဆိုရင်ကော"

"၅-နာရီလောက်ကြာသွားတယ် ဆရာ"

"ဒုံဇရပ်ရောက်ရင် ဘယ်လိုပြန်မလဲ"

"စက်လှေတွေရှိပါတယ်ဆရာ ဆရာတို့ ပင်ပန်းနေလို့ လျှောက်ရသက်သာအောင်ပါ"

"ကျေးဇူးပဲဗျာ"

အစားပုတ်သလောက် သက်လုံညံ့သော သီဟက လမ်းလျှောက်ရသည့် အချိန်နည်းသွားသည့်အတွက် ကျေနပ်သွားပုံရသည်။

"မင်းကတော့ တတ်နိုင်ရင် လမ်းမလျှောက်ရလေ . . ကောင်းလေမဟုတ်လား"

"မင်းကလည်းကွာ ငါက အလေ့အကျင့် ပြတ်သွားလို့ပါ၊ နို့မို့ဆိုရင် မင်း ၂-ဆလောက် လျှောက်ပြလိုက်ချင်တယ်"

"ယုံပါတယ်ကွာ၊ ဒါဆိုရင် မင်းတာဝန်ယူခဲ့ ဝါးပိုးသတ်စက်ရုံကို တောထဲမှာ ဆောက်ထားလိုက်မယ်လေ"

"ဒါဆိုရင် မင်းတို့ အရှုံးပေါ်သွားမှာဘဲ"

"ဘာဖြစ်လို့လဲ"

"Trans Port Charges တက်သွားလို့ပေါ့၊ လမ်းဖောက်ပြီး ကားနဲ့အသွားအလာ လုပ်ရမှာလေ၊ မင်း ပေါင်းခံပိုးသတ်ပြီး ရလာမဲ့ ဝါးချောင်းတွေကို လှည်းနဲ့ သယ်လို့ဘယ်ဖြစ်မလဲ"

"အေး . . ဒါတော့ ဟုတ်သားပဲ"

"ဒါပေါ့ကွာ . . သယ်မှုစရိတ် သက်သာတဲ့ နေရာမှာဘဲ အကောင်းဆုံးပါကွာ"





စကားပြောဆိုကြရင်း သူတို့အဖွဲ့ ဒုံဇရပ်ရွာအတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။ ရွာမြောက်ဖက်ထိပ်မှ ဝင်လာသော သူတို့သည် စက်လှေဆိပ်ရှိရာ ရွာလယ်ပိုင်းသို့ ရောက်လာခဲ့ကြသည်။ ၁၀-မိနစ်ခန့် လျှောက်သော်လည်း မရောက်သေး။

"မရောက်သေးဘူးလား"

"ရွာက ရွာတန်းရှည်လေ ရွာဟိုဘက်ထိပ် ဒီဘက်ထိပ် ၁-နာရီလောက် လျှောက်ရတယ်"

"အင်း . . ၃-မိုင်လောက်ရှိမှာပေါ့"

"ရှိမယ်ထင်တာပဲ ကျွန်တော်တို့ တောသားတွေကတော့ အကွာအဝေးတယ် မသိပါဘူးဗျာ"

စကားမဆုံးမီ ရွာလည်ပိုင်းရှိ စက်လှေဆိပ်သို့ ရောက်လာသည်။ ခေတ္တနားရင်း ရွာကမ်းနဖူးတွင် တည်ထားသော လက်ဖက်သုတ်ဆိုင်ကလေးတွင် လက်ဖက်သုတ်စားရင်း ကွမ်းဆိပ်ဘက်စုန်ဆင်းမည့် ခရီးသည်တင် စက်လှေကို စုံစမ်းကြသည်။

"နောက်ထပ် နာရီဝက်လောက်ကြာရင် ရောက်မှာပါ၊ ဦးတို့နောက်တပွဲလောက် ဝယ်စားပြီးရင် အဆင်ပြေသွားပြီ"

ခဏနှင့် လက်ဖက်သုတ်တစ်ပွဲကို ပြောင်စင်အောင် စားလိုက်သော သီဟကိုကြည့်ကာ စက်လှေလာချိန်ကို ဆိုင်ရှင် မိန်းကလေးက ခန့်မှန်းပြောလိုက်သည်။

"ဟိုကလာနေတဲ့ စက်လှေက ကွမ်းဆိပ်တက်သွားမှာ ဟုတ်ဘူးလား"

"မဟုတ်ဘူးရှင့် ဒါဒုံဇရပ်က စက်လှေပါ၊ တဖက်ကမ်း



www.burmeseclassic.com

www.burmeseclassic.com



ထင်းကုန်းမှာ ခရီးသည်ချပြီးရင် ဒီဘက်မှာ ခရီးဆုံးပြီ"

"ဪ. . ဒါဖြင့် စောင့်ရဦးမှာပေါ့"

သိပ်မမေးရဘဲ အပြည့်အစုံ ဖြေကြားပေးထားသော လက်ဖက်သုတ်ဆိုင် မိန်းကလေးအား ကျေးဇူးတစ်ခွန်းဖြင့်နောက်ထပ် ဂျင်းသုတ်တစ်ပွဲမှာစားရင်း စက်လှေစောင့်နေလိုက်သည်။

မိန်းကလေးခန့်မှန်းသည်ထက် ၁၅-မိနစ်ခန့်နောက်ကျပြီးမှ ကွမ်းဆိပ်စက်လှေ ရောက်လာသည်။ စက်လှေက ဆိပ်ကမ်းတွင် ၁၅-မိနစ်ခန့်ကပ်သည် ခရီးသည်များ အကုန်အစင်နီးပါးဆင်းသွားကြသည်။ လှေပေါ်တွင် ခရီးသည်(၃)ဦးခန့်သာ ကျန်တော့သည်။

အသစ်တက်လာသော ခရီးသည်ဖြစ်သည့် သူတို့(၃)ဦးနှင့် အဒေါ်ကြီးတစ်ဦးကိုတင်ကာ စက်လှေသည် ဒုံဇရစ်ဆိပ်ကမ်းမှ ခွာလာခဲ့သည်။ ကွေ့ကောက်လှသော စစ်တောင်းမြစ်တစ်လျှောက် စက်လှေသည် စွမ်းအားရှိသမျှမောင်းရင်း တောင်စွယ်နေကွယ်လုအချိန်တွင် ကွမ်းဆိပ်ရွာအား ပျပျကလေး လှမ်းမြင်ရသည်။

"ဒုံဇရစ်နဲ့ ကွမ်းဆိပ် ဘယ်လောက်ဝေးသလဲဗျ"

လမ်းပြဦးညိုကြီးက သူ့အမေးကို ခေါင်းကုတ်ရင်း ဖြေလိုက်သည်။

"အင်း. . လမ်းလျှောက်ရင်တော့ ၂-နာရီခွဲ အလွန်ဆုံးပဲ၊ စက်လှေနဲ့တော့ ၄-နာရီကျော်ကြာတယ် ဆရာ"

၆-မိုင်ခန့်သာကွာဝေးသော ခရီးဖြစ်သည်။ ကားနှင့်ဆိုလျှင် ၁၀-မိနစ်ကျော်ကျော်နှင့် ရောက်နိုင်သည်။ စက်လှေက

☺ အောင်မြင်စာပေ ☺



ဆိပ်ကမ်းများတွင် ဟိုဝင်ဒီထွက်လုပ်သည်က ပါသေးသည်။

နေဝင်လုအချိန်တွင် ကွမ်းဆိပ်ရွာဆိပ်ကမ်းသို့ ရောက်လာသည်။ ဆိပ်ကမ်းတွင် ဝါးများစုပုံ၍ထားသည်။

"ဒီဝါးတွေ ဘယ်ပို့မှာလဲဗျာ"

"စစ်တောင်း စက္ကူစက်ကိုပါ၊ ဒီမှာတော့ စက္ကူစက်ဝါးလို့ ခေါ်တယ်၊ သူတို့က ဝါးအသေးတွေ ယူတယ်လေ၊ နှစ်နှစ်သားဝါးလောက်ဆိုရင် လက်ခံတယ်"

"တစ်လုံးကို ဘယ်လောက်ရသလဲ"

"၂-ကျပ်လောက်တော့ ရှိမလားဘဲ၊ ကျွန်တော်တော့ သေသေချာချာ မသိပါဘူး ဆရာ"

"ဒီမှာတော့ ဝါးတွေကို မဒမဝါးလိမိတက်ကပဲ အကုန်ယူတာဘဲလား"

"ဟုတ်တယ်ဆရာ မစံတို့ဘဲယူတယ်၊ သူတို့က ဝါးခုတ်သားကို ကိုယ်ချင်းစာစိတ်နဲ့ အမြဲဆက်ဆံတယ်လေ၊ မေတ္တာရောင်ပြန်ပေါ့၊ သူတို့ကလွဲပြီး ခုတ်သားတွေက ဘယ်ကုန်သည်ကိုမှ မသွင်းကြဘူး"

ကြားရသည့် သတင်းစကားကြောင့် ဟံသာဟိန်း ကျေနပ်သွားသည်။ သူ့ကုမ္ပဏီအကျိုးစီးပွားထက် မမ၏ ကောင်းသော ဂုဏ်သတင်းကို ကြားသိလိုက်ရခြင်းအတွက် ဖြစ် သည်။

မည်သူမဆို မိမိချင်ခင်နှစ်သက်သူ၏ ကောင်းသတင်းကိုသာ ကြားချင်မြဲ ဓမ္မတာပင် မဟုတ်ပါလား။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၀)

စက်လှေက ကမ်းနဖူးသို့ ထိုးကပ်လိုက်သည်။ ဟံသာဟိန်းနှင့် သီဟဦးစွာပင် ခုန်ဆင်းလိုက်သည်။

"မင်းတို့စက်လှေနဲ့ ပြန်လာကြတာလား"

အမှတ်မထင် လှေဆိပ်တဲအတွင်းမှ နှုတ်ဆက်လိုက်သော အသံကြောင့် ဟံသာဟိန်းတို့ အံ့သြသွားသည်။ သူ့မမ နဒီစံ အံ့သြဝမ်းသာစွာဖြင့်. . .

"ဟင်. . . မမ လှေဆိပ်ရောက်နေတယ်"





"ဟုတ်တယ် ဝါးပုံတွေလိုက်စစ်ရင်းနဲ့ ရောက်နေတာ၊ ဒီမှာက ကိုယ်လက်ခံထားပြီး အမှတ်အသားမလုပ်ဘဲ ထားခဲ့ရင် ပျောက်တတ်တယ်လေ"

"ဟုတ်လား. . ဝါးကိုခိုးပြီး အိမ်ခြံတွေကာတယ်ထင်တယ်"

"ဘယ်က ဟုတ်ရမှာလဲ မမတို့ဝါးကိုခိုးပြီးရင် မမတို့ဆီပဲ ပြန်ရောင်းတာလေ"

"အား. . ထူးတာဘဲ"

"ဟုတ်တယ် တော်တော်ဆိုးတဲ့လူတွေပဲ"

သူနှင့်သီဟက မှတ်ချက်ပြုလိုက်သည်။ မမက. . .

"ဘယ်တတ်နိုင်မလဲကွယ် လောဘသားဆိုတော့လည်း တစ်ကျပ်တစ်ပြားကအစ မသမာစိတ်နဲ့ လုပ်ချင်ကြတယ်၊ အတတ်နိုင်ဆုံးကတော့ မလေလွင့်ရအောင် နည်းပေါင်းစုံနဲ့ တားမြစ်ရတာပဲ"

"ကျွန်တော်တို့ ဝါးတွေကိုတော့ ဝင်းခတ်ပြီးထားမှာဆိုတော့ ဒီအန္တရာယ်က လွတ်မယ်ထင်တယ်"

"သိပ်ခက်ခဲတဲ့ အလုပ်ဆိုရင်တော့ ဒီကလူတွေက လုပ်ပါဘူး၊ အခုဟာက လွယ်လွယ်ကူကူနဲ့ ခိုးလို့ရနေတာကိုး၊ ဒါထက် ငါ့မောင်တို့အလုပ်ကရော မြတ်စွန်းဖို့အခြေအနေ ရှိရဲ့လား"

"ဈေးကွက်ရှိနေတော့ မြတ်မယ်ထင်တာပဲ"

"ရှုံးရင်ကော"

"မရှုံးနိုင်ပါဘူး စက်တွေက ဝယ်မဲ့ဈေးကွက်ကနေ၂



www.burmeseclassic.com

www.burmeseclassic.com



နှစ်စာချုပ်နဲ့ ငွေတစ်ဝက်ပဲချေပြီး ယူလာတာ တကယ်လို့ သူတို့ မဝယ်တော့ဘူးဆိုရင် ကျန်တဲ့စက်တန်ဖိုးကို မပေးရဘဲပေါ့"

"အလဲ့ တယ်ပိုင်ပါလား၊ မမရော ရှယ်ယာတစ်စုဝင်လို့ ရမလား"

"ကျွန်တော် MD ကို တင်ပြကြည့်မယ်လေ၊ မမအခု ဝင်တော့ ပိုကောင်းတာပေါ့ ကုန်ကြမ်းဈေးကွက်အတွက် မပူရဘူး"

"မလုပ်ပါနဲ့ကွယ် မမက ကိုယ့်အလုပ်ကို ကိုယ်တိုင်ဘဲ ဦးစီးချင်တယ်၊ အုပ်ချုပ်မှု မခံချင်ဘူး၊ မင်းတို့ဆီမှာ ရှယ်ယာဝင်ပြီး အလုပ်လုပ်ရင် မမရဲ့ မဒမလီမိတက်က မင်းတို့ကုမ္ပဏီရဲ့ Branch တစ်ခု ဖြစ်သွားလိမ့်မယ်"

"မမရဲ့ စိတ်ဓာတ်ကို ကျွန်တော်သိပါတယ်ဗျာ"

"ကိုင်း. . မင်းတို့ရဲ့ တောတွင်းတွေရှိချက်တွေက ဘယ်လိုလဲ လိုချင်သလောက်ပြည့်ဝမှု ရှိနိုင်ပါ့မလား"

"အတိုင်းထက် အလွန်ပါပဲ မမရယ် ကျွန်တော် သိပ်သဘောကျတယ်၊ မြန်မာပြည်မှာ ဒီလောက်ကောင်းတဲ့ ဝါးတော မတွေ့နိုင်တော့ဘူး"

"ကိုပို"

မမက ချစ်စဖွယ်မျက်စောင်းထိုးကာ သူ့ကိုရင်ခုန်စေခဲ့သည်။ သူ့နှလုံးသားတံခါးအား ဒုတိယပိခေါက်ကာ နိုးထစေသည်လားဟု သူမဝေခွဲနိုင်။ ကြည်နူးမိသည်ကတော့ အမှန်ပင်။

စကားပြောရင်း လမ်းလျှောက်လာရာ အိမ်ဝန်းထဲသို့ ရောက်မှန်းမသိ ရောက်လာကြသည်။





"ရေမိုးချိုး အဝတ်အစား လဲကြဦးကွာ မမ မင်းတို့နှစ်ယောက်စားဖို့ ထမင်းပြင်ခိုင်းလိုက်မယ်"

"ရပါတယ် မမ ကျွန်တော်တို့ နှစ်ယောက်အပြင်မှာဘဲ စားမယ်"

"ဘာလဲ မင်းတို့က တစိမ်းဆန်တာလား မရဘူး"

"မဟုတ်ဘူး မမ ဒီကောင်"

ဟံသာဟိန်းက သီဟကို ရမယ်ရှာလိုက်သည်။

"ဘာဖြစ်လို့လဲ"

"ဟိုလေ မမ သူက နည်းနည်းပင်ပန်းလာလို့ အဲ့ဒါ အပြင်မှာပဲစားမလို့"

ဟံသာဟိန်းအားနာသဖြင့် ပြောမထွက်. . .

"ဟင်း. . ဟင်း. . ပင်ပန်းလာတာနဲ့ အပြင်မှာစားတာနဲ့ ဘာဆိုင်လဲ မရဘူး အိမ်မှာပဲစား"

ပြောပြောဆိုဆို နဒီစံအိမ်ပေါ် တက်သွားသည်။ ဟံသာဟိန်းက သီဟဘက်လှည့်ရင်း. . .

"ဘယ်လိုမှ လျှောက်လဲချက်တင်လို့ မရဘူးမောင်"

"အေးကွာ ဘယ်တတ်နိုင်မလဲ"

သီဟက လက်မှိုင်ချကာ သဘက်ခြုံ၍ အိမ်ရှေ့ရေတံကင်သို့သွားကာ ရေချိုးရန်ပြင်ဆင်လိုက်သည်။

ခေတ်မီကျေးရွာတစ်ရွာဖြစ်၍ အိမ်တိုင်းလို လက်နှိပ်ရေတံကင်များ ရှိကြသည်။ မမတို့၏ အိမ်ကရေစုပ်စက်နှင့် အဝီစိတွင်းတတ်ဆင်ကာ ရေချိုးခန်းထားသော်လည်း သီဟက တံကင်နှိပ်ပြီး ရေချိုးရသည်ကို သဘောကျသည့်အတွက် သူတို့နှစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



အပြင်ရေတိုင်ကီမှာပင် ရေချိုးဖြစ်ကြသည်။

"ကိုင်း . . ကိုယ်တော်တို့ ဇိမ်လုပ်ပြီး ရေချိုးမနေကြနဲ့ အအေးမိမယ်၊ ဒီမှာထမင်းစားဘို့ အဆင်သင့်ဖြစ်နေပြီ ဆောင်တွင်းဆိုတာလဲ သတိထားကြဦး"

မမက အိမ်ပေါ်ထပ်မှနေ၍ သတိပေးအမိန့်ထုတ်ပြန်နေသည်။

"ဟုတ်ကဲ့ပါ မမ ပြီးတော့မှာပါ"

နဂိုရှိရင်းစွဲ ရှိသေစိတ်ဖြင့် ဟံသာဟိန်း ဟုတ်ကဲ့လိုက်သော်လည်း သီဟက . . .

"မင်းမတော်လိုက်ရတဲ့ မဟေသီကြီးက ရေရေလည်လည် ဆရာလုပ်တယ် မင်းအရင်ထဲက မရလိုက်တာ အတော်ကံကောင်းတာယ်၊ ရခဲ့ရင် ခုဆို မင်းထိပ်ပြောင်နေလောက်ပြီ"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ကွ မင်းကို ဒီလောက်ဩဇာပေးနေတာနေရင် ဒီထက်လျှော့မှာမဟုတ်ဘူး၊ ဒါကြောင့် ညတိုင်း နှင်းပေးနေရလို့ အိမ်ထောင်သက်ငါးနှစ်ဆိုတော့ တစ်နှစ်မှာ ရက်ပေါင်း သုံးရာခြောက်ဆယ့်ငါးရက်ဆိုရင် တစ်ထောင့်ရှစ်ရာနှစ်ဆယ့်ငါးရက် ဒီတော့ မင်းဆံပင်တစ်ချောင်းနှုန်းနဲ့တွက်ရင် မကျန်တော့ဘူး မောင် မကျန်တော့ဘူး"

သီဟက ရယ်စရာအရွှန်းဖောက်၍ပြောသည်။

"မင်းကလဲကွာ ငါ့မမကို မှိုချိုးမျှစ်ချိုး သူ့အိမ်မှာလည်း ထမင်းစားသေးတယ်"

"သူက အတင်းကျွေးလို့ပါကွာ ငါ့အာသီသ မင်းသိ





သားနဲ့"

"ထားပါကွာ မြန်မြန်လုပ် မမစောင့်နေရမှာ အားနာရော"

သီဟက အသံတိတ်ဆဲရင်း ထောပနာပြုကာ စပို့ရှပ်ကို ...ပ်ရင်း သူနောက်ကလိုက်လာခဲ့သည်။ မီးစက်မောင်းထားသဖြင့် အိမ်ခြံဝန်းထဲ ထိန်ထိန်လင်းနေသည်။ စားပွဲပေါ်တွင် ပြင်ဆင်ထားသော ဟင်းပွဲက စုံလင်လှသည်။

သို့ရာတွင် ထမင်းပန်းကန်များချထားခြင်းမရှိ။ ဆတ်သားခြောက်နှင့် သီဟိုဠ်စေ့ကြော်နှစ်ပွဲအား အပြင်တွင်ထုတ်ပြီး ကျန်ဟင်းများကို အုပ်လိုက်သည်။

ဟံသာဟိန်းနှင့် သီဟနားမလည်စွာ နဒီစံကိုမော့ကြည့်လိုက်မိသည်။

"မောင်သီဟ အပြင်မှာသွားစားချင်တာ ဒါကြောင့်ဟုတ်လား"

ကြောင်အိမ်ထဲမှ Whisky ဝီစကီပုလင်းကို ထုတ်ပြပြီး မေးလိုက်သည်။

"ဟဲ . . ဟဲ . . မမကလဲ"

"ဘာလဲ မသောက်ချင်တော့ဘူးလား"

"အတိုင်းထက် အလွန်ပါဘဲ မမရယ်"

ဟံသာဟိန်း အံ့ဩသွားသည်။ သူတို့အပေါ်တွင် မမ လိုက်လျောလွန်းလှသည်။

"ကိုင်း As you like ဘဲ ငါ့မောင်တို့"

Red Label ပုလင်းကို စားပွဲပေါ်ထပ်ချပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှပါလာသော မိန်းမငယ်တစ်ဦးက ရေခဲဆိုဒါ ပုလင်း ဖန်ခွက်သယ်လာသော ဗန်းကိုကိုင်ရင်း ချပေးလိုက်သည်။

"မမတို့တောမှာ ရေခဲစိမ်ဆို ဒါတော့မရနိုင်ဘူး၊ လျှ စစ်မီးမရှိတော့ ရေခဲသေတ္တာသုံးဖို့မလွယ်ကူဘူးလေ၊ ဒါကြော ရေခဲပဲထည့်ပြီးသောက်ပေါ့"

"ရေခဲကရော ဘယ်ကရလဲ မမ"

"သိမ်ဇရပ်ဘက်သွားတဲ့ စက်လှေကို ရွာဈေးက အအေ ဆိုင်တွေမှာ အကြီးသုံးတယ်လေ သူတို့ကတဆင့် ပြန်ဝယ်တ ပေါ့"

"မမမှာ မီးစက်ရှိသားဘဲ ရေခဲသေတ္တာသုံးလို့ရပါတယ်"

"မီးစက်က ရေခဲသေတ္တာမနိုင်ဘူးကွဲ၊ တီဗွီနဲ့ အော စက်လောက်ပဲ ရတယ်"

"ဪ"

"ဒါပေမယ့် မင်းတို့စက်ရုံတည်ဖြစ်ရင်တော့ ထား ရပြီထင်ပါတယ်"

"ဟာ. . ဟုတ်တာပေါ့ မမ"

နဒီစံက ခပ်ထေ့ထေ့ပြုံးလိုက်ရင်း

"မမလည်း တောတောင်ထဲမှာ စီးပွားလာရှာတော့ ဝိ လွတ်ကိုယ်လွတ် မရှိဘူး၊ ငါ့မောင်တို့ လူကြီးလူကောင်း ပီသ ကိုယ်လစ်မစ်နဲ့ ကိုယ်သောက်ပေါ့ မမကို အားမနာပါနဲ့"

မမက ခွင့်ပေးသလိုနှင့် စည်းကမ်းချက်ကို မသိမသ ထုတ်လိုက်သည်။ လူကြီးလူကောင်းပီသစွာတဲ့. . .။

ထိုနေ့ညက လူကြီးလူကောင်းပီသစွာပင် သူတို့နှ





hisky တပိုင်းသာ သောက်လိုက်ကြသည်။ စားပြီး မမဖွင့် းသော ကာရာအိုကေကို တစ်ယောက်တစ်လဲဆီ မိုက်ကရိုဖုန်း င်လုရင်း ဆိုပြစ်ကြသည်။

မမ၏မောင် ဝဏ္ဏစံက ညဥ့်အတန်နက်မှ ပြန်လာ ည်။ သူတို့နှစ်ဦးအား တာဝန်ကျေစွာ ဧည့်ခံနိုင်သည့်အတွက် င်းလွတ်ပါရန် တောင်းပန်ပြီး အိပ်ယာဝင်သွားခဲ့သည်။

အစ်မအပျိုတစ်ယောက်အတွက် အတော်အားကို အား းပြုထိုက်သော မောင်တစ်ဦးပါလားဟု ဟံသာဟိန်း မှတ် ာ်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၁)

အလုပ်ကိစ္စကို နောက်နေ့မှ သေချာစွာပြောဖြစ်ကြ
သည်။

"ဒီတော့ မမတို့ဘက်က ကြသောင်းဝါးကို ငါ့မော
တို့လိုချင်တဲ့ ဝါးတစ်လနှစ်သိန်းစုပေးရမယ်ပေါ့"

"တစ်လနှစ်သိန်းဆိုတာတော့ အရေအတွက်ကို ပြော
တာနော်မမ၊ တစ်လပြည့်မှ နှစ်သိန်းဆိုရင် ဘာမှလုပ်လို့ရ
မဟုတ်ဘူး၊ ကျွန်တော့်စက်ရုံက တစ်ရက်ကို ဝါးအလုံးရှစ်ဆ





ထောင်လောက်ခွဲစိတ်ပြီး ဝါးထဲက အချိုရည်ထုတ်ပေါင်းတင်
နိုင်တယ်၊ ဒီတော့ မမတို့ဘက်က စက်ရုံစလည်တဲ့ရက်မှာကို
သုံးရက်စာ ဝါးနှစ်သောင်းလေးထောင်လောက် ပုံပေးရမယ်"

"ကောင်းပြီလေ. . . ဒါက ဖြစ်ပါတယ်"

"ဝါးဈေးပြောဦးလေ"

"တစ်လုံးကို (x x x) ယူမယ်"

"မများဘူးလား"

"များတယ်လို့ မဆိုပါနဲ့ မင်းတို့ယူမှာက ဝါးအရင့်ပိုင်း
လေ၊ အဖျားပိုင်းမဟုတ်ဘူး၊ ခုတ်သားတွေက အဖျားပိုင်းလွှယ်
သွယ်ကူကူ ခုတ်ချင်ကြတယ်၊ နောက်ပြီး သုံးနှစ်ဝါးဆိုတော့ ဝါးရုံ
အတွင်းမှာဘဲ ရှိနေတာများတယ်၊ အတော်လက်ဝင်မယ့် အလုပ်
ပဲဟာ"

"ကောင်းပြီလေ ဒြော် နောက်တစ်ခု မမကို မှာထားရ
ဦးမယ် ဝါးကို လိုချင်တဲ့ (Quaility )အရည်အသွေး မမှီရင် ပယ်
မှာနော်"

"ပယ်ပါရှင် ပယ်ပါ"

"နောက်ပြီး ဝါးခုတ်သားတွေ ဝါးရုံခုတ်တဲ့နေရာမှာ
သည်းကမ်းနဲ့ခုတ်ဖို့ မှာပေးပါ၊ တစ်နှစ်သား နှစ်နှစ်သားဝါးတွေကို
ချန်ထားပြီးခုတ်ရင် နောက်နှစ်မှာ နှစ်နှစ်သားက သုံးနှစ်သားဖြစ်
လာမယ်၊ တစ်နှစ်သားက နှစ်နှစ်သား၊ အသစ်ပေါက်တဲ့ဝါးက
တစ်နှစ်သားဖြစ်ရော၊ ဒါဆိုရင် မမတို့ခုတ်သားတွေလည်း ဒီဝါးရုံ
တစ်သက်လုံးစားလို့ရမယ်၊ သစ်တောဖြုန်းတီးမှုကိုလည်း ကာ
ကွယ်ရာ ရောက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျန်တဲ့ဝါးသမားတွေ လာခုတ်ရင်ကောကွာ"

"မပူပါနဲ့ မမကျွန်တော်တို့က နိုင်ငံတော်အစိုးရဆီက တရားဝင်ဝါးကွက်တောင်းပြီး လုပ်မှာပါ ကြိုးဝိုင်းသတ်မှတ်ပြီး သစ်တောဥပဒေနဲ့ အရေးယူပေးမှာပါ"

"အင်း. . ဒါဆိုရင်တော့ ကောင်းတာပေါ့ကွယ်"

"သဘောတူညီချက်ရရင် ကျွန်တော်တို့ပြန်မယ် မမ"

"မြန်လှချည်လား တစ်ရက်လောက် မနားတော့ဘူးလား"

"မနားတော့ပါဘူး မမ၊ အခု ကျွန်တော်တို့ရဲ့ ဝါးပါကေး လုပ်စက်က ၂-နှစ်စာချုပ်နဲ့ လုပ်ထားတော့ အချိန်ဆွဲနေလို့ မ ဖြစ်ဘူး၊ ရတဲ့အခြေအနေဖြစ်အောင် လုပ်ရမှာပဲ"

"မမတို့စက်လှေနဲ့ မင်းတို့ကို လိုက်ပို့ပေးမယ် ခဏစောင့်"

"နေပါစေ မမရယ် ကျွန်တော်တို့ ပါစင်ဂျာနဲ့ပဲသွားပါ့မယ်"

"အပိုမလုပ်စမ်းနဲ့ကွယ်၊ မမလည်း စစ်တောင်းစက္ကူစက်ကို ဝါးကိစ္စနဲ့ သွားစရာရှိတယ်"

"ဒါဆိုရင်တော့ မမသဘောပါပဲဗျာ"

မမလိုက်မည်ဆို၍ ဟံသာဟိန်းအတိုင်းထက်အလွန် ကြည်နူးသွားသည်။ မိမိအနေဖြင့် ရင်ဖွင့်စရာ စကားများစွာရှိ သော်လည်း အလုပ်ကိစ္စအရေးကြီးနေသဖြင့်တစ်ကြောင်း၊ သီဟ ကပ်လျက်ပါနေသည်က တစ်ကြောင်းကြောင့်မို့ ဘာမှထပ်၍ မမထံ ဒုတိယချစ်ခွင့်မပန်ခဲ့ရသေးပေ။ သီဟအနေနှင့်ကလည်း





ချောင်ပေးစရာ နေရာစိမ်းမို့ ဘယ်သွား ဘယ်လာရမှန်း မသိ။ အချိန်ကလည်း မလုံလောက်။ ထို့ကြောင့် မျက်လုံးများ နှင့်သာ မမအပေါ် ရှိနေသေးသည့် သဘောထားမပြောင်းလွဲကြောင်းကို ဟံသာဟိန်း ဖွင့်ဟခဲ့သည်။

မမမျက်လုံးနှစ်စုံတွင် ထင်ဟပ်လာသော အရိပ်ကလည်း သူ့အပေါ် တွင် ယခင်ကလိုမဟုတ်။ ခံစား၍ရနေပြီဖြစ်ကြောင်း ဖေါ်ပြနေသယောင်ယောင်။

ယခုတော့လည်း ဟုတ်သည်။ မိန်းမသားတစ်ယောက်အဖို့ မိမိဘဝကို ပုံအပ်ရမည့် အားကိုးအားထား အိမ်ထောင်ဦးစီးယောကျ်ားကို ချစ်တာတစ်ခုတည်းနှင့် ဆုံးဖြတ်၍မရနိုင်ပေ။ ဒီအတွက် ဟိုတုန်းက မမသူ့ကိုငြင်းခဲ့တာကို ယခုသူရင့်ကျက်သည့် အရွယ်အရောက်တွင် နားလည်နိုင်သလို ရှိခဲ့ပေပြီ။

ယခုအချိန်အထိ မမသည် အပျိုလူလွတ်ဘဝတွင်ပင် ရှိနေသေးသည်။ အဘယ်အတွက်ကြောင့်နည်း ။ သူအဖြေရှာရပေတော့မည်။ အဖြေတစ်ခုကို သူမှန်းဆ၍ရနိုင်သည်။

မမသူ့ကို မေ့မရသေးသည်မှာကတော့ သေချာသည်။ အဘယ်ကြောင့်ဆိုသော် (၅)နှစ်ကြာကွဲကွာနေသော သူစိမ်းယောကျ်ားလေးတစ်ဦးကို ချက်ချင်းမှတ်မိနေခြင်း။ နာမည်ကြားသည်နှင့် သူပဲဖြစ်လိမ့်မည်ဟု မမကတွက်တာ မျှော်လင့်စောင့်စားနေခြင်း။ စသည်အချက်များသည် ဟံသာဟိန်း၏ မျှော်လင့်ချက် ကြီးစွာသော အဖြေအတွက် အထောက်အကူ ပြုနေသည်ဟု လိုရာဆွဲတွေးကာ အတွေးစိတ်ဘဝင်၌ အကြီးအကျယ် ကျေနပ်ရင်း ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြုံးတာလဲကွ"

"ဟာကွာ. . မင်းကလဲ ပြုံးစရာရှိလို့ ပြုံးတာပေါ့ကွာ"

"ဟား. . ဟား. . ဟား"

"သွားပြီ. . ဒီကောင်ကုမရတော့ဘူး"

သီဟ စိတ်ရှုပ်ထွေးစွာမှတ်ချက်ချရင်း ခေါင်းကုတ်နေသည်။ ကုတ်ခါစ သူ့အနေနှင့် မိမိစိတ်ကိုမှ ထိုးဖောက်မြင်နိုင်စွမ်းမှမရှိတာ။ ပြောပါစေဟု စိတ်ထဲမှ ခွင့်လွှတ်ရင်း ဟံသာဟိန်း ဒုတိယပွဲ ပြုံးလိုက်ပြန်သည်။

"သေချာပါပြီ ရယ်လိုက်၊ ပြုံးလိုက်နဲ့ ငါ့ကောင်ကြီး တောထဲမှာ အနေအထိုင်မှားသွားလို့ အစောင့်ကိုင်လိုက်ပြီ ထင်တယ်၊ သမာဒေဝနတ်ကောင်း၊ နတ်မြတ်များခင်ဗျား အမိုက်အမဲကလေးကို ဗွေမယူပါနဲ့ခင်ဗျား"

သီဟက လက်အုပ်ချီရင်း တိုင်တည်နေသည်ကိုကြည့်ရင်း ဟံသာဟိန်းက. . .

"ပေါ့ပါကွာ မင်းကလည်း ငါ့အတွေးနဲ့ငါဖီလင်ဝင်နေတာကို မင်းလုပ်တာနဲ့ ပျက်သွားပြီ"

"သိသားဘဲ ငါက တမင်လုပ်တာ"

"မင်းပြန်ဖို့ အဆင်သင့်ဖြစ်ပြီလား"

"ရယ်ဒီပဲ"

"အေး. . ဒါဖြင့် ခြံဝန်းထဲဆင်းစောင့်နေရအောင်ကွာ တော်ကြာ မမက တို့ကိုပြန်စောင့်နေရင် မကောင်းဘူး"

"သဘောပါဗျာ သဘောတကတည်းမှ ခုကတည်းက"

"ဟိတ်. . ဘာပြောနေကြတာလဲ"





ပြောရင်း မမန်ဒီစံအိမ်ပေါ်မှ ဆင်းလာသဖြင့် သီဟ ပါးစပ်ပိတ်ရင်း. . .

"ကျွန်တော် မဟုတ်ဘူး. . သူ. . သူ"

"သူက ဘာပြောလို့လဲ"

"ဩော်. . မမက အရင်အတိုင်းလှတုန်းပဲလို့ ပြောနေတာ ဟုတ်တယ်မှုတ်လား တော့ကောင်"

သီဟ ကမန်းကတန်းဖြေရင်း သူ့ကို စစ်ကူတောင်းလိုက်သည်။ အကွက်ဝင်သွားသဖြင့် ဟံသာဟိန်းက ပိုပိုသာသာ ထောက်ခံလိုက်သည်။

"ဟုတ်တယ် မမက အရင်လိုဘဲလှတုန်းပဲလို့ ဒါကြောင့် ကျွန်တော်ရင်ထဲမှာလဲ အရင်လိုပဲ"

"ကဲ. . တော်ကြပါတော့ စက်လှေသမားတွေ စောင့်နေရတာ အားနာစရာ၊ ကဲ. . သွားကြမယ်"

မမက စကားကို ဖြတ်ဖြတ်ချရင်း ရှေ့မှဦးဆောင်ထွက်သွားသည်။ သီဟက လက်ထောင်ပြရင်း နောက်မှဆက်လိုက်သွား၍ သူလည်း ထွက်လာခဲ့သည်။ မမ၏ နောက်ပိုင်းအလှကို အမှတ်မထင် ကြည့်လိုက်မိရင်း. . .

"ဩော်. . ဆံတိုမမ ဆံပင်ရှည်သွားသည်မှအပ ဘာမှကို မပြောင်းလဲပါလား မမရယ်"

ဒေါက်ဖိနပ်ကိုလည်း ခရောင်းလမ်းမှာတောင် မချွတ်တန်း စီးလျှက်ပါပဲလား။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၂)

စက်လှေဆိပ်ဘက်မှတက်ပြီး ဟံသာဟိန်းတို့ကို သူတို့ ကားထားရာနေရာသို့ ပို့ပေးရန်အတွက် ကားလမ်းဘက်သို့တက် လိုက်စဉ် . . .

စားသောက်ဆိုင်ရှေ့တွင် ရပ်ထားသော ဆလွန်းကား တစ်စီးကို နဒီစံအမှတ်မထင် ဂရုပြုမိလိုက်သည်။ သားအမိ နှစ်ယောက် တံခါးဖွင့်ကာ ဝင်ထိုင်ရန်ပြင်နေစဉ် သမီးလုပ်သူက ရပ်ကာ အထဲမှ အမေလုပ်သူအား စကားပြောနေပုံရသည်။





မိန်းကလေးမှာ ချစ်စဖွယ်ဖြစ်ပြီး မျက်ခုံး၊ မျက်လုံး အတော်ကလေးလှသည်။ မိန်းမချင်းပေးယူရလောက်သည့် ရုပ်မျိုးမို့ သူ အမှတ်မထင် အကဲခတ်လိုက်သည်။

လှသော မိန်းကလေးတစ်ဦးက အခြားလှပသော မိန်းကလေးတစ်ဦးကိုတွေ့လျှင် ပိုမိုဂရုပြုပြီး ကြည့်တတ်သည်မှာ "မသဘာဝ"ပင် ဖြစ်ဟန်တူသည်။

နဒီစံအသေးစိတ်ကြည့်နေစဉ် မိန်းကလေးက ကားတံခါးဖွင့်ကာ အထဲဝင်ထိုင်လိုက်သည်။ ဒီတော့မှ နဒီစံ ကားထဲကြည့်မိသည်။

"ဟင်"

ကားထဲက လူကြီးက သမီးဝင်ထိုင်သဖြင့် နဒီစံဘက်ရှိ ကားမှန်တံခါးဘက် ကပ်လိုက်သည့်အတွက် ဘေးတိုက်မျက်နှာကို အမှတ်မထင်ကြည့်လိုက်မိရာ နဒီစံအကြီးအကျယ် အံ့အားသင့်သွားသည်။

"ဟင် . . ဖေဖေပါလား"

မှင်သက်မိရင်း သေချာအောင် နေကာမျက်မှန်ကို ချွတ်လိုက်ပြီး မျက်လုံးပွတ်ကြည့်လိုက်သည်။ ကားထဲမှ လူကြီးက ချက်တရက်လှည့်ကြည့်ရာ နဒီစံပို၍ အံ့အားသင့်သွားသည်။

"ဖေဖေ . . ဖေဖေမှ ဖေဖေအစစ်ပါ၊ ဘယ်လိုဖြစ်တာလဲ"

ရင်တွင်းရေရွတ်ရင်း ကားအနားသို့ ခပ်သုတ်သုတ်လှမ်းလိုက်စဉ် ကားက ဝူးခနဲမောင်းထွက်သွားသဖြင့် သူမကျော့မနပ်ဖြစ်သွားသည်။ ဝေခွဲရခက်သော မျက်နှာဖြင့် သူလမ်းဘေးတွင်



www.burmeseclassic.com

www.burmeseclassic.com



ရပ်နေလိုက်သည်။

"မမ ဘာဖြစ်လို့လဲ"

နောက်မှလိုက်လာသော ဟံသာဟိန်းက သူ့အနီး ရောက်လာပြီး မေးခွန်းထုတ်လိုက်သည်။

"မမောင်တို့ကား ဘယ်နေရာထားတာလဲ"

"သိမ်ဇရပ်က မိတ်ဆွေတစ်ယောက်အိမ်မှာ ရပ်ထားခဲ့တာ"

"ဒါဆိုရင် မြန်မြန်လုပ် မမကို ခုနကမောင်းသွားတဲ့ Sloon အဖြူလေးနောက် အမြန်ဆုံးလိုက်ပေးစမ်းပါ"

"ဟုတ်ကဲ့ မမ ဒါပေမယ့် အိမ်ကအတော်လှမ်းသေးတယ်၊ မမ ကားနံပါတ်မှတ်ထားလိုက်သေးလား"

"အင်း . . မှတ်ထားလိုက်တယ်၊ 5I/. . . ."

နဒီစံ၏ အကျင့်က ဤသို့တိကျသည်။ ဘာပဲဖြစ်ဖြစ် ဘာပဲလုပ်လုပ်၊ လုပ်လျှင်ဟာကွက် မရှိစေရ၊ ဖခင်မှန်း အသေအချာ သိလိုက်ရသည်လည်း နောက်ဆုံခဲ့မိလျှင် အတိအကျမေးနိုင်အောင်တော့ ကားနံပါတ်ကို မှတ်လိုက်သည်။ သူဘဝင်မကျတာက ကားထဲမှ သားအမိနှင့် မိမိဖခင် ဘာပတ်သက်နေသနည်း။

သမီးနဲ့လား၊ အမေနဲ့လား၊ ဘာမှန်းမသိ၊ အဖေရှုပ်ပွေတတ်မှန်း ငယ်စဉ်ကတည်းက အမေနှင့် တကျက်ကျက်ရန်ဖြစ်၍ ငယ်ကျိုးငယ်နာဖော်ကတည်းက သူရိပ်မိခဲ့သည်။

ယခုလို မျက်ဝါးထင်ထင်တော့ သူမမြင်သေး၊ ယခုလည်း မလှမ်းမကမ်းမှ ကြည့်လိုက်သဖြင့် သိပ်မသေချာ။ သေ





ချာအောင် သူ လိုက်ကြည့်ချင်သည်။ ဘာဖြစ်လဲ ပဲခူးနှင့် သိမ်ဇရပ်နေချင်းရောက်တာပဲဥစ္စာ ကြည့်ဖြစ်အောင်ကြည့်မည်။ တွေ့ဖြစ်အောင် တွေ့မည်။

ဟံသာဟိန်း ကားအပ်ထားရာအိမ်သို့ ၁၅-မိနစ်ခန့် လျှောက်လိုက်ရသည်ကို နဒီစံစိတ်ထဲမှာ ကမ္ဘာတစ်ပါတ် ပါတ်ရသည်ထက် ကြာသွားသည်။

"ဝေးလိုက်တာ"

"ရောက်တော့မှာပါ မမရယ်၊ မမဘာဖြစ်လို့ ဒီလောက်တောင် လောနေရတာလဲ"

"မမ ဖေဖေကို တွေ့လိုက်လို့ပါ"

"ဒါများမမရယ် အန်ကယ်လည်း သူ့အလုပ်ကိစ္စနဲ့ သွားဘာဖြစ်မှာပေါ့၊ အိမ်ရောက်ရင် တွေ့လို့ရတာပဲဟာ"

"အို . . မင်းမသိဘူး မမမှာ အရေးကြီးတဲ့ကိစ္စရှိလို့ပါ ဖေဖေနဲ့တွေ့ရင် ပြတ်သွားပြီး ပဲခူးအထိ သွားစရာမလိုတော့ဘူးပေါ့"

ဟိုသားအမိကိစ္စသည် မပြောချင်သဖြင့် မသားသုံးပြီး ကြည့်ကောင်းအောင် ဖြေလိုက်သည်။ ဒီကြားထဲ ကားအပ်ထားသော အိမ်ရှင်က သဘောကောင်းစွာ အိမ်ပေါ်အတင်းခေါ်ပြီး လက်ဘက်ရည်တိုက်နေသေးသဖြင့် မိနစ်-၂၀ ထပ်၍သည်းခံလိုက်သည်။

"ကိုင်း . . မြန်မြန်သွားကြရအောင်"

နဒီစံ လောလိုက်ပြီး အိမ်ရှင်ကိုလည်းလှည့်၍ ခွင့်တောင်းရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုမှ မထင်နဲ့နော် ကျွန်မတို့ အရေးကြီးကိစ္စ ရှိနေလို့ပါ"

"သြ. . သြ. . ရပါတယ်၊ ငါ့ညီမတို့က ကိစ္စရှိနေတာကို မမတို့ က ဒီလိုပဲကိုယ့်ဆီလာတဲ့ ဧည့်သည်ဆိုရင် တာဝန်ကျေမှုခုတောင် ဘာမှမစီစဉ်ပေးလိုက်ရလို့ အားနာနေတာ ဖြစ်နိုင်ရင် တစ်ညလောက် အိပ်စေချင်တာ"

အရေးထဲသဘောကောင်းသော အိမ်ရှင်က ပေရှည်နေသဖြင့် နဒီစံ ဟံသာဟိန်းလက်ထဲမှ ကားသော့ကိုယူကာ ဒရိုင်ဘာနေရာတွင် ဝင်ထိုင်လိုက်ကာ စက်နှိုးလိုက်သည်။

ဒီတော့မှ ကိုယ်တော်ချော ၂-ယောက် ကမန်းကတန်း ကားထဲဝင်ထိုင်လိုက်ကြသည်။ ဟံသာဟိန်းက သူ့နံဘေးဝင်ထိုင်လိုက်ရင်း. . .

"ကျွန်တော်မောင်းပါ့မယ် မမရယ်"

"စစ်တောင်းဂိတ်ကြမှ မောင်းတော့"

ပြောပြောဆိုဆို ကားကို ထူးခနဲမောင်းထွက်လိုက်သည်။ စစ်တောင်းတံတားအရောက်တွင် တံတားဖြတ်သန်းခ အခွန်ဆောင်ရင်း နေရာခြင်းလဲ ထိုင်လိုက်ကြသည်။

"မြန်မြန်မောင်းနော်"

ဟံသာဟိန်းက မမအလိုကျ Kilometer 100 အထိ တင်လိုက်သည်။ Hiway မို့တော်သေးသည်။ ရှေ့မှ မမပြော သော Saloon ကို အမြီးပင်မမြင်ရသေး။ စိတ်မြန်သော နဒီစံ

"မင်းမောင်းတာ နှေးလို့ထင်တယ် ရှေ့ကားကို မမီသေးဘူး"





"ဘုရားရေ မမရယ်ဒီထက်မြန်ရရင် ကျွန်တော့်ကား ကက်လေယာဉ်နဲ့ မှားသွားမှာပေါ့ မမကိုက လောနေလို့ပါ"

"အင်း. . ထားပါတော့"

"တစ်ခုတော့ ရှိတယ်၊ ရှေ့ကားက Saloon ဆိုတော့ ကျွန်တော့်ကားထက် အင်ဂျင်ပိုကောင်းတယ်၊ သူတို့ ခုလိုမောင်းသွားရင် ကျွန်တော်တို့ မမှီနိုင်တော့ဘူး"

အရေးထဲ ဟံသာဟိန်းက ဆင်ခြေတက်နေပြန်သည်။

"မှီနိုင်ပါတယ်ကွာ ဒီနှုန်းတော့မကျစေနဲ့"

စိတ်မြန်သလောက် သိချင်တာကိုသိအောင် ဖြစ်ချင်တာကို ဖြစ်အောင်လုပ်တတ်သော ဆန္ဒက နဒီစံကို တွန်းအားပေးနေသဖြင့် အရာရာကို မေ့နေသည်။

အတန်ကြာမှ သတိရကာ. . .

"ဆောရီးနော် မမောင် မမက ဇွတ်လုပ်တာနဲ့ မင်းတို့ လိုက်ပြီး စိတ်ပင်ပန်းရတယ် ဘာရယ်မဟုတ်ဘူး မမက ဖေဖေ့ ပွဲခူးမရောက်ခင် မှီလိုမှီငြား လိုက်နိုင်းကြည့်တာပါ၊ နောက် ပြန်စဉ်းစားကြည့်တော့ သိပ်မထူးပါဘူးလေ ပဲခူးအထိရောက် အောင်သွားပြီး အိမ်တကားနဲ့ သိမ်ဇရပ်ကို ပြန်ပို့ခိုင်းရမှာပဲဟာ"

"ဟာ မဟုတ်တာ မမကလည်း လမ်းမှာမှီလို့ မမကိစ္စ ပြောဆိုပြီးရင် မမကို ကျွန်တော်တို့ ပြန်ပို့ပေးရမှာပေါ့"

"မင်းတို့ စီစဉ်ချိန်တွေ နောက်ကျနေပါ့မယ်"

"သုံးလေးနာရီလောက် နောက်ကျလို့ ဘာမှမဖြစ်ပါဘူး၊ ဒါကက မမပဲ မမဘက်ကသာ နှစ်ပတ်အတွင်း ရယ်ဒီဖြစ်ဖို့ ပါဘာ"



www.burmeseclassic.com

www.burmeseclassic.com



"မမအပိုင်းကတော့ စိတ်ချပါ၊ ကတိမပျက်စေရဘူး"

အလုပ်အကြောင်း ပြန်ရောက်သွားသဖြင့် ခုဏကပဲ နဒီစံဖိအား အတန်ငယ်လျော့ပါးသွားသည်။

ဝေါမြို့တွင်းသို့ ကားကလေးဝင်လာသည်။ ရှေ့ကားကို မမြင်ရသေး။ မြို့တွင်းတွင် ကားအရှိန်လျော့မောင်းကာ တခါ မြို့ပြင်တွင် နှုန်းထားပြန်တက်၍ မောင်းနှင်လာသော သူတို့ကား ကလေးသည် ဘုရားကြီးအထွက်တွင် Saloon ကားကလေးကို လှမ်းတွေ့လိုက်ရသည်။

"ဟိုမှာ. . ဟိုမှာ အဲဒီကားပဲ မမောင် နည်းနည်းထပ် တင်လို့ရမလား"

နဒီစံ လောလိုက်သည်။ ဟံသာဟိန်းက Kilo 120 အထိ တင်လိုက်ပုံပေါ်သည်။ ကားကလေး တရှိန်ထိုးထွက်သွား သည်။ သို့ရာတွင် ကြားတွင်ခံနေသော ကုန်တင်ကားကြီးကြောင့် စိတ်အနှောက်အယှက် ဖြစ်သွားရသည်။

ကုန်တင်ကားက ပညာပေးထားပုံရသည်။ ဟံသာဟိန်း က ဟွန်းတပွမ်ပွမ်တီးရင်း လမ်းတောင်းနေသဖြင့် နားငြီးလာ ရသည်။ ၅-မိနစ်ခန့်ကြာမှ လမ်းဖွင့်ပေးလိုက်သည်။

ကားကို ကျော်အတက်တွင် ရှေ့ကား Saloon ဘ ရထားလမ်းကိုကျော်ပြီး သွားချိန်တွင် တာဝန်ကျသော သံလမ်း စောင့်က ရထားလာနေပြီမို့ ကားလမ်းတံခါးကို ပိတ်ချလိုက် သည်။

"ကျွိ"

"ဟင်း"





ကားတံခါးဖွင့်ကာ နဒီစံဆင်းလိုက်သည်။ သံလမ်း စောင့်အား လှမ်းတောင်းပန်လိုက်သည်။

"အရေးကြီးလို့ ရှင်ဖွင့်ပေးလို့ရမလား"

အသားမဲပြီး ဆံပင်ကောက်နေသော သံလမ်းစောင့်က ဖွေးသောသွားများကိုဖြဲပြရင်း. .

"ဆောရီးပါ ခင်ဗျား. . ဟိုမှာ အန္တရာယ်ကောင်ကြီး လာနေပါပြီ၊ ဖွင့်ပေးလိုက်လို့ ခင်ဗျားတို့ကား ရထားလမ်းပေါ် ရောက်မှ ဖွတ်ချက်ဖွတ်ချက်ဖြစ်ပြီး ရပ်သွားရင် ကျွန်တော့်ကို ပေါင်ချိန်က. . ."

(လက်ဖြင့်လည်လှီးဟန်ပြလိုက်သည်။)

အရေးထဲ သံလမ်းစောင့်က ဟာသလုပ်နေသဖြင့် ၎င်း အားထက် ရယ်အားသန်ရမလို နဒီစံမချိုမချဉ်ဖြစ်ကာ ကားထဲ ပြန်ဝင်ထိုင်လိုက်သည်။


သွားပြီ ဘယ်လိုနည်းနဲ့မှ မမှီနိုင်တော့ဘူး နဒီစံ ကောင်း ကောင်း သိလိုက်လေပြီ။ ရထားက ရေးရေးကလေးမှာ ပျပျကလေး မြင်ရရုံသာ ရှိသေးသည်ဆိုတော့. . .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၃)

စိတ်ပျက်လက်ပျက်နှင့် ကားထဲ၌သူ ငူငူလေးထိုင် သော နဒီစံအား ဟံသာဟိန်းက ဂရုဏာများစွာဖြင့်. . .

"ပဲခူးရောက်မှပဲ တွေ့ပါတော့လား မမရယ်"

"အင်း. . ပဲခူးရောက်ရင်တော့ ဖေဖေကို တွေ့ရ မထင်ပါဘူး"

"ဘာဖြစ်လို့လဲ မမ"

"သူ ပဲခူးအိမ်ကိုဝင်မှာမဟုတ်ဘူး၊ မမသိတယ် ရန်





ကို ဆက်သွားလိမ့်မယ်"

"ရန်ကုန်အထိ လိုက်ရအောင်လေ"

"နေပါစေတော့ မမောင်၊ ပဲခူးမှာပဲ မမနေခဲ့မယ် ဟို ရောက်မှ ဖေဖေဆီဖုန်းနဲ့ ကွန်တက်စ်လှမ်းလုပ်ကြည့်တာပေါ့"

နဒီစံဘယ်လိုမှ မမှိုနိုင်တော့ကြောင်း ရိပ်မိလိုက်သည်။ ရားကြီးအထွက်တွင် ကားကြီးပိတ်နေသည့်အတွက် အနည်း း နာရီဝက် နောက်ကျသွားပြီ။ ခုဆို Saloon တစ်စီးအဖို့ မြို့ကို ဖြတ်ကျော်ပြီး၍ ဆယ်မိုင်ကုန်းလောက်ပင် ရောက်နေ လောက်ပြီ. . .

"မမ အဖေရဲ့ ရန်ကုန်လိပ်စာအရဆိုရင် ကျောက်ကုန်း ပဲ မဟုတ်လား ကျွန်တော်တို့ မမကို လာကြိုနေကျအိမ်လေ"

"ဒါက မမတို့ပါ ပါမှတည်းတာ၊ သူတစ်ယောက်တည်း ရင် ဘယ်တော့မှ အဲဒီမှာမတည်းဘူး၊ တစ်ခြားမှာသွားတည်း ယ်တဲ့ တည်းနေရာတွေလည်း မသိပါဘူး"

"ခက်သွားတာပေါ့ ကွမ်းဆိပ်က ကိစ္စတွေကို မမမောင် ဝဏ္ဏကိုလွှဲထားပြီး ရန်ကုန်မှာ လိုက်ရှာပေါ့"

ဟံသာဟိန်းက သူ့ကို ရန်ကုန်သို့လိုက်စေချင်၍ ဆွယ် ရားပြောနေမှန်း နဒီစံရိပ်မိလိုက်သည်။

"နေပါစေကွယ် ဝဏ္ဏကိုသာ အားကိုးရရင် မမစီးပွား က်တာကြာပြီ ၊ မင်းတို့အမြင်ပဲလေ သူနဲ့ မင်းတို့ဘာများ ဒီ လုပ်နဲ့ပတ်သက်ပြီး ပြောဆိုဘူးတာရှိသလဲ အားရင်လျှောက် ည်ပြီး လေဖမ်းဒန်းစီး ဘိလိယက်ထိုးတာလောက်ပဲ လုပ်နေ ရှိတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ကွမ်းဆိပ်ရွာက ခေတ်မှီသားဘဲ ဘိလိယက်ခုံတွေ ဘာတွေနဲ့လား"

"ကွမ်းဆိပ်မှာ မရှိပါဘူး ဟိုဘက်ကမ်း သရဲသူမိန်မှာရှိတာ"

မောင်လုပ်သူ၏ အရည်အချင်းကို သူစိမ်းယောကျ်ားများရှေ့တွင် ဖွင့်မချချင်သော်လည်း မလွဲသာမရှောင်သာ၍ ပြောလိုက်ရသည်။

"ဒါကြောင့် မေမေက သူ့ကို အလုပ်တန်ဖိုးနားလည်အောင်ရယ် မမအဖော်ရအောင်ရယ်ဆိုပြီး လွှတ်ထားပေးတာဒါပေမယ့် ဘာမှမထူးပါဘူးလေ"

မောင်နှမနှစ်ယောက်တွင် ဖေဖေစရိုက်မျိုး တစ်ခုစီကြောင်းကိုတော့ ဟံသာဟိန်းကို ရှင်းပြမနေတော့။ သူကအဖေလို လုပ်ရည်ကိုင်ရည်နှင့် စီးပွားရှာတော်သော စရိုက်ကိုရသည်။

မောင်လေး ဝဏ္ဏစံက အဖေ၏ မကောင်းသော စရိုက်မှန်သမျှ အကုန်ရသည်။ အရက်ကြိုက်သည်။ လောင်းကစားတတ်သည်။ မိန်းမပွေသည်။ သို့သော် ယခုထက်ထိတော့ မိန်းမယူသေးတာကိုဘဲ ကျေးဇူးတင်ရမလို ဖြစ်နေသည်။

တွေးမိပြန်တော့ စိတ်မောပြီး ရင်ပူလာသဖြင့် ကားဘာတံခါးချထားသော သောက်ရေသန့်ဘူးကို ဖွင့်သောက်လိုက်သည်။

ထိုအချိန်တွင် သီဟတစ်ယောက် ငြိမ်ချက်သားကောင်းနေကြောင်း သတိပြုမိလိုက်ပြီး ဟံသာဟိန်းက နောက်ကြည့်မှန်ဖြင့် ကြည့်လိုက်ပြီး. . .





"ဟိုကောင်ကြီးကတော့ အိပ်တောင်ပျော်နေပြီ မမရေ"

ထိုအခါမှ နဒီစံလည်း နောက်သို့လှည့်ကြည့်လိုက်သည်။ သီဟတစ်ယောက်နှစ်ယောက်ထိုင် ကားကူရှင်ပေါ်တွင် သနားစဖွယ် ခွေခွေခေါက်ခေါက်ကလေး အိပ်နေသည်ကို တွေ့လိုက်ရသဖြင့် ပြုံးလိုက်မိလေသည်။ ခုထက်ထိ ကလေးဆန်ကြတုန်းပါပဲလား. . .

ပဲခူးရောက်တော့ ဟံသာဟိန်းက ဖြောင့်ဖြောင့်တန်းတန်းပင် ရှင်စောပုလမ်းရှိ သူ့အိမ်သို့ ပို့လိုက်လေသည်။

"ဝင်ထိုင်ဦးလေ မေမေတို့ ရှိတယ်"

"ဟုတ်ကဲ့"

ဟံသာဟိန်းတို့ကို အထဲသို့ဖိတ်ခေါ်ရင်း အိမ်ထဲသို့ ဝင်ရန် ဟန်ပြင်လိုက်သည်။ တစ်စုံတစ်ခုကို သတိရသွားပြီး. . .

"မမ ဖေဖေကို သိမ်ဇရပ်မှာ တွေ့တဲ့အကြောင်း မေမေကိုမပြောနဲ့နော်"

သူတို့နှစ်ဦးကို လှည့်၍ သတိပေးပြီးမှ အိမ်ထဲဝင်လိုက်သည်။ ဘာပဲဖြစ်ဖြစ် ဖေဖေ့အကြောင်းကို မေမေသိစေလို။ မေမေသည် ဖေဖေကို ချစ်သလောက် သဝန်ကြောင်တတ်သူဖြစ်သည်။ ဒီကိစ္စမျိုးသာသိပါက မိမိတို့မိသားစု ပြိုကွဲနိုင်သည်ဟု နဒီစံက ကြိုတင်တွက်ဆထားပြီး ဖြစ်နေသည်။

"ထိုင်ကြကွယ် မေမေကို အသိပေးလိုက်ဦးမယ်"

ဟံသာဟိန်းတို့ကို နေရာပေးပြီး နဒီစံအိမ်အပေါ်ထပ်အပြေးအလွှားတက်လိုက်ပြီး

"မေမေရေ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြော်ကြော်ခေါ်လိုက်သည့်အတွက် ဘုရားခန်းထဲမှ မေမေထွက်လာကာ. . .

"ဟဲ့. . . သမီးကြီး အကြောင်းမကြား ဘာမကြားနဲ့"

"ဟုတ်တယ် မေမေအကြံရှိတာနဲ့ လိုက်လာတာ အချိန်မရဘူးမေမေ သမီး ၂-နာရီလောက်နေပြီးရင်ပြန်မယ် အိမ်တကားနဲ့ သိမ်ဇရပ်ကို လိုက်ပို့ဦး"

"ဒီကောင်မလေး လုပ်ပြန်ပြီ ခရီးရောက်မဆိုက် ပြန်ဖို့အရင်ပြောတယ်၊ နင့်မောင်ရော"

"ထုံးစံအတိုင်း အစ်မခိုင်းရင် လုပ်တယ်၊ မခိုင်းရင်သူ့ရဲ့သူ့မိန်ဘက်ကူးပြီး လပ်လျှားလပ်လျှားပဲ လုပ်နေတာ"

"သူ့အဖိုးဆီဖြစ်မှာပါကွယ် ခိုင်းလို့လုပ်ရင် တော်သေးတာပေါ့"

မေမေက သားဘက်က ဖာထေးကာ ကာစီးကာစီးပြောတတ်သည်။

"ဒါတွေထားပါတော့ အောက်မှာ ဧည့်သည်ပါသေးတယ်၊ သူတို့ကားနဲ့လိုက်လာတာ Best of Bamboo Products Company ကပဲ မေမေနဲ့လည်း သိပါတယ် ဟံသာဟိန်းတို့ပါ"

"ဘယ်သူ"

"ဟံသာဟိန်းလေ မေမေရဲ့"

"သြော်"

မေမေက မှတ်မိသလိုလုပ်ရင်း "သြော်" သာပြောလိုက်သည်။ တကယ်တန်းတော့ မှတ်မိဟန်မတူ။ သူနှင့် ဆင်းလိုက်





လာရင်း အိမ်အောက်ထပ်ရောက်တော့ ဟံသာဟိန်းက ဆီးကြိုနှုတ်ဆက်ရှာသည်။

"အန်တီ နေကောင်းတယ်နော်"

"အေးအေး. . ကောင်းပါတယ် မောင်ဟိန်းသာ"

"ဟံသာဟိန်းပါ မေမေရဲ့"

"မောင်ဟံသာဟိန်း အေးကွယ် အသက်ကြီးလာတော့ ရုတ်တရက် မမှတ်မိဘူး"

"မမဘွဲ့ယူတုန်းက ရန်ကုန်မှာဆုံတာလေ. . ၊ အန်တီ ကျောက်ကုန်းအိမ်တောင် ရောက်ဖူးသေးတယ်"

ဟံသာဟိန်းက အစဖော်ပေးလိုက်တော့မှ ရေးရေးမှတ်မိသွားဟန်တူသည်။

"အေး. . မှတ်မိပြီ မှတ်မိပြီ ကောင်းတယ် ခုဘယ်မှာ အလုပ်လုပ်နေတယ်"

"Best of Bamboo Products Company မှာပါခင်ဗျား"

"ကြိုးစားကြကွယ် ကောင်းတယ် ခုမစံနဲ့ဘယ်မှာ တွေ့လာကြတာလဲ"

"သူတို့က သမီးတို့ရွာမှာ အလုပ်လုပ်ဖို့လာကြည့်တယ် မေမေခုအလုပ်ဖြစ်ရင် သမီးတို့လုပ်ငန်းလည်း အလျက်ကထက် ၂-ဆ ဝင်ငွေပိုကောင်းမယ်"

"ဟုတ်လား. . အဲ့ဒါသာကြည့်တော့ မောင်ဟံသာဟိန်းရေ မင်းတို့အစ်မက စီးပွားရေးလောဘကြီးတယ် ဒီမှာလဲ ရာသီပေါ် ကိုင်းသီးနှံပွဲရုံတွေ ဖွင့်ထားသေးတယ် သူ့အဖေမအားရင်



www.burmeseclassic.com

www.burmeseclassic.com



သူပဲလုပ်နေရတာ ဟိုက လုပ်ငန်းကနယ်မှာဆိုတော့ သူ့မောင်ကို လွှဲခိုင်းနေတာ အားမရဘူးတဲ့လေ"

"လွှဲကြည့်ပါလား၊ မေမေ့သား ကိုဟံသာတို့ကိုသာ မေးကြည့်ပေတော့"

"ဒီလောက်လဲ မဆိုးပါဘူးကွယ်"

မေမေက သူ့သားဘက်မှ ရှေ့နေလိုက်နေ၍ နဒီစံ ဘာမှမပြောတော့ဘဲ ဖခင်ဘက်ခေါင်းစဉ် ပြောင်းလိုက်သည်။

"ဖေဖေရော မေမေ"

"နင့်အဖေ ထုံးစံအတိုင်း ရန်ကုန်တဲ့ အခြေအနေပေးရင် ဧရာဝတီတိုင်းဘက် ခရီးထွက်ဦးမယ်ဆိုလားပဲ ၁-လလောက်ကြာမယ်တဲ့သွားတာ တစ်ပတ်လောက်ရှိပြီ "

ဟွန်း . . ဧရာဝတီတိုင်းတဲ့တွေတော့ မွန်ပြည်နယ်အစပ် သိမ်ဇရပ်မှာ နဒီစံစိတ်ထဲကပြောရင်း အပြင်မျက်နှာကိုတော့ ဟန်လုပ်ကာ ပြုံးလိုက်သည်။

"ဘာလုပ်မလို့လဲ သမီး"

"ဘာရယ်မဟုတ်ပါဘူး ရောက်တုန်းရောက်ခိုက် တွေ့ချင်လို့ပါ"

သားအမိနှစ်ယောက် စကားပြောနေကြသဖြင့် တော်မိဖြစ်နေသော ဟံသာဟိန်းတို့ကို အားနာလာသဖြင့် . . .

"ကဲ . . မမောင်တို့ ရန်ကုန်ကိုဆက်သွားမလား အိမ်မှာတော့ ဘာမှအဆင်သင့်မဖြစ်လို့ ထမင်းမကျွေးတော့ဘူး အပြင်မှာပဲ မမလိုက်ကျွေးမယ်"

နဒီစံ ပွင့်ပွင့်လင်းလင်း ပြောလိုက်သည်။ အိမ်မှာမေမေ





နှင့် အဖော်ကောင်မလေး နှစ်ယောက်သာနေသဖြင့် ဘာမှရှိမည်မဟုတ်။ အဖေရှိလျှင်သာ တပည့်တပန်းများနှင့်မို့ စားသောက်စရာများ အလျှံပယ်ဆောင်ထားတတ်သည်။

"အေးကွယ် အားနာစရာကြီး"

"ရပါတယ် မမမြို့ကို ရောက်တော့လည်း ထမင်းဆိုင်ယဉ်ကျေးမှုကို မြတ်နိုးရတာပေါ့ မမလိုက်မကျွေးပါနဲ့ အိမ်မှာပဲကြီးကြီးနဲ့နေခဲ့ပါ ကျွန်တော်တို့ပဲ သွားရင်းနဲ့စားလိုက်တော့မယ်"

"အေးအေး . . ဒါဆိုရင်လဲ သဘောပဲနော် မမကို ခွင့်လွှတ်ပါ။ ဩော် . . အအေးတောင် မတိုက်မိသေးဘူး"

"နေနေ မမရတယ် ကျွန်တော်တို့လည်း အလျင်လိုနေတယ် ခွင့်ပြုဦး"

မေမေနှင့် သူအား နှုတ်ဆက်ရင်း ထွက်ခွာသွားသော ဟံသာဟိန်းကို သူ့အိမ်ဝထိ လိုက်ပို့လိုက်သည်။ ကားထွက်ခွာကာနီး ဟံသာဟိန်းက သူ့အနား နားကပ်ကာ . . .

"ဟိုးလွန်ခဲ့တဲ့ ၅-နှစ်က ကျွန်တော်ပြောခဲ့တဲ့စကားဟာ ခုချိန်ထိ ရင်ထဲမှာ ဒီအတိုင်းပဲ မပြောင်းလဲဘဲ ရှိနေသေးတယ်ဆိုတာ မမကို အသိပေးပါရစေ"

ပြောပြောဆိုဆို ကားကလေးကို မောင်းထွက်သွားသည်။ နဒီစံငိုင်ပြီး ကျန်ရစ်ခဲ့သည်။

ဟံသာဟိန်းဘက်က မပြောင်းလဲဘူးတဲ့။ သူ့ဘက်ကရော သူ့ဘက်ကတော့ ပြောင်းလဲသွားပြီ ဖြစ်ပါသည်။ ယခင်က မလောက်လေး မလောက်စား ကောင်လေးဟံသာဟိန်းကို ခံစား၍မရခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့သူသည် စိတ်ကူးယဉ်မှု အကောင်းဆုံး ရွှေမင်းသားလေးတစ်ဦး ဖြစ်နေပြီ။ နဒီစံရင်ထဲ လှိုက်ဖို၍ ကျန်ရစ်ခဲ့လေသည်။ အချစ်သည် ပြန်လည်နိုးထလာသည့်အခါ သူ့ကို ညှို့ယူတုန်ခါနိုင်စွမ်းရှိသည်ပင်။





www.burmeseclassic.com





# အခန်း(၂၄)

"ဟဲလို. . အမိန့်ရှိပါ ကျွန်တော် သက်စံပါ"

ရန်ကုန်မရောက်မီ မင်္ဂလာဒုံအလွန် စော်ဘွားကြီးကုန်းအနီးတွင် ဖုန်းသံမြည်လာသဖြင့် ဦးသက်စံ ကောက်ကိုင်လိုက်သည်။

"ဖေဖေလား သမီးမစံပါ"

"ဩော်. . အေး. . အေး. . နောက်မှဆက်ကွယ် ဒီမှာယာဉ်ကြောထွေးရှုပ်နေလို့"





ထုံးစံအတိုင်း သမီးကြီးမစံဖြစ်နေ၍ စက်ခလုတ်ကိုပိတ်ကာ ပြန်ချထားလိုက်သည်။ စက်မပိတ်ထား၍မဖြစ် သမီးကြီးက ဆတ်ဆတ်ကြဲဖြစ်သည်။ မကျေနပ်လည်း ထပ်ဆက်နိုင်သည်။ အရေးထဲမှာ အငယ်မကတစ်မျောင့် မေးခွန်းထုတ်နေသည်။

"ဖေဖေ့ဖုအလုပ်က စာရေးမလေးပါကွယ် ဖေဖေကားပေါ်မှာ မပြောချင်လို့ နောက်မှဆက်ခိုင်းလိုက်တာ"

သိမ်ဇရပ်က ထွက်ကတည်းက ဖုန်းကိုပိတ်ထားလိုက်ဖို့ မေ့လျော့နေသော မိမိကိုယ်မိမိ အပြစ်တင်နေမိသည်။ အကြောင်းကိစ္စမရှိလျှင် ဖုန်းမဆက်တတ်သော သမီးကြီး မစံက သိမ်ဇရပ်တွင် သူ့ကိုတွေ့လိုက်ရသဖြင့် ဆက်ခြင်းဖြစ်မည်။

သမီးကြီးအတွက် ပြောကြားရန် အကောင်းဆုံး ဇာတ်လမ်းတစ်ပုဒ် သူ့အတွက် အဆင်သင့်ရှိမနေသေး။ ကြည့်ရတာ ပဲခူးအိမ် ရောက်နေပုံရသည်။

ရန်ကုန်လိုက်ချင် လိုက်လာနိုင်သည်။ ဘေးက မေလဲ့ဝင်းနှင့်သမီးငယ် ရွှန်းလဲ့သက်ပိုင်က သူ့ကို စိတ်ဝင်စားစေမည်မှာ ဧကန်ဖြစ်သည်။ သမီးကြီးသည် လူ့အရိပ်အကဲခတ် ပညာအင်မတန် ကျွမ်းကျင်သူဖြစ်သည်။

သမီးကြီးသည်လည်း သူ့ဘဝ၏ ပထမဆုံးရင်သွေးမို့ သူ့အချစ်ပိုခဲ့ရသည်။ ခေါင်းမာပြီး တဇွတ်ထိုးလုပ်တတ်သည်သာမက သူ့အတိုင်းပင် ဒီပုံဆို သမီး ၂-ယောက်ကြားတွင် သူ ဖုံးထားသမျှ ဘူးပေါ်သလို ပေါ်သွားနိုင်သည်။

သမီးကြီးက ဆယ်တန်းအောင်ပြီးကတည်းက မိမိလုပ်ငန်းတွင် ဝိုင်းဝန်းလုပ်ကိုင်ပေးပြီးနောက် ကိုယ်ပိုင်စီးပွားရေး



www.burmeseclassic.com

www.burmeseclassic.com



ထောင်ချင်သည်ဆိုကာ မိမိဆီမှ ငွေ ၂၀-သိန်းပဲတောင်းသည်နောက် သူဘဏ်၌စုထားသော ငွေ ၃၀-သိန်းနှင့်ပေါင်းကာ ငွေငါးဆယ်သိန်းထဲနှင့် အဘိုးအဘွားများရှိရာ သူရဲသူမိန်ကွမ်းဆိပ်ဆက်သွားပြီး စီးပွားရှာနေခဲ့သည်မှာ ခုနစ်နှစ်ခန့်ရှိပြီ။ ကိုယ်ပိုင်ကားတစ်စီး ဝယ်နိုင်သည့်အပြင် ကွမ်းဆိပ်ရွာတွင်လည်း ဧကတော်တော်များများ ဝယ်ယူနိုင်ခဲ့ပြီး မဒမဝါးရောင်းဝယ်ရေးလီမိတက်အမည်ပေးကာ ကိုယ်တိုင်ဦးစီးလုပ်ကိုင်နေပြီး ပဲခူးတွင်လည်း ရာသီသီးနှံထွက်ကုန် ဝယ်ယူဖောက်ကားရောင်းဝယ်ရေးလုပ်ငန်းကိုလည်း လုပ်ထားသေးသည်။ အာဂသမီးမို့ ဂုဏ်ယူရသည်။

ယခုမိမိအမှားကြောင့် သမီးကြီးစိတ်ထဲတွင် ကသိကအောက် ဖြစ်သွားကာ မိမိနောက်မီးနိုးကြွက်လျှောက်လိုက်ပေလိမ့်မည်။ သိသွားလို့မဖြစ်သေး အကောင်းဆုံးကို စီစဉ်ရန် ကြံစည်ရပေဦးမည်။

ကားကလေးက ၈-မိုင်ရှိ မေလှဲ့ဝင်းခြံထဲ ပြန်လည်ဝင်ရောက်လာခဲ့သည်။ ကားကို မြင်မြင်ချင်းတစ်ဖက်ခြံမှ သမီးငယ်သူငယ်ချင်း ရီမေချိုရောက်လာပြီး သူတို့အချင်းချင်းရန်တွေ့တွတ်ထိုးကာ ထဟီဟီတခွိခွိဖြစ်သွားသဖြင့် သမီးငယ်ရန်ကအေးသွားသည်။

ကားပေါ်မှ ဆင်းဆင်းခြင်း ဒရိုင်ဘာဦးစောကို ဦးသက်စံ အမိန့်ပေးလိုက်သည်။

"မောင်စောမင်း သမီးကားကိုရေဆေးပြီး ဂိုဒေါင်ထဲထည့်ထားလိုက်၊ သမီးကိုယ်တိုင်လည်း မမောင်းစေနဲ့၊ မင်းလည်း





မောင်းမပို့နဲ့ ရုံဖန်ရံခါတော့စက်နှိုး၊ စက်စမ်းလုပ် အပြင်သွားရောရှိရင် မင်းအစ်မကားကိုပဲသုံးကြားလား၊ ကားသော့ မင်းသိမ်းထား"

"ဟုတ်ကဲ့ ဆရာကြီး"

ငယ်ကြောက်မို့ သူ့အမိန့်အတိုင်း နာခံမည်မှာ သေချာသည်။ မေလှဲ့ဝင်းနှင့် အိမ်ထောင်ကျစဉ်ကတည်းက သူ့အလုပ်တွင်နှင့်ရောက်သည့် လှည်းကူးဖက်ရွာတစ်ရွာမှ တစ်ကောင်ကြွက်တစ်ဦးကိုခေါ်ကာ ထမင်းကျွေး ကားမောင်းသင်ပေးကာ အလုပ်ပေးထားခြင်း ဖြစ်သည်။

မောင်စောဟုခေါ်ရသော်လည်း သူထက် ၅-နှစ်ခန့်ကြီး ၆၀-နားကပ်နေပြီဖြစ်သည်။ တစ်ခါတစ်ရံ သတိဝင်သည့်အခါ ကိုစောဟု ပြောင်းခေါ်ရသည်။

အိမ်တွင် ခဏနားရင်း ဦးသက်စံအကြံထုတ်နေသည်။ ပုရာရည်ခွက် လာချပေးရင်း ဒေါ်မေလှဲ့ဝင်းက ခင်ပွန်းသည်၏ အခက်အခဲကို နားလည်သည့်မျက်နှာဖြင့်. . .

"အစ်ကိုကြီး တစ်ခုခုဖြစ်နေပုံရတယ်"

"ဟုတ်တယ် ကိုယ့်ကို သမီးကြီးသိမ်ဇရပ်မှာ တွေ့သွားတယ်"

"ဟုတ်လား ကျွန်မ သတိမထားမိလိုက်ဘူး"

နောက်သို့တစ်ချက်လှမ်းကြည့်လိုက်ရင်း ဒေါ်မေလှဲ့ဝင်းပြောလိုက်သည်။ ဤကိစ္စကို သူတို့သမီးငယ်အား လုံးဝမသိစေပါ။

"အစ်ကိုကြီး ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လောလောဆယ်တော့ သူ ပဲခူးရောက်နေတယ် ကိုယ် ပဲခူးကို ဖုန်းလှမ်းဆက်ကြည့်ဦးမယ်၊ သမီးငယ်အခန်းထဲ ဝင် မလာစေနဲ့ဦး"

"စိတ်ချပါ"

ပြောရင်း ဦးသက်စံ ပဲခူးအိမ်ဂဏန်းများကို နှိပ်လိုက် သည်။

"ဟဲလို အမိန့်ရှိပါရှင်"

အိမ်ဖော်ကောင်မလေး လာကိုင်သည်။

"သမီးကြီးရှိလား"

"ဩော် . . ဘဘကြီး မမကြီးခုပဲ သိမ်ဇရပ်ကို ကား ပြန်ဆင်းသွားပါပြီ ခဏနော် ဘဘကြီး မေမေကြီးရှိတယ်"

ဖုန်းကို သူ၏ မဟေသီကြီး ဒေါ်အေးအေးမြတ်က ကိုင် လိုက်သည်နှင့်

"ဘယ်လိုလဲ မောင် ခုနက သမီးကြီးဖုန်းဆက်တာ ရှင်က နောက်မှဆက်လို့ ပြောလိုက်တယ်ဆို ရှင့်သမီးမဟုတ်ဘူး လား ဘာတွေဘယ်လောက် အရေးကြီးနေလို့လဲ ခုရှင့်သမီးကြီး စိတ်ကောက်ပြီး ရွာပြန်သွားပြီ ရှင်သိလား"

ဖုန်းထဲမှ ဒရစပ်ထွက်လာသော မဟေသီကြီး၏ ပါးစပ် စက်သေနတ်သံကြောင့် သူအိမ်အကပ်နည်းသည်။ အကျိုးအ ကြောင်း မေးဖော်မရ။

"မင်းကလဲကွာ ငါက ကားမောင်းနေရလို့ ရန်ကုန်မြို့ ထဲမှာ ဟန်းဖုန်းကိုင်ပြီး ကားမောင်းရအောင် ငါက လူငယ်လေး မဟုတ်ဘူးကွ ငါးဆယ်ကျော် အဘိုးကြီးကွ"





စိတ်ရှုပ်ရှုပ်နှင့် ဖုန်းထဲမှ ပြန်တင်းလိုက်သည်။ ဒေါ်အေး အေးမြတ်ကလည်း မလျှော့ပွစိပွစိနှင့် ၃-မိနစ်ခန့်ဆီ မန်းမန်း နေသည်။ စိတ်ရှုပ်ရသည့်အထဲ ဒီမိန်းမကတစ်မျောင့် . . .

"ဒါပဲလား ငါဖုန်းချတော့မယ်"

"ဩော် . . ဒီကပြောတာကို သေသေချာချာမမှတ်ထား ဘူး ကွမ်းဆိပ်လိုက်သွားပြီ သမီးကြီးကိုချော့လို့ တော်ကြာ သား အဖခြင်း စကားမပြောဘာမပြော ဖြစ်နေဦးမယ် ရှင့်သမီးငယ် အကြောင်းသိတယ်နော်"

"အေးပါကွာ ငါသိပါတယ် အားရင်သွားလိုက်မယ် ဒါပဲ"

"ဝှပ်"

စိတ်တိုတိုနှင့် ဖုန်းကိုဆောင့်ချလိုက်သည်။

"ဖူး"

"ဘယ်လိုလဲ အစ်ကိုကြီး ဘာတဲ့လဲ"

သက်ပြင်းမှုတ်ထုတ်လိုက်သော သူ့အား ဒေါ်မေလှဝင်း က ပျော့ပြောင်းစွာ မေးလေသည်။

"သမီးကြီးကွမ်းဆိပ်ပြန်သွားပြီတဲ့ကွ ဒီကောင်မလေးက အားထဲမှာ ကိုယ်ဖုန်းပိတ်ပစ်လိုက်လို့ မကျေမလည်ဖြစ်သွားပုံရ တယ်"

"ချော့လိုက်ရင် ကျေနပ်သွားမှာပါ သားသမီးပဲ အင်း ညီမသမီးကြီးက ကိုကို အတော်ချစ်ပုံရတယ်နော်"

"အေးကွာ . . နောက်တော့ ပြေလည်မယ်ထင်တာပဲ ခု တော့ . ."

"ခုတော့ စိတ်ပြေလက်ပျောက် ဂေါက်ရိုက်မလား ဘိုဒီ



www.burmeseclassic.com

www.burmeseclassic.com



ယက်ထိုးမလား"

ဒေါ်မေလှဝင်းက သူ့အထာကိုသိနေသဖြင့် ခပ်ပြုံးပြုံးပင် မေးခွန်းထုတ်လိုက်သည်။

"ဘိလိယက်ပဲ ကောင်းပါတယ်ကွာ ကိုသန်းဝင်းနဲ့ ချိန်းလိုက်ဦးမယ် အိမ်ကဘားကို ဖွင့်ခိုင်းထားလိုက်"

ဦးသက်စံသည် ဤကဲ့သို့သော ပုဂ္ဂိုလ်မျိုးဖြစ်သည်။ စိတ်ရှုပ်မခံတတ်၊ စိတ်ရှုပ်လာလျှင် ဂေါက်သီးရိုက်လျှင်ရိုက် သို့မဟုတ်. . ဘီယာကလေးသောက်ကာ ဘိလိယက်ထိုးတတ်သည်။ သူ့ဆင်ခြေအရ ရှုပ်ထွေးနေသောစိတ်ကို ဖြေလျှော့ပစ်ခြင်း ဖြစ်သည်ဟု ဆိုသည်။

"လူဆိုတာ စိတ်ဖိစီးမှုများလာရင် စိတ်ဓာတ်ကျတတ်တယ် ဒါကြောင့် စိတ်ဖိစီးမှုကို လျှော့ပစ်ရတယ်၊ အကောင်းဆုံးကတော့ တရားထိုင်တာပေါ့ ကျွန်တော့်အတွက်ကတော့ လောက်အဆင့်မမြင့်တော့ ဂေါက်ရိုက်၊ ဘိဘိယက်ထိုးလောက်နဲ့ ဖြေဖျောက်ရတာပေါ့ဗျာ"

ဒါဦးသက်စံ၏ လက်သုံးစကားနှင့် ဆင်ခြေဖြစ်သည်။ ဤသို့ သူ့ဝါသနာနှင့် သူ့ထွက်ပေါက်သူ ဟုတ်နေသည်။ ဒါကို ငယ်လင်ငယ်မယားဖြစ်သော ဒေါ်အေးအေးမြတ်က နားလည်မပေးတတ်။

သူအရက်သောက်လျှင်လည်း စကားများသည်။ သူဂေါက်ကစားလျှင်လည်း ဆူပြန်သည်။ သူဘိလိယက်ထိုးလျှင်လည်း မကြည်ဖြူ ။ သူတစ်ခါတစ်ရံ မိန်းမရှုပ်ပြန်တော့လည်း အကြီးအကျယ် ရန်ဖြစ်သည်။ ကြာတော့ သာယာမှုရှာရင်း





မေလှဝင်းနှင့် တွေ့သည်။

ထိုသို့ကိစ္စများကို နားလည်မှုပေးတတ်ပြီး ကိုယ်တိုင်ကလည်း အနေအေးဆေးသော ဒေါ်မေလှဝင်းသည် ဦးသက်စံ၏ အဖြည့်ခံသက်သက်လို ဖြစ်နေသော်လည်း သူ့ဘဝသူ အထူးကျေနပ်သည်။

"လောကကြီးမှာ သမီးရယ် မယားအပါး ၇-ပါးရှိတဲ့အနက် ကျွန်နဲ့တူသောမယားဟာ အမြတ်ဆုံးလို့ ဘုရားဟောတယ်၊ သူဟာ စုတေပြီးနောက် ဒုတိယဘဝမှမြင့်မြတ်တဲ့ ယာကျ်ားဘဝကို ရနိုင်တဲ့အပြင် အမြတ်ဆုံးဘုရားဆုကို ပန်နိုင်တယ်တဲ့ ဒါကြောင့် မေမေတော့ သမီးဖေကြီးရဲ့ အလိုမှန်သမျှကို ပြုစုပြီးနေတာပေါ့ သမီးရယ်"

ဘယ်လောက်လိမ္မာတဲ့ မယားအလိမ္မာလဲ ဒါကြောင့် သူ့ရန်ကုန်တွင် ပိုပျော်သည်။ အိမ်တွင် ဘိလိယက်ခုံတစ်စုံ ဝယ်ထားပြီး အားလျှင်အားသလို ဝါသနာတူမိတ်ဆွေများကို ဖိတ်ကာ ဘိလိယက်ထိုးလေ့ရှိသည်။

သိပ်မကြာလိုက် သူဖိတ်ခေါ်ထားသော မိတ်ဆွေ ကိုသန်းဝင်း ရောက်လာသည်။

"လာဗျာ ကိုသန်းဝင်း ထိုင်"

"ကိုယ့်လူထိုင်ဖို့လာတာ မဟုတ်ဘူးဗျ ထိုးဖို့လာတာ၊ ဒိုင်း. . အမှတ်နဲ့ကြေးပြော ခင်ဗျားနဲ့ ကျုပ်က ထုံးစံအတိုင်း အမှတ်တူပဲ ကစားမယ်"

ရောက်ရောက်ခြင်းပင် ဦးသန်းဝင်းက ကစားသမားသစ္စာ စိန်ခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အမှတ် ၅၀၀ ဂိမ်းဗျာ ဝမ်းစတား ၂၀၀၀ ဘယ်လိုလဲ"

"ချဗျာ"

နှစ်ယောက်သား ဘီလီယက်ကူတံများကိုယူကာ ထိပ်နှင့်ရိုးတန်တစ်လျှောက် မြေဖြူသုတ်ရင်း ဘောလုံးများကို စီလိုက်ကြသည်။

စည်းလုကာ ပွဲဆော်ဦး ကစားမည့်သူကိုရွေးသည်။ ဦးသန်းဝင်း အရင်ထိုးရသည်။ ကူတံကို ဆက်ထိုးလိုက်သည်။ ဒိုးအဖြူလုံးက အနက်ရောင်ဘောလုံးကို လှလှပပထိကာ ထိပ်ကျဉ်းထဲ ဝင်သွားသည်။

"ကောင်းဗျာ. . ပိရိလိုက်တဲ့လက်"

ဦးသက်စံ ချီးကျူးလိုက်သည်။ ထိုညက ၁၀-နာရီထိုးမှ သူတို့ ဘီလီယက်ပွဲပြီးဆုံးသွားသည်။ ထိုအချိန်အထိ ဒေါ်မေလှဲ့ ဝင်းမအိပ်သေး ဦးသက်စံတို့အတွက် လိုအပ်သော ဝေယျာဝစ္စကို လစ်ဟင်းမှုမရှိစေရန် ကိုယ်တိုင်အလုပ်ပေးလျက်ရှိသည်။ ကျွန်ုပ်နှင့်တူသော မယားအလိမ္မာလေးမို့ ဦးသက်စံအချစ်ပိုခြင်းလည်း ဖြစ်မိလေသည်ထင့်. . .







# အခန်း(၂၅)

"မေကြီး ဒါကဘာသဘောလဲ"

နံနက်မိုးလင်းလင်းခြင်း အိပ်ယာမှထခါစ ဦးသက်စံအား နံနက်စာမသုံးဆောင်မီ သမီးချောရွှန်းလဲ့သက်ပိုင်က ခါးထောက်ကာ ရန်လုပ်လိုက်သည်။

"အလို. . ဖေ့သမီးက ဒေါနဲ့မောနဲ့ စောစောစီးစီးဖေ့ကို ဘာအလိုမကျဖြစ်နေတာလဲ"

"ကားကို ပေးမမောင်းဘူးဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ သမီးအန္တရာယ်ကို စိုးရိမ်လို့"

"ပေးမမောင်းတာထား၊ ဘယ်သူမှလည်း မမောင်းခိုင်း ရဘူးဆိုတော့ ဖေကြီးလွန်တာပေါ့"

ရန်လုပ်ရခြင်းအကြောင်းရင်းကို သေချာစွာသိလိုက်ပြီ မို့ ဦးသက်စံရှင်းလင်းရန် အဖြေရှာရသည်။

"ဒါကတော့သမီးရယ် သမီးကားကို သမီးပဲမောင်းစေ ချင်တာ သမီးကလွဲလို့ တခြားလူတွေစီးပြီး မောင်းတာဖေဖေ မကြိုက်လို့ပေါ့"

ပြေလည်အောင် ရှင်းလင်းချက်ပေးလိုက်သည်။ သို့ သော်. . .

"အိုမရဘူး မမောင်းရပေမယ့် စီးမှာပဲ မနေ့ကရီမေခို တို့ကို မွေးနေ့လက်ဆောင်ကားနဲ့လျှောက်လည်ဖို့ ဖိတ်ထားပြီး ပြီ ဖုန်းနဲ့လည်း ကြည်ပြာဖြိုးတို့ သူငယ်ချင်းတွေအားလုံးနဲ့ ချိန်း ထားပြီးပြီ ဖေကြီးနော် ပြဿနာမရှာနဲ့ မီးကို အရှက်ကွဲအောင် မလုပ်နဲ့နော် ခုဦးစောကို ကားထုတ်ဖို့ပြောပေး. . . ဟင့်"

အရာရာဦးဆောင်ပြီး အမိန့်ပေးစေခိုင်းခဲ့သော စီးပွား ရေးလုပ်ငန်းရှင် ဦးသက်စံသည် သမီးငယ်၏ ဆိုးနွဲ့မှုအောက်ဝယ် လက်မြှောက်အရှုံးပေးရမလို ဖြစ်နေသည်။

သို့ရာတွင် သမီးကြီးက မလွဲမသွေ ကားနံပါတ်မှတ် ထားမှာသေချာသည်။ သမီးကြီး၏ ထက်မြက်မှုနှင့် စေ့စပ် သေချာမှုအကြောင်း သူသိပြီးသား။ ကားနံပါတ်ကို မှတ်ထားပြီ စုံစမ်းလျှင်ပေါ်နိုင်သည်။ တစ်ခုတော့ရှိသည်၊ ရန်ကုန်မြို့က အကျယ်ကြီးမို့ တွေ့နိုင်ဖို့ခဲယဉ်းလှသည်။ နောက်တစ်ချက်က





သမီးကြီးက ကွမ်းဆိပ်ရှိ သူ့လုပ်ငန်းရှိရာသို့ ပြန်သွားကြောင်း မနေ့က သိလိုက်ရ၍ တစ်ရက်တစ်လေ ပေးလည်လိုက်တာ တော့ ပြဿနာမရှိချေ။

"ဘာစဉ်းစားနေတာလဲ ဖေကြီးခုပြောပေးလေ. . ဟင့် ဟင့်"

ရွှန်းလဲ့သက်ပိုင် ခြေဆောင့်ကာ မျက်ရည်စများကိုပါ ညှစ်ထုတ်ပြီး တိုက်ခိုက်စပြုလာသည်။

"ဟာကွာ သမီးလေးကလဲ ကလေးကျနေတာပဲ တိတ် တိတ်"

မျက်ရည် ၂စက်မကျလိုက်ရ ဦးသက်စံ အရည်ပျော်စ ပြုလာသည်။

"ဒီတစ်ရက်တော့ ဖေကြီးခွင့်ပြုမယ်"

"ဟေး"

ခုပဲငိုဖို့ပြင်သည် ခုပဲဝမ်းသာအားရထအော်သည်။

တတ်လည်းတတ်နိုင်တဲ့ သမီးငယ်. . .

"ဒါမှတို့ဖေကြီး ဦးစောရေ ကားထုတ်တော့. . ဟွန်း ဖေကြီးလုပ်တာနဲ့ မီးကိစ္စတွေနောက်ကျကုန်ပြီ၊ ဩော် ဖေကြီး ဒီနံပါတ်တွေ ဆက်ထားဦးနော် မီးခုပဲလာပြီ ထွက်စောင့်နေကြ လို့ အချိန်တွေပုပ်ကုန်မယ်"

"ဟာကွာ. . သမီးကလည်း ဖေကြီးက ကလေးတွေဆီ တကူးတက ဆက်ရမှာလား"

"ဖေကြီးနော် ဖေကြီးကြောင့် နောက်ကျနေတဲ့ဟာ. . ကိုယ့်သမီးသူငယ်ချင်းတွေပဲဟာ မရဘူးဆက်ပေးရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးသက်စံ တွန့်သွားသည်။ အိမ်ရောက်လျှင် ဂုရုတစ်ခိုက် အတက်ခ်ချိကွေစ်ထဲတွင် သော့ခတ်၍ ဖုန်းပိတ်ထားရသည်။

"ဆက်ဆိုဆက်ပေး မယ် ပေးဖုန်းနံပါတ်တွေ"

"ဒီလိုလိမ္မာမှပေါ့ ဖေကြီးရယ်"

"ရွှတ်"

ရွှန်းလဲ့သက်ပိုင်က ပြောပြောဆိုဆို သူ့ပါးကို ခုန်နမ်းကာ အိမ်ထဲမှကခုန်ပေါက်ထွက်သွားလေသည်။ ဦးသက်စံ ပြုံး၍ ကျန်ရစ်ခဲ့သည်။ သမီးငယ်တော့ ဖခင်၏ ယာဉ်စီးခွင့်ပါမစ်ကို ယူကာ ဦးစောအား တစ်နေကုန်ပတ်၍ နှိပ်စက်တော့မည်။

"ဟောတော့"

သမီးထွက်လျှင် ထွက်ခြင်း အမေကကိစ္စတစ်ခုပေါ်လာပုံရသည်။ အာမေဋိတ်သံပြု၍ထွက်လာသည်။

"ကောင်မလေး ကိုစောကို ခေါ်သွားပြီထင်တယ်"

"ဟုတ်တယ်လေ မကြားလိုက်ဘူးလား မင်းသမီး တစ်မနက်လုံး ဂျီကျနေတာကို"

"ကြားတော့ကြားပါတယ် ဈေးသွားဝယ်မယ် ဘယ်လိုလုပ်မလဲ ခရီးသွားထားတော့ အိမ်မှာလည်း အားလုံးပြတ်နေပြီ ဘာမှမရှိတော့ဘူး"

ပြဿနာနောက်တစ်ခုကို ဒေါ်မေလဲ့ဝင်းက တင်ပြလာသည်။

"ကိုင်း. . ယူ ဈေးခြင်းတောင်းကို တောင်းဆွဲဖို့မစိန်ကို ခေါ်ခဲ့ဦး၊ တော်ကြာ ကျုပ်မကြီးမင်ယ်နဲ့ ဈေးထဲလိုက်ကူဆွဲနေရဦးမယ်"





"အစ်ကိုကြီး လိုက်ပို့မှာလား"

"မဟုတ်ဘူး"

"ဟင်. . ဒါဖြင့် ဘယ်သူပို့ပေးမှာလဲ"

"ဒရိုင်ဘာသက်စံလေ ဒရိုင်ဘာသက်စံ မင်းသမီးလုပ်လို့ ငါပါ ဒရိုင်ဘာဘဝရောက်သွားပြီ၊ ကိုင်း. . ပြီးရင် သွားမယ် ရှေ့ကကြွ မမရေ. . ဟောင်. . နေဦး နေဦး မင်းသမီးပေးထားတဲ့ တာဝန်သေးတယ် ခဏစောင့်. . ခဏ"

ဦးသက်စံ စိတ်တိုတိုနှင့် ငေါ့လိုက်ရင်း သမီးဖုန်းဆက်ခိုင်းထားသည်ကို သတိရကာ. . .

သမီးပေးသော တာဝန်ကို မထမ်းဆောင်လို့ကမဖြစ် မထမ်းဆောင်မိလျှင် သူပျက်ကွက်မှုကို အကြောင်းပြပြီး ဘာအခွင့်အရေးတွေများ ထပ်မံတောင်းဆိုဦးမည်ကို သူမမှန်းဆရဲ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၆)

ကားပေါ်တွင် ရွှန်းလဲ့သက်ပိုင် မြူးတူးနေသည်။ သူ၏ ကျိုက်ထီးရိုးအတွေ့အကြုံများနှင့် မနက်က ဤမွေးနေ့လက်ဆောင်ကားကို စီးရဖို့အရေးအတွက် ဖေကြီးကို သူမည်သို့အရေးဆိုခဲ့ရပုံတို့ကိုပါ ဖေါက်သည်ချရင်း. . .

"ဖေကြီးက သိပ်သဘောကောင်းတာ ဟိုတ်ဒါနဲ့နေဦး ကျုပ်မလာခင် ရှင်တို့ဆီကို ဖေကြီးက ကျုပ်ထွက်လာပြီဖြစ်ကြောင်း ဖုန်းဆက်ပြောသေးလား"





"အေး. . ဆက်တယ်. . ဆက်တယ် ရှင့်ဖေကြီးကို ရှင်ဆက်ခိုင်းတာဆို"

"ဟုတ်တယ်လေ"

"အလဲ့ တယ်ဟုတ်ပါလား ကျုပ်တို့တော့ အဖေကိုခိုင်းဖို့နေနေသာသာ ကြောက်နေရတာ"

"အေးလေ"

"တူမလား ငါက တစ်ဦးတည်းသော သမီးလေးကို နောက်ပြီးတော့ ဖေကြီးနဲ့ကျုပ်က အသက်အများကြီးကွာတာ နေဦး ဘယ်နှစ်နှစ်ပါလိမ့်"

လက်ကလေးချိုးရင်း ရွှန်းလဲ့သက်ပိုင် ရေတွက်လိုက်သည်။

"ဖေကြီးက ၅၃-နှစ် ကျုပ်က ၁၈-နှစ် နှုတ် ၃၅-နှစ်ကွာတယ်"

"ဟုတ်လား ရှင့်အပြင်ချစ်ရမယ့် သားသမီးမရှိဘူးပေါ့နော်"

"ဒါပေ့ါ"

ပြောသာပြောလိုက်ရသည်။ ရွှန်းလဲ့သက်ပိုင်စိတ်ထဲတွင် ထင့်ခနဲဖြစ်သွားသည်။ ရင်ထဲမရှင်းလင်းတော့ ယုဇနပလာဇာရှေ့တွင် ကားကို ထိုးဆိုက်လိုက်သည်။ အားလုံးဆင်းဟန်ပြင်နေစဉ်. . .

"နေဦး မဆင်းနဲ့ကွ အပေါ်ထပ်ထိ ကားနဲ့တက်မယ် ဦးစော ကားကို အပေါ်ထပ်အထိ ပို့ပေးနော်"

"ကောင်းပါပြီဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးစောကကားကို စက်ပြန်နှိုးကာ အပေါ်ထပ်သို့ မောင်းတက်လိုက်သည်။ ကားပတ်ကင်တွင် ကားအနည်းငယ်ချောင်သည်။

"သိပ်မကြာဘူးနော် ဦးလေး"

"လေးနာရီလောက်ပါပဲ"

"ဟင်း. . ဟင်း. ."

"ဟီ. . ဟီ. ."

သူတို့အရွယ် သူတို့တစ်သိုက် စကားလုံးတိုင်းရယ်ချင်ပက်ကျိဖြစ်နေတတ်ပုံရသည်။ အားလုံးအူမြူးနေကြသည်။ ဆယ်ကျော်သက်အရွယ်တွေ၏ သဘာဝကိုကလည်း လေတိုက်၍ သစ်ရွက်ကြွေတာကိုပင် ရယ်ချင်နေတတ်ကြသည့် သဘာဝပေကိုး။

"ရွှန်းလဲ့ ရှင့်စကာဒ်ပြန်ကြည့်စမ်း"

"ဟဲ့. . ဘာတုန်း အလန့်တကြား"

"ရှည်ပြီး ပုံနေလားလို့ပြောတာ"

"ဟုတ်တယ် တော်ကြာစက်လှေခါးမှာ ညပ်ပါသွားလို့ လက်မြန်ခြေမြန် စက္ကူဖြတ်ခါးသမားနဲ့ တွေ့တော့မှာမဟုတ်ဘူး"

"အလဲ့. . တယ်ဟုတ်ပါလား အဲဒီစက္ကူဖြတ်စားသမားနဲ့ ကျန်ကျောင်းနဲ့ချရင် ဘယ်သူနိုင်မလဲ"

"ဟွန်း မိန်းမတွေနော် ရှင်တို့အဲဒီလို မနောက်နဲ့ဟာ"

"ဟိဟိ ကောင်မစုတ် ဒါလေးပြောတာတောင် မခံနိုင်ဘူး"

ကျွတ်စိညံရင်း . သူတို့ပလာဇာတတိယထပ်ရှိ စား





သောက်ဆိုင်တစ်ခုထဲ ဝင်လိုက်ကြသည်။ ပတ်ဝန်းကျင်ကို မျက်စိကစားရင်း ရှမ်းထမင်းချဉ်ကိုမှာစားကြသည်။

"အဲတော်"

ဝန်းကျင်ကိုလှေလာရင်း ကြည်ပြာဖြိုးထံမှ အာမေဋိတ်သံထွက်လာသည်။

"ဘာတုန်း မိန်းမရဲ့ အလန့်တကြားလုပ်ပြန်ပြီ"

"ဟုတ်တယ် ရှင်နဲ့ဆို ဟပ်ရှိရင် ဂန့်သွားနိုင်တယ်"

ရွှန်းလဲ့သက်ပိုင်က ဝင်ထောက်ရင်း မျက်စောင်းထိုးကာပြောလိုက်သည်။

ကြည်ပြာဖြိုး၏ မျက်လုံးက မရွှေ့မလျှားပဲ. . .

"ပြောမနေနဲ့ ကောင်မရဲ့ ကျုပ်မြင်နေတာဘယ်သူလဲဆိုတာ ရှင်ကြည့်လိုက်စမ်း၊ ဟိုမှာလေ ဟိုမှာ ဖန်နေချာတွေကို အလကားရတိုင်းလျှောက်ကိုင်ကြည့်နေတာ ဧကန္တတော့ မိန်းမယူတော့မယ် ထင်တယ်"

"ဘယ်သူလဲ"

"ရှင့်ရဲ့ တစ်ခါက ဟီးရိုးကြီးလေ"

"ဟုတ်ပါရဲ့ စက္ကူဖြတ်စားသမားကြီး"

ကြည်ပြာဖြူနှင့် ရီမေချိုတို့အပြောကြောင့် ရွှန်းလဲ့သက်ပိုင် လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး သူတို့မျက်လုံးလာရာအရပ်သို့ လှည့်ကြည့်လိုက်သည်။

"ဟင်"

ဟုတ်ပါရဲ့ သူ့အား အကူအညီပေးခဲ့သော ပုဂ္ဂိုလ်။

အံ့သြမှင်သက်စွာ ဝမ်းသာသွားမိသည့်အဖြစ်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ထရပ်လိုက်မိသည်။

"ဟဲ့. . ဘာလုပ်မလို့လဲ"

ကြည်ပြာဖြိုးက ကမန်းကတန်းမေးလိုက်သည်။

"သွားနှုတ်ဆက်မလို့လေ"

"ရှင်ကလဲ ဈေးကျပါတယ်ဟာ မသိချင်ယောင်ဆောင်လိုက်"

"ဈေးတွေ ဘာတွေလုပ်မနေနဲ့ အရင်တုန်းက ကျေးဇူးတင်ကြောင်းတောင် မပြောလိုက်ရဘူး ရှင်တို့ကိုယ်ချင်းမစာတာ မိန်းမပျိုတစ်ယောက်ရဲ့ အရှက်ကို စွန့်စွန့်စားစား ကာကွယ်ခဲ့တာကို"

ရွှန်းလဲ့သက်ပိုင် ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်ချလိုက်ပုံရသည်။ ပြောပြောဆိုဆို စားသောက်ခန်းမထဲမှ ထွက်သွားသည်။ ကျန် ၂-ယောက်က ထလိုက်ရကောင်းနိုး ဆက်စားရကောင်းနိုးဖြင့် ဘာလုပ်ရမှန်း မသိဖြစ်သွားသည်။

ရီမေချိုက. . .

"ဟဲ့. . မိရွှန်းလဲ့ရေ ပြန်တော့လာဦးနော်"

ဟု လှမ်းအော်လိုက်သည်။ အာပြဲမ မလာပဲနေမလား ငါက တစ်ခါတည်း လိုက်သွားမှာကျနေတာပဲဟု စိတ်ထဲမှပြောရင်း ကျိန်ဆဲလိုက်မိသည်။

ပုဂ္ဂိုလ်က နှစ်ယောက်အိပ်ကုတင်များကို လေ့လာနေသည်။ သူတကယ်များ မင်္ဂလာဆောင်တော့မှာလားဟု တွေးကာ စိတ်ထဲပူသွားမိသည်။ အနီးရောက်တော့ သူဘယ်လိုခေါ်ရမှန်း မသိ ဖြစ်သွားသဖြင့် သူနှင့်မျက်နှာချင်းဆိုင်ဘက်မှ ဒေါက်ဖိနပ်





ါသံပေးကာ လျှောက်လိုက်သည်။

"ဒေါက်. . ဒေါက်. . ဒေါက်"

ပုဂ္ဂိုလ်က သူ့အားတစ်ချက်လှည့်ကြည့်ပြီး ပြန်လှည့်သွားသည်။ ပြီးမှ သတိရလာဟန်ဖြင့် ပြုံးပြပြီး သူ့ကို. . .

"ဆုံပြန်ပြီနော်"

အသိအမှတ်ပြုသည့်လေသံနှင့် နှုတ်ဆက်လိုက်၍ ရွှန်းလဲ့သက်ပိုင် သက်သာရာရသွားသည်။

"ဟုတ်တယ် ဒီပလာဇာမှာပဲနော် ဒါပေမယ့် အက်စ်ကလေတာ နားမှတော့ မဟုတ်ဘူး"

"မမေ့ဘူးပေါ့"

"ဘယ်မေ့ရမလဲ မိန်းမသားဆိုတာက အရှက်က အသက်ထက် ပိုအရေးကြီးတယ်လေ"

"အမှတ်မထင် ကူညီခွင့်ရတာပါ ဒီနေ့တော့ တစ်ယောက်ထဲလား"

ပုဂ္ဂိုလ်က စူးစမ်းလိုက်သည်။

"ဘာလဲ ဟိုနေ့ကလို ဝိုင်းအားမှာစိုးလို့လား ပါတော့ပါတယ် ဟိုအခန်းထဲမှာ ရှမ်းထမင်းချဉ်စားနေကြတယ်"

"တော်သေးတာပေါ့ ပါမလာလို့"

"အင်း. . ဘာပြောရမလဲ သူ့ကို အနှောက်အယှက် ဖြစ်မှာစိုးလို့ တမင်ထားခဲ့တာ ဒီကောင်တွေက ဇရုတ်တွေ"

"ရပါတယ်ဗျာ ကိုယ်လည်း ပျော်တတ်ပါတယ် ဟိုနေ့ကတော့ အရှုပ်ထဲကနေ အတင်းရုန်းထွက်သွားရတာ လူတွေကလည်း ဝိုင်းကြည့်နေတော့ မနေတတ်လို့"



www.burmeseclassic.com

www.burmeseclassic.com



တကတည်း သူကပဲပိုနေရသေး။ မိန်းကလေးက မရှက်ရပဲ စိတ်ထဲမှ ရွှန်းလဲ့သက်ပိုင် ပြောလိုက်သည်။

"တစ်ခုခုလိုက်စားပါလား ဟိုနေ့က ကူညီတဲ့အတွက်လေ"

"ကူညီတဲ့အတွက်ဆိုရင်တော့ လိုက်မစားဘူး"

ရွှန်းလဲ့သက်ပိုင် မျက်နှာလေး အိုသွားသည်။

"ဒါပေမယ့်"

ရွှန်းလဲ့သက်ပိုင် အသက်မရှူဝံ့။ ပုဂ္ဂိုလ်က ဆက်၍...

"မိတ်ဖြစ်ဆွေဖြစ်ဆိုရင်တော့ လိုက်ခဲ့မယ်"

ရွှန်းလဲ့သက်ပိုင်ခမျာ အသက်ရှူနိုင်ပြီး မျက်နှာလေးကြည်လင်သွားသည်။

"အိုး.. ဒါဆိုရင်လည်း မိတ်ဖြစ်ဆွေဖြစ်ပေါ့နော်"

စကားအသုံးကို ချက်ချင်းပြန်ပြင်ပေးလိုက်သည်။ ပုဂ္ဂိုလ်ကပြုံးကာ ခေါင်းညိတ်ပြီး ယှဉ်တွဲကာ ကြည်ပြာဖြိုးတို့ရှိရာသို့ ပြန်လာသည်။

တော်သေးသည် ဟို ၂-ကောင် ဣန္ဒြေရရကြည့်နေ၏ တစ်ခါတစ်ရံ သူတို့ ၂-ကောင်ဒီလိုပဲ စိတ်ကောင်းဝင်တတ်သည်။ ဘယ်အချိန် ထဖောက်မလဲဆိုတာကို ရွှန်းလဲ့စိုးရိမ်သော်လည်း သူငယ်ချင်းများနှင့် မိတ်ဆက်ပေးရင်း အဆင်ပြေစွာ စကားပြောဖြစ်ကြသည်။

အပြန်အလှန် မိတ်ဆက်အပြီး၌ ပုဂ္ဂိုလ်အမည်ကို ဟံသာဟိန်းဟု သိခွင့်ရလိုက်သည်။ နောက်အလုပ်အကိုင်။ သူက နာမ်စားသုံးရင် ကွယ်ရာ၌ လှောင်ပြောင်ခဲ့ကြသော ငတိမ





ကောင် ဟံသာဟိန်း၏ အရွယ်နှင့်ဂုဏ်ကြောင့် ရှက်ရွံ့အားနာသွားကြသည်။

"ကျွန်မတို့ ဟိုနေ့က ပြောမှားဆိုမှားရှိတာကို ခွင့်လွှတ်နော် ဦးဟိန်း အသက်ဒီလောက်ရှိပြီး စူပါအလုပ်အကိုင်နဲ့မှန်း မသိလို့ပါ"

"ဟုတ်ပါတယ် ဖြိုးတို့က ရွယ်တူတန်းတူ တက္ကသိုလ်ကျောင်းသားပဲ ထင်နေတာ ဦးဟိန်းက နုတာကိုး"

ကောင်မတွေတတ်တယ်။ ဦးဟိန်း ဦးဟိန်းနဲ့ တဟိန်းတည်း ဟိန်းနေကြသည်။ သူကိုတောင် အလှည့်မပေးတော့ ရွှန်းလဲ့သက်ပိုင် မနာလိုချိုးကပ်ချင်ပြီ။

"နေပါစေဗျာ ကိစ္စမရှိပါဘူး ကိုယ်ကလဲ ကိုယ့်ကို ကိုယ် ၂၇-နှစ်ဆိုတဲ့ အရွယ်ဟာ သိတ်ကြီးသေးတယ်လို့ မထင်ပါဘူး ခင်ဗျားလေးတို့နဲ့အတူတူပဲလို့ သဘောထားခွင့်ရတဲ့အတွက် အများကြီးကျေနပ်တယ်ဗျာ"

သူက ရင်းနှီးစွာဖြင့် လိုက်လိုက်လျောလျော ပြောလေသည်။ ရုတ်တရက် နှုတ်ဆိတ်သွားသော ရွှန်းလဲ့သက်ပိုင်ကို ဟံသာဟိန်းက အကဲခတ်ကာ. . .

"ကဲ.. စက်လှေကား မင်းသမီးလေးက ဘာပြောဦးမလဲ ကိုယ့်ဆီက Visiting Card လည်း ရပြီ လိုအပ်တဲ့အကူအညီများကိုလည်း အားမနာတမ်း တောင်းခံနိုင်ခွင့်ကိုပါ ပေးပြီးပြီ နောက်ဘာများ လိုအပ်သေးသလဲ ခင်ဗျား"

အတန်ကြာစကားပြောဖြစ်ကြပြီး ပွင့်လင်းသော စရိုက်ရှိသည့် သူတို့အုပ်စုနှင့် ဟံသာဟိန်းအတော်ကလေး ခင်မင်



www.burmeseclassic.com

www.burmeseclassic.com



သွားကြသည့်အတွက် ရင်းနှီးစွာ သူ့ကို စက်လှေကား မင်းသမီးလေးဟု အမည်ပေး ကင်ပွန်းတတ်သည်။

"အံမယ် သူများကိုများ စက်လှေကားမင်းသမီးလေးတဲ့"

"ကောင်းတယ် ကောင်းတယ် Princess of Escalade ပေါ့"

"သူ့ကိုရော ဒီကောင်တွေ နာမည်ပေးထားတာ သိလို့လား"

ရွှန်းလဲ့သက်ပိုင်က မခံချင်စွာဖြင့် ဖော်ကောင်လုပ်လိုက်သည်။

"ဟော့ကောင် ရွှန်းလဲ့ ဖော်ကောင်မလုပ်နဲ့လေ ဒါ လို့ ဝှက်နာမည်"

ကြည်ပြာဖြိုးက လှမ်းပိတ်လိုက်သဖြင့် ဟံသာဟိန်း စိတ်ဝင်စားသွားပုံရသည်။

"ဘာတဲ့လဲ"

သိချင်လှ၍သာ မေးလိုက်ပုံရသည်။ လေသံကတော့ ခပ်ပျော့ပျော့ပင်။ ဆိုးဆိုးရွားရွားနာမည်ဖြစ်မည်ကို စိုးရိမ်နေဟန်ရှိသည်။

"စက္ကူဖြတ်ဓားသမားတဲ့လေ"

"ဟား . . ဟား . . တော်သေးတာပေါ့ ဒါဆိုရင် သိပ်ဆိုးဝါးသေးဘူး"

နာမည်ကို ရွှန်းလဲ့သက်ပိုင်က ထုတ်ပြောလိုက်ရာ ဟံသာဟိန်း အတန်စိတ်သက်သာရာ ရသွားပုံရသည်။ ရယ်မောလျက် မှတ်ချက်ပြုလေသည်။





ရီမေချိုက. . .

"စက္ကူဖြတ်ဓားသမားနဲ့ စက်လှေကား ဒေဝီပေါ့"

"ဟုတ်တယ်. . ဟုတ်တယ်. . မြန်မာ့အသံမှာ အခန်းဆက်ဇာတ်လမ်းထည့်လို့ရပြီ၊ အတော်ပဲ အခုတလော ဇာတ်လမ်းကောင်းပြတ်နေတာ"

"ကောင်မစုတ်တွေ"

ရွှန်းလဲ့သက်ပိုင်က ထောမနာပြုလိုက်သည်ကို ဟံသာဟိန်းက သဘောကျစွာ ရယ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၇)

ရွှန်းလဲ့သက်ပိုင်တို့ မိန်းမငယ်တစ်သိုက်ကို နှုတ်ဆက်ရင်း ဟံသာဟိန်း DVD ဓာတ်ပြားဝယ်ကာ Car Parking ဘက် တက်လာခဲ့သည်။

Car Parking သို့ မရောက်ခင်အတွင်း မိန်းမ အသုံးအဆောင် အလှကုန်ပစ္စည်းများကို ငေးမောရင်း မမအတွက် ဘာလက်ဆောင် ပေးရကောင်းမလဲဟုတွေးရင်း လိုက်ကြည့်နေမိသည်။





ကြည့်ရင်းက နောက်ကျောမလုံသလို ခံစားလိုက်ရသည်။ တော်ကြာ ဗရုတ်တသိုက်နှင့်ကြုံမှ အမေးအမြန်း ခံရဦးမည်ရှိသည်။ ဘာကြောင့်မှန်းမသိ ရွှန်းလဲ့သက်ပိုင် အထင်မြင်မှားခံရမည်ကို သူစိုးရိမ်မိသည်။ ဒါကြောင့် စောစောက. . .

"ဦးဟိန်း ဖန်နေချာတွေလိုက်ကြည့်နေတော့ မီးတို့က Family နဲ့ အောင်းမေ့နေတာ ဟုတ်တယ်မဟုတ်လား"

ကြည်ပြာဖြိုးက ရုတ်တရက်အစ်လိုက်စဉ် သူက

"ဟာ. . မဟုတ်ရပါဘူးဗျာ ကတ်သီးကတ်သပ် Girl Friend တောင် မရှိသေးဘူး"

ဟု သုတ်သီးသုတ်ပြာ ဖြေခဲ့သည်မဟုတ်ပါလား။ ထိုစဉ်က မိန်းကလေးတစ်သိုက်၏ ရယ်သံကို သူနားဝင်ပြီးသားရှိခဲ့သည်။ ခုတော့. . မမကို သတိရသွားပြန်သည်။ လက်ဆောင်ပစ္စည်း ရှာနေစဉ် နောက်ကြောင်းမလုံ ဖြစ်မိသည်။

"အေးလေ DVD အခွေပဲ လက်ဆောင်ပေးလိုက်တာ ကောင်းပါတယ် မမက သီချင်းတွေ ကြိုက်တာပဲ"

စိတ်ဆုံးဖြတ်ချက်ချ၍ ကားထားရာနေရာသို့ ခတ်သွက်သွက် လျှောက်လာခဲ့သည်။

"ဟင်"

အသွားတုန်းက သတိမထားခဲ့မိ၍လော။ အပြန်တွင် အမှတ်မထင် သူ့ကားဘေးမှ Saloon အဖြူရောင်ကလေးကို ကြည့်မိသည်။

ကားနံပါတ်က (5I/. . . .)ဖြစ်နေသည်။ ဟံသာဟိန်း စိတ်ဝင်စားသွားသည်။ တစ်နေ့က မမနဒီစိ အသဲအသန် လိုက်



www.burmeseclassic.com

www.burmeseclassic.com



ခိုင်းသည့် ဦးသက်စံ ကားဖြစ်နေသည်။ သူ၏ စပ်စုချင်စိတ် ထိမ်းမရ ဖြစ်သွားသည်။

ဂျာနယ်တစ်အုပ်ဖတ်နေသော ဒရိုင်ဘာဦးလေးကြီးအား ဝင်ရောလိုက်သည်။

"ဦးလေးဖတ်နေတဲ့ ပါဝါဂျာနယ်က အသစ်လား"

"မဟုတ်ဘူးကွဲ ပြီးခဲ့တဲ့ အပတ်က"

မျက်မှန်ကို ကျော်ကြည့်ရင်း ဦးလေးကြီးက အဖြေရသည်။ တစ်နာရီကျော်ကားစောင့်နေရသည်မှာ ကြာသဖြင့် ပျင်းနေဟန်ရှိသော ဒရိုင်ဘာဦးလေးက ကြုံတုန်းရလာသည့် အခွင့်အရေးကို လက်လွှတ်မခံဘဲ စကားကြော ထပ်ရှည်လိုက်သည်။

"ဘာလဲ ကိုရင်က စိတ်ဝင်စားလို့လား ကောင်းတယ် ဒီထဲမှာ ဂမ္ဘီရနဲ့ပတ်သက်တဲ့ အခန်းဆက်ဝတ္ထုက မဆိုးဘူးပဲ ဦးလေးအပတ်စဉ်ယူပြီး ဖတ်နေရတယ်၊ ရော့. . ဖတ်ကြည့်လေ"

အခွင့်ကြုံသဖြင့် ဟံသာဟိန်း စိတ်မဝင်စားသော်လည်း ကောက်ယူကြည့်လိုက်ရင်း. . .

"ဦးလေးက အမျိုးသမီးကို စျေးစောင့်နေတာလား"

စကားတောက်ကြည့်လိုက်သည်။

"မဟုတ်ပါဘူးကွယ် ဦးလေးက ဒရိုင်ဘာပါ ဆရာကြီးသမီးကို စျေးလာပို့တာ"

"သြော်. . ကျွန်တော်က ဦးလေးကို ပိုင်ရှင်အောင်မေ့လို့ စိတ်မရှိနဲ့နော် ဦးလေးက ခန့်တာကိုး"

ဟံသာဟိန်းပင့်ပေးလိုက်သည်။

"ဟဲ. . ဟဲ. . ဒရိုင်ဘာဆိုတော့ ပေးစရာမရှိဘူး အဲဒီ





စာအုပ်သာ ယူသွားတော့"

"ဦးလေးကား မြင်ဘူးသလားလို့ ဦးလေးဆရာက ဦးသက်စံလား"

"ဟေ. . ကိုရင်က သိနေတာပဲ ဟုတ်တယ် ဦးသက်စံကားပဲ ခုလိုက်ပို့တာက သူ့သမီးရွှန်းလဲ့သက်ပိုင်ကိုလေ"

"ဗျာ"

ဟံသာဟိန်း အံ့ဩခြင်းများစွာဖြင့် ဗျာတစ်လုံးကို လက်ကိုင်သုံးလိုက်ရသည်။

"ဟုတ်တယ် ကိုရင်က မသိဘူးလား သူ့မှာ ဒီသမီးလေး တစ်ယောက်ထဲ ရှိတဲ့ဟာကို"

တစ်စုံတစ်ခုတော့ မှားယွင်းနေပြီ။ ဘာမှားနေသလဲ ခသိ။ ဟံသာဟိန်းစပ်စု၍ မကောင်းတော့။ သူသိသည်က ဦးသက်စံ၌ သမီးကြီးနဒီစံနှင့် သားငယ်ဝဏ္ဏစံ ဒီ ၂-ယောက်သာ ရှိသည်။

တိုက်ဆိုင်လွန်းလှသည်။ ဦးသက်စံတွင် လျှို့ဝှက်ချက် တစ်ခုရှိသည်မှာ သေချာသည်။

"ကိုရင်သွားတော့မလား စာအုပ်ယူချင်ယူသွားလေ. . ဆရာကြီးကို ပြန်ပြောပြဖို့ ကိုရင်နာမည်လေး ပြောပြခဲ့ပါဦး"

"နေပါစေဦး မယူတော့ပါဘူး ဦးသက်စံက ကျွန်တော့်ကို မှတ်မိမယ်မထင်ပါဘူး ကျွန်တော်တို့ ဆုံကြတုန်းက ကျွန်တော်က ငယ်သေးတယ်၊ ပြောမနေပါနဲ့တော့ဦးရာ ကြုံမှ ကျွန်တော် လာဦးမယ် သွားမယ်နော် "

နှုတ်ဆက်ရင်း ဟံသာဟိန်း ကားပေါ်တက်ကာ စက်နှိုး



www.burmeseclassic.com

www.burmeseclassic.com



မောင်းထွက်ခဲ့သည်။ ခြေ၁်. . . အလှတရား ၂-ခု ဆုံတွေ့ခဲ့ပါသည်။

သူတို့နှစ်ဦး ညီမများလား မဖြစ်နိုင်၊ လွန်ခဲ့သော ၅-နှစ်ခန့်က မမ၏ မိသားစုအင်အားနှင့် သူတွေ့ဆုံခဲ့သည်။ ရန်ကုန်မြို့ ကျောက်ကုန်းအိမ်ရှိ မမ၏မိခင် ဒေါ်အေးအေးမြတ်၏ အမျိုးအိမ်သို့ ရောက်ခဲ့ဖူးသည်၊ ရှမ်းလုံသက်ပိုင်နှင့်တွဲလျက် မည်သူ့ကို မှမမြင်ဖူးခဲ့၊ မမကလည်း မောင်နှမနှစ်ယောက်တည်း ရှိကြောင်း ပြောဖူးသည်ပဲ။

သေချာသည်ကတော့ ဦးသက်စံ၏ သမီး ၂-ယောက်စလုံး ဖြစ်နိုင်သည်၊ ဘယ်လိုပဲဖြစ်ဖြစ် မမတွေ့ခဲ့သော သိမ်ဇရပ်မှ သူ့အမေ ဦးသက်စံစီးခဲ့သည့်ကားသည် ယခုတွေ့ခဲ့သော ကားနှင့်တစ်စီးတည်း ဖြစ်နေခြင်းမှာ လွဲမှားစရာ မရှိတော့။

စိတ်ထဲမှ သပွတ်အူစာတ်လမ်းအဲစကို တွေးတောရင်း ယောမင်းကြီးလမ်းတွင် ဖွင့်ထားသော သူ့ကုမ္ပဏီတည်ရှိရာ အဆောက်အအုံ၏ တတိယထပ်သို့ တက်သွားခဲ့သည်။

ဒီနေ့ ကုမ္ပဏီအဖွဲ့ဝင်များ၏ အစည်းအဝေးတွင် ဝါးပါကေးထုတ်ယူရန်အတွက် စက်ရုံတည်နေရာ ရွေးချယ်ရမည်၊ လုပ်ငန်းတာဝန်ခံဖြစ်သည့် သူ့အနေဖြင့် ကုန်ကြမ်းထွက်ရာဒေသ၌ စက်ရုံ၂-ရုံတည်ဆောက်၍ ထွက်လာသော ပေါင်းခံရည်အချိုထုတ် ပိုးသတ်ပြီး ဖျက်အကျယ် ၃-စင်တီမီတာ အရှည် ၁-မီတာရှိ ဝါးချောင်းများကို ပင်မစက်ရုံတည်ရာ လှိုင်သာယာ စက်မှုဇုံသို့ ပို့ဆောင်ပေးရမည်။ ပို့ဆောင်ရေးအစီအစဉ် ခန့်မှန်းကုန်ကျစရိတ်တို့ကို တွက်ချက်ပေးရမည်။





ကုန်ကြမ်းဖြစ်သော ကြသောင်းဝါးဈေးနှုန်းကို မမ နှင့်ဒီစံ တင်သည့်အတိုင်း တင်ပြရန် သူဆုံးဖြတ်ထားသည်၊ ဒီအထိ မမအပေါ် သူစေတနာပိုခဲ့သည်။ အစည်းအဝေးတွင် အမ်ဒီက. .

"ဝါးအလုံးရေ အနည်းဆုံး ၁လ ၄သိန်းထက်မက ဒီမဒမချောင်းတစ်လျှောက်က ထွက်နိုင်မယ်လို့ ကိုဟံသာဟိန်း ယူဆသလား"

"အများကြီးကို ဖြစ်နိုင်ပါတယ် ကျွန်တော် ၂ရက်တိတိ တစ်တောဝင် တစ်တောထွက်နဲ့ ကြည့်ခဲ့ပြီးသားပါ"

"ဒေသခံရဲ့ ကူညီပံ့ပိုးမှုကော"

"ရနိုင်ပါတယ် မဒမဝါးထုတ်လုပ်ရေး လီမိတက်က အာဝန်ယူပြီး ထုတ်ပေးပါလိမ့်မယ်"

"ကောင်းတယ် ဒီလိုကြားခံလုပ်ဆောင်ပေးတဲ့ စီးပွားရေး အဖွဲ့အစည်းတစ်ခုရှိတာ ကျွန်တော်တို့ရဲ့ အားသာချက်ပဲ"

"သူတို့ လီမိတက်ရဲ့ ငွေအင်အားတောင့်တင်းနိုင်မှုကို ခင်ဗျားအကဲခတ်ခဲ့သေးလား"

မေးသင့်မေးထိုက်သော မေးခွန်းတစ်ခုကို အမ်ဒီကမေးလာသည်။ အမ်ဒီ၏ စေ့စပ်သေချာမှုကို ဟံသာဟိန်းစိတ်ထဲကြိတ်၍ ချီးကျူးမိသည်၊ မှန်ပေသည်။ ကွမ်းဆိပ်ဘက်အတွက် ဝါးအလုံးရေ ၂-သိန်း ဒုံဇရပ်ဘက်အခြမ်းအတွက် အလုံးရေ ၂-သိန်း စုစုပေါင်း ၄-သိန်းကို အနည်းဆုံး ကြိုတင်ငွေသိန်း ၁၀၀၀ ခန့်ထုတ်ပေးရမည့် စီးပွားဖက် အဖွဲ့အစည်းတစ်ခု၏ ငွေအင်အားကို မေးသင့်သည်မှာ အပြစ်မဆိုသာပေ။



www.burmeseclassic.com

www.burmeseclassic.com



"အကဲခတ်ခဲ့ပါတယ်၊ မဒမလီမိတက်ရဲ့ ဥက္ကဋ္ဌက ဒေါ်နဒီစံပါ သူကိုယ်တိုင်ဦးစီးပါတယ် လက်ရှိစစ်တောင်းစက္ကူနဲ့ ဝါးတူလုပ်ငန်းအတွက် ရာခိုင်နှုန်းတော်တော်များများကို တာဝန်ယူပေးနေရပါတယ်၊ နောက်ပြီး ပဲခူးက ပဲဘုရင် ဦးသက်စံရဲ့ သမီးကြီးပါ"

"ကောင်းတယ်ဗျာ ဦးသက်စံဆိုရင် စိတ်ချသွားပြီ စီးပွားရေးလောကမှာ နာမည်ပျက်မရှိတဲ့ လူပဲကြိုက်တယ် လုပ်ဗျာ သူနဲ့ပဲ စာချုပ်ချုပ်ထားလိုက် ကျွန်တော်အားရင် ကိုသက်စံနဲ့ ခင်ဗျားကို မိတ်ဆက်ပေးထားမယ် ခင်ဗျားတို့ချင်း ရင်းနှီးပြီးသားလား"

"မရင်းနှီးပါဘူး"

ဟံသာဟိန်း မုသားမဟုတ်သော မုသားသုံးလိုက်သည်။ သူ့အနေနှင့် ဦးသက်စံနှင့်ဆုံချင်သည်။ အမှန်တကယ်လည်း တစ်ကြိမ်တစ်ခါသာ တွေ့ဆုံခဲ့ဘူးရုံသာရှိသည်။ အရွယ်ရနေပြီဖြစ်သော ဦးသက်စံက သူ့ကိုဘယ်နည်းနှင့်မှ မမှတ်မိနိုင်ဟု သူတွက်ဆထားလိုက်သည်။

"ဒါဆိုရင် ကိုသက်စံနဲ့ ကိုယ်ဆက်သွယ်လိုက်မယ် ခင်ဗျားမသွားခင် ၁-ရက်မှာ ဆုံကြရအောင်လေ ပိုပြီး Fair ဖြစ်သွားအောင် ဂေါက်ရိုက်ရင်း ဆုံကြတာပေါ့ ပြီးရင် ညစာစားပွဲမှာ ဆက်စကားပြောကြမယ်"

"ဟုတ်ကဲ့"

ဟုတ်ကဲ့ဟုသာ ဆိုလိုက်ရသော်လည်း ဟံသာဟိန်းနဲနဲ တွန့်သွားရသည်။ ကုမ္ပဏီထဲစဝင်တုန်းက အမ်ဒီက ဂေါက်ရိုက်





ဖူးသလားမေးရာ သူရိုက်ဖူးကြောင်း ဖြေခဲ့သည်။ အမှန်တော့ ဖခင်နှင့်အတူလိုက်ရင်း နဲနဲပါးပါးသာ ရိုက်ဖူးခြင်းဖြစ်သည်။ ယခုတလောနဲနဲ အဆက်အသွယ် ပြတ်နေသည်။

"မရိုက်တာတောင် နည်းနည်းကြာသွားပြီ အမ်ဒီ"

"ကိုယ်လည်း ဒီလိုပါပဲကွာ ဒါပေမယ့် စီးပွားရေးလုပ်တာ စွယ်စုံမှကောင်းတယ် ကစားတတ်တဲ့လူကို ကစားနည်းနဲ့ ပေါင်းမှ ပိုရင်းနှီးမှုရှိတယ် သံယောဇဉ်တရားခိုင်မြဲလာတော့ တော်ရုံတန်ရုံ မဟုတ်တာလုပ်ချင်ရင်တောင် ရှိန်သွားတတ်တယ် ခုကိုယ်တို့က အစမ်းသဘောနဲ့ အလုပ်လုပ်ရမှာ လုပ်ရမယ့် တန်ဖိုးကလည်း ကြီးတယ် သိန်း ၁၀၀၀ နည်းတာမှတ်လို့"

"ကျွန်တော် သဘောပေါက်ပါပြီ အမ်ဒီ"

အမ်ဒီဦးအောင်ထက်ကျော်သည် နာမည်နှင့်လိုက်အောင်ပင် ကွက်ကျော်မြင်တတ်သူ ဖြစ်သည်။ ဟံသာဟိန်းအတွက် နမူနာကောင်းတွေကို ပေးနိုင်စွမ်းရှိသူပင်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၈)

ဦးသက်စံ အမ်ဒီနှင့် ဟဲသာဟိန်းတို့ ၃-ဦး မြို့တော်ဂေါက်ကွင်းတွင် ညနေ ၃-နာရီလောက်ဆုံဖြစ်ကြသည်။ ထင်သည့်အတိုင်း ဦးသက်စံက သူ့ကိုမမှတ်မိ။ သာမန် စီးပွားရေးသမားတစ်ဦးအနေဖြင့်ပင် ရင်းရင်းနှီးနှီးဆက်ဆံသည်။ သူ့သမီးကြီးကို လာရောက်ပိုးပန်းဖူးသော ငတိမှန်း သိသွားလျှင် တွေ့ဆုံပွဲက ယခုလောက် အောင်မြင်မည်မဟုတ်ပေ။

သူတို့ကစားရင်း အလုပ်အကြောင်းဆွေးနွေးဖြစ်ကြ





သည်။ ဦးသက်စံက စစ်တောင်းမြစ်ဝှမ်းတစ်လျှောက် သူငယ်စဉ်က စီးပွားရှာခဲ့ပုံကို ဟာသနှော၍ ပြောပြသည်။ သူရဲသူမိန်၊ ကွမ်းဆိပ်၊ ဒုံဇရပ်အပြင် အခြားသူတွေမသိသေးသော ကျေးရွာများမှ မိတ်ဆွေများအကြောင်း ပြောပြသည်။

အမ်ဒီက အကွက်ဆိုက်လာပြီး သူတို့လုပ်ငန်းဖက် ဦးတည်လိုက်ပြီး အကူအညီပေးဘို့ မေတ္တာရပ်ခံသည်။

"ဝါးရဖို့ကိစ္စက ကျွန်တော့်သမီးနဲ့ ဆက်ထားတယ်ဆိုရင် ခင်ဗျားတို့အဆင်ပြေမှာပါ ကိုအောင်ထက်ကျော် သမီးကြီး မစံက ခင်ဗျားတို့ထင်တာထက်ပိုပြီး အကွက်မြင်တယ် ကျုပ်ထက်သာတယ်ဆိုရင် ခင်ဗျားတို့ စိတ်ချလိုက်တော့"

ဦးသက်စံက သူ့သမီးအပေါ် အတော်ယုံကြည်အားထားပုံရသည်။

"ခုလုပ်နေတဲ့အလုပ်က ကျွန်တော်နဲ့ ဘာမှမဆိုင်ဘူး သူ့အရင်းအနှီးနဲ့သူ နယ်သစ်ရှာပြီး ဖောက်ဝင်သွားတာဗျ၊ ကျွန်တော် ကူညီပံ့ပိုးမှုတစ်ခု မပါဘူးဆိုရင် ခင်ဗျားယုံမလား. . အဲမှသား ဖြစ်နေဦးမယ် လွန်ခဲ့တဲ့ ၇-နှစ်လောက်ကတော့ လုပ်ငန်းလုပ်ဖို့ငွေလိုတယ် ဖေဖေ သမီးကို သိန်း-၂၀ ထုတ်ပေးဆိုလို့ ထုတ်ပေးဖူးတယ် ဒါပဲဗျာ"

"သိန်း၊-၂၀ ငွေသိန်း-၂၀နဲ့ ဒီလောက်လုပ်ငန်းတစ်ခုကို လည်ပတ်ဖို့ စခဲ့တယ် ဟုတ်လားကိုသက်စံ၊ ကျွန်တော်များ နားကြားလွဲလေရော့လား"

"ဟုတ်တယ် ကိုအောင်ထက်ကျော် သူ့ကို အရင်းအနှီးထုတ်ပေးတာကတော့ သိန်း-၂၀ပဲ ဒါပေမယ့် ဘဏ်မှာသူ့စာရင်း



www.burmeseclassic.com

www.burmeseclassic.com



တာလေးတွေတော့ ပါမှာပေါ့ဗျာ"

"ချီးကျူးတယ်ဗျာ ဦးသက်စံသမီး ပီသပါပေတယ်"

ထိုနေ့က ဂေါက်သီးရိုက်ခြင်းကို ညနေ ၅-နာရီခွဲခန့်တွင် အဆုံးသတ်၍ ကလပ်တွင်ပင် ရေချိုးအဝတ်အစားလဲကာ ကားကိုယ်စီဖြင့် ရန်ကုန်မြို့ရှိ ထင်ရှားသော ပျော်ပွဲစားရုံတစ်ခုတွင် ညစာစားကြသည်။

ထိုညစာစားပွဲတွင် ဦးသက်စံအား ဟံသာဟိန်းက လွန်ခဲ့သည့် ၅-နှစ်ခန့်က ရန်ကုန်ကျောက်ကုန်းအိမ်တွင် ဆုံခဲ့ဖူးသည့် အခြေအနေကို ဖုံးကွယ်ထားရန် မသင့်တော်သဖြင့် ဖွင့်ဟကာ နောက်ကြောင်း ပြန်မိတ်ဆက်ရသည်။

"ဟုတ်လား. . ဒါဖြင့် မောင်ရင်က ဦးကို စောစောကတည်းက သိနေတာပေါ့"

"ဟုတ်ကဲ့ ဦး စစခြင်းဖွင့်ပြီးပြောရမှာ မကောင်းတာနဲ့ ခုမှဖွင့်ပြောရတာပါ"

"အေးကွာ အသက်ကြီးလာတော့ ချက်ချင်းမမှတ်မိဘူး မင်းရောက်ဖူးတာ ကျောက်ကုန်းက ဒေါ်အေးအေးမြတ် ညီမအိမ်နော်"

"ဟုတ်ကဲ့ပါဦး"

ဦးသက်စံ အတော်အံ့အားသင့်သွားပုံရသည်။

"အေးကွာ. . မှတ်မိပြီ မင်းအဲဒီတုန်းက ကျောင်းသားဘဝပဲ ရှိသေးတာ ခု ၅-နှစ်အတွင်း တကယ့်ကို စီးပွားရေးလောကထဲ အခြေချလို့ အင်း. . မင်းတို့လူငယ်တွေ တော်တယ်ကွာ"

"ခင်ဗျားတို့ချင်း အရင်ထဲက မြင်ဖူးနေကြတာပေါ့"





"ဟုတ်ကဲ့ အမ်ဒီ ကျွန်တော်နဲ့ တစ်ကြိမ်ဆုံဖူးတာကို ပြန်ဖော်ပေးလိုက်တာ ဦးသက်စံကတော့ မမှတ်မိပါဘူး"

"ကျုပ်က အသက်ကြီးပြီလေဗျာ"

"ကျုပ်ကော ဘာထူးသလဲကိုသက်စံ ဒီလူငယ်တွေ သက်ကို လက်ဆင့်ကမ်းပေးရတော့မှာ"

"ကိုင်း စလိုက်ကြရအောင်ဗျာ"

ဦးသက်စံက ဘရန်ဒီခွက်ကိုကိုင်ကာ မြှောက်ပြလိုက်ပြီး ဆုတောင်းပေးလိုက်သည်။

"ခုလုပ်မယ့် ခင်ဗျားတို့ လုပ်ငန်းသစ်အောင်မြင်ပါစေဗျာ"

"ကျေးဇူးပဲ-ကိုသက်စံ"

"Thank you အန်ကယ်လ်"



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၉)

ဟံသာဟိန်းနှင့် သီဟတို့နှစ်ဦး ကွမ်းဆိပ်နှင့် ဒုံဇရ
ဘက်တွင် တဝတ်ဆီနေပြီး ဝါးအချို့ ရည်ထုတ် ပိုးသတ်ပေါင်း
စက်နှင့် ဝါးခွဲစက်များ တည်ဆောက်ရေးအတွက် လိုက်လံကြ
မတ် ကွပ်ကဲရသည်။

ကွမ်းဆိပ်ရွာတွင် မြေနေရာအတွက် ပြဿနာမရှိသော်
လည်း ဒုံဇရစ်ရွာတွင် ပြဿနာရှိလေသည်။ မြစ်ရေတက်သည့်
ပြဿနာကြောင့် ကပ်လျက်ရဲစခန်းနှင့် စာသင်ကျောင်းရှိရာ





ဘက်တွင် စက်ရုံတည်ရန် ရွေးရသည်။ စာသင်ကျောင်းနှင့်က
ည်း သိပ်ကပ်၍မဖြစ်သေး။ ရှုံးကြားစိမ့်မှ ရေထွက်သော်လည်း
ရေတင်ရန်အတွက် ရေစုပ်စက်တစ်လုံး တပ်ဆင်ပေးခဲ့ရသည်။

ဒုံဇရစ်တွင် သီဟကိုထားခဲ့ပြီး ကွမ်းဆိပ်သို့ပြန်ခဲ့သည်။
ဒိစံဆိုသော မမနှင့် ဟံသာဟိန်းမှာ နီးလျက်နှင့်ဝေးနေရသည်။
မက စက်ရုံတည်ပြီးလျှင် ချက်ခြင်းလည်ပတ်နိုင်စေရန် ဝါး
တ်လုပ်သားများ စုစည်း၍ စီမံကွတ်ကဲနေရသည်။ ဟံသာဟိန်း
ကွမ်းဆိပ်တွင် ရှိနေစဉ် မမက ဒုံဇရစ်တွင် ရောက်နေသည်။

သူကွမ်းဆိပ်မှ ဒုံဇရစ်သို့ ခရီးထွက်ရန် စက်လှေဖြင့်
ထွက်ခွာခဲ့စဉ် လမ်း၌သာ မမတို့စက်လှေကို လက်ပြနှုတ်ဆက်
ခဲ့ရခဲ့သည်။ ရင်ထဲမှရှိသည့် ရင်ခုန်သံစကားလုံးလေးတို့ကို
ရွေးချယ်သီဖွဲ့နေဖို့ ဟံသာဟိန်းမှာ အချိန်မရှိတော့။ ထို့ကြောင့်
ကွမ်းဆိပ်သို့ပြန်ရောက်လျှင်ရောက်ခြင်း အခွင့်အရေးကို ဖန်တီး
ကာ ပြောမှဖြစ်တော့မည်ဟု ဟံသာဟိန်းဆုံးဖြတ်လိုက်သည်။
အချိန်နှင့် ဒီရေသည် လူကိုမစောင့်ချေ။

စက်လှေဆိပ်မှ ဟံသာဟိန်း ခပ်သွက်သွက်လေး မမ
ဒိစံရှိရာအိမ်သို့ လှမ်းခဲ့သည်။ ရင်းနှီးနေပြီဖြစ်၍ ခြံဝန်းတံခါး
ဖွင့်ကာ အိမ်ပေါ်သို့ တိုက်ရိုက်ပင် တက်ခဲ့သည်။

အိမ်ပေါ်တွင် ထုံးစံအတိုင်း မမတို့၏ အဒေါ်ကြီး ရှိနေ
သည်။ သူ့ထုံးစံအတိုင်း အိမ်အလုပ်တစ်ခုမဟုတ် တစ်ခုလုပ်နေ
တတ်သည်။ ယခုလည်း ပြောင်ပြီးသားကြမ်းပြင်ကို ကြက်မွေး
တံမြက်စည်းဖြင့် လိုက်လှည်းနေပြန်သည်။

"ဟဲ့. . . မောင်ရင်လေးတို့ပြန်လာကြပြီလား ဟိုတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကော မမြင်ပါလား"

အဒေါ်ကြီးက သီဟကိုမေးသည်။ သီဟနှင့်ကလေး... ဖြောင့်ပုံရသည်။

"ပါမလားဘူး အဒေါ် သူက ဒုံဇရစ်မှာကျန်ခဲ့တ... စက်ရုံဆောက်ပြီးရင်တော့ ကွမ်းဆိပ်မှာ လာနေလိမ့်မယ်"

"ကြာဦးမှာပေါ့"

"မကြာပါဘူး ဒေါ်ဒေါ်၊ စက်ရုံဆိုပေမယ့် ဝါးကြိတ်... စက်ရယ် ပေါင်းခံအိုးရယ်နဲ့ Pressure ပေးပြီး အချိုရည် စု... ထုတ်တဲ့ စက်ကိုတပ်ဆင်ရုံပါပဲ၊ Packing ထုတ်စက်ကတော... အဆင်သင့် သယ်လာလို့ အထိုင်ချပြီးသွားပါပြီ၊ ဒီကစက်ရုံအ... တိုင်းပါပဲ၊ ဒေါ်ဒေါ် သွားမကြည့်ဘူးလား"

"မကြည့်ဖြစ်ပါဘူးကွယ် ကိုယ့်အနားနီးနေပေမယ့် အ... လုပ်က မအားလို့"

ဖြစ်နိုင်သည်အလုပ်နှင့် လက်မပြတ်လုပ်နေသော အ... ဒေါ်ကြီးအဖို့ အားစရာအကွက်မရှိ။ အိမ်ပေါ်အပြေးအလွှား... တက်လာကတည်းက မမကို မေးချင်လိုက်သည်မှာ ပါးစပ်... ယားနေပြီ။ သို့သော် မနည်းမြိုသိပ်ပြီး အဒေါ်ကြီးမေးသမျှ... ဖြေနေရသေးသည်။

"ဒါနဲ့ ဒေါ်ဒေါ် မမစံတစ်ယောက်ရော မမြင်ပါလား"

"မနက်ကပဲ စစ်တောင်းစက္ကူစက်က ချက်လက်မှတ်... လား ဘာဆိုလား မောင်ဝဏ္ဏထုတ်လာလို့ ပဲခူးဘက်ကို ငွေထု... ဖို့ သွားလေရဲ့"

"ဟိုက်"





...ရင်ထဲတွင် မောဟိုက်သွားလေသည်။ လွဲချင်တော့ ...ည်း အကြောင်းအမျိုးမျိုးက တိုက်ဆိုင်လွန်းလှသည်။ မမမရှိ ...အရပ်မှာ တစ်စက္ကန့်မျှမနေချင်။ သို့ရာတွင် မိမိတာဝန်ကို ...တော့ ကျေပွန်စွာထမ်းဆောင်ရဦးမည် ဖြစ်သည်။

"ကျွန်တော် စက်ရုံဘက်သွားကြည့်လိုက်ဦးမယ် ဒေါ် ...ဒေါ်"

"အေး. . အေး. . ဒီမှာပဲ ထမင်းစားနော် ဒေါ်ကြီးချက် ...ထားတာတွေ ရှိတယ်"

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

အဒေါ်ကြီးကို ခွင့်ပန်ပြီး စက်ရုံဘက်ထွက်လာခဲ့သည်။ ...ပြာချောင်းဘေးကုန်းမြင့်စောင့်ရှိ ၃-ဧကခန့်ကွက်လပ်ကိုယူ၍ ...ည်ထားသည်။ Packing စက်ကိုထိုင်ပြီးလျှင် ဝါးစခွဲ၍ စက်ရုံ ...ည်ပတ်နိုင်ပြီ ဖြစ်သည်။ လျှပ်စစ်အင်ဂျင်နီယာများကို နီးစပ် ...ရပ်ကွက်နှင့် ကျေးရွာလူကြီးများအိမ်ကိုပါ မီးသွယ်ပေးထား ...ိုးသည်။

သူတို့စက်ရုံအတွက် လိုသည်ထက်မီးအားက ပိုနေ ...သည်။ ထိုသို့ပြုလုပ်နိုင်ခြင်းသည် ဒေသတစ်ခု၏ ဖွံ့ဖြိုးရေးအ ...တွက် အထောက်အကူပြုစေသလို သူ့ကုမ္ပဏီအတွက်လည်း ...အားနှင့် စည်းရုံးမှုကို ပြန်လည်အထောက်အကူ ပြုစေသည်။

ဒါလုပ်ငန်းတစ်ခု၏ အောင်မြင်မှု သော့ချက်ဖြစ်သည်။ ...ယ်မြေခံလူထု၏ လုပ်အားနှင့်ထောက်ခံမှုသည် လုပ်ငန်းတစ်ခု ...တွက် အရေးအပါဆုံး ကဏ္ဍတစ်ခု၌ ပါဝင်နေသည်ဟု ဟံသာ ...ိန်း ခံယူထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကုန်ကြမ်းအနေနဲ့ကတော့ အဆင့်မီဝါးအလုံးရေ ၁၅၀၀၀ လောက်ရထားပြီးပါပြီ၊ မနက်ဖြန်မှာစခဲ့ပြီး စထုတ် မယ် ဆရာ"

စက်ရုံတာဝန်ခံက ဟံသာဟိန်းကို တင်ပြသည်။

"ကောင်းပါပြီလေ ကျွန်တော်တို့လည်း ဒီမှာခဏ ပေးပါ့မယ် စက်ရုံလည်ပတ်မှု၊ အားသာချက်၊ အားနည်းချ တွေကို ပြန်လည်သုံးသပ်လို့ရအောင်ပေါ့"

ပဲခူးသို့လိုက်သွားချင်စိတ်ကို မြိုသိပ်ကာ ဟံသာဟိန်း ကွမ်းဆိပ်တွင် ၂-ရက်ထပ်နေရန် ဆုံးဖြတ်လိုက်သည်။ ပျင်း ညည်းငွေ့မှု မရှိသော်လည်း စိတ်ထဲတွင် ဟာတာတာဖြစ်နေ သည့်အတွက် ကိုဝဏ္ဏစံ အဖော်ပြုကာ သူရဲသူမိန် ကမ်းဘ ထွက်လာခဲ့သည်။

တဖက်ကမ်းရွာဖြစ်၍ သူရဲသူမိန်ရွာသည် ဝေါမြို့နယ် အပိုင်ဖြစ်သော်လည်း လူနေအိမ်ခြေများကာ ဟံသာဟိန်း စက်ရုံအတွက်လိုအပ်သော ဝါးခုတ်သားများနှင့် စက်ရုံလုပ်သား များကို ဤရွာမှ ခေါ်ယူရကြောင်း ဝဏ္ဏစံက ရှင်းပြသည်။

"တကယ်တော့ ဒီရွာက ကျွန်တော်တို့ဖက်ကမ်းကို အ ပြုပြီး စီးပွားရေးလုပ်ကြရတာ ကျွန်တော့်အဘိုးက သူရဲသူ ရွာဘက်မှာ ရှိတယ်လေ၊ ဖေဖေကတော့ ငယ်ငယ်က ဟိုဖ ကမ်း ဒီဖက်ကမ်း ကိုင်းမြေတွေကို ရွှေဖြစ်အောင် အသုံးချသွ တာပဲ"

"ကျွန်တော် ဦးသက်စံနဲ့တွေ့တုန်းက ပြောပြလို့ သိ တယ်"





"သြော် အစ်ကိုက အဖေနဲ့ တွေ့ပြီးပြီပေါ့"

သူ့ထက်အသက် ၂-နှစ်ခန့်ငယ်ပုံရသော ဝဏ္ဏစံက အစ်ကိုဟု သုံးနှုန်းလိုက်သဖြင့် စိတ်ထဲမလုံသလိုဖြစ်သော်လည်း ကျေနပ်သွားသည်။

"ဟုတ်တယ် ကိုယ့်အမ်ဒီဦးအောင်ထက်ကျော်က ဆုံ ပေးတာလေ ဂေါက်ရိုက်ရင်းပေါ့ "

ဝါစဉ်အရ အသုံးအနှုန်းကို ကိုယ်ဟုမသိမသာ ပြောင်း လိုက်သည်။

"ဟုတ်လား အစ်ကိုက ဂေါက်ရိုက်တတ်တယ်ပေါ့"

"နဲနဲပါးပါးပါ"

"ကျွန်တော်လည်း နဲနဲပါးပါး ရိုက်တတ်တယ် ဒါပေမယ့် ဖေဖေက ရွာပို့ထားတော့ ခက်တာပေါ့ ရွာရောက်တော့ မနေနိုင် လို့ ကလေးဘောလုံးကွင်းမှာ သွားရိုက်မိပါတယ် မျောက်ပွဲကျ တာနေပဲ ဝိုင်းအုံကြည့်လို့ ကလေးတစ်ယောက်ခေါင်းမှန်လို့ ဆေးဖိုးဝါးခ လျော်လိုက်ရသေးတယ်လေ"

"ဟုတ်လား ဖြစ်ရမယ်"

"တော်သေးတယ် ထိပ်ကွဲရုံလောက်ပဲဖြစ်သွားတာ Driver နဲ့ဆိုရင်တော့ ခုလောက်ဆို Jail အောင်းနေပြီ၊ ဒါနဲ့ ဘီလိယက် ထိုးတာနဲ့ပဲ ကျေနပ်နေရတော့တာပဲ အစ်ကိုကော ဘီလိယက် ထိုးတတ်သလား"

"တတ်ပါတယ် ကိုယ့်အဖေကလည်း ဘာမှမတတ် မရှိ နေလေအောင်ဆိုပြီး အကုန်သင်ပေးထားလို့ ကိုယ်တတ်ပါတယ်"

"ဒါဖြင့် သွားကစားကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"နေဦးကွ မကူစားခင် ဒီရွာဘက်က ကျေးရွာလူကြီး လေးဘာလေးနဲ့ မိတ်ဆက်ပေးထားဦးကွ သိထားတော့ ပို ကောင်းတာပေါ့ကွာ"

သို့နှင့် ကျေးရွာအုပ်ချုပ်မှု ရုံးခန်းအနီး လက်ဘက်ရည် ဆိုင်တွင် ကျေးရွာလူကြီးနှင့် တွေ့ဆုံစကားပြောဖြစ်ကြသည်။ ထိုကြားထဲ ဦးသက်စံမှာလိုက်သော လူပုဂ္ဂိုလ်တွေ၏ အမည်များ ကို မေးကြည့်ရာ အကုန်သိကြောင်း သိရလေသည်။

သို့သော် လက်ဘက်ရည်သောက် စကားပြောကြစဉ် ဝဏ္ဏစံသည်လည်း ဆိုင်ထဲရှိလူကြီးလူငယ် လူလတ်အားလုံးနှင့် ခင်မင်ရင်းနှီးစွာ ရှိနေသည်။ ထိုအထဲတွင် လူလတ်ပိုင်း ဝဏ္ဏစံ အား ယောက်ဖဟုခေါ်သည်ကိုတော့ ဟံသာဟိန်းရင်ထဲ မနှစ် မြို့စွာ ခံစားရပြီး မဆီမဆိုင် ဝန်တိုနေမိသည်။

နောက်ရွာလည်ပိုင်းရှိ အဆောက်အဦးတစ်ခုတွင် ထား ရှိသော ဘိလိယက်ခုံ၌ သူတို့ကစားဖြစ်ကြလေသည်။ သို့သော် ထိုပွဲစဉ်တိုင်းလိုလို သူရှုံးလေသည်။


"အစ်ကိုက အွာလေ့အကျင့်မရှိလို့ပါ"

"ဟုတ်တယ် ဘယ်အားကစားမဆို အလေ့အကျင့်နဲ့ စိတ်ဝင်စားမှုက အဓိကပဲ"

ဘာပဲဖြစ်ဖြစ် ထိုနေ့အတွင်း သူ့ရင်ထဲဟာတာတာ ဖြစ် နေမှုကို ကိုဝဏ္ဏစံနှင့်အတူ သူရဲသူမိန်ဘက်ကမ်းတွင် အချိန် ဖြုန်းလိုက်ခြင်းအားဖြင့် ဖြေဖျောက်နိုင်ခဲ့လေသည်။







# အခန်း(၃၀)

စက်ရုံပထမနေ့ လည်ပတ်မှုကို စောင့်ကြည့်သည်။ စက် ၅မ်းအား၏ ၈၀%အထိ အသုံးချစရာ ဝါးအလုံးရေ ၈၅၀၀ခန့် အလုပ်ချိန် ၁၀-နာရီအတွင်း ခွဲစိတ်ဖြတ်တောက်နိုင်သည်။ ကျန် စက်များကတော့ ပေးသလောက် ပေါင်းခံ အချိုရည်ထုတ်ပေး နိုင်သဖြင့် ကျေနပ်သွားသည်။ ဝါးပါကင်တစ်ထုတ်ကို နမူနာ ယူသွားရန် ဟံသာဟိန်းဆုံးဖြတ်ပြီး စီစဉ်လိုက်သည်။

သီဟာဆီ စာရေးထားခဲ့သည်။ နောက် ကုမ္ပဏီပိုင်ဧက



www.burmeseclassic.com

www.burmeseclassic.com



လေ့ ၂-စင်းကို သူရဲသူမိန်တွင်ပင် လော့်ခတ်ပေးရန် အပ်နှံခဲ့သည်။ မြစ်အတွင်းလုပ်ကိုင်သူအဖို့ စက်လှေမလွဲမသွေ လိုအပ်ပေသည်။ လုပ်ငန်းအစသည် ချောမွေ့လှသည်။ မချောမွေ့သည်က သူနှင့်မမ၏ ချစ်ခရီးလမ်းဖြစ်သည်။ ဘယ်ကဘယ်လိုစရမှန်း သူမသိသေး ဖြစ်နေသည်။

နောက်ပိုင်းတွင် ဤဒေသ၌ ဤမျှလောက်ရက်ကြာကြာ နေစရာအကြောင်းမရှိ။ နောက်တစ်နေ့ ဟံသာဟိန်းတစ်ဦးတည်း ပြန်လာခဲ့သည်။

သိမ်ဇရပ်သို့ မနက် ၁၀-နာရီမထိုးမီပင် ရောက်လာခဲ့သည်။ နမူနာဝါးချောင်းထုတ်ကို အလုပ်သမားငှားကာ ကမ်းနားသို့ သယ်ယူလာခဲ့သည်။ သူ့ကားမှာ အရင်တစ်ခေါက်ကလို Saloon မဟုတ်ပဲ Surf ပစ်ကပ်မို့ အဆင်ပြေစွာ သယ်ယူနိုင်ခဲ့သည်။

တောက်လျှောက်အလုပ်လုပ်ရမည်မို့ သိမ်ဇရပ်တွင် သူတို့ ကုမ္ပဏီရုံးခွဲတစ်ခု ထပ်မံဖွင့်လှစ်ထားခဲ့သည်။ ဂိုဒေါင်နှင့်အိမ် ဆက်ရက်ဖြစ်သည်။ ပဲခူးအဝင်တွင် သူ့စိတ်ကူး ရုတ်တရက် ပြောင်းသွားသည်။ ရှင်စောပုလမ်းမသို့ ဦးတည်လိုက်သည်။

ကံကောင်းထောက်မစွာပင် မမကို အိမ်ပေါက်ဝတွင် အခန့်သား လှပစွာတွေ့လိုက်သည်။ ကမ္ဘာလောကကြီးသည် ရုတ်တရက် သာယာလှပသွားသည်။

"အလဲ့ ရန်ကုန်အပြန် လှည့်ဝင်လာခဲ့တယ်ပေါ့လေ"

အိမ်ပေါက်ဝရပ်နေရင်း မမက မေးလာသည်။

"ဧည့်သည်ကို အိမ်ထဲဝင်ဖို့ မခေါ်တော့ဘူးလား မမ"





"ခေါ်မှာပါကွယ် ကားပေါ်က အရင်ဆင်းပါဦး"

ဒီတော့မှ ဟံသာဟိန်း ကားတံခါးဖွင့်ကာ ဆင်းလိုက်သည်။

"ကားပေါ်မှာ တင်လာတာ ဘာထုတ်ကြီးလဲကွ"

မမက မိန်းမသားတို့ ထုံးစံအတိုင်း မအောင့်နိုင် မအီးနိုင် စပ်စုလိုက်သည်။

"မမတို့ ပစ္စည်းလေ"

"ဘာမမတို့ ပစ္စည်းလဲ"

"ဟုတ်တယ်လေ မမတို့ ဝါးခုတ်သားတွေခုတ်ပြီး ပုံထားပေးတဲ့ထဲက ခွဲစိတ်ဖြတ်တောက်ပေါင်းတင်ပြီး Packing ထုတ်လာတာ"

"ဟယ်. . တယ်ဟုတ်ပါလား စက်ရုံစလည်ပြီပေါ့"

" လည်ပြီ မနေ့ကပဲ တစ်ရက် ၈၅၀၀ ခွဲနိုင်တယ် ဒါပေမယ့် ကျွန်တော်က ၈၀၀၀ပဲ လုပ်ခိုင်းထားတယ်"

"အို ရသလောက်ထုတ်ပေါ့ မမတို့ဘက်က ခုတ်ပေးနိုင်ပါတယ်"

မမက မိန်းမသားလောဘဖြင့် ပို့ထုတ်ချင်သည့် စကားပြောလာသည်။

"ဘယ်ဟုတ်မလဲ မမရယ် စက်ကိုရေရှည်ခံပြီး ချို့ယွင်းမှုနည်းအောင် စွမ်းအားအပြည့်မခိုင်းရဘူး ၇၅%လောက်ဆိုရင် ရပြီ ရေရှည်အတွက်ပေါ့"

"အင်း. . ဒီလိုဆိုတော့လည်း ဟုတ်တာပဲ"

"လူလိုပေါ့ မမရယ် အင်အားပြည့် အသုံးချလိုက်ရင်



www.burmeseclassic.com

www.burmeseclassic.com



နှမ်းခွေပြီး လုပ်ချင်ကိုင်ချင်စိတ် မရှိတော့ဘူး"

"ဟုတ်တာပေါ့နော်. မမလောဘကြီးသွားတယ်"

ဟံသာဟိန်းအကွက်ဆိုက်ပြီမို့ ဘေးဘယ်ညာ အိမ်တွင်းသို့ အကဲခတ်ပြီး ဆက်ပြောလိုက်သည်။

"ဥပမာ ကျွန်တော့်ကိုကြည့်ပေါ့ မမရယ်"

"မင်းက ဘာဖြစ်နေလို့လဲ"

"စွမ်းအားအပြည့်အသုံးချလိုက်တာ နှမ်းခွေနေပြီ"

"ဒါပေါ့ မင်းက အလုပ်ထဲဇွတ်နှစ်ထားတာကိုး"

"အလုပ်ကိုပြောတာ မဟုတ်ဘူး"

"အလုပ်မဟုတ်ရင် ဘာလဲ"

"အချစ်"

"သွားမဆိုင်တာတွေ"

မျက်နက်စောင်းဖြင့် မမဆိုလာသည်။

"ဆိုင့်တာပေါ့ မမရယ်"

"ဆိုင်ပုံက"

"ကျွန်တော့် အသဲနှလုံးက အချစ်တွေအားလုံးကို စွမ်းအားပြည့်ထုတ်ပြီး ကျွန်တော်ရှေ့က မမကိုပုံပြီး ပေးထားတယ်လေ၊ ခုမှမဟုတ်ဘူး ဟိုးလွန်ခဲ့တဲ့ ၅-နှစ်ကတည်းကပဲ အဲဒါကြောင့် ကျွန်တော့်မေတ္တာတွေ နှမ်းခွေပြီး ခြောက်သွေ့နေပြီ၊ မမဆီက မမောင်ကိုချစ်ပါတယ်ဆိုတဲ့ အားဆေးနဲ့မှ ပြန်ပြီး နလန်ထူတော့မယ်"

ခံစားမှုအပြည့်နှင့်ပြောလိုက်သည့် စကားဖြစ်၍ နဒီစံ၏ နှလုံးသားကို နှိုးဆွလိုက်သလို ဖြစ်သွားသည်။





"မမောင် တို့ကိုစိတ်မကုန်သေးဘူးလား"

"ဝေးသေးတယ် မမရယ် မမနဲ့ပြန်တွေ့လိုက်ရတဲ့အချိန်ကစပြီး အရင်အိပ်ပျော်နေတဲ့ အနုသယချစ်စိတ်ဟာ တစ်ရက်ထက်တစ်ရက်တိုးပြီး ကြီးမားခိုင်ခန့်လာတယ်၊ မမစံနဲ့ကိုက်တဲ့ယောကျ်ားတစ်ယောက် ဖြစ်ပြီလို့ မယူဆနိုင်သေးဘူးလားဟင်"

"ယူဆနိုင်ပါတယ်ကွယ်"

"ဒါဆိုရင်"

"မင်းအပေါ် မမခံစားဖို့ အချိန်ပေးဦးနော်"

ခံစားမှုကို အလေးထားတတ်ပုံရသော မမသည် သူကိုခွဲခွာခဲ့စဉ်က ခံစားလို့မရဘူးကွယ်ဟူသော စကားတစ်လုံးနှင့်ပင်ကြောခိုင်းခဲ့သည်။

ခုလည်း ခံစားဖို့အတွက် အချိန်တောင်းခံနေသည်။ ဟံသာဟိန်းအချိန် ထပ်မဆွဲလိုတော့ မမ၏လက်မောင်းအစုံကိုဆုပ်ကိုင် ရင်ခွင်ထဲသွင်းလိုက်မည်ဟူသော အကြံနှင့်ရှေ့ကို တိုးကပ်လိုက်စဉ်. . .

"ဟော. . မောင်ဟံသာဟိန်းရောက်နေတာလား အန်တီက ကားသံကြားလို့ ဘယ်သူလဲလို့ စောစောကထဲက ထလာမလို့ တရားအရှိန်ကလေးရနေတာနဲ့ ဆက်ထိုင်ဖြစ်နေတာ"

အရေးကောင်းတော့ ဒိန်းဒေါင်းဖျက်ပြီ မည်သို့ဆိုစေကာမူ အရှိန်ရနေသော တရားကို ကျေးဇူးတင်ရမလို ဖြစ်သွားသည်။ ရင်တွင်းမှသိုလှောင်ထားရသော စကားတို့ကို မမရွှေနားတော်သို့ သွင်းပြီးဖြစ်သွားပြီ မဟုတ်လား။

"ထမင်းစားပြီးပြီလား မွန်းတောင်လွဲနေပြီ လာသလာ



www.burmeseclassic.com

www.burmeseclassic.com



အထဲဝင် မတ်တပ်ကြီးကွယ် ဘယ်နဲ့သမီးကလဲ ကိုယ့်မောင်ကို အိမ်ထဲခေါ်ဦးလေ"

"မစားရသေးဘူး အန်တီ"

"သမီးက ဒီလိုပဲ မောင်ဟံသာရယ် တစ်နေ့က မောင်မောင်နိုင်လာတော့လဲ ဒီလိုပဲ ကောင်းကောင်းမွန်မွန်ကို ဧည့်ခံစကားမပြောဘူး၊ တကယ်ပဲ လူမှုရေးကိစ္စတွေကို ဒီအရွယ်ကြမှ ပြန်သင်ပေးရမလို ဖြစ်နေပြီ"

"အိုမေမေကလဲ သူ့ကိုမှ မီးကြည့်လို့မရတာ"

မမက တစ်စုံတစ်ယောက်ကို ငြင်းချက်ထုတ်လိုက်သည်။

"မောင်မောင်နိုင်ဆိုတာ.. သင်္ဘောလိုက်နေတဲ့ ရေကြောင်းအရာရှိပဲ သူ့ခင်ဗျာ မိဘများနဲ့ မင်းအစ်မကို လာကြောင်းလှမ်းထားရှာတာ၊ အန်တီတို့ဘက်ကတော့ အကြောင်းမပြန်ရသေးပါဘူး၊ မချောရဲ့သဘောက အရေးကြီးတယ် မဟုတ်လား"

ဟံသာဟိန်း သက်ပြင်းတိတ်တခိုး ချလိုက်မိသည်။ တော်ပါသေးရဲ့ မမအမေ၏မဲက ဟိုဘက်ဒီဘက်ထိပ်တင်ထားပုံမရ၍...

"သမီးကညာ အခါမလင့်ဆိုတာရှိတယ်လေ သူခမျာ မဆိုးရှာပါဘူး လူကြီးလူကြီးမှန်း သိတတ်ပါတယ် သမီးမှာ ရည်မှန်းထားသူမရှိရင် လက်ခံလိုက်ဖို့ အန်တီတို့က တိုက်တွန်းထားတယ်ကွဲ့"

သူက အသိပေးသလိုလိုနှင့် မမကိုပါတိုက်တွန်းလိုက်





သည်။ မမထံမှ ပေါ်ထွက်လာမည့်စကားကို ရင်ခုန်စွာစောင့်ဆိုင်းလိုက်သည်။

"ဟာ.. မေမေကလဲ ဒီလူက သိပ်တင်စီးတာ အိမ်မှာ ထမင်းစားတုန်းက ကြည့်ပါလား ထမင်းစားပြီး အနားမှာ ရေခဲသေတ္တာထဲက ရေပုလင်းထုတ်ပေးထားတာပဲ ငုံ့မသောက်ဘူး သမီးက မသိချင်ဟန်ဆောင်နေတော့မှ ငုံ့သောက်တယ် အလကားလူ"

မမ၏ မှတ်ချက်က သူ့စိတ်ကိုလွှင့်ပါးစေသည်။ မမကို နားလည်နိုင်ဖို့ အတော်ကိုကြိုးစားရဦးမည်။ ထမင်းစားသောက်ရင်း ဦးသက်စံနှင့်အတူ ဂေါက်ရိုက်ဖြစ်သည့်အကြောင်း ရောက်သွားသည်။

သူ့အမှားပင်။ ဂေါက်ရိုက်သည့်ကိစ္စကို ဒေါ်အေးအေး မြတ်က လုံးဝအားမပေးသည့်အပြင် ဖြစ်တင်ရှုတ်ချသဖြင့် သူ လျှောချရသည်။

"အမ်ဒီက အတင်းခေါ်လို့သာ ရိုက်လိုက်မိတာပါ၊ ငယ်ငယ်ကတည်းက ဖေဖေက ဂေါက်ရိုက်ဖို့ခေါ်တာတောင် ဝါသနာပါလို့ လိုက်မရိုက်ဖြစ်ဘူး ခင်ဗျ"

"အေး.. ဝါသနာမပါနဲ့သား ကောင်းတယ်၊ ကောင်းတယ်၊ ဒါမျိုးက ပိုက်ဆံလည်းကုန်ပါတယ် အိမ်သူလည်း မကြည်ဖြူဘူးကွဲ့"

ဟံသာဟိန်း၏ ကျလုလုအမှတ် ပြန်တက်သွားသည်။ မမကိုလိုချင်မှတော့ မမအမေ၏ ကြည်ဖြူမှုကိုလည်း ရယူရပေမည်ပင်။ မမ၏မျက်နှာ၌လည်း အပြုံးရိပ်ကိုတွေ့လိုက်ရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မမ၏ ဟဒယနှလုံး အဆုံးအဖြတ်သည် သူ့ဖက်ကို အလေးသာနေကြောင်း ဟံသာဟိန်းလိုရာဆွဲတွေးကာ ကျေနပ်နေမိသည်။


ထိုနေ့က ပဲခူးမှနေရောင်ကွယ်လုချိန်တွင် ဟံသာဟိန်း ရန်ကုန်ဖက်သို့ ထွက်ဖြစ်သည်။ ကားမထွက်မီ အနားရပ်၍ မမ မှာလိုက်သည့် အသံကို ပြန်လည်ကြားယောင်နေမိသည်။

"မမ ၂-ရက်နေရင် ရန်ကုန်လိုက်ခဲ့မယ် မင်းနဲ့ဆုံဖို့ စီစဉ်ထားလိုက်လေ ရန်ကုန်ရောက်ရင် ဖုန်းဆက်မယ် ဒါပဲနော် ဟိတ် အတွေးသိပ်မများနဲ့ ကားကိုလည်း ဂရုစိုက်မောင်းသွား ဘိုင့်ဘိုင်. . "

နွေးထွေး၍ ကြင်နာမှုနှင့် ဂရုစိုက်မှုအပြည့်အဝ ပါဝင်နေသော မမ၏ စကားသံသည် သူ့အတွက် အလားအလာကောင်းသော အတိတ်စိမ်းပင်။







# အခန်း(၃၁)

"မရဘူး. . မရဘူး ဖေကြီး မခေါ်ချင်နေ မီးခြေလျှင် ...က်ခဲ့မယ်"

"သမီး ဖေဖေ့အလုပ်ကိစ္စတွေမှာ လိုက်မရှုပ်ဖို့ မေမေ ...ထားတယ် မဟုတ်လား"

ဒေါ်မေလှဝင်းက လှမ်းဟန့်လိုက်သည်။ မရ. . .

"ဘာအလုပ်ကိစ္စလဲ သူများကို မခေါ်ချင်တိုင်း ဟင့် ...င့်. . ရှုတ်. . ဟင့်. . သွားကြည့်ပါလား မီးနောက်ကနေ အ...



www.burmeseclassic.com

www.burmeseclassic.com



တင်းလိုက်မှာပဲ"

ရွှန်းလဲ့သက်ပိုင်၏ တဇွတ်ထိုးနိုင်မှုကြောင့် ဦးသက်စ ပဲခူးပြန်ဖို့အရေး နှောင့်နှေးရသည်။ ပဲခူးအိမ်မှ သမီးကြီးက လည်း အရေးတကြီးကိစ္စ တိုင်ပင်ရန် လှမ်းခေါ်နေသည်။ သမီး ၂ ယောက်ကြား ဗျာများရလေပြီ။

ဒေါ်မေလဲ့ဝင်းကို မျက်စပစ်ကာ သမီးကိုချော့ဖို့ စစ်ဆ တောင်းရသည်။ တံခါးဝ၌ ပေရပ်နေသော သမီးငယ်ကို အသ အယာ ချော့မော့ရင်း ဆက်တီတွင် ထိုင်စေလိုက်သည်။

"ထိုင်ပါသမီးရယ် သမီးက ကလေးမဟုတ်တော့ဘူး လေ အဲဒီလိုမဆိုးရဘူး"

"အို ကလေးမဟုတ်လို့ပေါ့ ဖေကြီးနော် မီးကိုမညာနဲ့"

"အို. . ဘာညာရမှာလဲ သမီးရယ်"

"မသိဘူး. . မသိဘူး တစ်ခုခုညာနေသလိုပဲ မီးစိတ်ထဲ က ခံစားနေရတယ် ဖေကြီး ပဲခူးသွားရင်လိုက်မယ် ဒါပဲ"

ဦးသက်စံ ဒေါ်မေလဲ့ဝင်းကို ကြည့်လိုက်သည်။ တစ်ခုခု တော့မှားနေပြီ အဖြေရှာကြည့်ဖို့တော့လိုမည်။ ဦးသက်စံခေါင်း ကုတ်ကာ ထိုင်ရာမှထပြီး အပေါ်ထပ်သို့တက်သွားလေသည်။ ဒေါ်မေလဲ့ဝင်းက သမီးကိုချော့မော့ပြီး အတန်ကြာမှ တက်သွား လေသည်။

ရွှန်းလဲ့သက်ပိုင် ဖေကြီးကို ဘဝင်မကျသည်မှာ နှစ်နှ ချီ၍ကြာခဲ့ပြီ ကျိုက်ထီးရိုးကအပြန်ကိစ္စ။ နောက်ဟိုတလောက ယုဇနပလာဇာမှာ ဦးစောအား လူငယ်တစ်ဦးဖေကြီးကိုမေး သည့် ကိစ္စနှင့် ပုံပန်းသဏ္ဌာန် ကားအမျိုးအစားအရ ကိုဟံသာ





ဝိန်းဟု တတ်အပ်သေချာသိပြီး ဖေကြီးကို သိသလားမေးတော့ ဖေကြီးအဖြေက 'မသိဘူး'ဟု ဇွတ်ငြင်းသည်။

ကိုဟံသာဟိန်းကိုမေးကြည့်တော့ ၂-ပတ်လောက်ကမှ မြို့တော်ဂေါက်ကွင်းမှာ ကစားကြကြောင်း သိလိုက်ရသည်။ ဂေါက်ကစားလောက်အောင် ရင်းနှီးနေသူကို ဖေကြီးက မသိ ဘူးဆိုသည်မှာ ဘာသဘောလဲ။

မဖြစ်နိုင်။ တစ်စုံတစ်ရာကို ဖေကြီးလျှို့ဝှက်ထားသည်။ ထိုလျှို့ဝှက်ချက်သည် ပဲခူးမှာပဲရှိနိုင်သည်။ ဒီနေ့ဖေကြီး ပဲခူး ပြန်ဖို့ပြင်သည်။ ဒါကြောင့် ရွှန်းလဲ့သက်ပိုင် ဖေကြီးကို ပြဿနာ လုပ်ကာ တားမြစ်သည်။

ညနေ ၅-နာရီလောက်တွင် ဦးသက်စံနှင့်ဒေါ်မေလဲ့ဝင်း အိမ်အပေါ်ထပ်မှ ပြန်ဆင်းလာကြသည်။ သူတို့သမီး စိတ် ကောက်ပြေပြီဟု ယူဆထားဟန်ရသည်။

"ကိုင်း. . သမီး ထမင်းစားရအောင်"

"ပဲခူးလိုက်ရမှာလား"

"ဖေကြီး စဉ်းစားဦးမယ်"

"မရဘူး လိုက်ရမယ်ဆိုမှ ထမင်းစားမယ်"

ရွှန်းလဲ့သက်ပိုင် ပေကပ်နေဆဲပင်။ ဦးသက်စံ ဒေါ်မေ လဲ့ဝင်းကို မျက်စပစ်ပြ၍ ထမင်းစားခန်းသို့ဝင်သွားသည်။ မရ။ ရွှန်းလဲ့သက်ပိုင် ဖေကြီးကို အလျှော့ပေးလို့မဖြစ်။ ကိုဟံသာဟိန်း နှင့်ကိစ္စတုန်းကပဲကြည့် ဂေါက်အတူကစားခဲ့သူခြင်း မသိဆိုတာ။ ဘာသော လိမ်ညာမှုပင်။ အဲဒီတုန်းကလည်း သူဖေကြီးကို ပြဿနာလုပ်ခဲ့သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဟံသာဟိန်းက မီးကျေးဇူးရှင်ဖေကြီး သူနဲ့သိရင်
သားနဲ့ ဖုံးကွယ်ထားတယ်၊ တကယ်ဆို သိတယ်လို့ပြောလိုက်ရင်
ပြီးတာပဲဟာ"

"သြော် သမီးလေးက ဘာတွေများ ကျေးဇူးတင်ခဲ့ဖူး
သလဲကွယ် ဒီသူငယ်ကို"

"တင်ဖူးတာပေါ့ မီးယုဇနပလာဇာမှာ စက်လှေကားနဲ့
စကပ်ညပ်တော့ သူဝင်ကယ်လို့သာ ဈေးလည်ခေါင်မှာ အရှက်
မကွဲတာ"

"ဟုတ်သားပဲ ကျေးဇူးတင်ထိုက်တာပေါ့ အဲဒီတော့
ဖေကြီး ဘာလုပ်ပေးရမလဲ"

"ဘာမှလုပ်ပေးဖို့မလိုပါဘူး ဖေကြီးကပါ သူ့ကို အသိ
အမှတ်ပြုပြီး ကျေးဇူးတင်ပေးဘို့ပါပဲ"

"သြော်. . ဟုတ်ကဲ့ ကျေးဇူးပဲ မောင်ဟံသာဟိန်းရေ"

ဟုဆိုကာ ဖေကြီးရွှတ်ရွှတ်နောက်နောက် လုပ်ပြလိုက်
သည်။

"ဖေကြီးနော် မနောက်နဲ့ အိမ်မှာခေါ်ပြီး ကျေးဇူးတင်
ကြောင်း ပြောခိုင်းတာကို"

ဘာမှမဟုတ်သည့်ကိစ္စကိုပင် ရွှန်းလဲ့သက်ပိုင် ဇာချဲ့ကာ
ပြဿနာရှာနေပါသည်။ ထိုစဉ် ဒေါ်မေလှဲ့ဝင်းက အကြံတင်း
ရကာ. . .

"ဒါဆိုရင် ဖေကြီးကို မေကြီးဖုန်းဆက်ခိုင်းလိုက်မယ်
လာသမီး"

ထမင်းစားခန်းထဲသို့ ရွှန်းလဲ့သက်ပိုင်အား ဆွဲခေါ်ပြီး





င်သွားလိုက်သည်။

"ဖေကြီးရေ မောင်ဟံသာဟိန်းဆီကို ဖုန်းဆက်လိုက်
ါဦးခုပဲ ကြွခဲ့ပါလို့"

ရွှန်းလဲ့သက်ပိုင်ငြိမ်ပြီး ကြည့်နေလိုက်သည်။ ဖုန်းညာ
ဆက်လို့ကတော့ သိမယ်။ သူ့မှာ ဖုန်းနံပါတ်ရှိပြီးသား. . .

"ကိုင်း သမီးပဲခလုတ်တွေနှိပ်ပြီးရင် ဖေ့ကိုပေး ဖေကြီး
ပြောလိုက်မယ်"

သူ့စိတ်ကိုသိနေသလို ဖေကြီးက ဖုန်းကို ကမ်းပေးလိုက်
သည်။ သူမှတ်မိနေသော ဂဏန်းများကို လက်ကနှိပ်လိုက်
သည်။ ဟံသာဟိန်း၏ Visiting Card ရပြီးကတည်းက ဖုန်း
နံပါတ်က ချက်ချင်းအလွတ်ရပြီးသား ဖြစ်သည်။

"ဟဲလို မောင်ဟံသာဟိန်း အိမ်ကပါလား"

". . . . . ."

ဖုန်းထဲမှပြန်ပြောသံကို ရွှန်းလဲ့သက်ပိုင်ကြားအောင်
သူဖက်လှည့်ပေးလိုက်သည်။

"သူများ ရှိပါသလားခင်ဗျာ"

"မရှိပါဘူး ခင်ဗျာ ကျွန်တော် သူ့အဖေပါ"

ပီပီသသကြီး ကြားလိုက်ရသည်။

"သြော် ကျွန်တော် သူ့မိတ်ဆွေဦးသက်စံပါ အရေးတ
ကြီး ကိစ္စရှိလို့ ဘယ်များသွားပါသလဲ"

"အလုပ်ကိစ္စနဲ့ ကွမ်းဆိပ်ရွာဖက်သွားပါတယ် ခင်ဗျာ"

"ဟုတ်ကဲ့ပါခင်ဗျာ သူရောက်ရင်သာ ကျွန်တော့်ဆီကို
ဆက်သွယ်ဖို့ ပြောပေးပါ ခင်ဗျား"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ ခင်ဗျား ကျွန်တော်ဆက်ဆက်ပြောပေးပါ့မယ်"

"ကျေးဇူးပါပဲ ခင်ဗျား"

ဦးသက်စံ ဖုန်းခလုတ်ကို ပိတ်လိုက်ပြီး

"ကိုင်း. . . ကြားပြီလား မချောလေး ထမင်းစားတော့ ပြဿနာမရှာနဲ့ ရန်ကုန်မှာ မရှိဘူးတဲ့"

ရွှန်းလဲ့သက်ပိုင် စိတ်လေသွားသည်။ စိတ်မပါသော်လည်း ထမင်းကို အနည်းငယ်စားရင်း အကြံထုတ်လိုက်သည်။ ပြီးမှ ဖေကြီးဖက်လှည့်လိုက်ကာ. . .

"ခေါ်ဖို့ကိစ္စကတော့ ဆက်မဆွေးနွေးတော့ပါဘူး ဒါပေမယ့် ပဲခူးလိုက်ဖို့ကိစ္စကတော့ မလျှော့ဘူးနော် ဖေကြီး"

"ဗျာ"

ဦးသက်စံ ရွှန်းခရင်းလွှတ်ကျသည်အထိ အထိတ်တလန့် ဗျာလိုက်သည်။ သွားပြီ ဆက်ပြီးအရေးဆိုမည့်ပုံပေါက်နေသည်။ ဦးသက်စံကလည်း မခေ။ ဟန်လုပ်ကာ ထမင်းကိုငြိမ်အောင် ဆက်စားလိုက်သည်။

"ကိုင်း ဒီလောက်လိုက်ချင်တာ ဖေကြီးလည်း မနက်ရောက်သွားတော့မယ် လိုက်ခဲ့ပေတော့ ကိုစောရေ ကားထဲက ခရီးဆောင်အိတ်ကို အခန်းထဲသာ ပြန်သယ်သွားလိုက်ဗျာ"

လက်သုတ်ပြီး အိမ်ပေါ်ပြန်တက်သွားသည်။ ရွှေရွှေရှုရှုဖြစ်သွားသဖြင့် ရွှန်းလဲ့သက်ပိုင် အံ့သြသွားသည်။ ထို့ကြောင့် ထမင်းကိုမြန်မြန်စားကာ လိုက်ကြည့်သည်။ အမှန်တကယ်ပင် ဖေကြီး၏ ခရီးဆောင်အိတ်ကို ဦးစောဆွဲကာ ပြန်ဝင်လာသည်။





"မနက်သွားမှာပဲရှင် ဧည့်ခန်းထဲမှာပဲ ထားလိုက်ပါ ဦးစောရေ၊ အပေါ်သယ်သွားရ အောက်ချရနဲ့ ရှုပ်ပါတယ်"

မေကြီးဧည့်ခန်းမှာပဲ ထားစေသဖြင့် ဦးစောက ရှိုးကေ့စ်အနားတွင် ထောင်ထားလိုက်သည်။ ဘာပဲဖြစ်ဖြစ် ရွှန်းလဲ့သက်ပိုင် ကျေနပ်သွားသည်။ သို့ရာတွင် ပြဿနာမကြာမီ စလေတော့သည်။

ရွှန်းလဲ့သက်ပိုင် အလစ်တွင် ဦးသက်စံက ကပြာကရာ ခေါ်ခဲ့စောင့်ဦးစော အကူအညီနှင့်ကားကို ခြံဝတွန်းထုတ်စေပြီး စက်နှိုးကာ မောင်းထွက်သွားလေသည်။

မကြာမီ ဦးသက်စံကို မတွေ့သဖြင့် ရွှန်းလဲ့သက်ပိုင် ဒေါ်သူပုန်ထကာ ဂျိကျလေတော့သည်။

"မကောင်းဘူး မကောင်းဘူး မေကြီးရာ ဦးစောရော သမီးကို ဝိုင်းညာတယ်. . လိုက်မယ် ခုလိုက်မယ်"

ရွှန်းလဲ့သက်ပိုင်အိမ်ပေါ်တက်ပြီး သူ့စလင်းဘက်ခ်ကြီးလွယ်၍ ပြန်ဆင်းလာသည်။

"ဒါက ဘယ်တုန်း"

"ဖေကြီးနောက်လိုက်မလို့"

ဒေါ်မေလဲ့ဝင်းက မျက်နှာခတ်ထန်ထန်နှင့်. . .

"ကောင်မလေးနော် အဖေရှိနေလို့ ဘာအောင်းမေ့နေ မေကြီးမငယ်နဲ့ အရိုက်ခံရမယ် ပြန်တက်စမ်း"

အမေကိုတော့ သူလန့်သည်။ စောဒကမတက်ရဲ။ စိတ်ထဲကတော့ သိပ်မကျေနပ်။ ဦးသက်စံ၏ ဇွတ်တရွတ်ဉာဏ်ကို သူထားသည့် မိနစ်ကလေးပေပဲ။ ည ၇-နာရီခန့်တွင်. . .



www.burmeseclassic.com

www.burmeseclassic.com



"အန်တီမေ. . အန်တီမေ မမလေး မရှိတော့ဘူး"

"ဟဲ့. . ဘာဖြစ်တာလဲ အလန့်တကြား"

" သူ့အခန်းထဲကို ကျွန်မမီးပူတိုက်ထားတဲ့ အဝတ်ေ ဝင်ပို့တာ အခန်းထဲမှာမတွေ့လို့ တစ်အိမ်လုံးရှာတာလည်း မတွေ ဘူးအန်တီ ခြံထဲဆင်းရှာကြည့်ဖို့ပဲ ကျန်တော့တယ်"

ဒေါ်မေလှဲဝင်း ပြာသွားသည်။

"ကြည့်. . ကြည့်. . မြန်မြန်၊ ဟယ် ဒီကောင်မလေးက ဖွတ်တရွတ်ပဲ ကိုစောကိုပြော ကားအသင့်ပြင်ထားလို့၊ ဘယ် အချိန် ထွက်သွားတာလဲ၊ ဟဲ့ ငါမေးနေတယ်လေ"

တစ်ခုပြီးတစ်ခုထွက်လာသော အမိန့်နှင့် မေးခွန်းမျာ ကို အဖော်မိန်းကလေးက ဘာဖြေရမှန်းမသိ ဖြစ်သွားသည်၊

"ဘယ်အချိန်ကလဲလို့"

" ကျွန်မလဲ မသိလိုက်ဘူး ဘဘကြီးသွားပြီး သိပ်မကြာ ဘူး ကျွန်မလည်း မီးပူတိုက်နေတာ၊ အန်တီက ဘုရားခန်းဝင်နေ တော့"

"အင်း. . နာရီဝက်လောက်တော့ ရှိပြီထင်တယ်၊ လု မြန်မြန်"

"ဟုတ်ကဲ့ အန်တီမေ"

ဒီတော့မှ အိမ်ဖော်မိန်းကလေး သုတ်သီးသုတ်ပြာ ခြံ ဆင်းခွင့်ရသွားလေတော့သည်။ ရွှန်းလဲ့သက်ပိုင် တစ်ယော မှာတော့. . .

အောင်မြင်စာပေ



www.burmeseclassic.com





# အခန်း(၃၂)

ရှစ်မိုင်လမ်းဆုံတွင် ညနေစာစားရင်း ဝီစကီ ၃-ပက်ခန့် မြန်မြန်ကလေး သောက်လာမိသဖြင့် ကားကိုအရှိန်လျှော့ရင်း မောင်းလာခဲ့သော ဟံသာဟိန်းသည် မရမ်းကုန်းမီးပွိုင့်နားအရောက်တွင် အရှိန်ကိုပို၍လျှော့ချလိုက်သည်။ မီးနီလွတ်အောင် စွတ်မောင်းလျှင် အန္တရာယ်ပိုများသည်။

ထိုစဉ် ကားလမ်းဘေးပလက်ဖောင်းပေါ်မှ တစ်ဦး





တည်း မှန်မှန်လျှောက်လာသော မိန်းကလေးတစ်ဦးကို သူသတိထားမိလိုက်သည်။

အနီးရောက်တော့ သေချာစွာကြည့်မိသည်။

"ဟင်. . . ရွှန်းလဲ့ပါလား"

စက်လှေကားဒေဝီလေး ဖြစ်နေသည်။ ညဉ့်မနက်သေးပေမယ့် ဒီအချိန်တွင် တစ်ဦးတည်း မဖြစ်စကောင်း. . .

ကားကို ရုတ်တရက်လမ်းဘေးကပ်ရပ်လိုက်ပြီး သူ့ကားနောက် ၁၀-ကိုက်ခန့်ကျန်ခဲ့သော ရွှန်းလဲ့သက်ပိုင်ကြားအောင် ဟွန်းနှိပ်လိုက်သည်။

"တီ. . တီ"

ဟွန်းရှည် ၂-ချက်ကြောင့် သူလှည့်အကြည့်တွင် ညာဘက်လက်ထုတ်ပြရင်း ကားတံခါးကို ဖွင့်ပေးလိုက်သည်။

"ဟိတ် စက်လှေကားမင်းသမီးလေး ဘယ်သွားမလို့လဲ တစ်ယောက်တည်းလား"

"ဟယ်. . ဦးဟိန်း"

သူသိပ်ပျော်သွားပုံရသည်။ ဟံသာဟိန်းရှိရာ အပြေးတစ်ပိုင်းလျှောက်လာသည်။ သူ့နားမရောက်မီ မညီညာသော ပလက်ဖောင်း၏ ကျောက်ဆူးကြောင့် သူ့ရင်ခွင်ထဲ ညွှတ်ကျလာသော ရွှန်းလဲ့ကို အသာအယာဖေးမရင်း ဖက်ထားမိသလို ဖြစ်သွားသည်။

နုငယ်သော အပျိုစင်မ၏ အိစက်နွေးထွေးသော ဖောဒ္ဒမ၏ ဖသဝေဒနာသည် ဟံသာဟိန်း၏ နှလုံးအိမ်သို့ အကြိမ်ပေါင်းကုဋေကုဋာ ရိုက်ခတ်သွားသည်။ ထိုအတူ အပျိုစင်မလေး



www.burmeseclassic.com

www.burmeseclassic.com



၏နှလုံးအိမ်သည်လည်း တဖျတ်ဖျတ် တဆတ်ဆတ်တုန်ခါလျက်

"ဦးဟိန်း လွှတ်ဦးလေ ကားလမ်းကြီးမှာ"

လှိုက်ဖိုရင်မောသံနှင့် ငြင်းဆန်ကာ ရွှန်းလဲ့သက်ပိုင်အသာအယာ ရုန်းထွက်လိုက်သည်။ ထိုအခါမှ ဟံသာဟိန်းသတိဝင်ကာ လက်အစုံကို ဖြေလျှော့ပေးလိုက်သည်။

ဆန့်ကျင်ဘက်အတွေ့အကြုံ အတော်သင့်ရှိသော်လည်း ယစ်ရွှေရည်တမျှမျှနှင့် ချစ်သူအကြောင်းတွေးလာသည်၊ နူးညံ့နေသည့် ဟံသာဟိန်း နှလုံးသား၏ အရှုတ္တသည် ရုတ်တရက် မျှော်လင့်မထားသော ထိခိုက်မှုအထိအတွေ့နှင့် မိန်းမောသွားသည့် အချိန်နှင့်. . .

မဆွတ်ခင်က ကြွေလုလုဖြစ်နေသော အပျိုစင်၏ ရင်ခုန်သံတို့ ပေါင်းစပ်သွားသော တခဏဝယ် ပေါက်ကွဲလုလုအခြေအနေကို ရွှန်းလဲ့သက်ပိုင်၏ ရုန်းထွက်မှုက ထိန်းပေးလိုက်သည်။

"အိမ်ပြန်မှာလား ကိုယ်လိုက်ပို့ပေးမယ်"

"ဟင့်အင်း မပြန်ချင်ဘူး ဦးဟိန်းနဲ့ကားလိုက်စီးမယ်"

ကားပေါ်ဝင်ထိုင်ရင်း ဟံသာဟိန်း၏ အမေးကို ရွှန်းလဲ့သက်ပိုင် ဖြေလိုက်သည်။

"ဘယ်အထိလိုက်စီးမှာလဲ မိန်းကလေးရယ် ကိုယ်ကအိမ်မပြန်သေးဘူး ကုမ္ပဏီက စက်ရုံရှိတဲ့ လှိုင်သာယာအထိသွားမှာ"

"အဲဒီအထိ လိုက်မယ်"

"ဗုဒ္ဓေါ"—





စိတ်မချမ်းမြေ့စရာပါလား၊ ဒီနေ့ ဟံသာဟိန်းကံနိမ့်နေသည်ထင်မိသည်။ တွေသမျှဆန့်ကျင်ဘက်တို့က အခွင့်အရေးပေးနေသည်။ ကားကို ရုတ်တရက် ဘရိတ်အုပ်လိုက်သည်။

"ကျွီ"

"အမေ့"

ငိုက်ဆင်းသွားသော ရွှန်းလဲ့သက်ပိုင်က ဟံသာဟိန်း၏ပခုံးကို သူ၏ဆင်စွယ်လက်နုများက လှမ်းရောက်မှီတွယ်သည်။

"ဘာဖြစ်တာလဲ"

လက်သီးဆုပ်ဖြင့် မနာမကျင်ထုရင်း ဟံသာဟိန်းကိုချစ်စဖွယ်မျက်စောင်းထိုးရင်း မေးရှာသည်။

"အဲဒီမေးခွန်းက ကိုယ်မေးရမှာ ရွှန်းလဲ့ဘာဖြစ်လာတာလဲ"

"မဖြေချင်ဘူး"

ဟံသာဟိန်းကားကို ဆက်ထွက်ရင်း ထိန်းမောင်းနေလိုက်သည်။

"ဖြေရမယ်"

ရွှန်းလဲ့ထံမှ အသံထွက်မလာ။

"ပြောလေ"

"ဦးဟိန်း မကောင်းဘူး"

"အလို မဆီမဆိုင် ကိုယ်က ဘာဖြစ်လို့လဲ"

"ဖေကြီးနဲ့ ဦးဟိန်းသိတာကို ရွှန်းလဲ့ကိုမပြောပဲ ဒရိုင်ဘာဦးလေးစောပြောရမှ သိရတဲ့ဟာ"

"ဟုတ်တယ်လေ ကိုယ်သိတာ ဦးသက်စံနဲ့ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



သူမှာ ဒီလိုချစ်စရာသမီးချောရှိမှန်းမှ ကိုယ်မသိခဲ့တာ ဒါကြောင့် မပြောဖြစ်တာ”

သက်သက်ပြဿနာရှာနေမှန်း ဟံသာဟိန်း ရိပ်မိလိုက်သည်။

“မကျေနပ်ဘူးကွာ၊ ကဲ. . ခု ပဲခူးကိုပို့ပေး”

“ဗျာ”

“ဦးဟိန်း မကြားဘူးလားလို့”

“တကယ့်မြွေပဲ”

“ဘာမြွေလဲ ဦးဟိန်းမပို့ချင်ရင်လည်းရတယ် ပဲခူးကား ဂိတ်ကိုပို့ပေး၊ ပြီးတော့ ပဲခူးက ဖေကြီးလိပ်စာကိုပေး. . .”

အဲဒါမှ တကယ့်ပြဿနာဟု ဟံသာဟိန်းရိပ်မိလိုက်သည်။ ထို့ကြောင့် ဟန်မပျက်. . .

“ပဲခူးလိပ်စာမသိပါဘူး ဂေါက်ကွင်းမှာပဲ ဆုံဖြစ်တာ”

ဟံသာဟိန်း မှသားသုံးကာ အလွတ်ရုန်းလိုက်သည်။ ရွှန်းလဲ့သက်ပိုင် ငြိမ်ကျသွားသည်။ ဒင်းကလေးငြိမ်နေပြန်တော့လည်း သူမနေတတ်။

“ရွှန်းလဲ့”

မထူး။

“ဘာစဉ်းစားနေတာလဲ၊ အိမ်ကဘယ်မှာလဲ ကိုယ်လိုက်ပို့ပေးမယ်လေ မိဘတွေ စိတ်ပူနေလိမ့်မယ်”

“စိတ်ပူမယ် မထင်ပါဘူး”

ခုမှအသံပြန်ထွက်တော်မူသည်။ နှုတ်ခမ်းက စူစူမျက်နှာထားက မှုန်ကုတ်ကုတ်။ အလိုမကျလာသည်ကတော့ သေချာ





သည်။ မလွယ်ပါလား ဤမိန်းမချောလေးကို လက်လွှတ်စပယ် ပြုရက်သော အသဲနှလုံးက သူနှင့်ပါမလာချေ။ လှိုင်သာယာ စက်ရုံကို ဝါးပါကင်ထုတ်သွားပို့ဖို့က မလွယ်။ အိမ်ခေါ်သွားရင်ကော သားအဖနှစ်ယောက်ထဲမို့ ပြဿနာမရှိ။ စိတ်ကောက်ပြေတော့ ပြန်ပို့ပေးရုံပဲ ဟုတ်ပြီ. . .။

အင်းယားလမ်းထဲရှိ သူ့အိမ်ရှိရာသို့ ဦးတည်မောင်းနှင်လိုက်သည်။

“ဘယ်ကိုသွားမှာလဲ”

“ကိုယ့်အိမ်ကိုလေ အိမ်ကြမှ ခင်ဗျားလေး ဘာလုပ်သင့်တယ်ဆိုတာကို ကိုယ့်ဖာသာကိုယ်စဉ်းစား”

“ဟုတ်”

ရွှန်းလဲ့သက်ပိုင် ပြန်ငြိမ်သွားသည်။ ကားမောင်းရင်း ဘေးတိုက်ကြည့်မိသည်။ တော်တော်ချောတဲ့ မိန်းကလေးပေပဲ။ မမအလှနှင့် ဆင်သယောင်။ အင်းလေ ညီအစ်မပဲဟာ ဒီအတိုင်းပဲဖြစ်ရမှာပါ ။ မမက အသက်အရွယ် ရလာပြီမို့ အလှအပတွေ အစွမ်းကုန်ဖွံ့ဖြိုးချိန်မို့ ရင့်ကျက်ပြီးလှသည်။ သူ့ကလေးကတော့ နုပျိုလတ်ဆတ်စွာလှသည်။ ငယ်ဂုဏ်ရှိသည်မို့ ပို၍ကြည့်ကောင်းသည်။

တောင်တောင်အီအီတွေးရင်း ကားကိုခြံဝင်းတံခါးဝ ကွေ့ဝင်လိုက်သည်။ ခြံစောင့်က အပြေးအလွှား လာဖွင့်ပေးသည်။ ကားကို ရပ်မနေတော့ဘဲ ခြံစောင့်ကိုမာဒင်ကို လက်ပြနှုတ်ဆက်ပြီး ဆင်ဝင်အောက်တစ်ခါတည်း မောင်းဝင်ခဲ့သည်။

ဖေဖေ့ကားရပ်ထားသဖြင့် အိမ်တွင်ရှိနေကြောင်း သဘော



www.burmeseclassic.com

www.burmeseclassic.com



သေခံနေသည်။ ဖေဖေက တစ်ခါတစ်ရံ ညဉ့်နက်သန်းခေါင် ပင်စင်စားများစုပြီး တစ်နေရာတွင် စားသောက်ရင်း လေပွဲဖွဲ့တတ်သည်။

"ဟာ. . သားလာ အတော်ပဲ"

သားကိုနှုတ်ဆက်ရင်း နောက်ဆက်တွဲလိုက်လာသော ရွှန်းလဲ့ကိုကြည့်ကာ စကားရပ်သွားသည်။ ပြီးမှ အားရပါးရ ရယ်လိုက်ပြီး

"ဟားဟားဟား. . ငါ့သား မပြောမဆိုနဲ့ မိန်းမခိုးလာတယ်ထင်တယ်. . ဟားဟားဟား ငါ့ကို စောစောကပြောရောပေါ့ကွာ မင်းအဖေက မင်းကို မိန်းမပေးစားချင်နေတာ တစ်ပိုင်းသေနေပြီကွ"

မမေးစမ်းနှင့် စွတ်ပြောနေသော ဖခင်ကြီးကို ဟံသာဟိန်း ကမန်းကတန်းနှင့်တားရသည်။

"ဟာ. . မဟုတ်သေးဘူး ဖေဖေဖြစ်စဉ်က "

ဖြစ်စဉ်ကို အသေးစိတ်ရှင်းပြလိုက်သည်။

"ဟေဟေဟေ. . ဟားဟားဟား"

ဖေဖေအားရပါးရ ရယ်နေပုံထောက်လျှင် ကျန်းမာရေးအတွက် ဘာရန်ဒီသောက်ပြီးပုံရသည်။

"ဖေဖေ ထမင်းစားနေတာလား"

"မစားသေးဘူး စားမလို့ဖြစ်နေတုန်း မင်းရောက်လာတာ၊ လာ. . တစ်ခါထဲစား သမီးလေးရော ဝင်စားပါလား"

"မစားတော့ဘူး အန်ကယ်၊ မီး အိမ်ကစားခဲ့ပါတယ်"

"အေးအေး. . ဒါနဲ့ အန်ကယ့်ကို သမီးအဖေနာမည်နဲ့





အိမ်ဖုန်းနံပါတ်ပေးစမ်းကွယ် အန်ကယ်ဆက်လိုက်မယ် စိတ်မပူနေအောင်ပါ"

"ဟုတ်"

ရွှန်းလဲ့သက်ပိုင် အိမ်လိပ်စာ ကဒ်ကလေးထုတ်ပေးလိုက်သည်။

"ဟေ. . သမီးအဖေက ဦးသက်စံဆိုတော့ စောစောကဖုန်းဆက်တာ"

"ဟုတ်ပါတယ် အန်ကယ် သမီးအဖေပါပဲ"

"အရေးတကြီးကိစ္စရှိလို့ သားဆီဖုန်းဆက်တာလို့ ပြောသယ် ဘာအရေးတကြီးကိစ္စလဲသမီး"

"ဟိုလေ. . အန်ကယ်. . ဟို"

ရွှန်းလဲ့သက်ပိုင် ပြောရမည့်ကိစ္စကို ရှက်နေပုံက ဟံသာဟိန်း၏ဖခင်ကြီး ဦးဟံထွန်းကို နားလည်မှုလွဲစေသည်။

"နေ. . သမီးမပြောနဲ့တော့ အန်ကယ်သဘောပေါက်ပြီ"

သူ့သားနှင့်မေတ္တာမျှ၍ လူငယ်ကိစ္စမေးမြန်းဖို့ ရွှန်းလဲ့သက်ပိုင်၏ဖခင်က သူ့သားကို အိမ်သို့ခေါ်ယူခြင်း ဖြစ်မည်ဟု ဦးဟံထွန်းလိုရာဆွဲတွေးကာ တထစ်ချယုံကြည်လိုက်သည်။ အသက် ၆၀-ကျော်ပင်စင်ယူပြီးအချိန်အထိ မြေးမချီရသေးသော ဦးဟံထွန်းသည် ဟံသာဟိန်းကို အမြန်ဆုံးမိန်းမပေးစားရန် အသည်းအသန်ရှိနေသည်မှာ ကြာမြင့်ခဲ့ပြီ ဖြစ်သည်။

ယခုမှ စိုင်ကော်လို့ ချုပေါ်ရောက်လာပြီ။

"ဟော့ကောင် ဟံသာ မင်းထမင်းစားခန်းထဲ ဝင်နေစမ်း



www.burmeseclassic.com

www.burmeseclassic.com



ငေါ့သမီးကို မေးစရာရှိတယ်"

ဦးဟံထွန်း ဖခင်ဗိုတိုအာဏာနှင့် သူ့ကို ဧည့်ခန်းထဲမှ နှင်ထုတ်လိုက်သည်။ ဟံသာဟိန်း ကုတ်ချောင်းချောင်းနှင့် ထမင်းစားခန်းသို့ မဝင်ချင်ဝင်ခဲ့ရသည်။ စိတ်ထဲမှာလည်း. .

"အင်း ဖေဖေကလဲ ဖုန်းဆက်မှာသာဆက်တာမဟုတ်ဘူး၊ ဘာတွေပေရှည်ဦးမလဲ မသိဘူး"

ဟု တွေးမိရင်း ထမင်းစားဝိုင်းတွင် ခင်းကျင်းထားသော ဖခင်ကြီး၏ ယမကာဝိုင်းတွင် ဝင်ထိုင်လိုက်သည်။ ထမင်းစားပြီးသော်လည်း နှစ်ချို့ဘရမ်ဒီက မျက်စပစ်ပြနေသည်။ အရက်ကို စွဲစွဲလန်းလန်း မကြိုက်သော်လည်း အရက်အကောင်းစားများကိုတော့ တစ်ခါတစ်ရံ ဟံသာဟိန်း နှစ်နှစ်မြိုက်မြိုက် သောက်တတ်သည်။

အသက် ၃၀-နီးပါး ကုမ္ပဏီအမှုဆောင်တစ်ယောက်ဖြစ်သော သူ့အား ဖခင်က သူငယ်ချင်းပေါင်းပေါင်းသည်။ ဘရန်ဒီကို ကလပ်ခွက်အပြည့်ထည့်လိုက်သည်။ နှစ်လိုဘွယ် အနံ့က ဆီးကြိုနေသဖြင့် ၂-ပက်ကျော်ရှိသော အရက်ကို ၂-ငုံထဲနှင့် အကုန်သောက်ပစ်လိုက်သည်။

ချိုမြပူရှိန်းသော အရသာကိုခံရင်း တဖြည်းဖြည်း ခါးသက်သက် အရသာနှင့်မြိုချလိုက်သည်။ နဂိုအခံဝီစကီ ၃-ပက်နှင့်ပေါင်းကာ ရီတီတီနှင့်မူးလာသည်။ သေရည်သေရက်၏ တန်ခိုးသည် ဟံသာဟိန်းကို ပျော်သလိုလိုရှိလာသည်။ နောက်ထပ်တစ်ခွက်ထပ် ထည့်ကာ အမြည်းစားရင်း ဇိမ်နှင့်သောက်နေလိုက်သည်။





အတန်ကြာသော ဦးဟံထွန်းဝင်လာသည်။

"အံ့မယ် မင်းက အရက် မင်းစည်းစိမ်လာတွေနေတယ် ...လေ၊ ကြည့်စမ်း. . ငါ့ဘရမ်ဒီ တော်တော်ကျိုးသွားပြီ၊ ဟော့ ...ာင် တစ်ပတ် ၁၀၀၀၀-တန်တယ် မင်းဂေါ်ရင်ဂျီသောက် ...သာက်မနေနဲ့"

"ဖေဖေကလဲဗျာ သားအဖခြင်းကို ကပ်စီးနည်းစရာမရှိ ...တဲ့ပြီး ညည်းနေပြန်ပြီ နောက်ထပ်ဝမ်းပက်လောက် သောက် ...ရင် တော်ပါပြီ "

" သောက်မနေနဲ့တော့ ကောင်းမလေးအမေကို ငါဖုန်း ...က်လိုက်ပြီးပြီ သူတို့က မင်းနဲ့ဆို သဘောတူပါတယ်တဲ့ ဘာမှ ...း်မနေနဲ့တော့"

"ဗျာ"

သူ့မျက်လုံး ပုဇွန်ထုတ်မျက်လုံးဖြစ်သွားသည်။

"ဖေဖေ ဘာတွေ"

"ဟော့ကောင် ဘာမှမူလကျီတွေဘာတွေလုပ်မနေနဲ့ မိန်း ...လေးဘက်က အားနာစရာ မင်းကိုလည်း ကောင်မလေးက ...ဘောကျနေတာ ငါအကုန်မေးပြီးပြီ ခုလိုအချိန်တွေ ဘာတွေ ...မှတော့ မကောင်းတော့ဘူး၊ ပဲခူးက ကိုသက်စံဆီတောင် ...န်းဆက်လိုက်ပြီ"

"ပြဿနာပဲ ဖေဖေ ဘယ်ကဖုန်းနံပါတ်ရတာလဲ ရှုန်းလဲ့ ...ာပဲလား"

"ငါ့ခွမည်းခမက် ဒေါ်မေလဲ့ဝင်းဆီကရတာကွ၊ ပဲခူးကို ...က်ရင် ဦးသက်စံရဲ့ ပထမအိမ်ထောင်ကို အသိမပေးပါနဲ့လို



www.burmeseclassic.com

www.burmeseclassic.com



ပြောတယ်ကွ၊ ဦးသက်စံနဲ့တွေ့မှ ပြောပါတဲ့၊ ဟတ်ဟား ဒီလူ တော်တော် စွံတဲ့လူပဲ. . ဟဲဟဲ"

ဖခင်ကြီးက တိုးတိုးတိတ်တိတ်ပြောရင်း သူ့လုပ်ရပ်ကို သူကျေနပ်နေသည်။ ဟံသာဟိန်း အကြီးအကျယ် စိတ်ရှုပ်သွားလေပြီ သို့သော် ရိုတီတီအရှိန်ကြောင့် ရယ်ရင်း. . .

"ဟား ဟား ဟား ဖေဖေရာ မှားကုန်ပြီ အကြီးအကျယ် မှားကုန်ပြီ၊ ဒါထက်ဖေဖေ ဦးသက်စံဆီ ဖုန်းဆက်တော့ ကျွန် တော့် နာမည်ထည့်ပြောလိုက်သေးသလား"

"မပြောလို့ဖြစ်မလား ကိုသက်စံက ပဲခူးမှပြန်မရောက် သေးဘူးတဲ့၊ ဟံသာဟိန်းအဖေလို့ပဲ ပြောထားတယ်၊ ကျန်တာ တွေ မပြောရသေးဘူး လာကိုင်တာက သူ့ရဲ့ Frist Lady ကွ သွားပြောရင် ငါရန်တွေ့ခံရမှာပေါ့"

တော်သေးတာပေါ့။ သို့သော်. . .

"ဖေဖေမပြောနဲ့တော့ ပြောရင်ပိုဆိုးတော့မယ်"

"ဟေ ဘာဖြစ်လို့လဲ"

"သား Propose လုပ်ထားတာက သူ့ First Family ရဲ့သမီးကြီး နုဒီစံ"

"ဟေ. . ဒါမှတကယ့်ပြဿနာပဲ နေဦးကွ သူကော မင်းကို အဖြေပေးပြီးပြီလား"

"ဟင့်အင်း. . မပေးရသေးဘူး၊ ဒါပေမယ့် တစ်ရက် နှစ်ရက်နေရင် သူ့ရန်ကုန်လာဖို့ရှိတယ် သားနဲ့ချိန်းထားပြီး လက်ခံမှာ သေချာသလောက်ရှိနေပြီ. . ခုတော့"

ကျေးဇူးရှင် မွေးသဖခင်ကြီးကိုလည်း အပြစ်တင်မ





နိုင်ရဲသဖြင့် ဟံသာဟိန်းစကားစကို ရပ်လိုက်ရသည်။

"မင်း ဦးသက်စံသမီးကြီးက ဘယ်သူ"

"နုဒီစံ"

"အေး. . သူကခု သမီးငယ်လောက်လှလို့လား"

"တစ်မျိုးစီပေါ့ ဖေဖေရာ"

"အသက်ကကော"

"မမနဲ့ ရွှန်းလဲ့နဲ့ဆို ၁၃ နှစ်လောက်ကွာမယ်ထင်တယ်"

"ထပ်သရိုး မင်းကွာညှံ့ချက် သွားသွား. . ဘာမှဆင်ခြေ ပေးမနေနဲ့ အိမ်ရှေ့မှာ ငါသမီးတစ်ယောက်ထဲ သွားစည့်ခံလိုက် ငယ်နဲ့ဗျာ ၁၈-နှစ်နဲ့ ၃၀-ကျော်အရွယ်များ ရွေးစရာလိုသလား တောက်ကွာပါ. . . ကွာပါ"

"ဘယ်သူနဲ့ကွာတာလဲအဖေ"

"ငါနဲ့ပေါ့ကွ မင်းကွာ ငါ့သားမလုပ်နဲ့"

"ဖေဖေကကော မေမေဆုံးပြီး ခုထိဘာဖြစ်လို့ ထပ်မ ယူသေးတာလဲ"

"ဟော့ကောင်မရှည်နဲ့ ငါ့အသက် ၆၀-ကျော်ပြီ သင့်မ ဘား၊ သွားသွား ငါရှေ့က ကောင်မလေးကို အတင်းပြန်မပို့နဲ့ ခုစ်ဘူး ဘာညာနဲ့သွားမလုပ်နဲ့နော် နှမချင်း ကိုယ်ခြင်းစာနာ ဧည့်ထမင်းစားခန်းထဲမှာ နားထောင်နေမယ် ရုတ်ရုတ်လုပ်ရင် ငါ့ တံဆွေ တရားသူကြီးကိုခေါ်ပြီး ညတွင်းချင်း လက်ထပ်ပေး လိုက်မယ်"

"သူ့အမေက လာခေါ်မှာလား"

"ခေါ်ခေါ် မခေါ်ခေါ် မင်းနဲ့မဆိုင်ဘူး ငါ့ကိုသက်စံဆီ



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဆက်ပြီး အဖြေရရင် ပြန်ပို့စရာမလိုဘူး၊ မနက်ဖြန် တ
တည်း Wedding အကျဉ်းလုပ်လိုက်မယ်"

"ဗျာ"

ဟံသာဟိန်း အကြီးအကျယ် စိတ်ရှုပ်သွားသည်၊
ကယ့်ကို ငယ်ထိပ်မြွေပေါက်လေပြီ စိတ်ရှုပ်ရှုပ်နှင့် စားပွဲ
ဘရမ်ဒီခွက် လက်ကျန်ကို မော့သောက်လိုက်သည်။

ဖခင်ကတော့ ရယ်နေသည်။ ရယ်ပေမည်ပေါ့ သူ
အိမ်ထောင်ပြုရန် တစိုက်မတ်မတ်တိုက်တွန်းနေသည်မှာ
ခန့်ရှိပြီ။ မနှစ်က မေမေဆုံးသည့်ကိစ္စဖြစ်ပြီးမှ ပိုဆိုးလာသ
မိတ်ဆွေသမီးတွေနှင့် အတင်းလိုက်စပ်၍ ဟံသာဟိန်းမှာ
နေရသည်။ ခုတော့. . .

မတတ်သာ၍ ဟံသာဟိန်းဧည့်ခန်းထဲမှ ပြန်ထွက်
လိုက်သည်။ ဧည့်ခန်းထဲတွင် ခေါင်းငုံ့ကာ ရှက်စနိုးအမူအ
ကလေးနှင့် ထိုင်နေသော ရွှန်းလဲ့သက်ပိုင်ကိုကြည့်ကာ စိတ်
တိုချင်သွားသည်။

"မင်း ဖေဖေ့ကို ဘာသွားပြောတာလဲ"

သူ့ အသံနည်းနည်းမာသွားပုံရသည်။ ရှက်ရွံ့ထိတ်
စွာဖြင့် သူ့ကိုမော့ကြည့်လာသည်။ အခိုက်အတန့်ဝယ် ဟံ
ဟိန်း စိတ်နူးညံ့သွားသည်။

"ဆောရီးနော် ကိုယ်လေသံမာသွားတယ်"

"ရပါတယ် ဦးသိန်းရယ် မီးဘက်က လွန်သွားတ
မီးကိုခွင့်လွှတ်ပါ"

"ဘာကို ခွင့်လွှတ်ရမှာလဲ"





"ဟိုလေ အန်ကယ်က မီးကိုမေးတယ် ဟံသာဟိန်းကို
သဘောကျသလားလို့ မေးတယ်"

ခေါင်းကလေးငုံ့ကာ ပြောရှာသည်။

"အဲဒီတော့"

"မီးရင်ထဲက ခိုင်းတဲ့အတိုင်း ခေါင်းညိတ်လိုက်မိပါ
တယ်၊ အဲဒါ အန်ကယ်ကြီးက ဒါဆိုရင်ရပြီဆိုပြီး မေမေ့ဆီ ဖုန်း
ဆက်တော့တာပဲ သူတို့အကြာကြီးပဲ ပြောကြတယ်"

"ပြီးတော့ရော"

"ဖုန်းပြောပြီးတော့. . အိုကော သမီးတဲ့ မင်းအမေက
ဟံသာဟိန်းနဲ့ဆို သဘောတူပါတယ်တဲ့၊ ကိုင်း. . စိတ်အေးအေး
သာနေဆိုပြီး ဦးဟိန်းဆီ ပြန်ထွက်သွားတာပဲ"

"ဗိုး"

သက်ပြင်းရှည်မှုတ်ထုတ်ရင်း ဟံသာဟိန်း ရွှန်းလဲ့သက်
ပိုင်ထိုင်နေသည့် ၂-ယောက်ထိုင် ဆိုဖာဆက်တီခုံပေါ် ပစ်ထိုင်
လိုက်သည်။ ပြီးတော့ ရွှန်းလဲ့သက်ပိုင်ဖက် မျက်နှာမူလိုက်သည်။

သနားသဖွယ်မျက်လုံးကလေး အဝိုင်းသားနှင့် ပိဘိ
ကလေးရပ်သွင်။ ဖက်ပြီး ဖျစ်ညှစ်ပြစ်ချင်စိတ်ပင် ပေါက်သွား
သည်။ သောက်ထားသော သူရာက တွန်းအားပေးနေသည်က
တစ်ကြောင်း၊ အခြေအနေကလည်း ကော့မျက်တောင်အောက်
က ရွှန်းလဲ့လဲ့ မျက်ဝန်းအစုံက မဆွတ်ခင်က ညွတ်ချင်ချင်နှင့်
အားကိုးတကြီး ကြည့်လာသည်က တစ်ကြောင်းကြောင့် ရွှန်းလဲ့
သက်ပိုင်အား သူ့ရင်ခွင်ကျယ်ထဲ ဆွဲသွင်းလိုက်မိသည်။

မိန်းကလေး သူ့ရင်ခွင်တွင် ထာဝရနားခိုပါစေတော့



www.burmeseclassic.com

www.burmeseclassic.com



လေ ဖူးစာရေးနတ်မင်းက လွယ်လင့်တကူ သူထံသို့အရောက် တွန်းပို့ခဲ့သည်ပဲ။

"အို. . ဦးဟိန်းရယ်"

အလိုက်သင့်ညွှတ်ပါလာသော ခန္ဓာကိုယ်ကလေးကို ညင်သာစွာ ပွေ့ဖက်ရင်း နဖူးဆံစကို အသာဖယ်ကာ ကညာနဖူးကို အနမ်းကပ်ရှိုက်ကာ တိုးတိုးကလေးပြောလိုက်သည်။

"ကိုယ် မင်းကိုချစ်သွားပါပြီ စက်လှေကား ဒေဝီရယ်" ဟု. . .။







# အခန်း(၃၃)

"ဖေဖေ ရန်ကုန်ကနေ စောစောက ဖုန်းဆက်တယ်"

"ကြာပြီလား သမီး"

"သိပ်မကြာသေးဘူး ဖေဖေ မောင်ဟံသာဟိန်း အဖေ သို့ပြောတယ် ည-ဧနာရီလောက်ကပဲ သူပြန်ဆက်မယ်တဲ့"

နဒီစံက ခရီးရောက်မဆိုက်ပင် ဦးသက်စံကို ရန်ကုန် ုန်းအကြောင်း ပြောလိုက်သည်။ သူ့စိတ်ထဲတွင်တော့ ဘာလိုလို ဖြစ်နေသည်။ အလုပ်ကိစ္စတွဲလုပ်သည်က သူနှင့်ဟံသာဟိန်း



www.burmeseclassic.com

www.burmeseclassic.com



ယခု ဆက်သွယ်သည်က ဟံသာဟိန်း၏အဖေ။ ဒီကောင်လေး ဘာများ ဖွတ်ရွတ်လုပ်ထားသည်မသိ။ မိမိကိစ္စများလားဟု ဇွေ ရင်း နဒီစံ ရင်ဖိုသွားသည်။

အိုကိုယ်က အဖြူအမဲ ဘာမှမပြောရသေးတာ ဒီကော လေး ဒီလောက်တော့ မိုက်ရူးရဲမဆန်ပါဘူးလေဟု စိတ်ထဲဇွေ ရင်း ပြောလိုက်ပြီး ဖခင်ကြီးကို အကဲခတ်လိုက်သည်။

"ဘာကိစ္စများပါလိမ့်"

ဖခင်က ညည်းသလိုလိုပြော၍ နဒီစံစပ်စုလိုက်သည်

"ဖေဖေနဲ့ အရင်ကတည်းက ရင်းနှီးသလားဟင်"

"ဩော် မောင်ဟံသာနဲ့ ပတ်သက်လို့ပါ သမီး၊ ခင်လ တယ်တော့ မဟုတ်ပါဘူး"

ဦးသက်စံမယုတ်မလွန် ဖြေထားပုံရသည်။ သူဆက်၍ ထိုကိစ္စမမေးတော့. . . ။

"ထမင်းစားတော့မလား ဖေဖေ"

"မစားသေးဘူး မင်းအမေအိပ်ပြီလား"

"ထုံးစံအတိုင်း ပုတီးစိပ်ပြီး ပရိတ်ရွတ်နေတယ် ဖေဖေ ကောမစားခင် ထုံးစံအတိုင်းပဲလား"

"အေးကွယ် ဖေဖေနဲ့နဲပင်ပန်းလာတယ်"

နဒီစံ ရေခဲပုလင်းနှင့်ဖန်ခွက် အမြည်းတို့ကို စီစဉ်က စာကြည့်ခန်းထဲ ပို့ပေးလိုက်သည်။ ဖေဖေပြန်လာလျှင် စာကြ ခန်းထဲတွင်ပင် အိပ်သည် ။ မေမေနှင့်က တအိမ်တည်းနေသေ လည်း မလိုအပ်ဘဲ တစ်နေကုန်နေ၍ စကားတစ်ခွန်း ပြောကြ သည်မှာ ၅-နှစ်ခန့်ရှိနေပြီ ဖြစ်သည်။





ဦးသက်စံ ရေမိုးချိုး၍ အနားယူနေစဉ်မှာပင် ရန်ကုန်မှ ဖုန်းပြန်လာသည်။ ဖေဖေက ဆယ်လူလာနံပါတ်ပေး၍ သူ့ဆီသို့ ပြန်ဆက်စေသည်။ ဘာလျှို့ဝှက်ချက်ရှိသည်မသိ။ နဒီစံသိလို စိတ်ပြင်းပြလာသည်။ မယောင်မလည်နှင့် အခန်းနားကပ်၍ စုံစမ်းလိုက်သည်။

"ဟုတ်ကဲ့ သဘောတူပါတယ်ဗျာ" ဟု ဦးသက်စံ ပြန် ပြောသည့်အသံနှင့် အတော်ကြာကြာ ဟုတ်ကဲ့လိုက်နေသည်။

"ကျွန်တော်က အစ်ကိုကြီး ဦးဟံထွန်းရဲ့သားမှန်း မသိ ဘူး ခင်တာတော့ ကြာပါပြီ"

"အစ်ကိုကြီး သဘောပါဗျာ"

". . . . . . . . . . ."

"ခက်တယ် ဒီကောင်မလေးက ဖွတ်တရွတ်"

". . . . . . . ."

"အားမနာပါနဲ့ဗျာ"

". . . . . . . . . ."

"ကလေးကိုတော့ အိမ်ပြန်ပို့ပေးစေချင်ပါတယ်ခင်ဗျား"

". . . . . . . . ."

" စိတ်ချပါ ကျွန်တော်မနက်ဖြန် မနက်ဆက်ဆက် ဆင်းခဲ့ပါ့မယ် "

". . . . . . . . . . . ."

အတန်ကြာနားထောင်ပြီး ဖုန်းချသွားမှ ခြေသံဖွဖွ နင်း ကာ ပြန်ထွက်ရန်ပြင်လိုက်သည်။

"သမီး"



www.burmeseclassic.com

www.burmeseclassic.com



ဖခင်၏ခေါ်သံကြောင့် နဒီစံလှမ်းလက်စ ခြေလှမ်းတွန့်သွားသည်။

"ဝင်ခဲ့လေ သမီးနားထောင်နေမှန်း ဖေဖေသိပါတယ်"

ညာ၍မရတော့သဖြင့် တံခါးကို အသာအယာတွန်းဖွင့်ကာ ဝင်သွားလိုက်သည် ။

"သမီး ဘာတွေကြားလိုက်သလဲ"

"ဖုန်းထဲက ပြောသံတွေတော့ ဘယ်ကြားပါ့မလဲ"

သမီးဖြစ်သူကို အကဲခတ်ရင်း ဦးသက်စံ ဆက်မေးလိုက်သည်။

"မောင်ဟံသာဟိန်းနဲ့ သမီးခင်တာ ဟိုလွန်ခဲ့တဲ့ ငါးနှစ် သမီးဘွဲ့ယူတဲ့ နှစ်ကတည်းကနော်"

"ဟုတ်ကဲ့ ဖေဖေ"

"ဒီကြားထဲ သူနဲ့အဆက်အဆံ ရှိသေးလား ဥပမာ-သမီး အခုလုပ်ငန်းရှိတဲ့နေရာတို့ ဘာတို့ပေါ့"

"မလာပါဘူး ဖေဖေ လွန်ခဲ့တဲ့ ၁-လကျော်လောက်ကမှ ပြန်တွေ့တာ ကွမ်းဆိပ်မှာ"

"သမီးတို့ချင်း"

"ဘာမှမဖြစ်သေးပါဘူး ဖေဖေ"

"အင်း"

သက်ပြင်းရှည်တစ်ချက်ကို ဦးသက်စံမှုတ်ထုတ်လိုက်သည်။

"ဒါပေမယ့် သူ့ဖက်ကတော့ သမီးကို Propose လုပ်ထားပါတယ်"





"ဟုတ်လား သမီးကကော"

"စဉ်းစားတုန်းပါပဲ"

ဦးသက်စံ ပြုံးလိုက်သည်။ နဒီစံ စိတ်မလုံဖြစ်သွားသည်။ ကိုယ့်သမီးအကြောင်းသိသူမို့ ပြုံးခြင်းလား။

"သမီးအသက်အရွယ် မငယ်တော့ဘူး အိမ်ထောင် ပြုဖို့ စဉ်းစားရင်လည်း ဒီထက်နောက်မကျသင့်တော့ဘူး ဒါမှမဟုတ်ရင် အပျိုကြီးပဲလုပ်တာ ကောင်းမယ်"

"သမီးလဲ အဲဒီလိုပဲ စဉ်းစားထားတယ်"

"သမီးအနေနဲ့ မောင်ဟံသာဟိန်းကို မစဉ်းစားသင့်တော့ဘူး"

"ဘာဖြစ်လို့လဲ ဖေဖေ"

အဖေနဲ့သမီး ဒီကိစ္စမျိုးပြောရတာ အတော်ခက်ခဲလိမ့်မည်။ ဦးသက်စံအတွက်ပိုခက်သည်။ တော်တော်နှင့်မဖြေနိုင်ပဲ နဒီစံကို ကြည့်နေသည်။ ဘယ်လိုစပြောရမလဲ။

စာကြည့်ခန်းအတွင်းတွင် တိတ်ဆိတ်နေသည်။ တိုင်ကပ်နာရီ၏ စိတ်ညစ်ညူးဖွယ်ရာ တစ်ချက်ချက်မြည်သံက ကြီးစိုးနေလေသည်။

နဒီစံတိတ်ဆိတ်ခြင်းကို သည်းမခံနိုင်တော့သဖြင့် ဖြိုခွဲလိုက်လေသည်။

"သူ့ကို ဘာလို့မစဉ်းစားသင့်တာလဲ ဖေဖေ"

"ဟူး"

လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်ရင်း ဦးသက်စံ ဖွင့်ပြောရန် ဆုံးဖြတ်ချက်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုဖုန်းဆက်လာတာ သူ့ကိုစွပေါ့"

" . . . . . . . . "

"မောင်ဟံသာဟိန်း ကိုစွပါ"

"သူ ဘာဖြစ်လို့လဲ"

"သူဖခင်က သားကို အိမ်ထောင်ချပေးဖို့ကိုစွ ဖေဖေ ဆီကို လှမ်းတိုင်ပင်တာ"

"ဖေဖေနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တယ် ဆိုင်ပုံကို ဖေဖေပြောပြမယ်"

ပြောဖို့အားယူနေသည်။ ထိုစကားများကို မပြောချင်။ ဖခင်တစ်ယောက်အနေနှင့် သားသမီးအပေါ် မတရားရာကျနေသည်။ တိုက်ပဲတိုက်ဆိုင်လွန်းလှသည်။ မိမိ၏ သမီး ၂-ယောက် အပေါ် ဖူးစာရေးနတ်က ဆန့်ကျင်ဘက်ယောကျ်ားလေး တစ်ယောက်ကို ဖန်ဆင်းပေးသည်။ မတရားလောကကြီးသည် မတရားဟု ဦးသက်စံ ထင်လိုက်သည်။

"မတရားဘူးကွယ်"

တိတ်ဆိတ်ခြင်းဖြင့် ဖခင်ပြောလာမည့်စကားကို စောင့်ဆိုင်းရင်း နဒီစံသည်းမခံနိုင်တော့ သူ့ရင်ထဲမှာလည်း လိပ်ခဲတင်းလင်းရှိနေသည့် သံသယကို ထုတ်ဖော်လိုက်သည်။

"သိမ်ဇရပ်မှာတွေ့ခဲ့တဲ့ ဖေဖေနဲ့အတူပါသွားတဲ့ သားအမိနဲ့ရော ဆိုင်တယ်ထင်တယ်"

နဒီစံ သံသယမြွားတစ်ချောင်းကို ရမ်းသန်းပစ်လွှတ်လိုက်သည်။ ထိချက်ကတော့လှသည်။ ဦးသက်စံ နှလုံးသားတည့်တည့်ကို ထိမှန်သွားသည်။





"အဲဒီကိစ္စကို ဖေဖေ့ကိုမေးဖို့ သမီးဟံသာဟိန်းကားနဲ့ ပဲခူးအထိတောက်လျှောက် လိုက်လာသေးတယ်၊ ပဲခူးမှာပဲ မျက်ခြေပြတ်သွားတာ အိမ်ရောက်လို့ ဖုန်းဆက်တော့ ဖေဖေက ကားပေါ်မှာဆိုပြီး Hand Phone ကို ပိတ်ပစ်တယ်လေ"

"ဟုတ်တယ်သမီး ဒါတွေအားလုံး ဖေဖေ့အပြစ်တွေချည်းပဲ၊ ဖွင့်ပြောလို့ ငါ့သမီးမုန်းရင်မုန်းပါ"

နဒီစံက ပြုံးလိုက်ရင်း. . .

"ပြောမနေပါနဲ့တော့ ဖေဖေရယ်၊ ဖေဖေ့မှာ အခြားအိမ်ထောင်ရှိနေတယ်ဆိုတာ သမီးစီးပွားရေးလောကမှာ ကျင်လည်ပြီး ၂-နှစ်အကြာမှ သိရတာပါ၊ ဒါပေမယ့် ဖေဖေပိရိတယ်၊ ဘယ်သူဘယ်ဝါ ဘယ်မှာနေတယ်ဆိုတာတော့ သမီးမသိခဲ့ဘူး၊ ဆက်လည်း မစုံစမ်းတော့ဘူး၊ ဖေဖေ စိတ်ချမ်းသာသလိုနေပါစေတော့ဆိုပြီး ထားခဲ့တာပါ၊ ဒါပေမယ့် တခါလောကတော့ သိမ်ဇရပ်မှာ ဖေဖေနဲ့ပက်ပင်းတိုးတော့ သိချင်စိတ်က ကြီးစိုးသွားလို့ ဆက်လိုက်မိတာပါ"

သိသမျှအကုန်ဖွင့်ပြောနေသဖြင့် ဦးသက်စံ ဘာမှပြောရာမရှိတော့။ နဒီစံစကားကို အတော်ရှည်ရှည်နှင့်ပြောလိုက်၍ မောသွားဟန်ရှိသည်။ ခဏနားလိုက်ပြီးမှ. . .

"ဟံသာဟိန်းနဲ့ အိမ်ထောင်ချပေးမယ်ဆိုတာ အဲဒီ ဖေဖေသမီး မဟုတ်လား "

နဒီစံက တဲ့ဒိုးပင် မေးချလိုက်သည်။ အရိပ်ပြလျှင် အကောင်သာမက အထီးအမပါ ခွဲသိတတ်သော သမီးကို ဦးသက်စံ လက်မြှောက်အရှုံးပေးလိုက်သည်။ နဒီစံ နှုတ်ခမ်းကို



www.burmeseclassic.com

www.burmeseclassic.com



ရင်း ဆက်ပြောလိုက်သည်။

"သမီး ကံကောင်းသွားပါတယ် အဖြူအမည်းမသဲကွဲခင်မှာ ခုလိုဖြစ်သွားတာ နှင့်မို့ဆိုရင် မေမေ့လိုပဲလက်ထဲက အလုခံရတဲ့အဖြစ်ကို သမီးခံစားရမှာ၊ အခုဟာက လက်ထဲမရောက်ခင် လှမ်းယူဖို့ မဆုံးဖြတ်ရသေးခင် ပိုင်ရှင်မဲ့သစ်သီးကို လက်ဦးမှုရယူပြီး စားသုံးသွားတဲ့သဘောမို့ သမီးခံသာပါတယ် ဖေဖေ"

ဝဲလာသော မျက်ရည်စကို ဖခင်မမြင်အောင် မျက်တောင် ပုတ်ခတ်ကာ သိမ်းဆည်းလိုက်သည်။ နဒီစံ ဘယ်အရာကိုမှ အရှုံးမပေးတတ်။ သို့သော် ညီမငယ်၏ လက်ထဲကတော့ ဘာကိုမှမလုယူလိုပါ။ သို့သော် မျက်နှာများသော ဟံသာဟိန်းကိုတော့ ပညာပေးလိုသည်။

ဦးသက်စံကတော့ စိတ်မကောင်းစွာဖြင့် ငြိမ်သက်နေသည်။ နဒီစံက ဆက်၍. . .

"လုတဲ့လူကလဲ ကိုယ့်ညီမပဲလေ သမီးခွင့်လွှတ်ပါတယ် ဖေဖေကိုရော ညီမလေးကိုရောပေါ့၊ ဒါပေမယ့် ဟံသာဟိန်းနဲ့ လက်မထပ်ခင်မှာတော့ ညီမလေးကို တွေ့ချင်သေးတယ်"

"လုတယ်လို့တော့ မပြောပါနဲ့ သမီးရယ်၊ ဖေဖေ နားခါးလို့ တစ်ခါမှမမြင်ဘူးကြသေးပေမယ့် အဖေတူအမေကွဲ သွေးသားရင်းညီမကို ရန်ဘက်လိုသဘောမထားစေချင်ဘူး၊ နောက်ပြီး ဖေဖေ့မှာ သမီးကြီးရှိတာကိုလည်း သမီးငယ်ကို ဘာမှ မရှင်းပြရသေးဘူး၊ ဒီညပဲ ဖေဖေရန်ကုန်အိမ်ကိုဖုန်းဆက်ပြီး သူ့အမေကို သမီးပြန်ရောက်ရင် သမီးကြီးတို့အကြောင်း ရှင်းပြထားဖို့ မှာလိုက်ပါ့မယ်"





"ဟုတ်ကဲ့ ကောင်းပါတယ် ဖေဖေ၊ ဒါမှ သမီးတို့ဆုံတဲ့အခါမှာ ကြိုတင်သိထားတော့ ဒေါသမပါတော့ဘူးပေါ့"

"သမီးဘယ်နေ့ ရန်ကုန်ဆင်းမလဲ"

"မနက်ဖြန်ပဲ ဖေဖေနဲ့လိုက်ခဲ့မယ်လေ"

"အင်း. . . ကောင်းတော့ကောင်းပါတယ် ဒါပေမယ့်"

"ဘာဖြစ်လို့လဲ ဖေဖေ"

"သမီး အမေကြီးကို မသိစေချင်ဘူး"

"စိတ်ချပါ ဖေဖေ မေမေ့အနေနဲ့ ဖေဖေ့အပေါ်မှာ လုံးဝဥပေက္ခာ ပြုထားနိုင်ပါတယ်၊ မေမေက စကားများပြီး ဗျစ်တောက်ဗျစ်တောက်နဲ့ အမြဲဆူပူနေပေမယ့် ဝိပဿနာအလုပ်ကသူ့ရဲ့ မာနစိတ်တွေကို ခဝါချထားပါပြီ၊ ဖေဖေနောက်အိမ်ထောင်ရှိမှန်းလည်း သူရိပ်မိနေပြီးသားပါ"

အားလုံးက သူ့အပေါ်တွင် စိတ်ကောင်းဝင်ကာ စေတနာ ထားနိုင်ကြသည်။ မိမိကသာ မသိမသာကြီး မိုက်ဘဝဖြင့် သံသရာလည်နေတုန်း ဖြစ်သည်။ ဦးသက်စံ ပထမဦးဆုံးအကြိမ် နောင်တစိတ်ဖြင့် တွေးလိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၄)

ဦးစောနှင့်အတူ ဒေါ်မေလှဲ့ဝင်း ဦးဟံထွန်းနှင့် ဟံသာထွန်းတို့အိမ်ရှိရာသို့ ည ၁၀-နာရီမထိုးမီတွင် ရောက်လာခဲ့သည်။ ဦးဟံထွန်းက ပြန်ပို့ပေးမည်ပြောသော်လည်း မအောင့်အီးနိုင်၊ ကိုယ်က သမီးရှင် အချိန်သည် စက္ကန့်နှင့်အမျှ တန်ဖိုးရှိသည်။ သမီးရောက်နေသည့်နေရာကို သိမှတော့ ဘာအချိန်ဆွဲနေမလဲ၊ ချက်ချင်းပင် ကောက်လိုက်ခဲ့လေသည်။

ရွှန်းလဲ့သက်ပိုင်က သူမဟုတ်သလို ဆက်တီပေါ်တွင် မျက်နှာသေကလေးဖြင့် ထိုင်နေသည်။





"သမီး"

ဒေါ်မေလှဲ့ဝင်း ပြေးလာပြီး သူ့သမီးလေးကို ပွေ့ဖက်ရှာသည်။ နဖူးဆံစလေးကို သပ်တင်ရင်း. . .

"မိုက်လိုက်တာကွယ်၊ မောင်ဟံသာဟိန်းနဲ့ မတွေ့ဘဲ အခြားလူဆိုမခက်လားကွယ်"

"ဟင်. . မခက်ပါဘူး၊ မီးက နဂိုထဲက စိတ်ကောက်ချင်ဟန်ဆောင်ပြီး ထွက်လာတာ၊ ပဲခူးအထိ ဘယ်သွားရဲပါ့မလဲ၊ မေကြီးတို့သိပြီး ကားနဲ့လိုက်လာနိုးနဲ့ ကားလမ်းအတိုင်းလျှောက်နေတာ မေကြီးတို့က လိုက်မြှင့်မလာဘဲနဲ့ မီးလေးအရမ်းငိုချင်နေပြီသိလား၊ အဲဒီတော့မှ ဖြုန်းကနဲ ကိုဟိန်းကားနဲ့တွေ့လိုက်ရတာနဲ့ အားကိုးရပြီး ကားနဲ့ဆက်လိုက်သွားတာ"

"ဒါနဲ့များ သမီးရယ် လက်ထပ်လိုက်ဖို့အထိများ ဆုံးဖြတ်လိုက်ရတယ်လို့"

"ဒါကတော့ မီးက"

ဒီတွင် ဦးဟံသိန်းက ကမန်းကတန်းဝင်၍ ပြောလိုက်သည်။

"ဒေါ်မေလှဲ့ဝင်းကလဲဗျာ သမီးကညာအခါမလင့်တဲ့အသက် ၁၈-နှစ်အရွယ်ဆိုတာ မိန်းကလေးအတွက် အကောင်းဆုံးပါပဲ၊ ဆုံးဖြတ်ချက်များတော့ မပြင်လိုက်ပါနဲ့ဗျာ ကိုသက်စံနဲ့လည်း ပြောဆိုပြီးကြပြီ"

မပြော၍မဖြစ်၍ ချွေးမဆာ၊ မြေးဆာသော သူ့အတွက်သားဖြစ်သူ မိန်းမပေးစားရန် အလစ်ချောင်းနေခိုက် အဆင်သင့်ရောက်လာသော ချွေးမချောကလေးကို လက်လွှတ်မခံနိုင်၊ စိတ်



www.burmeseclassic.com

www.burmeseclassic.com



မပြောင်းအောင် မနည်းဝင်ပြောရသည်။

"လာပို့ပေးဖို့ပါပဲ သားကလဲ ကွမ်းဆိပ်ကနေပြန်လာတာဆိုတော့ ငြီးစီစီနဲ့ပင်ပန်းနေရှာတယ် တပည့်တပန်းတွေကလဲ ယောက်ျားသားကြီးဆိုတော့ သားရေချိုးပြီးမှ သားအဖ ၂ ယောက် လိုက်ပို့မလို့ပါ"

"ဦးဟံသိန်း အမျိုးသမီးက"

"မနှစ်ကပဲ ဆုံးရှာပါပြီဗျာ"

"ဪ ဟုတ်လား စိတ်မကောင်းပါဘူးရှင် ဒါထက် မောင်ဟံသာဟိန်းကော"

"စောစောကတင် ရေချိုးဖို့တက်သွားတာဆိုတော့ ပြီးဦးမှာမဟုတ်ဘူး ခရီးကလည်းပင်ပန်းဆိုတော့ ခေါ်ပေးရမလား ခင်ဗျား"

"နေပါစေရှင် မိုးချုပ်နေလို့ ကျွန်မတို့ပြန်ပါဦးမယ်"

"ဟုတ်ကဲ့ခင်ဗျား ဦးသက်စံကို မနက်လာဖို့ ဖုန်းဆက်ထားပါတယ်၊ မိတ်ဟောင်းဆွေဟောင်းတွေပဲဗျာ သူရောက်လာတာနဲ့ သားရေးသမီးရေးအတွက် စကားပြောကြဖို့ ကျွန်တော်တို့သားအဖ လာခဲ့ပါ့မယ်"

"ဟုတ်ကဲ့ရှင် ကောင်းပါပြီ၊ သမီးကိုစောင့်ရှောက်ထားတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်"

"ဟားဟား. . ရပါတယ်ဗျာ ကိုယ့်ချွေးမလောင်းပဲ စောင့်ရှောက်ရမှာပေါ့. . . ဟားဟား"

ဦးဟံသိန်း အသားယူရင်း ရယ်နေသည်။ ရောက်အသင့် ကြာအဲသင့်ဖြစ်ပေါ်လာသော အနေအထားကို လ





လွှတ်မခံဘဲ စီမံလိုက်သော သူ့လုပ်ရပ်အတွက် အတော်ပီတိဖြစ်နေပုံရသည်။ ကားအနားအထိလိုက်ပို့သော ဦးဟံသိန်းကို ဒေါ်မေလှဲ့ ဝင်းတို့သားအမိ နှုတ်ဆက်ပြီး အိမ်သို့ပြန်ခဲ့လေသည်။ ရွှန်းလဲ့သက်ပိုင် ငြိမ်ချက်သားကောင်းနေသည်။ အပျိုစင်လေးသည် သူ့အနာဂါတ်အတွက် ရင်တဖိုဖိုဖြစ်နေပုံရသည်။

"သမီး"

ဒေါ်မေလှဲ့ဝင်းခေါ်လိုက်သည်။

"ဘာတွေစဉ်းစားထားတာလဲ"

"အင်း. . ဘာမှမစဉ်းစားပါဘူး မေကြီးရယ် အန်ကယ်ကြီးက ခင်ဖို့ကောင်းတယ်နော်"

"မဆိုးပါဘူး ပျော်တတ်ပုံရတယ် ချွေးမတစ်ယောက်ကို အသေအချာ လိုချင်နေပုံရတယ် ဒါနဲ့မေမေကတော့ မောင်ဟံသာဟိန်းကိုမတွေ့တာ ဘဝင်မကျဘူး"

"အမေကြီးကလဲ ဘဝင်မကျမရှိပါဘူး ရေသွားချိုးနေတဲ့ဟာ. . ပြီးရင် မီးကိုလိုက်ပို့ပေးမလို့ပဲဟာ"

"လုပ်ပြီ ခုဟာက ဟင်းရွက်ကန်ဇွန်းရွက် မဟုတ်ဘူး အမေတစ်ခါမှ မမြင်ဘူးတဲ့လူကို ကိုယ့်သမီးနဲ့ပေးစားရမယ်ဆိုတာ. .၊ ဟင်း. . . ငါတော့ ရင်လေးပါတယ်"

"ဟင် ဒါနဲ့ မေကြီးဆီကို အန်ကယ်ကြီးဖုန်းဆက်တုန်းကတော့ ဦးဟိန်းနဲ့ဆို သဘောတူပါတယ်ဆို"

"ဟုတ်တယ်လေ ညည်းယောက္ခမလောင်းကြီးကဘဲ သူ့သားနဲ့လိုက်လာတယ် ကလေးတွေစိတ်မကောင်းမဖြစ်စေချင်ဘူးတဲ့ ကိုသက်စံဖုန်းဆက်တာကလဲ သမီးကိုစွပဲထင်တယ်လို့



www.burmeseclassic.com

www.burmeseclassic.com



သူကပြောတာကိုး"

"ဒီတော့ မေကြီးက"

"ဟုတ်တယ်လို့ပြောလိုက်တာပေါ့ ညည်းကလေးကိစ္စ မဟုတ်လား မောင်ဟံသာဟိန်းကို အိမ်ခေါ်ပြီး ကျေးဇူးတင် ကြောင်းပြောဆို"

"ဟိ. . ဟိ"

ရွှန်းလဲ့သက်ပိုင် သဘောကျစွာ ရယ်လိုက်သည်။ ခုတ ရာတစ်ခြား ထစ်ရာတစ်ခြား ဖြစ်နေသည်။ ဘာပဲဖြစ်ဖြစ် သူ ဖူးစာကံ၏ ထူးခြားနေသည်မှာ အံ့ဘွယ်ဖြစ်နေသည်။ အားလုံး ကွက်တိ ဖြစ်နေကြသည်။

"ဘာရယ်တာလဲ မိန်းမကိုက အပိုးအကျိုးမရှိ"

ဒေါ်မေလွဲ့ဝင်းမျက်စောင်းထိုးကာ ဟောက်လိုက်သည်။

"မေကြီးကလေ မီးအတွက် ဝမ်းမသာဘူးလား ခုလို မမျှော်လင့်ပဲ မီးသဘောကျတဲ့ အမျိုးကောင်းသားနဲ့ နီးစပ်ရေး အခြေအနေကိုလေ မေတို့လိုက်ရှာကြည့် ဦးဟိန်းလိုလူကို ထမင်း ထုတ်သာ သိုးသွားမယ် ဒီခေတ်ကြီးထဲမှာ ရှားတယ်"

"ပုံကိုက နှံ့နှံ့တက် ဒါကြောင့်"

ဒေါ်မေလွဲ့ဝင်း ဆက်မပြောတော့ပဲ ငြိမ်နေလိုက်သည်။ ဟုတ်တော့ဟုတ်သည်။ မောင်ဟံသာဟိန်းတို့၏ မနေအင်အားနှင့် လူနေမှုအဆင့်အတန်းကို ဦးဟံသိန်း၏ ခြံကျယ်ကြီးနှင့် နန်း တော်သမျှ ခမ်းနားသော စံအိမ်က သက်သေခံနေသည်။ ပြီး တော့ တစ်ဦးတည်းသော သားဆိုတော့ သမီးလေးကံကောင်း သည်ပင် မိမိအဖြစ်မျိုးနှင့် မတိုးပါစေနှင့်ဟု ဆုတောင်းမိသည်။





ောင်ဟံသာဟိန်းက ၃၀-နားကပ်နေပြီဆိုတော့ အိမ်ထောင် ေတွ ဘာတွေများ. . .

"ဖွဟဲ့ လွဲပါစေ. . ဖယ်ပါစေ"

"ဟင်. . မေကြီးနော် ဘာလွဲပါစေ ဖယ်ပါစေလဲ မပြော ောင်းမဆိုကောင်း"

"မဟုတ်ပါဘူး သမီးလေးရယ် မောင်ဟံသာဟိန်းမှာ ားး အိမ်ထောင်များရှိနေမလားလို့ တွေးမိလိုက်ပြီး လွဲပါစေ ယ်ပါစေလို့ နှုတ်ကရောင်ထွက်သွားတာပါကွယ် မေ့သမီးလေး ာ မညှိုးစေချင်လို့ပါ"

ပြောပြောဆိုဆို ဒေါ်မေလွဲ့ဝင်းက ပုလဲဥမျက်ရည်ခနေ လေသည်။

"မဟုတ်နိုင်တာမေကြီးရယ် သူ့အဖေကြီးကိုယ်တိုင်လို ားနေတာကို လူကြီးကညာပါမလား သူ့ဂုဏ်သိက္ခာနဲ့ဟာကို"

"ဟုတ်တော့ဟုတ်ပါတယ် သမီးရယ် သူလည်း အငြိမ်း ားအရာရှိကြီး တစ်ယောက်ပဲလေ ဂုဏ်သိက္ခာထိခိုက်ခံမှာ မ ုတ်ပါဘူး အမှန်တကယ်ချွေးမလိုချင်နေပုံရတယ် မေမေက ့စိုးရိမ်လွန်သွားလို့ပါ"

ဒေါ်မေလွဲ့ဝင်းက မျက်ရည်ပြန်သုတ်ရင်း ချစ်သမီးချော လေးကို လွတ်ထွက်မှာစိုးသည့်အလား တင်းတင်းကြပ်ကြပ်ပင် ဖက်ထားရင်း ငြိမ်သက်သွားသည်။

သမီးက ငယ်သေးသည်။ သို့သော် ကံကြမ္မာဆိုတာ ပြော၍မရနိုင် အခြေအနေပေးတုန်း၌ သမီးကို နှမျောစိတ်ဖြင့် နှံ့ကျင်တားဆီးမိလျှင် အနာဂါတ်ကို ယခုလိုမျိုးပဲ ကြုံတွေ့နိုင်



www.burmeseclassic.com

www.burmeseclassic.com



မည်ဟု မှန်းဆလို့ ရနိုင်ပါ့မလား။

စိတ်ဖြေလိုက်သည်။ အိမ်ရောက်တော့. . .

"တယ်လီဖုန်းလာတယ် အန်တီမေ ဘဘကြီးဆီက ဖုန်း ပြန်ဆက်ပါတဲ့ သူစောင့်နေမယ်တဲ့"

ဘာအရေးပေါ်သည်မသိ ဒေါ်မေလှဲ့ဝင်းဖုန်းကိုင်က ချက်ချင်းပင် ခလုတ်နှိပ်လိုက်သည်။

"ဟဲလို"

"အစ်ကိုကြီး ကျွန်မပါ"

"အေး. . သမီးပြန်ရောက်ပြီလား"

"ရောက်ပြီ. . လာပို့တာ မစောင့်နိုင်လို့ သွားခေါ်လိုက်တာ ခုပဲရောက်ပါတယ်"

"ဦးဟာသိန်းဆက်တယ် ထင်တယ်"

"ဟုတ်ကဲ့ အစ်ကိုကြီးဆီလည်း ဆက်တယ်ဆို"

"ဟုတ်တယ် သူဆက်လို့ ဇာတ်လမ်းကတော့ ရှုပ်သွားတယ်၊ ဒီကသမီးကြီး ကိုယ်နဲ့မေကိစ္စအကုန်သိသွားပြီ၊ မတတ်နိုင်ဘူးလေ ကိုယ်လည်း အကုန်ဖွင့်ပြောပြလိုက်တယ်"

"ဟင်. . ဒါဖြင့် အစ်ကိုကြီး"

ခင်ပွန်းစိတ်အနှောက်အယှက်တွေများ ဖြစ်နေမလားဟု စိုးရိမ်စိတ်ကလေး ဖြစ်မိသွားသည်။

"ကိစ္စမရှိပါဘူး ကိုယ့်သမီးကြီးက သဘောထားကြီးတယ် နားလည်ခွင့်လွှတ်ရှာပါတယ် မနက်ဖြန်တောင် သူလိုက်လာမလို့တဲ့"

"ဟင်"





"မစိုးရိမ်ပါနဲ့ သူ့ညီမလေးကို သူသိပ်တွေ့ချင်နေတယ် ဒီတော့ မေကသာ သမီးငယ်ကို ကိုယ်တို့ကိစ္စအားလုံး ဖွင့်ပြောပြထားလိုက်တော့ ကိုယ်ပြောတာ ရှင်းပါတယ်နော်"

"ဟုတ်ကဲ့ ရှင်းပါတယ် အစ်ကိုကြီး"

"အေးအေး. . စိတ်သောကသိပ်ရောက်မနေနဲ့ ကိုယ်ပြောတဲ့အတိုင်းသာလုပ် သမီးငယ်အတွက်လည်း သူ့ဘဝအတွက် အကောင်းဆုံးလို့သာမှတ်ပြီး စိတ်ကိုဖြေ သားသမီး ဆိုတာလည်း ဩ့သည်ပဲလေ အတောင်အလက် စုံပြန်သွားမှာပဲ"

"ဟုတ်ကဲ့ပါ အစ်ကိုကြီး"

"ဒါပဲနော် မေ သမီးငယ်ကို ရှင်းပြဖို့ မမေ့နဲ့"

"ဟုတ်ကဲ့"

စကားမဆုံးမီ ဖုန်းချသွားသည်။ ဒေါ်မေလှဲ့ဝင်းရင်လေးသွားသည်။ သမီးငယ်ကို ဖွင့်ပြောရမည်တဲ့. . ။ သူ့နှလုံးသားအလယ်ဗဟိုရှိ ဟဒယသွေးတို့ နောက်ကျိသွားသည်။

"ဘာတဲ့လဲ မေကြီး ဖေကြီးက"

"သြော်. . သမီးအဖေက သမီးအတွက်စိတ်ပူလို့ ဖုန်းဆက်ပြီး မေးတာပါ"

"ဖေကြီး စိတ်ပူနေရပြီ မဟုတ်လား ကောင်းတယ် မီးကိုမခေါ်ချင်လို့ အဲဒီလိုဖြစ်တာလို့ မေကြီးကပြောပြလိုက်ပေါ့"

"ချွဲမနေနဲ့ သမီးနေရာတကာ၊ ဟင်း. . ခုပဲ လင်ယူမလို့လုပ်နေတဲ့သူက ကလေးလုပ်ပြမနေနဲ့ ဒီမှာစိတ်အိုက်ရတဲ့ထဲမှာ"

ဒေါ်မေလှဲ့ဝင်းဟောက်လိုက်သည့်အတွက် ရွှန်းလဲ့သက်ပိုင် ငြိမ်သက်သွားသည် ။ အမေ့ကိုတော့ သူကြောက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ငယ်ကြောက် အမေမျက်နှာတည်ပြီး ဟောက်လျှင် သူမနေရဲ သူ့အနားတွင် စစ်ကူဖေကြီးလည်းမရှိ၍ အသာငြိမ်နေလိုက်သည်။

"နင်အခုဟိုမှာ ဘာဖြစ်နေပြီလဲ သိလား"

"ဟင့်အင်း"

အပြစ်ကင်းစင်သော သိုးငယ်မျက်နှာဖြင့် ကြောင်စိစိ

"ဟွန်း. . . ဟိုမှာဘာဖြစ်တာ မဖြစ်တာထက် ကိုယ့်အဖေအကြောင်းကော ကိုယ်သိလို့လား"

မေကြီးကြည့်ရသည်မှာ ပေါက်ကွဲတော့မယောင် ဖြစ်နေသည် ။ သူ့ဘာမှ မှတ်ချက်ပင်မပေးဘဲ အသာကလေး လစ်ဖို့ ထိုင်ရာမှထလိုက်သည်။

"ဘယ်သွားမလို့လဲ ထိုင်ဦး"

"ဟုတ်"

မျက်လုံးကလေးအပေါ်ကို ထောင်ကာ ခပ်ရှုံ့ရှုံ့ကလေး ထိုင်လိုက်သည်။

"မထိုင်နဲ့"

ဗုဒ္ဓေါမေကြီး ဒီနေ့ဘာဖြစ်နေပါလိမ့်၊ သမီးကို ယောက်ျားပေးစားရမည့် ကိစ္စအတွက် မစွန့်လွှတ်နိုင်ဖြစ်ကာ စိတ်တွေကစင့်ကလျား ဖြစ်ကုန်ပြီလား ရွှန်းလဲ့သက်ပိုင်တွေးရင်း ပြန်ထလိုက်သည်။

"လာမေမေနဲ့ အိပ်ခန်းလိုက်ခဲ့"

"ဟုတ်"

ရှေ့မှ ဒေါ်မေလဲ့ဝင်းဦးဆောင်ကာ လှေကားအတိုင်း





တက်သွားသဖြင့် ရွှန်းလဲ့သက်ပိုင် ခတ်ယို့ယို့ကလေး လိုက်ပါသွားခဲ့သည်။ အခန်းတံခါးကို သားအမိနှစ်ယောက်စလုံး ဝင်ပြီးသည့်နောက် အသာအယာပိတ်ကာ လော့ချထားလိုက်သည်။

ပြီးမှ ကုတင်ဘေးရပ်နေသော ရွှန်းလဲ့သက်ပိုင်ပါးကို အသာအယာ နမ်းလိုက်ရင်း. . .

"သမီး"

"ရှင်"

ယုန်သူငယ်မျက်လုံးကလေးနှင့် သူ့အမေကို အသာအယာ အကဲခတ်လိုက်သည်။ မေကြီး နူးညံ့သွားပုံရသဖြင့် နန်နဲရဲတင်းသွားသည်။

"ဘာလဲမေကြီး ဘာပြောမလို့လဲဟင်"

"မေကြီးနဲ့ ဖေကြီးကို စိတ်မဆိုးနဲ့နော်"

အဆက်အစပ်မရှိပြောနေသဖြင့် ရွှန်းလဲ့သက်ပိုင် စိတ်ရှုပ်သွားသည်။ မေကြီးကို သိပ်တော့မကြောက်တော့ သူ့ကိုချော့နေသည်မှာ အကြောင်းတစ်ခုခုတော့ ရှိမည်။

"မေကြီးကလဲ အဆက်အစပ်မရှိ"

"ဒီလိုသမီးရဲ့"

ရှည်လျားမှုမရှိသော်လည်း များစွာမတိုးတောင်းသည့် ဖေကြီးမေကြီးတို့၏ အတိတ်ဇာတ်လမ်းကို သူသိခွင့်ရလိုက်သည်။

"ဩော်. . . ဒါကြောင့် ဖေကြီးနဲ့ မေကြီးအသက်တော်တော်ကွာတာကိုး" ဟု သူစိတ်ထဲမှတ်ချက် ချလိုက်သည်။ ချုပ်လိုက်တော့ သူသည် တစ်ဦးတည်းသော သမီးမဟုတ်။ ဖေကြီး



www.burmeseclassic.com

www.burmeseclassic.com



၏ ဒုတိယမယားမှမွေးသော ဒုတိယသမီးဖြစ်နေသည်။ သို့သော် သူသိပ်စိတ်မဆင်းရဲ ဖေကြီး၏အချစ်ကို သူထိုက်သင့်သလောက် ရထားသည်ပဲ။

"အဲဒါပဲမဟုတ်လားမေကြီး မေကြီးမီးကို သွယ်ဝိုက်နေစရာမလိုပါဘူး မီးလည်း ရိပ်မိသလောက် ရိပ်မိပါတယ်၊ ဒီမှာ တစ်လလောက်နေလိုက် ပဲခူးပြန်နေလိုက်နဲ့ ထူးခြားမှုရှိတယ်ဆိုတာ မီးရိပ်မိနေခဲ့တယ် မီးအသက် ၁၈-နှစ်ပြည့်ပြီးပြီပဲ"

အရေးထဲ ရွှန်းလဲ့သက်ပိုင်က ၁၈-နှစ်ပြည့်ပြီးကြောင်းကိုပါ ထည့်သွင်းကြေညာပြီး သူအိမ်ထောင်ပြုသည်မှာ မလွန်ဟု များ သွယ်ဝိုက်ပြောနေသလားဟု ဒေါ်မေလဲ့ဝင်းတွေးကာ ပြုံးမိသည်။

"ဟုတ်တယ် ပြဿနာမရှိပါဘူး ဒါပေမယ့် မနက်ဖြန် ပဲခူးက သမီးအစ်မကြီးက သမီးနဲ့တွေ့ဖို့ ဖေကြီးနဲ့လာလိမ့်မယ်"

"ဒါလည်း ပြဿနာမဟုတ်တာ ဒါပဲမဟုတ်လား မေမေ မီးအိပ်ချင်ပြီ"

"အေးအေး . . သွားအိပ်တော့ သမီးလေး"

ထင်ထားသလို ဆူဆူပူပူဖြစ်မလာပဲ အေးဆေးစွာ လက်ခံသွားသဖြင့် ဒေါ်မေလဲ့ဝင်း ကျေနပ်သွားသည်။

ရွှန်းလဲ့သက်ပိုင်ကြည့်ရသည်မှာ အေးအေးဆေးဆေး ရှိနေပုံရသည်။ အေးဆေးမည်ပေါ့ သူ့ဘဝတွင် အဖေအမေ ထက် ချစ်ရမည့်သူ ရှာတွေ့သွားပြီကိုး . . .

အောင်မြင်စာပေ



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၅)

နောက်တစ်နေ့ မိုးသောက် နံနက်ခင်းအစတွင် ရွှန်းလဲ့သက်ပိုင်တို့ နေအိမ်သည် တက်ကြွစွာဖြင့် လှုပ်ရှားနေသည်။ ခြံဝန်းတစ်ခုလုံး သန့်ရှင်းနေအောင် သုတ်သင်ရှင်းလင်းနေကြသည်။

ရောင်စုံပန်းခင်းများနှင့် နဂိုထဲက ဖူးပွင့်ဝေဆာနေသော အိမ်ခြံဝန်းပန်းပင်များသည် ယနေ့မှပိုမို ငွားငွားစွင့်ကားပွင့်နေကြသယောင် ထင်ရသည်။





မိသားစုတစ်ခု၏ အရေးအပါဆုံးရင်နှစ်သည်းချာများ၏ ဘဝရှေ့ရေးအတွက် စီစဉ်ပေးမည့်နေ့ရာဖြစ်၍ တတ်နိုင်သမျှ သန့်ပြန့်ပြီး ကျက်သရေမင်္ဂလာအပေါင်း ခညောင်းနေစေရန် ဒေါ်မေလှဲ့ဝင်း ပြင်ဆင်နေသည်။

“မေကြီး ဖေကြီးတို့က ဘယ်အချိန်ကထွက်လာတာလဲဟင်”

တက်ကြွနေသော ရွှန်းလဲ့သက်ပိုင်က အမောတကော ပုခက်ပေါ် အသာအယာပြန်တင်ရင်း. . .

“နင့်အဖေကြီး ထောက်ကြံ့ရောက်နေပြီတဲ့”

“တကယ်”

ရွှန်းလဲ့သက်ပိုင် ကျေနပ်သွားသည်။

ဤမျှဝီရိယကောင်းသော ဖေကြီးဖြစ်သည်။ မနက်-၆ နာရီခွဲသာသာ ရှိသေးသည်။ ထောက်ကြံ့ရောက်နေပြီတဲ့။ ဖေကြီးနှင့် မမြင်ရသေးသေ ဖအေတူအမေကွဲ မမပါလာမည်။ မေကြီးပြောပြ၍ မမနာမည် နဒီစံမှန်းသိရသည်။ အစ်ကိုတစ်ယောက်ရှိသေးသည်။ ဝဏ္ဏစံတဲ့။ သူပါပါလာရင် ကောင်းမှာ။ ဟင်. . ကောင်းသေးပါဘူး။ နှမလင်နေမောင်ဖင်ကျိန်း စကားအရဆို အစ်ကိုလုပ်သူ ရှက်နေမှာပေ့ါ။ ရွှန်းလဲ့သက်ပိုင် တွေးရင်း ပျော်ရွှင်နေသည်။

မမက သူ့ကိုချစ်မှာလား။ ကိုကိုကကော။ တစ်ဦးတည်းအနေများ၍ မောင်နှမငတ်နေသော ရွှန်းလဲ့သက်ပိုင် စိတ်ထဲပျော်နေမိသည်။

“ဟယ် ယောင်းမ ရှင်ယောက်ျားယူတော့မလို့ဆို ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုတော့ဆွေးပြီ"

ကောင်မစုတ် ကြည်ပြာဖြိုးက စောစောစီးစီး အားမနာ ပစကားလာပြောနေသည်။

"ကောင်မစုတ်နော် ဆွေးရုံမကလို့ မြေသြဇာပဲဖြစ်ဖြစ် ငါ့အလုပ်မဟုတ်ဘူး၊ ဒါပဲနော် ကိုကိုဟိန်းရှေ့မှာတော့ မစနဲ့"

"အလွဲ အလွဲခုမှ အဖြစ်သဲနေလိုက်တာ"

"ရှင်တစ်ယောက်ထဲလား ရီမချိုရော"

"ဟိုမှာလေ မမြင်ဘူးလား အမေနဲ့လေပေးနေတာ"

ရီမေချိုက သူ့ကိုမြင်သွား၍ ဒေါ်မေလှဝင်းကို နှုတ်ဆက်ပြီး သူ့ဆီပြေးလာသည်။

"မိကောင်မရယ် စောလွန်းတယ်ဟ"

မျက်ရည်စလေးများနှင့် နှမြောသည့်ပုံ လာကြွေပြနေသည်။ ရွှန်းလဲ့သက်ပိုင်က ဟောက်လိုက်သည်။

"ဟိတ်. . မိန်းမ လာကြွေပြမနေနဲ့ ဒါ ကျုပ်ဘဝရဲ့ အိပ်မက်ပဲ သူ့ကိုလက်လွှတ်မခံနိုင်ဘူး ဆုပ်မိမလွှတ်နဲ့စကားပုံလည်း ရှိတာပဲ ဖေတို့မေတို့အားလုံး သဘောတူတယ်၊ ကိုကိုက ကြင်နာတယ်၊ ဘာမှမလိုတော့ဘူး. . ."

"အေးပါဟယ် ကျုပ်တို့က ကျုမ်သူငယ်ချင်းကို နှမျော လို့ပါ"

ကြည်ပြာဖြိုးက ဝင်ပြောလိုက်သည်။ အနေအေးသော ရီမေချိုက ခွန်းတုံ့ပြန်မပြောပဲ ပြုံးလျက်ပြုံးရင်း သူ့ကို နှမျောစွာ ကြည့်နေလိုက်သည်။

ရွှန်းလဲ့သက်ပိုင်၏ဝါဒက ဟုတ်နေသယောင် အခွင့်အ





ရေးရတုန်း မိမိချစ်သူကို အရအမိယူပြလိုက်သည်။ မကြာမီ ဟံသာဟိန်း၏ ဖခင်ကြီးနှင့်လူကြီးစုံရာ လာရောက်ကြောင်းလမ်း တော့မည်။ ပြီးလျှင် နေ့ခင်းပိုင်းတွင် ဥပဒေဝန်ထမ်း မိတ်ဆွေ များခေါ်ယူကာ အိမ်တွင်လက်မှတ်ရေးထိုး၍ လက်ထပ်မင်္ဂလာ ပြုမည်။

ညနေပိုင်းအိမ်၌ ဧည့်ခံပွဲကျင်းပပြီးနောက် ဟံသာဟိန်း တို့ အိမ်သို့လိုက်သွားရမည်။ ဟိုမှာလည်း ညနေပိုင်းဆက်၍ ဧည့်ခံပွဲကျင်းပရန် ဦးဟံသိန်းက စီစဉ်ထားသည်တဲ့။ သူ့လောက် ကံကောင်းသူ ရှိနိုင်ပါ့မလားဟု ရွှန်းလဲ့သက်ပိုင်တွေးကာ ကျေနပ်နေမိသည်။

ယခုအချိန်၌ ရွှန်းလဲ့သက်ပိုင်တို့အိမ်နှင့် ဟံသာဟိန်းတို့ အိမ် အားလုံးသူ့နေရာနှင့်သူလှုပ်ရှားနေကြပြီ။ အကောင်းဆုံး ဖြစ်အောင် အပင်ပန်းခံ စီစဉ်နေကြသည်။

တကြွနေသော ရွှန်းလဲ့သက်ပိုင်အသွင်က မိုးကျနတ် သမီးလေး အသွင်သို့။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၆)

"ဖေဖေ"

"ဆိုသမီး ဘာပြောမလို့လဲ"

"သမီးကို တစ်ခုတော့ ခွင့်ပြုပါ"

"ဘာတုန်း သမီးရဲ့"

"မရမ်းကုန်းမီးပွိုင့်ရောက်ခါနီးကြရင် သမီးမိတ်ဆွေအိ ခဏသွားချင်လို့ ပြီးရင် သူနဲ့လွဲသွားမှာစိုးရတယ်၊ အဲဒါ ခဏ ရပ်ပေးပါ၊ သမီး တက်စီနဲ့သွားမယ်"

"ဟာ . . သမီးကလည်း ဖေကဟိုအမ်ကို သမီးကြီးလိုက်





ဘာမယ့်အကြောင်း ပြောထားပြီးပြီ ခဏတော့လိုက်ခဲ့ပါကွယ်"

"သမီးလိုက်လာပါ့မယ် ဖေဖေ ခုကိစ္စက နည်းနည်းအရေးကြီးလို့ပါ"

"ဘာကိစ္စလဲ"

"အချိန်တန်ရင် ဖေဖေသိရမှာပေါ့"

"ခွေးမလေး အရေးထဲလျှို့ဝှက်နေပြန်ပါပြီ"

သူ့အဖေက ချစ်စနိုးခွေးနှင့်နှိုင်းသဖြင့် နဒီစံကျေနပ်သွားသည်။ ဖခင်၏ ချစ်စနိုးနှိုင်းသံလေးမကြားရတာ ကြာနေပြီ။

"ဒီလိုလုပ် သမီး"

"ရှင် ဘယ်လိုလုပ်ရမလဲ"

"ဖေ့ကား ယူသွားလိုက် ပြီးမှပြန်လာ ဖေဖေတက်စီးသွားလိုက်မယ်"

"မလုပ်နဲ့ဖေဖေ သမီးတက်စီနဲ့ပဲ သွားမယ်"

နဒီစံ ကမန်းကတန်း ငြင်းလိုက်သည်။ မရမ်းကုန်းမီးပွိုင့်နီးရောက်လာ၍ ကားကိုစက်သတ်ကာ ဦးသက်စံရပ်ပေးလိုက်သည်။

အနီးအနားတွင် တစ်စီနှစ်စီးခန့်ရပ်ထားသည်။ တက်စီများ အထင်မမှားစေရန် သမီး၏ ဂုဏ်သိက္ခာအတွက် အနီးထိ လိုက်လာပြီး ပို့ပေးလိုက်သည်။

တက်စီတံခါးဖွင့်ရင်း နဒီစံနောက်ခန်းတွင် ဝင်ထိုင်လိုက်သည်။

"ရပြီလေ ဖေဖေ သမီးသွားတော့မယ်"

"သမီးငယ်ရဲ့ပွဲကိုတော့ အမြဲလာစေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"လာမှာပါ ဖေဖေရယ် မိပုပါနဲ့သွားမယ်နော် ဖေဖေ"

"အေးအေး"

တက်စီကားလေးလှိမ့်ထွက်သွားသည်ကို ဦးသက်ဝ နောက်မှ ငေးရင်းကျန်ခဲ့သည်။ အိမ်ထောင်စု ၂-စုကြား သော များနေသော ဖခင်လုပ်သူကို နဒီစံသနားသွားသည်။

"ဘယ်ကို မောင်းရမလဲ အစ်မလေး"

တက်စီဒရိုင်ဘာ ရိုသေစွာမေးသည်။

"ဆက်သာမောင်းနေရှင် ကျွန်မဖုန်းဆက်ပြီး ချိန်းလိုက် ဦးမယ် ပြီးမှမောင်းရမယ့်နေရာပြောမယ်"

"ဟုတ်ကဲ့"

ထပ်မံမမေးတော့ဘဲ တက်စီဒရိုင်ဘာက ကားလေး အမြန်နှုန်းထိန်းရင်း မောင်းလာခဲ့သည်။ လက်ထဲမှ ဟန်းဖုန်း နှိပ်ရင်း ဆက်သွယ်လိုက်သည်။

"ဟယ်လို"

တဖက်မှထူးသံကြားရသည်။ ဟံသာဟိန်းအသံမဟုတ် သဖြင့် နဒီစံစိတ်ပူသွားသည်။

"ဦးဟံသာဟိန်း ရှိပါသလားရှင်"

တမင်ဦးတပ်၍ မေးလိုက်သည်။

"သြော်. . ရှိပါတယ် ရှိပါတယ် ခဏစောင့်ပါခင်ဗျား"

"သားရေ ဟံသာ"

ရိုသေစွာဖြေလိုက်သဖြင့် မည်သူများပါလိမ့်ဟုတွေး စဉ် သားရေဟုခေါ်လိုက်သည့် အသံကြောင့် ဟံသာဟိန်းအ မှန်း သူသိသွားသည်။





ကြိုးငယ်မဟုလေးစားစွာ စကားပြောတတ်သော အဘိုး ကြီး၏ နှလုံးရည်ကို စိတ်ထဲမှကြိတ်၍ လေးစားလိုက်သည်။ အတန်ကြာကြာ မစောင့်လိုက်ရဘဲ ဖုန်းလာကိုင်သည်။

"ဟဲလို ဟံသာဟိန်းပါခင်ဗျာ အမိန့်ရှိပါ"

ဖခင်နည်းတူ ဂါရဝအသုံးအနှုန်းများဖြင့် ပြန်ဖြေနေ သည်။

"မမောင်"

"....."

ရုတ်တရက် ဟံသာဟိန်းကြောင်သွားပုံရသည်။ ပြန်မ ဖြေ. . .

"အရေးကောင်းတုန်း ဒိန်းဒေါင်းဖျက်တယ်လို့များ ထင် သွားသလားကွယ်"

"ဟာ. . မမ မဟုတ်ပါဘူး ကျွန်တော်ရုတ်တရက် အံ့ဩ သွားတာပါ"

"အေးကွယ် မမပြောထားတာများ မေ့နေသလားလို့"

မသိဟန်ဆောင်၍ နဒီစံ မေးလိုက်သည်။

"မမေ့ပါဘူး မမ"

လေသံက ဖျော့တော့နေသည်။ မတတ်နိုင်။

"ဒါဆိုရင် မမချိန်းတဲ့နေရာကို လာနိုင်မလား"

ချက်ချင်းမဖြေ။ စဉ်းစားနေပုံရသည်။

"ဟုတ်ကဲ့ မမ. . ခုလား"

တိုးတိတ်သော လေသံနှင့်ပြန်ဖြေရှာသည်။

"ဟုတ်တယ် မမ လာတွေ့နိုင်မယ့် နေရာပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"မမပဲ ချိန်းပါ"

ဟံသာဟိန်း ထူပူနေပုံရသည်။ ရန်ကုန်သားက ပဲခူးသူ
ကို ပြန်ချိန်းခိုင်းနေသည်။

"မင်း မစိစဥ်ရသေးဘူးပေါ့"

"စိတ်ကြိုက်နေရာ မရသေးလို့ပါ မမရယ်"

အားနည်းသော လေသံဖြင့် တောင်းပန်နေသည်။ အ
မှန်မှာ မိမိက ချိန်းထားသည်ထက် (၁)ရက်စောလာခြင်းကို သ
မေ့နေပုံရသည်။

"ပြီးရောလေ Western Park မှာဆုံမယ် မင်းလာခဲ့"


ကြားဖူးနေတာ စားသောက်ဆိုင်တစ်ခုအမည် ကောက်
ပြောလိုက်ပြီးမှ ဖုန်းပိတ်ကာ ကားသမားကို

"Western Park ကို မောင်းကွယ်"

ကိုယ်မရောက်ဘူးသည့်နေရာကို ချိန်းမိရက်သား ဖြစ်
သွားသည်။ လှေနံနှစ်ဘက်နင်းချင်သော ကောင်လေးကိုတော
ပညာလှလှပပ ပေးရဦးမည်။ ထိုသို့မှမလုပ်လိုက်ရလျှင် မိမိနေ
သာထိုင်သာ ရှိမည်မဟုတ်။







# အခန်း(၃၇)

မမဘက်မှ ဖုန်းချသွားသော်လည်း ဖုန်းကိုကိုင်ကာ ငိုင်
နေမိသည်။ မမက အားတက်သရောပင်ပြောသည်။ ပြောထား
သည့်ရက်ထက်စောကာ ရန်ကုန်လာနေသည်။ သူ ဘာလုပ်ရ
မည်နည်း။

"ဘာတဲ့လဲကွ"

အဝတ်အစားလဲကာ ထွက်လာသော ဖခင်ကြီးက မေး
လိုက်သည်။ ဟံသာဟိန်း အဖြေရကြပ်သွားသည်။

"ခုဏာ မိန်းကလေးတာ ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာကို အကဲခတ်ရင်း မေးလိုက်သည်။ ဘဝအ တွေ့အကြုံများနေသော ဖခင်ကို သူလိမ်၍မရ။

"မမနဒီစံပါ ဖေဖေ"

"ကိုသက်စံ First Family က သမီးကြီးလား"

"ဟုတ်ကဲ့"

"ဘာလဲ လာတွေ့ဖို့ ချိန်းတာလား"

"......."

ဟံသာဟိန်း ငြိမ်နေလိုက်သည်။ ဝန်ခံသည့်သဘောပင်

"သွားတွေ့လိုက်"

"ဗျာ"

"မဗျာနဲ့ မတွေ့နဲ့ဆိုလည်း မင်းသွားတွေ့မှာပဲ "

"ငါလိုချင်တာ ချွေးမ၊ ဘယ်သူပါလာလာ ရအောင်လုပ်ဖို့က မင်းအလုပ် ငါတော့ဟန်မပျက် ဟိုကိုသက်စံတို့ဆီ ဆက်သွားမယ် မလာရင် အားလုံးကို ဟောဇီအရှက်မရှိတဲ့ မျက်နှာကြီးနဲ့ လက်နှစ်ဖက်အုပ်ပြီး တောင်းပန်ခဲ့မယ်၊ ခုကိစ္စက မင်းအတွက်ကြီးပဲ မဟုတ်ဘူး ငါ့အတွက်လည်းပါတယ် ငါမြေး ချီချင်ပြီဒါပေမယ့် အငယ်မဆိုရင်တော့ ပိုသဘောကျတယ် အရွယ်ငယ်တော့ မြေးများများရနိုင်တယ် အကြီးမကတော့၊ တော်ပြီကွာ မင်းစဉ်းစားပေါ့ ဘယ်သူနဲ့ဖြစ်ဖြစ် ငါမကန့်ကွက်ဘူးနော် ဒါပဲ"

ဖခင်ကြီးက ပွင့်ပွင့်လင်းလင်းပြောကာ ထွက်သွားသည်။

" ငါ Surf ယူသွားမယ် မင်း Crown ယူသွားလိုက် အခြေအနေကို ငါ့ဆီဖုန်းဆက်လိုက်"





"ဟုတ်ကဲ့ မောင်နီရေ အိမ်ပေါ်ထပ်က ဘကြီးဖုန်း တက်ယူလိုက်ကွာ"

"ဟုတ်"

ဟံသာဟိန်းက အိမ်တွင်းအလုပ်သမားလေးကို ဖခင်ကြီးအတွက် အလိုက်သိသိခိုင်းလိုက်သည်။

"ဒီလိုလုပ်ကွာ မင်းမလာတော့ဘူးဆို နဒီလို့သာပြောလိုက်၊ လာမယ်ဆိုရင်တော့ ရွှန်းပေါ့ကွာ သဘောပေါက်တယ်နော်"

"ဟုတ်ကဲ့ ဖေဖေ"

ပြောပြောဆိုဆို ဖခင်ကြီး ဖုန်းယူကာ ကားမောင်းထွက်သွားတော့မှ ဟံသာဟိန်းလည်း ကပျာကသီ နဒီစံနှင့် ချိန်းထားရာ Western Park သို့ ထွက်လာခဲ့သည်။

ကားမောင်းရင်း ရင်ခုန်နေမိသည်။ တဖန် မနေ့ကညက တွေ့ဆုံခဲ့သည့် အလှနတ်သမီးကို သတိရနေမိသည်။ ဝေခွဲ၍မရ။ မမနှင့်တွေ့မှ အသေအချာရှင်းပြပြီး ဘာလုပ်ရလျှင်ကောင်းမလဲဟု အကြံဉာဏ်တောင်းခံကြည့်ဘို့ စိတ်ကူးလိုက်သည်။ သို့သော်. . ဖြစ်နိုင်ပါ့မလား။ မမအပေါ် မတရားရာကျလွန်းနေမည်။

မမအနေဖြင့် ဘာမှသိဦးမည်မဟုတ်။ သို့သော် ထိန်ချန်ထား၍ကလည်းရနိုင်သော ကိစ္စမဟုတ်. . . ။ ကားကလေးကို Western Park ရှေ့တွင် ရပ်လိုက်သည်။ ဆိုင်ဝန်ထမ်းက လာရောက်ကြိုဆိုသည်။ ဆိုင်ထဲအရောက်တွင် တစ်နေရာ၌ တစ်ဦးတည်းထိုင်ကာ သူ့ကိုအကဲခတ်နေသည့် မမနဒီစံကို တွေ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

သူ ဝမ်းသာအားရ အပြေးတပိုင်း လျှောက်လိုက်သည်။ မမက မော့ကြည့်ရင်း အေးစက်စက်ဖြင့်. . .

"ထိုင်လေ"

ဟံသာဟိန်း ဝင်ထိုင်လိုက်သည်။

"ဒီနေ့ ဘာအလုပ်မှ မရှိဘူးထင်တယ်"

သူ့ကို အကဲခတ်ရင်း တစ်လုံးခြင်းမေးလိုက်သည်။

"ကုမ္ပဏီအလုပ်တော့ရှိတယ် ဒါပေမယ့် မသွားရသေးဘူး"

သူယူလာသည့် ဝါးပတ်ကင်ထုတ်ကြီး မပို့ရသေးသည်ကို ဆိုလိုခြင်းဖြစ်သည်။

"မင်းက ကိုယ်ရေးကိုယ်တာများနေလို့ အလုပ်မလုပ်ဖြစ်တော့ဘူးလား"

မမ၏ လေသံတစ်မျိုးကြီး ဖြစ်နေသည်။ သူလိပ်ပြာမလုံတော့။

"လုပ်ပါတယ်ဗျာ မနေ့ကယူလာတဲ့ ပတ်ကင်ထုပ်ကို ကုမ္ပဏီကိုယူလာဖို့ အကြောင်းကြားပြီးပါပြီ ကိစ္စရှိလို့ ခဏခွင့်ပန် ထားလိုက်တယ်"

"ဘာကိစ္စလဲ"

ဟံသာဟိန်း အဖြေရခက်သွားသည်။

"ဖြေရမလား"

အူကြောင်ကြောင်နှင့် မေးခွန်းပြန်ထုတ်လိုက်သည်။

"မမောင် သဘောပဲ"





မမလေသံ ပြန်အေးသွားသည်။ သို့သော် နောက်ဆက်တွဲ စကားက သူ့အရိုက်ကိုထိသွားသည်။

"ဒါပေမယ့် မုသားမပါရင်တော့ အကောင်းဆုံးပေါ့ကွာ"

"ကျွန်တော် မုသားမသုံးတတ်ပါဘူး မမ ကျွန်တော့်စကားကြောင့်. . တစ်ဖက်သားကို ထိခိုက်မှုရှိသွားမလားဆိုတဲ့ ကြောင့်ကြမှုတစ်ခုရယ် ရင်မှာအနာတရဖြစ်သွားတဲ့ ဝေဒနာရပ်ကြောင့် ကျွန်တော်ပြောရခက်နေရတာပါ မမရယ်"

ဟံသာဟိန်း ရင်နာနာနှင့် စကားစလိုက်သည်။ နဒီစံမျက်နှာမသိမသာ ညှိုးနွမ်းသွားသည်။ မတတ်သာတော့။ ဟံသာဟိန်း ပဲခူးမှ မနေ့ကပြန်လာစဉ် ရွှန်းလဲ့သက်ပိုင်နှင့်ဆုံတွေ့ပုံအသေးစိတ်ကို ပြောပြလိုက်သည်။ ဖခင်ကြီးသဘောထား အသေးစိတ်ကိုပါ ရှင်းပြလိုက်သည်။

"ဒါ အမှန်တကယ်ပဲလား"

"တကယ်ပါ မမရယ် ကျွန်တော်မုသား မသုံးတတ်ပါဘူးလို့ ပြောပြီးပြီပဲ ဖြစ်စဉ်အမှန်အတိုင်း မမကို ရှင်းပြနေတာပါ"

"ဒါဆို မင်းနှလုံးသားရဲ့ တောင်းဆိုချက်ဟာ အရင်အတိုင်းပဲလား"

"မမရဲ့ အဆုံးအဖြတ်အပေါ်မှာ မူတည်ပါတယ်"

ဟံသာဟိန်းတစ်ခုခုကိုတော့ လက်လွှတ်ဆုံးရှုံးရမည်။ နှလုံးသားကိုလား ဂုဏ်သိက္ခာဟူသောနေရာတွင် ဖခင်ကြီး၏ မျက်နှာကပေါ်လာသည်။

"မမ အဆုံးအဖြတ်ဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ မမရဲ့အဖြေပါ Yes or No တစ်ခုခုသိရရင် ကျွန်တော် ပြတ်ပြတ်သားသားပဲ ဆုံးဖြတ်ပါ့မယ် ကျွန်တော်စောင့်နေတာ ၅-နှစ်ရှိသွားပါပြီ မမ"

"မင်း သူ့ကိုချစ်သလား"

"မဖြေပါရစေနဲ့ မမ"

"ဟင်း ဟင်း ဟင်း"

နဒီစံ မပွင့်တပွင့် ရယ်လိုက်သည်။

သူ့အပေါ် ၅-နှစ် တိုင်တိုင်စောင့်ခဲ့သော ဟံသာဟိန်း ချစ်ခြင်းမေတ္တာတရား အပြောင်းအလဲမရှိခဲ့သော ဟံသာဟိန်း။ ယခုတော့ အမှန်တရားတစ်ခုကို ရှာဖွေတွေ့ရှိသွားပုံရသည်။

"ကိုင်း ဒါဆိုရင် မဖြေနဲ့တော့"

"ဒါဖြင့်"

"ရွှန်းလဲ့သက်ပိုင်တို့ အိမ်သွားကြရအောင်"

"ဗျာ. . မမ"

"မဗျာနဲ့ လာသွားကြမယ်"

နဒီစံ ထိုင်ရာမှထကာ ခေါ်လိုက်သည့်တဆက်တည်းမှာ ကျသင့်ငွေကိုလည်း ရှင်းပေးလိုက်သည်။

"မမ"

"ဘာလဲ"

မမနဒီစံ၏ တည်ငြိမ်သောပုံရိပ်ကို သူအကဲခတ်၍မရ။

"ရွှန်းလဲ့တို့အိမ်မှာ အခုလုပ်နေတဲ့ အခန်းအနားက"

"မမ သိပါတယ် တို့လဲတက်ပိုင်ခွင့်ရှိပါတယ်ကွယ် မမဟာ ရွှန်းလဲ့ရဲ့ အစ်မပဲကွယ်"





တိတ်ဆိတ်မှုက လွှမ်းမိုးနေသည်။ အတွေးကအလိုဆန္ဒ၏ ဆန့်ကျင်ဘက်တို့ကို တွေးတောရင်း ဟံသာဟိန်း စိတ်တို့ မတည်မငြိမ်ဖြစ်နေသည်။ ရင်ထဲမှာခံရခက်သော ဝေဒနာတစ်ရပ်က အမည်တတ်၍မရ။

နဒီစံ စိတ်မရှည်ချင်တော့. . .

"ကိုင်း. . လိပ်နဲ့အပြိုင်မောင်းနေမယ်ဆိုရင်လည်း မင်းဖယ်တော့ မမမောင်းမယ်"

ဒီတော့မှ ဟံသာဟိန်းကားရှိရာအရှိန်ကို အနည်းငယ်မြှင့်လိုက်သည်။ အခြေအနေအရပ်ရပ်သည် သူ့ဖက်က အကောင်းအနေဖြင့် မရပ်တည်နိုင်စကောင်းဟု ထင်မိသည်။

မမကို နားမလည်နိုင်။ မမနှလုံးသားသည် တကယ့်ကို သံမဏိနှလုံးသားလား။ သို့တည်းမဟုတ်. . ဖြူစင်သောသဘောထား ကြီးမြတ်သော မေတ္တာစိတ်ရင်း မနောနှင့်ပေလား။


သူ နားမလည်နိုင်ဆုံးမိန်းမမှာ မမသာလျှင်ဖြစ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၈)

အားလုံးသည် ခြံဝရှိပေါ်ထွက်လာမည့် ဟံသာဟိန်း၏ ကားသံကို မျှော်လင့်နေကြသည်။ ဦးသက်စံက နားမလည်စွာဖြင့် ဦးဟံသိန်းကို လှည့်ကြည့်သည်။ ဦးဟံသိန်းက ခေါင်းညိတ်ပြကာ လှမ်းခေါ်လိုက်သည်။ အနားသို့ရောက်လာသော ဦးသက်စံကို ဦးဟံသိန်းက လေသံဖြင့်. . .

"ခင်ဗျား သမီးကြီးနဲ့ လိုက်သွားတယ် အချိန်မီရောက်လာလိမ့်မယ် ထင်တယ်"

ထောင်မြင်စာပေ



"ဟုတ်လား. . သမီးကြီးက အကုန်သိပြီးသားပါ သူ့ဒီလောက်အထိ မိုက်လိမ့်မယ်မထင်ဘူး ဒီကိုအချိန်မီလာခဲ့မယ်လည်း ပြောတယ်ဗျ"

ဦးသက်စံ သူ့သမီးကြီးနဲ့ဒီစံ၏ စိတ်သဘောကို နားလည်သဖြင့် တထစ်ချပင်ပြောလိုက်သည်။

"ကိုယ်ကတော့ ကိုယ့်သားကို အခွင့်အရေးတစ်ခု ပေးထားလိုက်တယ် ဒါကြောင့် ပွဲပျက်မှာကို နဲနဲတော့ စိုးရိမ်သားဗျာ၊ ဒါပေမယ့် မပူပါနဲ့ ကိုယ်တာဝန်ယူပါတယ်၊ အကုန်လုံးက ကိုယ့်မိတ်ဆွေတွေချည်းပဲ အချိန်တော့နီးနေပြီ ကိုယ် ပွဲနဲနဲထိန်းထားလိုက်ဦးမယ် "

ပရိသတ်က ကွက်ကြည့်ကွက်ကြည့်လုပ်နေသဖြင့် ဦးဟံသိန်းက နှစ်ယောက်သား စကားပြောနေရာမှ ထလာလိုက်သည်။ ပြုံးရယ်ကဖြင့် စကားစလိုက်သည်။

"ကိုင်း. . အားလုံးပဲဗျာ ဒီက ကိုသက်စံနဲ့ ကျွန်တော်နဲ့က ရင်းနှီးပြီးသားဆိုတာ ခုနက စကားစပ်မိမှသိတော့တယ်ဗျ၊ အမှုထမ်း အရာရှိဘဝတုန်းက ဒုံဇရပ်ကွမ်းဆိပ်ဖက်ဝင်ဖူးတာကိုဗျ၊ အဲဒီတုန်းက ကိုသက်စံ စီးပွားရေးသမားပေါက်စ ခင်ဗျား၊ ဟုတ်တယ် မဟုတ်လား. . ."

ဉည်သည်အငြိမ်းစား တရားသူကြီးတစ်ဦးက အလိုက်သင့်ပင်။

"ဒါပေါ့ဗျာ လောကကြီးဟာ ကျဉ်းကျဉ်းလေးပဲ လူတစ်ဦးနဲ့တစ်ဦးဟာ တကွေ့ကွေ့မှာတော့ ပြန်ဆုံကြမှာပဲပေါ့ဗျာ"

စကားဝိုင်းကို ဝင်ထောက်ခံလိုက်သဖြင့် သူတို့နှစ်ဦး

ထောင်မြင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နေရထိုင်ရသည်မှာ အတော်သက်တောင့်သက်သာ ရှိသွားသည်။ ဦးဟံသိန်းကဆက်၍. . .

"ဒါတင်မကဘူးဗျ ခုကျုပ်သားနဲ့ ကိုသက်စံသမီးကြီး သူ့မရီးလောင်းက အလုပ်အကိုင်ချင်း ဆက်စပ်နေတော့ အရေးတကြီး တာဝန်နဲ့ သူ့အစ်မကခေါ်သွားလို့ နဲနဲကြာမယ်ဗျာ၊ အင်း ဒါပေမယ့် အချိန်မီတော့ ရောက်လာကောင်းပါရဲ့ အချိန်ကိုလေး စားတတ်တဲ့ လူငယ်တွေပဲ"

စကားကိုထိမ်းရင်း အဆက်အစပ်ရှိရှိ ဦးဟံသိန်းက ပြောလိုက်သည်။ သို့သော် ရင်ထဲမှာတော့ တထင့်ထင့်. . .။

"ဩော်. . . ဒါကြောင့်မို့ထင်တယ်ဗျာ ခင်ဗျားသားက နောက်ကျနေတာကို ဒါနဲ့ ကိုသက်စံသမီးငယ်က သတို့သမီးလား"

အငြိမ်းစားရဲဝန်ထောက်တစ်ဦးက စပ်စုလိုက်သည်။ အတွေ့အကြုံရင့်ကျက်သော လူကြီးလူကောင်းများနှင့် စကားပြောရတာ အစစအရာရာ သတိရှိရသည်မို့ ဦးသက်စံက ထိန်းထိန်းသိမ်းသိမ်းပင်။

"ဟုတ်ကဲ့ခင်ဗျာ အငယ်မကိုပဲ အရင်စီစဉ်ရသလို ဖြစ်နေတယ် သမီးကြီးက စီးပွားရေးသမားပီပီ ချေးများသားဗျာ"

"ဟုတ်တယ် ဟုတ်တယ် ခင်ဗျားတို့ စီးပွားရေးသမားတွေက ဒီအတိုင်းပဲ မပိုင်ရင်မလုပ်ဘူး ခုအတိုင်းသာဆိုရင် ခင်ဗျား သမီးကြီးက ပိုင်မှယူမယ်ထင်တယ်"

ရှေ့နေတစ်ဦးက ခနဲ့မှန်းချက်ကိုဝင်၍ လျှောက်လွဲချ[illegible] ပေးလိုက်သည်။ ထိုစဉ်စကားသံသဲ့သဲ့ကြောင့် အားလုံး၏ လည်





တန်ဆန့် ထွက်သွားသည်။

"ဟော. . ပြောရင်းဆိုရင်းဗျာ ခင်ဗျားသားထင်တယ် ကိုဟံသိန်း"

"ဟုတ်ပဗျာ"

ကားကလေး ခြံဝန်းထဲသို့ ဖြည်းညှင်းစွာ ကွေ့ဝင်လာနေသည်ကို တွေ့ရသည်။ ဦးသက်စံ၏ ရင်ခုန်သံ ညင်သာသွားသည်။

ဟံသာဟိန်းရောက်လာလျှင် ပွဲမပျက်တော့။ အချိန်ကလက်ထပ်ရန် သတ်မှတ်ထားသည့် မွန်းမတည့်မီ နံနက် ၁၁-နာရီထိုးရန် ၅-မိနစ်သာ လိုတော့သည်။

ထိုစဉ်ကားထဲမှ ဟံသာဟိန်းနှင့်အတူ နဒီစံပါ ဆင်းလာခဲ့သည်။ ဒေါ်မေလဲ့ဝင်း မျက်လုံးပြူးသွားသည်။ ရွှန်းလဲ့သက်ပိုင်ကတော့ အံ့ကြောင်သား ငေးကြည့်နေသည်။

တည်ငြိမ်စွာ ဆင်းလာသော နဒီစံ၏နောက်တွင် ဟံသာဟိန်း ရပ်နေသည်။ နဒီစံ တစ်စုံတစ်ခု လုပ်လိုက်မည်ကို သူစိုးရိမ်နေသည်။ အဖြူအမဲ အကောင်းအဆိုး သဲသဲကွဲကွဲ ဘာမှမပြောပဲ တည်ငြိမ်ရင့်ကျက်မှုကို သူလန့်နေသည်။

နဒီစံက အားလုံးကို တစ်ချက်ခြုံငုံအကဲခတ်လိုက်ရင်း က အပြုံးလှလှလေးဖြင့်. . .

"အရေးတကြီး အလုပ်ကိစ္စတစ်ခုကြောင့် နောက်ကျသလိုများ ဖြစ်သွားသလား မသိဘူး အားနာလိုက်တာ တောင်းပန်ပါတယ်နော်"

"ရပါတယ် သမီးရယ် ခုခေတ်ကြီးက ဒီလိုပဲ သူများ



www.burmeseclassic.com

www.burmeseclassic.com



ခြေတစ်လှမ်းလှမ်းရင် ကိုယ်က နှစ်လှမ်းလှမ်းနိုင်မှ အောင်မြင်တဲ့ စီးပွားရေး လုပ်ငန်းရှင်ဖြစ်မှာ၊ ရတယ် သမီး ခုလည်း နောက်မှ မကျပဲ မဂ်လာချိန်ကွက်တိပဲ"

အင်မတန် အကောင်းပါးဖွတ်လတ်သော ဦးဟံသာဟိန်း ကပင် နှင်းစိုးစကားကို လိုက်သင့်ပြန်ပြောလိုက်သည်။

"သမီး ညီမလေးကော ဖေဖေ"

"ဒီမှာရှိတယ် သမီး"

ကြားထဲမှ ခေါင်းမေလှဲဝင်းက ဝင်ပြောရင်း သူ့နောက် ကြောဘက်ရောက်နေသော ရွှန်းလဲ့သက်ပိုင်ကို ရှေ့သို့လက်ဆွဲ၍ ထုတ်လိုက်သည်။

"လာ. . မောင်လေး"

နှင်းစိုးက သူ့အပါးမှ ဟံသာဟိန်းလက်ကိုဆွဲကာ ရွှန်းလဲ့ သက်ပိုင်ရှိရာသို့ လျှောက်လာခဲ့သည်။ အနားရောက်သောအခါ သူတို့ ၂-ဦးကြားတွင် ရပ်နှင်း ဦးသက်စံတို့ဖက်လှည့်ကာ. . .

"မောင်လေးနဲ့ ညီမလေးတို့ကို သမီး လက်ဆက်ပေးပါရစေ ဖေဖေနဲ့ အန်ကယ်လ်"

ခွင့်တောင်းလိုက်သည်။ ဖခင်နှစ်ဦးတစ်ပြိုင်တည်း ခေါင်းညိတ်ကာ ခွင့်ပြုပေးလိုက်သည်နှင့် တစ်ချိန်တည်းမှာပင် ရွှန်းလဲ့သက်ပိုင်၏ ညာလက်ကိုဆွဲကာ ဟံသာဟိန်း၏ ညာလက်နှင့် လက်ချင်းဆက်ပေးလိုက်ပြီး. . .

"မမောင်နဲ့ ညီမငယ် ဝမ်းမြောက်ပါစေကွယ်"

တိုးညှင်းညင်သာစွာ ဆုတောင်းပေးလိုက်သည်။ ဟံသာဟိန်း နှလုံးသားမှကြေကွဲပွင့်တို့ မျက်ဝန်းသို့ ပြူထွက်ကာ





မျက်ရည်ဥတို့ ပေါက်ကနဲမကျအောင် ထိန်းရင်း. .

"ပေးတဲ့ဆုနဲ့ပြည့်ပါစေ မမ"

နားမလည်နိုင်စွာဖြင့် ရွှန်းလဲ့သက်ပိုင် မိုးပေါ် မှကျလာသော အစ်မအရင်းကို ငေးကြည့်နေမိသည်။ ဒီလောက်လှတဲ့မမ ဘာကြောင့်အပျိုကြီးလုပ်နေပါလိမ့်ဟူသော တအံ့တဩအတွေး လေးကလည်း ပါနေသေးသည်။

နှင်းစိုးကလည်း သူ့ညီမငယ်နုနုထွတ်ထွတ် လှလှကလေး ကို ချစ်ခြင်းများစွာဖြင့်ကြည့်ရင်း စိတ်ထဲမှ. . .

ညီမလေးရယ် မင်းလေးစိတ်ချမ်းသာဖို့ မမဘဝမှာ တစ်ခါမှမဖြစ်ပေါ်သေးတဲ့ ဆန္ဒကျင်ဘက် ချစ်ခြင်းတရားကို ဦး ခိုက်ပြီး လက်ဖွဲ့ပေးလိုက်ပါပြီကွယ် မင်းကျေနပ်ပါတော့ ကလေး ရယ်. . . ကျေနပ်ပါတော့ဟု။

# မြှုလဲခင်း



www.burmeseclassic.com